MyJobs.com.mm
Myanmar's #1 Recruitment Platform

၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daydaily.com

TRI LIVES BRILLIANTLY

အတွဲ(၁၈)၊ အမှတ်(၅)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် ၊ ဗုဒ္ဓဟူး ၊ (ဧပြီ ၃ ၊ ၂၀၁၉)

## မိုးပျံပူဖောင်းယဉ်ကျေးမှု အမွေဆိုး

တိန်းသာ

စစ်အာဏာရှင်စနစ်ကို မုန်းတယ်လို့ဆိုပေမယ့် စစ်အာဏာရှင်ခေတ်ကတည်းက ကျင့်သုံးလာတဲ့ မိုးပျံပူဖောင်းယဉ်ကျေးမှုကို ပြည်သူ့အစိုးရလို့ ခေါ်နေကြတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်တဲ့ အရပ်သားအစိုးရလက်ထက်မှာလည်း အမွေဆက်ခံပြီး ဆက်လက်ကျင့်သုံးနေဆဲပင်ဖြစ်ပါတယ်။

စာမျက်နှာ ၂၇ »



မိုးပျံပူဖောင်းကိုစားမိသည့် တိရစ္ဆာန်များသည် သေဆုံးရန် ၂၀ ရာခိုင်နှုန်းသေချာသည်၊ သဘာဝပတ်ဝန်းကျင်နှင့်တိရစ္ဆာန်များအတွက် အကျိုးမရှိသော်လည်း မိုးပျံပူဖောင်းယဉ်ကျေးမှုက ကျယ်ပြန့်နေဆဲဖြစ်သည်၊ ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

## လန်းနာမ် အိမ်ပြန်ချိန်ကို မျှော်နေသူများ

အောင်သစ်လွင်

နေပြည်တော်ရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် ပညာပေးအဖြစ်တင်သည့် ၂ မိနစ်၊ ၅၆ စက္ကန့်သာရှိသော ဗီဒီယိုဖိုင်တစ်ခုက ကချင်ပြည်နယ်ရှိ နယ်စွန်နယ်ဖျား ရွာလေးတစ်ရွာမှ ဒေါ်လုနန်တို့ မြေးအဘွားတစ်စုကို ငိုပွဲဆင်စေခဲ့သည်။

တရုတ်နိုင်ငံတွင် လူကုန်ကူးခံထားရသူ အမျိုးသမီးတစ်ဦးကို အခြားအမျိုးသမီးတစ်ဦးက ရိုက်နှက်နေသည့် ဗီဒီယိုဖိုင်ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က မတ်လ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အနီရောင်ဖျော့ဖျော့ အနွေးထည်ဝတ်ထားသည့် အမျိုးသမီး၏ ပါးနှင့် မျက်နှာ နေရာအနှံ့ကို အခြားအမျိုးသမီးတစ်ဦးက ရိုက်နှက်ကာ ဆဲဆိုကြိမ်းမောင်းနေသည့် ဗီဒီယိုဖိုင်က ဖေ့စ်ဘွတ်ခ်သုံးစွဲသည့် လူထုကြား အလျင်အမြန် ပျံ့နှံ့သွားသည်။ တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများဖြစ်ပွားခဲ့သော ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ နယ်စွန်နယ်ဖျားရွာလေးတစ်ရွာဖြစ်သော ဝူယန်ကျေးရွာလေးဆီသို့ ယင်းဗီဒီယိုဖိုင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး ဒေါ်လုနန်တို့ မြေးအဘွားတစ်စု ကြည့်လိုက်မိသောအခါ....

စာမျက်နှာ ၇ »



တနင်္သာရီတိုင်းဝန်ကြီးချုပ် ဦးမြင့်မောင်    ဓာတ်ပုံ–စိုင်းကိုကိုထွန်း

## "အဂတိကင်းကင်းနဲ့ ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ပါ့မယ်လို့ ပြည်သူကို သတင်းစကားပါးချင်တယ်"

တနင်္သာရီတိုင်းဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၄ »

### နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှု သတိပေးသံ

စာမျက်နှာ ၃ »

### အစဉ်အလာမပျက် သင်္ကြန်အခါ

စာမျက်နှာ ၁၈ »

### တောမင်းသမီးရဲ့ ဒိုင်ယာရီ

စာမျက်နှာ ၅ »

### ခြေဥပြင်နိုင်ရေး အဓိကသော့ချက်

၁၇

### သတိတစ်ချက် လစ်မရသည့် တိုမီးရှို့မီး

၆

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုအင်တာနေရှင်နယ်ဆေးရုံကြီးတွင်
ပြင်ပလူနာဌာနနှင့် အတွင်းလူနာဌာန ဝန်ဆောင်မှုများ
ပြီးပြည့်စုံစွာရရှိနိုင်ပြီဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၉၃၇၆၂၀၀ www.aryuhospital.com

www.free4readers.com





www.free4readers.com



# နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှု သတိပေးသံ

**ဝဏ္ဏအောင်၊ ငြိမ်းချမ်း**



တာချီလိတ်မြို့တွင် လေထုဆိုးရွားစွာ ညစ်ညမ်းနေသဖြင့် ရေဖျန်းနေသည်ကို တွေ့ရစဉ်                ဓာတ်ပုံ – တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တာချီလိတ် မြို့နယ်၏ နံနက်ခင်းက မြူနှင်းများ ကျဆင်းအုံ့မှိုင်းနေသော်လည်း ဦးခန့်ဝင်းတစ်ယောက် နေထိုင်ရသည်မှာ ချမ်းအေးမှုမရှိဘဲ အိုက်စပ်စပ်ခံစားနေရသည်။ အိမ်တံခါးကိုဖွင့်၍ ပတ်ဝန်းကျင်အခြေအနေကို လှမ်းကြည့်စဉ် ၎င်း၏ မျက်လုံးထဲသို့ အမှုန်အမွှားများ ဝင်လာသဖြင့် မျက်ရည်ပူများ ကျဆင်းလာ၏။

ချက်ချင်းပင် တံခါးများပိတ်၍ မျက်ရည်ပူကျသည့်ဒဏ်ကို သက်သာစေရန် မျက်လုံးကို ရေဖြင့် သန့်စင်နေစဉ် ရပ်ကွက်အတွင်း လော်စပီကာဖြင့် လိုက်လံသတိပေးသံကို ကြားရသည်။

"လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေတာကြောင့် ချောင်းဆိုးရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ အိမ်အတွင်းသာ နေထိုင်ကြပါရန်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ခံစားရပါက နီးစပ်ရာ ဆေးရုံကို အမြန်ဆုံး သွားရောက်ကြပါရန်" ဆိုသည့် သတိပေးနှိုးဆော်သံ ဖြစ်သည်။ တာချီလိတ်မြို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဆိုးရွားစွာ ဖြစ်ပေါ်နေ၍ မြို့အာဏာပိုင်များက လိုက်လံသတိပေးနေခြင်းဖြစ်သည်။

"မျက်လုံးထဲက မျက်ရည်ထွက်တဲ့အနေအထားတွေ၊ မီးခိုးမွန်တဲ့ဒဏ်တွေ၊ သွားလာရတာ မအီမသာဖြစ်တဲ့ဒဏ်တွေ ခံစားနေရတယ်"ဟု အသက်(၅၀)အရွယ် ဦးစန်းဝင်းကပြောသည်။

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်အတွင်း တောမီးများ၊ မီးရှို့မှုများကြောင့် ယင်းနှင့် ဆက်စပ်နေသော တာချီလိတ်မြို့နယ်အတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များ ရောက်ရှိနေသည်မှာ နှစ်ပတ်ခန့်ကြာပြီဖြစ်သည်။ မတ်လ ၃၁ ရက် ထုတ်ပြန်ချက်အရ မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု အညွှန်းကိန်း ၅၀၂ ထိ ရောက်ရှိခဲ့သည်။

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index) သည် နိုင်ငံတကာ သတ်မှတ်ချက်တွင် ညွှန်းကိန်း သုညမှ ၅၀ အထိသည် ကောင်းပြီး ၅၁ မှ ၁၀၀ အတွင်း လေထုအရည်အသွေး မျှတကာ ၃၀၁ မှ ၅၀၀ ကြားသည် ဘေးအန္တရာယ်ကျရောက်သော အခြေအနေဖြစ်သည်ဟုဆိုသည်။

စာမျက်နှာ ၄ »



7DAY NEWS JOURNAL
Vol.18, No.5 · APRIL 3 , 2019

စာမျက်နှာ ၃ မှ

## နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှု သတိပေးသံ



*နယ်စပ်ဖြတ်ကျော်မီးခိုးများကြောင့် တာချီလိတ်မြို့၌ လေထုညစ်ညမ်းမှု ဆိုးရွားစွာကြုံတွေ့နေ၍ ဒေသအာဏာပိုင်အဖွဲ့များက မတ်လ ၁၅ ရက်တွင် နှာခေါင်းစည်းများ ဝေငနေစဉ်*

ဓာတ်ပုံ – တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ယခုဖြစ်ပေါ်နေသည့် လေထုအရည်အသွေး အညွှန်းကိန်း ၅၀၂ သည် အန္တရာယ်ရှိသည့်အဆင့်ထက် ကျော်လွန်နေသည်ဟု သဘာဝပတ်ဝန်းကျင် ပညာရှင်များကပြောသည်။

"ကျန်းမာရေးအရအန္တရာယ်ဇုန်ကို ရောက်နေပြီ။ တတ်နိုင်သမျှတော့ အန္တရာယ်ကင်းအောင်နေရမှာပေါ့။ နှာခေါင်းစည်းတို့တပ်ရမှာပေါ့။ အိမ်ထဲမှာပဲနေကြပေါ့။ အပြင်ထွက်ရင်လည်း အငွေ့မရှူမိအောင် နေကြပေါ့"ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သတိပေးသည်။

မတ်လ ၁၇ ရက် ထုတ်ပြန်ချက်အရ အာဆီယံဒေသအတွင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် တောမီးလောင်ခြင်းနှင့် တောင်ယာမီးရှို့ခြင်းကြောင့် မီးလောင်ကျွမ်းမှုအများဆုံးဖြစ်ပေါ်နေပြီး အဆိုပါမြူမီးခိုးများသည် နယ်စပ်ဒေသများကို ဖြတ်ကျော်၍ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများအထိဆိုးရွားစွာကျရောက်နေကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

"ဒီမြူခိုးငွေ့တွေဟာ ရာသီဥတုပူပြင်းခြောက်သွေ့တဲ့ကာလတွေမှာ ကြုံတွေ့ရတတ်ပါတယ်။ ခြောက်သွေ့တဲ့ ရာသီဥတုအခြေအနေကို အာဆီယံဒေသအတွင်း မတ်လကုန်အထိ ကြုံတွေ့ရဖွယ်ရှိပါတယ်"ဟု ဒေါက်တာထွန်းလွင်က ပြောသည်။

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်တွင် တောမီးများ လောင်ကျွမ်းနေခြင်းကြောင့် လေထုညစ်ညမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်နေပြီး ထိုင်းအစိုးရကလည်း သတိပေးချက်များ ဆက်တိုက်ထုတ်ပြန်ပေးနေသည်။

လေထုညစ်ညမ်းမှု အညွှန်းကိန်းမြင့်နေသော်လည်း လေထုအတွင်း အောက်ဆီဂျင်များပြားပြီး လူကို အန္တရာယ်ပေးနိုင်သည့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ကာဗွန်မိုနောက်ဆိုက်ပါဝင်မှု အညွှန်းကိန်း နည်းပါးနေကြောင်း တာချီလိတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးက နေ့စဉ်ထုတ်ပြန်ပေးနေသည့် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် မီးခိုးငွေ့ဖြစ်စဉ်နှင့် ပတ်သက်ပြီး မည်သို့လုပ်သင့်သည်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က မဆုံးဖြတ်ရသေးကြောင်း တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်ကပြောသည်။

"သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ကြိုတင်ကာကွယ်မှုတွေ မလုပ်ဘူး။ အဲဒီလို မလုပ်တဲ့အတွက် ပိုဆိုးရွားတာတွေဖြစ်တယ်လို့ ကျွန်တော်တို့မြင်တယ်။ ရှမ်းပြည်နယ်အစိုးရကလည်း ဒီအပေါ်မှာ ဘယ်လိုဆောင်ရွက်ပေးနေလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာတာပေါ့"ဟု ၎င်းကပြောသည်။

ထို့အပြင် တစ်နိုင်ငံလုံးတွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင်လည်း ဖြစ်ပေါ်နေကြောင်း သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

ရန်ကုန်မြို့ရှိ လှိုင်မြို့နယ် အနီးတစ်ပိုက်ကို လေထုတိုင်းတာချက်အရ နံနက်နှင့်ညတွင် လေထုညစ်ညမ်းမှု များပြားနေကြောင်း ဂျာမနီအခြေစိုက် Heinrich Boll Stiftung (Myanmar) အဖွဲ့က ယခုနှစ်ဖေဖော်ဝါရီအတွင်း ထုတ်ပြန်ထားသည်။

လေထုအရည်အသွေးတိုင်းတာရာတွင် လေထု၌ ပါဝင်သည့် အမှုန်အမွှား PM 2.5 နှင့် PM 10 တို့ကို အဓိကတိုင်းတာပြီး ပျမ်းမျှရလဒ်လေထုအရည်အသွေးညွှန်းကိန်း (AQI) ကို နေ့စဉ်ဖော်ပြရာ နံနက် ယာဉ်အသွားအလာများချိန်နှင့် ညနေတွင် အနီရောင်အဆင့်နှင့် ခရမ်းရောင်အဆင့်အထိ ရှိနေသည်ဟုဆိုသည်။

"လူနေထူထပ်တဲ့ နေရာတွေ၊ ကားတွေအရမ်းသွားတဲ့ နေရာတွေမှာ (CH4) မီသိန်းတွေက ထွက်နေတာပဲလေ။ ဒါတွေကို တိုင်းမယ်ဆိုရင် ကျော်လွန်နေမှာသေချာပါတယ်။ ကားအသွားအလာများတဲ့ ရန်ကုန်မှာဆို ပိုပြီး လေထုညစ်ညမ်းမှုများမယ်" ဟု သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားဆောင်ရွက်နေသည့် မြန်မာ့အစိမ်းရောင်ကွန်ရက် တာဝန်ခံ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

ရန်ကုန်မြို့တော်တွင် လေထုညစ်ညမ်းရခြင်းမှာ စက်မှုဇုန်များပြားလာခြင်း၊ ယာဉ်သုံးစွဲမှုများပြားလာခြင်း၊ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုများပြားခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ အမှုန်အမွှားများ ထွက်ရှိခြင်းတို့ကြောင့်ဖြစ်သည်။

ရန်ကုန်မြို့ကောင်းကင်ကြီးသည် မပြာလွင်တော့သည်မှာ ကြာမြင့်နေပြီဖြစ်ပြီး လူအများသတိမမူမိကြောင်း သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်ပညာရှင် ဒေါက်တာစောမွန်သစ်က ပြောသည်။

မြန်မာနိုင်ငံ ဒေသအနှံ့တွင် သစ်တောပြုန်းတီးမှု များခြင်း၊ ကျောက်မီးသွေးစက်ရုံ အချို့မှ ထုတ်လွှတ်သည့်အငွေ့များ၊ ကားများမှ ထုတ်လွှတ်သော ကာဗွန်များစသည့်အချက်များက လေထုညစ်ညမ်းမှုဖြစ်ပေါ်စေရန် တွန်းအားပေးနေကြောင်း ဒေါက်တာစောမွန်သစ်က ပြောသည်။

၂၀၁၆ စက်တင်ဘာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်သော ကမ္ဘာလုံးဆိုင်ရာ လေထုညစ်ညမ်းမှုနှင့် ရောဂါဘယအကဲဖြတ်ချက်အစီရင်ခံစာ၌ မြန်မာနိုင်ငံ၏ လေထုသည် အသက်ရှူရန်ပင် အန္တရာယ်ရှိနေပြီး ကမ္ဘာ့လေထုအညစ်ညမ်းဆုံးနိုင်ငံများစာရင်းတွင် အဆင့်(၁၇) ရှိနေသည်ဟု ထုတ်ပြန်ထားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုသည် သစ်တောပြုန်းတီးမှုနှင့် ရေထုညစ်ညမ်းမှုများပြီးလျှင် တတိယအများဆုံးတွေ့ရသည့် ပတ်ဝန်းကျင်ပြဿနာတစ်ခုဖြစ်သည်ဟု စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

"ကျွန်မတို့နိုင်ငံမှာ အောက်ဆီဂျင်ထုတ်လွှတ်ပေးနေတဲ့ သစ်တောတွေလိုတယ်။ သစ်တောတွေ မရှိတာကြောင့် နောက်ဆက်တွဲပြဿနာတွေအများကြီးရှိနေတာ။ သစ်ပင်စိုက်ကြပါပြောနေကြပေမယ့်လည်း ထိထိရောက်ရောက် မလုပ်တာတွေရှိတယ်။ သစ်တောပြုစု ပျိုးထောင်ရေးကို စာရွက်ပေါ်မှာ မပျိုးထောင်ဘဲနဲ့ အောက်ခြေမှာ တကယ်လုပ်ဖို့လိုတယ်"ဟု ဒေါက်တာစောမွန်သစ်က အကြံပြုသည်။



## ဧပြီ ၃ မှ ၉ ရက်အထိ

### မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်နိုင်သည့်အခြေအနေ**

မရှိပါ။

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှာ တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါတယ်။ မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတွေမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဒေသတွေမှာ တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအနည်းငယ်သာ ရှိပါမယ်။ မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအမြင့် (၁)ပေခန့်မှ (၂) ပေခန့် ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှာ 23°C မှ 29°C ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် 30°C မှ 35°C ခန့်၊ ကျန်ဒေသတွေမှာ 36°C မှ 40°C အထိ ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများအခြေအနေ**

တစ်ပြည်လုံးမှာ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း လွန်ကဲအဆင့်တွင် ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်ဖြစ်ပေါ်နိုင်သည့်အခြေအနေ**

စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ မန္တလေးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်းမြောက်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့တွင် မိုးတိမ်တောင်ဖြစ်နိုင်သည်မှအပ ကျန်တစ်ပြည်လုံးတွင် မိုးတိမ်တောင်များ ကင်းစင်နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်ပါတယ်။ တနင်္သာရီတိုင်းနဲ့ ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသတွေမှာ တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

လက်ရှိတွင် တာချီလိတ်မြို့နယ်၌ လေထုညစ်ညမ်းမှုပြန်လည်မြင့်တက်လာ၍ မီးသတ်ကားများဖြင့် ရေပက်ဖျန်းပေးနေသည်။ ထို့အပြင် လူမှုရေးအသင်းအဖွဲ့များနှင့် မြို့အာဏာပိုင်များကလည်းနှာခေါင်းစည်းများလိုက်လံဝေငှပေးနေသည်။

တာချီလိတ်မြို့နယ် မဂ္ဂလာမှုရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက "သက်ဆိုင်ရာအာဏာပိုင်တွေနဲ့ လေထုညစ်ညမ်းမှုကို ကာကွယ်ပေးဖို့အတွက် Mask တွေ လိုက်လံဝေငှပေးတယ်။ ဒါပေမဲ့လည်းတော်တော်များများကဘာဖြစ်လို့လဲမသိဘူး။ Mask တွေ မတပ်ကြဘူး"ဟုပြောသည်။

လေထုညစ်ညမ်းမှု အန္တရာယ်ကိုကာကွယ်ရန်ပြည်သူများအနေဖြင့် နှာခေါင်းစည်း (Mask) များ တပ်ထားသင့်ပြီး အပြင်ထွက်သည့်ကိစ္စရပ်များကို လျှော့ရန်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ တစ်ခုခုဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အလျင်အမြန် သွားရောက်ရန် အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာကျော်စွာဦးက တိုက်တွန်းပြောဆိုသည်။

"လေထုညစ်ညမ်းတာကြောင့် လတ်တလောကာလမှာ အသက်ရှူကျပ်တာ၊ ယားယံတာ၊ မျက်စိစပ်တာတို့ဖြစ်မယ်။ ဓာတ်မတည့်မှုဖြစ်တာတွေခံစားရမယ်။ ရေရှည်မှာဆိုရင်တော့ လေထုညစ်ညမ်းမှုကြောင့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတို့က အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါနဲ့ ဆက်စပ်နေတာ တွေ့ရတယ်"ဟု ဒေါက်တာကျော်စွာဦးကပြောသည်။

လက်ရှိ တာချီလိတ်အခြေအနေသည် နေအိမ်အပြင်သို့ မထွက်သင့်သည့်အခြေအနေဖြစ်ကြောင်း အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာသန်းထွဋ်က မှတ်ချက်ပြုသည်။

"အခုလို လေထုညစ်ညမ်းမှုက ၅၀၀ ဖြစ်သွားရင် အရေးပေါ်ကြေညာသင့်တယ်"

www.free4readers.com

Life
7 DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

လန်းနာမ် အိမ်ပြန်ချိန်ကို မျှော်နေသူများ

စာမျက်နှာ ၇ ››


လန်းနာမ်၏ရင်သွေးငယ်များ

# တောမင်းသမီးရဲ့ ဒိုင်ယာရီ

ညီညီဇော်


နေ့လယ်စာစားနေသည့် ဒေါ်ရွှေတင်တို့သားအမိ

ဓာတ်ပုံ – ညီညီဇော်

အညာ၏နွေနေ့ခင်းသည် ချွေးတစိုစိုနှင့် ပူလောင် လှပါ၏။ မကြာခင်ကမှ ချွေးဒီးဒီးကျကာ ချက်ပြုတ်ထားသော ထမင်းဟင်းတွေကိုသားလေးမောင်စိုးနိုင်တစ်ယောက် ဇလုံတစ်လုံးနှင့် အားရပါးရ စားသောက်နေသည်ကို မြင်ရတော့ ဒေါ်ရွှေတင်တစ်ယောက် ကြည်နူးရသည်။ သားလေးနှင့်အတူ ထမင်းလက်ဆုံနွှဲရင်း တပျော်တပါး စားနေမိ၏။ အသားလေးတစ်ခွက်ပါမှ စားတတ်သော သားလေးတစ်ယောက်ဒီနေ့တော့ အသားဟင်းတစ်ခွက် ပါသဖြင့် အမေ့ကိုဂျီမကျ။ ဒေါ်ရွှေတင် စိတ်ချမ်းသာရပါသည်။

သားလေးဆို၍ အသက်ငယ်ငယ်ရွယ်ရွယ်လို့များ ထင်စရာရှိသည်။ မဟုတ်ပါ။ ဒေါ်ရွှေတင် သားလေးသည် ဝဝဖြိုးဖြိုး၊ လူကောင်ကြီးကြီးဖြင့် အသက် (၅၁)နှစ်ပင် ရှိချေပြီ။ ဒေါ်ရွှေတင်ကိုယ်တိုင်လည်းအသက်(၇၃)နှစ်ရှိလေပြီ။ တကယ်ဆို ဒေါ်ရွှေတင် သားပင် မြေးချီရမည့်အရွယ်ရောက်နေပြီဖြစ်သည်။ သို့သော် ဒေါ်ရွှေတင်အဖို့တော့ သားလေး မောင်စိုးနိုင်သည် တကယ့်ပီဘိကလေး။ ရင်ခွင်ပိုက်ကလေး သာသာပင်။

တကယ်တော့ သားကလေး မောင်စိုးနိုင်သည် သာမန်စိတ်အခြေအနေရှိသူ တစ်ယောက် မဟုတ်ပါ။ မွေးကတည်းက စိတ်ကျန်းမာရေး မကောင်းရှာသည့် သားလေးဖြစ်သည်။ အသက် (၅၀)ကျော်အရွယ် ရောက်သည် အထိ တကယ့်ကလေးစိတ်သာ။ ရွာထဲက ကလေးတွေနှင့်ဆော့၏၊ ရန်ဖြစ်၏၊ လျှောက်သွား၏။ ခိုင်းစရာတစ်ခုခုရှိလျှင် မအေအိုက အသံပြာအောင် အော်ခေါ်ရသည်။ လိုက်မခေါ်နိုင်။ ဒေါ်ရွှေတင်ကိုယ်တိုင်လည်း ကျန်းမာရေးမကောင်းသူ တစ်ယောက်၊ ခြေထောက် နှစ်ဖက်စလုံးကျိုးထားသဖြင့် လမ်းမလျှောက်နိုင်သည်မှာ ကြာချေပြီ။

ဒေါ်ရွှေတင်တို့ သားအမိက မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သပြေဝကျေးရွာတွင် နေထိုင်သည်။ သပြေဝရွာက တောင်သာမြို့နယ်ထဲ ပါသော်လည်း တောင်သာမြောက်ဘက်အစွန်အဖျားကျသည်။ ခေါင်ကလည်းခေါင်၊ လမ်းပန်းဆက်သွယ်ရေးကလည်း ဆိုးလွန်းလှသည်။ ဒေါ်ရွှေတင်ကလမ်းမလျှောက်နိုင်သူဖြစ်၍ အိမ်မှာတင် မုန့်စုံဆိုင်ကလေး ချောက်ချီးချောက်ချက် ထောင်ထားသည်။ ဆိုင်အတွက် လိုအပ်တာကိုတော့ သားတော်မောင်ကို မြင်းခြံလိုက်ဝယ်ခိုင်းရသည်။ ဝယ်ခိုင်းသည်ဆိုသော်လည်း ကားသမားကို လိုအပ်တာ ရေးမှာလိုက်ခြင်းဖြစ်သည်။ သားလေးက ဟန်ပြလိုက်သွားရုံ၊ တောင်းထမ်းရုံ။

ဒေါ်ရွှေတင်က ဒီရွာဇာတိဖြစ်သည်။ ပြီးတော့ တစ်ဦးတည်းသော သမီး။ သပြေဝသူမရွှေတင်က ဇာတ်သဘင်အနုပညာ ငယ်ငယ်လေးကတည်းက ဝါသနာပါသည်။ ဆိုရ၊ ကရတာ သိပ်သဘောကျသည်။ သူ့အသက်(၈)နှစ်လောက်မှာ တိုင်းပြည်က မငြိမ်

စာမျက်နှာ ၆ ››

အတွဲ ၁၈၊ အမှတ် ၅

10 Years of Galaxy အထိမ်းအမှတ်

SAMSUNG နှင့် 7 DAY NEWS JOURNAL တို့ပူးပေါင်းဆောင်ရွက်သည့်
Lucky Draw Program

၂၀၁၉ မတ်လ ၁၄ရက်နေ့မှ မေလ ၂၂ရက်နေ့အထိ
ယခု ဖြတ်ပိုင်းကို ပြန်လည်ပေးပို့ခြင်းဖြင့် Lucky Draw Program ကိုပါဝင်နိုင်ပါသည်။




Samsung Galaxy A30, A50
အပါအဝင်အခြားသော
Galaxy Smart Phone များကို
ရရှိနိုင်မည့်အခွင့်အရေး

အမည် ---------------- မှတ်ပုံတင်အမှတ် ---------------- ဖုန်းနံပါတ် ---------------- E-mail ----------------

အသေးစိတ် အချက်အလက်များကို 7day News facebook page တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
Lucky Draw Program နှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက 7day News နှင့် Samsung တို့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
Lucky Draw cupon ကို တိုက်ရိုက် E ...

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

စာမျက်နှာ ၅ မှ

## တောမင်းသမီးရဲ့ ဒိုင်ယာရီ

မသက်ဖြစ်တော့ မိဘတွေက ရွာမှာမနေရဲတော့ဘဲ မြင်းခြံပြောင်းကြသည်။ မြင်းခြံရောက်တော့လည်း မရွှေတင်လေး အက၊ အဆို ဝါသနာပါမြဲ ပါဆဲ။

မရွှေတင်တို့ရွာမှာ စာသင်ကျောင်းမရှိ၍ မြို့ရောက်မှ ကျောင်းစနေရသည်။ အသက် (၁၂)နှစ်ရောက်တော့ မရွှေတင် သုံးတန်းသာရှိသေးသည်။ ရှက်၍ ကျောင်းဆက်မတက်တော့။ အဖေ၊ အမေက ကြုံရာကျပန်း လုပ်ကိုင်စားသောက်ရသူတွေမို့ သူလည်း မရှက်မကြောက် ဈေးရောင်းထွက်သည်။ အသီးအနှံလေး၊ မုန့်မျိုးစုံလေး ဗန်းတစ်ချပ်ပေါ်တင်၊ ခေါင်းပေါ်ရွက်ကာ လည်ရောင်းခြင်းဖြစ်သည်။ တစ်နေ့တော့ မရွှေတင်လေး ဈေးရောင်းရင်း သူ့အနုပညာဇီဇပိုးက စကားပြောလာကာ ဘဝတစ်ဆစ်ချိုးပါလေတော့သည်။

မြင်းခြံမြို့ပေါ်က အငြိမ့်ထောင်ထားသည့် မင်းသမီးကြီး အောင်မေကြည်တို့အိမ်နား မရွှေတင် ဈေးသွားရောင်းသည်။ အငြိမ့်ထောင်ထားသည့်အိမ်ဆိုတာ သိတာကြာပြီ။ ဒီအိမ်ရှေ့ရောက်တိုင်း မရွှေတင်စိတ်ထဲနေလို့မရ။ ထိုနေ့ကတော့အရဲစွန့်ကာထိုအိမ်ဝင်းထဲ ဝင်သွားသည်။ အောင်မေကြည်နဲ့ တွေ့သည်။ "သမီး မင်းသမီးဖြစ်ချင်လို့ပါ"ဟု ပြောသည်။ အောင်မေကြည်က "ကတတ်လို့လား"ဟုမေးတော့ မရွှေတင် ခပ်သွက်သွက် ခေါင်းညိတ်သည်။ "ကဲ...ကပြစမ်းအေ"ဟု အောင်မေကြည်က ပြောတော့ မရွှေတင် ဈေးဗန်းဘေးချကာ ကွေးနေအောင် ကပြတော့သည်။

မရွှေတင်က လူကလည်း သေးသေး၊ ရုပ်ကလေးကလည်း မဆိုး၊ အသံလေးလည်း သာတာကြောင့် အဆင်ချောလေသည်။ အောင်မေကြည်က မိဘသဘောတူရင် လာခဲ့ဟုပြောသည်။ မရွှေတင် ဝမ်းသာအားရဖြင့် ပြန်ပြောတော့ မိဘတွေက သဘောမတူ။ မရွှေတင် စိတ်ညစ်ရသည်။ နောက်ဆုံး မရွှေတင်ဦးလေးတွေကို အကူအညီတောင်းပြီး အငြိမ့်ထဲလိုက်ခွင့်ပြုဖို့ ပြောခိုင်းသည်။ နောက်ဆုံးတော့ မိဘတွေလည်း မရွှေတင်ကို အငြိမ့်ထဲ ထည့်လိုက်ရတော့သည်။

မရွှေတင် ကံကောင်းပါသည်။ ရက်ပိုင်းအတွင်း ရှေ့ထွက်မင်းသမီးကပြရသည်။ သိပ်မကြာခင် ပြဇာတ်တွေမှာပါ သရုပ်ဆောင်ရသည်။ လူရွှင်တော်တွေနဲ့လည်း အတိုင်အဖောက်ညီသည်။ ကိုအုန်းသီး၊ ကိုကျီးညို၊ ဦးလောစံတို့တွေနှင့်လည်း တွဲဖက်ညီခဲ့သည်။ အောက်လင်းမီးရောင်အောက်မှာ မရွှေတင် လှုပစ္စာကပြခွင့်ရသည်။ ထိုအချိန်မှာ မရွှေတင်မဟုတ်တော့။ အငြိမ့်ထောင်က အမည်ပြောင်းပေးသည့်အငြိမ့်မင်းသမီးလေးအောင်မေတင်ဖြစ်နေလေပြီ။

အောင်မေကြည်အငြိမ့်အဖွဲ့မှာ သုံးနှစ်လောက်ကပြီးတော့ မရွှေတင် ငှက်ဖျားဖြစ်သည်။ နယ်စုံကရာမှ ငှက်ဖျားရလာခြင်းဖြစ်သည်။ ထို့ကြောင့် အငြိမ့်ကနေထွက်ကာ ဆေးကုရသည်။ ဆေးကုပြီးပြန်ကောင်းတော့ ဆရာခေါ်ကာ အကတွေ ထပ်သင်သည်။ ထို့နောက် ခေတ်ပါတီ ပဲခူးကြည် ဇာတ်အဖွဲ့တွင် လိုက်ကသည်။ တစ်ပွဲမှ ခုနစ်ကျပ်။ တစ်နှစ်သာသာလောက် လုပ်ပြီးတော့ တစ်ပွဲ ၁၅ ကျပ် ရလာသည်။ အောင်မေတင်ဆိုသည့် နာမည်လည်း တဖြည်းဖြည်း လူသိစပြုလာသည်။

ခေတ်ပါတီပဲခူးကြည်လည်း ဇာတ်လောကသဘာဝအရ အနိမ့်အမြင့်၊ အတက်အကျကြုံရသည်။ အခြားမဟုတ်၊ ဇာတ်ခေါင်းကွဲသွားခြင်းဖြစ်သည်။ ဇာတ်ခေါင်းကွဲပြီးတော့ မရွှေတင်လည်း မိဘတွေနဲ့ပြန်နေသည်။ ချိုကောက်လေးခေါ်ရင် လိုက်ကဖြစ်သည်။ သူ့အသက် (၁၉)နှစ်လောက်မှာ အိမ်ထောင်ကျသည်။ အမျိုးသားကလည်း သူ့ပရိသတ်။ အိမ်ထောင်ကျပြီးတော့လည်း ချိုကောက်လေးတွေ လိုက်ကဖြစ်သေးသည်။ သို့သော် ကလေးက တစ်ယောက်ပြီးတစ်ယောက် ရလာတော့ မရွှေတင် အငြိမ့်သိပ်လိုက်မကနိုင်တော့။

မရွှေတင် သမီးတစ်ယောက်၊ သားနှစ်ယောက်ရသည်။ သမီးလေးက ငယ်ငယ်လေးနဲ့ ဆုံးသွားသည်။ သားအလတ်ကတော့ မောင်စိုးနိုင်။ ကလေးသုံးယောက် ရပြီးချိန်မှာ အမျိုးသားနဲ့ သူ့အိမ်ထောင်ရေး တစ်ခန်းရပ်သွားခဲ့သည်။ မိဘတွေနဲ့ အတူပြန်နေကာ သားနှစ်ယောက်ကို မရွှေတင် ရှာဖွေကျွေးမွေးသည်။ ဇာတ်ကတုန်းက စုထား ဆောင်းထားတာလေးတွေရယ်၊ ဇာတ်မကတော့သည့်နောက်ပိုင်း သားရေအရောင်းအဝယ် လုပ်တာလေးတွေရယ်ကြောင့် စီးပွားရေးက အတန်အသင့် အဆင်ပြေသည်။ သို့သော် ကံဇာတ်ဆရာသည် မရွှေတင်ကို ဇာတ်အလှည့်အပြောင်း တစ်ခုဖန်တီးပါလေတော့သည်။ ထိုအချိန်က မှတ်မှတ်ရရ ၁၉၈၇ စက်တင်ဘာ။

အငယ်ဆုံးသားလေးက ထိုအချိန်က အသက်(၁၉)နှစ်သာရှိသေးသည်။ သားလေး ကျောက်ကပ်မကောင်း၍ အသည်းအသန်ဖြစ်ကာ မြင်းခြံဆေးရုံ တင်ရသည်။ မရွှေတင် ဗျာများရသည်။ သားလေးကို ကုဖို့သဖို့အတွက် ငွေလေးအနည်းငယ်ရှိနေ၍ အသက်ရှူချောင်ရသည်။ ဘယ်လောက်ကုန်ကုန် ကုမည်ဟု တွေးထားသည်။ သား ဆေးရုံတက်တဲ့နေ့က မန္တလေးကနေ သားရေဖိုးတွေ ရှင်းပြီးပြန်လာခဲ့တာမို့ ကုန်ဖိုးငွေတွေလည်း အတော်လေးပါလာသည်။ ထိုအချိန် နိုင်ငံတော်က ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်ချိန်မှာတော့ မရွှေတင် ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်ပါလေတော့သည်။

၁၉၈၇ စက်တင်ဘာ ၅ ရက်တွင် ၂၅ ကျပ်၊ ၃၅ ကျပ်၊ ၇၅ ကျပ်တန်ငွေစက္ကူများတရားမဝင်တော့ကြောင်း နိုင်ငံတော်က ကြေညာလိုက်ခြင်းဖြစ်သည်။ မန္တလေးကနေ သားရေဖိုးရှင်းလာတာတွေကလည်း ၇၅ ကျပ်တန်တွေ။ အိမ်မှာရှိတာတွေကလည်း အစိတ်တန်၊ ၃၅ ကျပ်တန်တွေ။ အားလုံးပေါင်းလျှင် သုံး၊ လေးသောင်းဖိုးလောက်တော့ရှိမည်။ ထိုပိုက်ဆံတွေ တရားမဝင်တော့ဘူးဟု သိလိုက်ရတော့ မရွှေတင် ပျာပျာသလဲဖြစ်သွားသည်။

သားလေးကို သွေးသွင်းဖို့၊ ဆေးရုံတက်ကုသဖို့က ငွေလိုနေပြီ။ သူ့လက်ထဲရှိတဲ့ပိုက်ဆံတွေက သုံးလို့မရတော့။ မရွှေတင်တစ်ယောက် ဆေးရုံပေါ်မှာ အသည်းအသန်ဖြစ်နေသည့် သားလေးကို ထားကာ မြင်းခြံက ဘုန်းကြီးကျောင်းတွေ၊ အသိတွေဆီကို သွား၊ တစ်အိမ်တက်ဆင်းအကူအညီတောင်းရတော့သည်။ တတ်နိုင်သလောက်ကူညီကြသည်။ သို့သော် ကြွေးတွေသာတင်ခဲ့သည်။ သားလေး ကျန်းမာရေးကတော့ ထူးပြီးတိုးတက်မလာခဲ့။ နောက်ဆုံး သားလေးလည်း မရွှေတင်တို့ကို ထားခဲ့ပါလေတော့သည်။

ဒုက္ခဆိုသည်က အပေါင်းအဖော်နှင့်လာသည်ဆိုတာ အတော်လေးမှန်သည်။ သားလေးဆုံးပြီး သိပ်မကြာ အဖေလည်းဆုံးသည်။ မအေကြီးနှင့် စိတ်ကျန်းမာရေး မကောင်းသည့်သားနှင့် မရွှေတင်သာ ကျန်ခဲ့သည်။ စီးပွားလည်း ပျက်ပြီဖြစ်၍ မရွှေတင် ဈေးဗန်း ခေါင်းပေါ်ပြန်ရွက်ရသည်။ မြင်းခြံကနေ ဇာတိရွာ တောင်သာ သပြေဝရွာကို လိုင်းကားစီးပြီး ဈေးသွားသွား ရောင်းကြသည်။ သူနှင့်အတူ သားမောင်စိုးနိုင်လည်းပါသည်။ ထိုသို့သွားရင်း တစ်နေ့တော့ ကားမှောက်ပါလေသည်။ မရွှေတင် ခြေနှစ်ဖက်စလုံး ကျိုးသွားသည်။ သားလေးကတော့ ဘာမှမဖြစ်။

ခြေထောက်ကျိုးလျက်နှင့် ကိုချိုင်းထောက်နှင့်မရွှေတင်ဈေးရောင်းသည်။ မရွှေတင်က အော်၊ သားလေးက ဈေးတောင်းကို ခေါင်းရွက်ကာ ရောင်းကြခြင်းဖြစ်သည်။ အမေအိုရယ်၊ ကျပ်မပြည့်သည့် သားရယ်၊ ဒုက္ခိတမရွှေတင်ရယ် မြို့ပေါ်ဆက်နေဖို့ အဆင်မပြေတော့။ နောက်ဆုံးတော့ ဇာတိ တောင်သာသပြေဝရွာကို ပြန်ပြောင်းခဲ့ရတော့သည်။

ရွာပြန်ပြောင်းပြီး ခုနစ်နှစ်လောက်နေတော့ အသက်(၉၀)ကျော် အမေဆုံးသည်။ မရွှေတင်လည်းအသက်(၇၀)ကျော်အမယ်အို ဒေါ်ရွှေတင် ဖြစ်နေလေပြီ။ သားနှင့်အတူ နှစ်ယောက်တည်း ရွာက အိမ်အိုလေးမှာနေရင်း ဈေးလေးရောင်းကာ ဘဝဆက်ရသည်။ မထနိုင်တော့၍ ထိုင်ရင်းဈေးရောင်း၊ ထိုင်ရင်းချက်ပြုတ်၊ ထိုင်ရင်းပင် အဝတ်လျှော်ရသည်။ သားကတော့ ခိုင်း၍ပြု၍ ရပါသည်။ ရေခပ်၊ ထင်းခွေ အကုန်သူ လုပ်ပေးသည်။ ရွာကဆွေမျိုးနီးစပ်တော်သူတွေနှင့် ရွာသူရွာသားတွေကလည်း တတ်နိုင်တာလေး စောင့်ရှောက်ကြပါသည်။

ရွာထဲ အလှူလေး၊ ဆိုင်းလေးရှိရင် ဒေါ်ရွှေတင် ဈေးသွားရောင်းသည်။ ရပ်သူရွာသားတွေက လှည်းပေါ်ပွေ့တင်ကာ လိုက်ပို့ကြခြင်းဖြစ်သည်။ တစ်လောလေးကကို ရွာမှာအလှူရှိ၍ ဆိုင်းပါသည်။ ဒေါ်ရွှေတင် ဈေးသွားရောင်းတော့ ဆိုင်းအဆိုတော် မလေး မအေးအေးမြင့်အောင်နဲ့ ဆုံသည်။ သူက ဒေါ်ရွှေတင်ကို မှတ်မိသွား၍ သူ့အနုပညာကြေးထဲကနေ ငွေစကြေးစလေးတွေနှင့် ကန်တော့သည်။ ကန်တော့ပြီး ဒေါ်ရွှေတင်အကြောင်း လူမှုကွန်ရက်မှာ တင်ပေးလိုက်တော့ သဘင်အစည်းအရုံးကလည်း ထောက်ပံ့ငွေနှင့်အတူ လာကန်တော့သွားသည်။ အကူအညီတွေလည်း ပေးမည့်အကြောင်း ပြောသွားကြသည်။

ဒေါ်ရွှေတင်ရဲ့ ငယ်စဉ်က သဘင်အနုပညာကြောင့် အသိအမှတ်ပြုကြ၍ သူ ဝမ်းသာရသည်။ သဘင်ရိပ်သာမှာ လာနေချင်လည်း စီစဉ်ပေးမည့်အကြောင်းပြောတော့ အားရှိရသည်။ သို့သော် သူ သွားနေနိုင်မည်မဟုတ်။ သူ့သားမောင်စိုးနိုင် ရှိနေ၍ဖြစ်သည်။ ဒေါ်ရွှေတင် တစ်ခါတလေ ညဘက်တွေ အိပ်မပျော်။ သားလေးကတော့ သူ့ဘေးမှာ တခူးခူး တခေါခေါနဲ့ အိပ်ပျော်နေသော်လည်း သူ့မှာ အတွေးတွေနှင့် မအိပ်နိုင်။ သူသေသွားလျှင် သားလေး ဒုက္ခရောက်မည်စိုး၍ဖြစ်သည်။

သားလေးက ကျပ်သာမပြည့်တာ၊ သူ့သွေးတော့အပြည့်ပါသည်။ ဆိုင်းတီးတမ်းကစားသည်၊ ဇာတ်စင်ဆောက်တမ်း၊ ပွဲကတမ်း ကစားသည်။ အိမ်မှာလည်း သူယူယူလာသည့် ဇာတ်ပိုစတာ၊ ဆိုင်းပိုစတာတွေ အပြည့်။ တစ်လောလေးကဆို မင်းသားတွေလို ဆံပင်ဆေးဆိုးချင်တယ်ဆို၍ ဆိုးပေးရသေးသည်။

ဒေါ်ရွှေတင်မှာ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်နဲ့ အစိတ်တန်ပိုက်ဆံအဟောင်းတွေ ရှိနေသေးသည်။ အသိမ်းလွန်၍ ဘယ်နားရောက်နေလဲတော့မသိ။ စိတ်နာသော်လည်း သူ ဒီဘဝရောက်ခဲ့တာ ထိုပိုက်ဆံတွေကြောင့်ဟု စိတ်ထဲစွဲနေ၍ ထိုပိုက်ဆံတွေကို မှတ်မှတ်ရရ သိမ်းထားခြင်းဖြစ်သည်။ သို့သော် သူ ဘယ်သူ့ကိုမှ အပြစ်မတင်ပါ။ သူ့ကံကိုသာ ဒေါ်ရွှေတင် အပြစ်ပုံချခဲ့ပါသည်။ နှစ်ပေါင်း၃၀ ကျော်ကြာခဲ့ပေမယ့် ထိုဂယက်တွေက ဒေါ်ရွှေတင်မှာ ခုထိရိုက်ခတ်တုန်း။

သားလေးမောင်စိုးနိုင်ကတော့ စားသောက်ပြီးလျှင် ကစားရန် ရွာထဲထွက်သွားသည်။ ဆော့၍မောလာလျှင် အိမ်ပြန်လာမည်ဖြစ်သည်။ ပြန်မလာလျှင်လည်း ဒေါ်ရွှေတင်က "သားရေ...စိုးနိုင်ရေ"ဟု အသံချိုချိုလေးဖြင့် ဟစ်ကာ အော်ခေါ်ပါလိမ့်မည်။ အမေဖြစ်သူ အငြိမ့်မင်းသမီးဟောင်းကြီး၏ အသံကြားလျှင် မောင်စိုးနိုင် တစ်ဖြစ်လဲ ဦးစိုးနိုင် အပြေးအလွှားပြန်လာလိမ့်ဦးမည်။ အညာနွေကတော့ ညနေခင်းထိတိုင် အပူရှိန်က မကျသေး။ ပူမြဲ ပူဆဲသာ.....။ ။



ဒေါ်ရွှေတင်၏ နေအိမ်
ဓာတ်ပုံ – ညီညီဇော်



ဒေါ်ရွှေတင်၏ နေအိမ်အတွင်းပိုင်းကို တွေ့ရစဉ်
ဓာတ်ပုံ – ညီညီဇော်

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

အောင်သစ်လွင်

# လန်းနာမ် အိမ်ပြန်ချိန်ကို မျှော်နေသူများ



လူကုန်ကူးခံရသူ လန်းနာမ်၏မိခင် ဒေါ်လုနန်

ဓာတ်ပုံ - အောင်သစ်လွင်

နေပြည်တော်ရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ၎င်းတို့၏ လူမှုကွန်ရက် စာမျက်နှာတွင် ပညာပေးအဖြစ်တင်သည့် ၂ မိနစ်နှင့် ၅၆ စက္ကန့်သာရှိသော ဗီဒီယိုဖိုင်တစ်ခုက ကချင်ပြည်နယ်ရှိ နယ်စွန်နယ်ဖျား ရွာလေးတစ်ရွာမှ ဒေါ်လုနန်တို့ မြေးအဘွားတစ်စုကို ငိုပွဲဆင်စေခဲ့သည်။

တရုတ်နိုင်ငံတွင် လူကုန်ကူးခံထားရသူ အမျိုးသမီးတစ်ဦးကို အခြားအမျိုးသမီးတစ်ဦးက ရိုက်နှက်နေသည့် ဗီဒီယိုဖိုင်ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က မတ်လ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အနီရောင်ဖျော့ဖျော့ အနွေးထည်ဝတ်ထားသည့် အမျိုးသမီး၏ ပါးနှင့် မျက်နှာ နေရာအနှံ့ကို အခြားအမျိုးသမီးတစ်ဦးက ရိုက်နှက်ကာ ဆဲဆိုကြိမ်းမောင်းနေသည့် ဗီဒီယိုဖိုင်က ဖေ့စ်ဘွတ်ခ်သုံးစွဲသည့် လူထုကြား အလျင်အမြန် ပျံ့နှံ့သွားသည်။ တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများဖြစ်ပွားခဲ့သော ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ နယ်စွန်နယ်ဖျားရွာလေးတစ်ရွာဖြစ်သော ဝူယန်ကျေးရွာလေးဆီသို့ ယင်းဗီဒီယိုဖိုင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး ဒေါ်လုနန်တို့ မြေးအဘွားတစ်စု ကြည့်လိုက်ရသည်။

"အမေ့ကို ရွာက လူတွေလာပြတာ။ အဲဒါပျောက်နေတဲ့ အမေ့သမီးလေး။ လူတွေ လူတွေ ရက်စက်လိုက်ကြတာ"ဟု ဝူယန်ကျေးရွာနေ ဒေါ်လုနန်ကပြောရင်း ရှိုက်ကြီးတငင် ငိုချလိုက်သည်။

မိမိ အမြတ်တနိုး နမ်းရှိုက်မဝသည့် သမီးလေး၏ပါးကို လူတစ်ဦးက မညှာမတာရိုက်နေသည့် မြင်ကွင်းက ကချင်တိုင်းရင်းသူကြီး ဒေါ်လုနန်အတွက် ငရဲမီးမျိုချလိုက်ရသလို ပူလောင်ပြင်းရှလွန်းလှသည်။ လူမမည်မြေးလေးဦးကို ဖက်ရင်း အသက်(၆၀)ခန့်အရွယ် ဒေါ်လုနန်တစ်ယောက် ချုံးပွဲချ ငိုကြွေးမိသည်။ မမြင်ရတာ ကြာပြီဖြစ်သည့် သူတို့၏ အမေကို ရိုက်နှက်ခံနေရသည့် ပုံစံဖြင့် မြင်တွေ့ရသည့် ကလေးလေးဦးစလုံးမှာ မျက်ရည်လည်ရွဲနှင့်။ အိမ်နီးနားချင်းများမှာလည်း ဒေါ်လုနန်တို့ မြေးအဘွားငါးဦးအဖြစ်ကိုကြည့်ရင်း မည်သူ့ကို အပြစ်တင်ရမှန်းမသိအောင် စိတ်ရှုပ်ထွေးနေသလို မည်သို့ အကူအညီပေးရကောင်းမှန်းလည်းမစဉ်းစားတတ်ဖြစ်နေသည်။

မညှာမတာ ရိုက်နှက်ခံနေရသော အမျိုးသမီးသည် သူ၏သမီး လန်းနာမ်ဖြစ်ပြီး နေအိမ်မှ ၂၀၁၈ ဇူလိုင်လကတည်းက ပျောက်ဆုံးခြင်းဖြစ်ကြောင်း ဒေါ်လုနန်က ဖွင့်ဟသည်။ ကိုးလကြာပျောက်ဆုံးနေသည့် သမီးကို ယင်းကဲ့သို့ အဖြစ်ဆိုးဖြင့် မြင်ရမည်ဟု ဒေါ်လုနန် လုံးဝမျှော်လင့်မထားမိ။ ငယ်စဉ်ကပင် ခေါင်းမာပြီး စိတ်ကြီးသည့် သမီးသည် အခြားအမျိုးသမီးတစ်ဦး၏ တရားလွန်ရိုက်နှက်နေမှုကို ခွန်းတုံ့မပြန်ဘဲ ခေါင်းငုံ့ခံနေသည့် မြင်ကွင်းကြောင့် ဒေါသထွက်ရသည်ဟု ဒေါ်လုနန်ကပြောသည်။

တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံသားတစ်ဦးက နေပြည်တော်သို့ ပေးပို့သည့် ယင်းဗီဒီယိုဖိုင်တွင် ရိုက်နှက်နေသူ အမျိုးသမီးက မြန်မာစကားကို ပီပီသသပြောကာ ဆဲဆိုမေးမြန်းနေသည်။ ရိုက်နှက်ခံနေရသော မိန်းကလေး၏ မျက်နှာနှင့် ပါးကို ၂ မိနစ်နှင့် ၅၆ စက္ကန့်အတွင်း အချက်ပေါင်း ၅၀ ခန့် ရိုက်ကာ ဆံပင်များကို အကြိမ်ကြိမ်ဆောင့်ဆွဲခဲ့သည်။ ယင်းမိန်းကလေးသည် ၎င်း၏ပျောက်ဆုံးနေသော သမီးလန်းနာမ်ဟု ဒေါ်လုနန်က အတိအကျဆိုသည်။

ဒေါ်လုနန်၏ အသက်(၂၄)နှစ်အရွယ် သမီး လန်းနာမ်သည် အသက်(၁၅)နှစ်ကပင် အိမ်ထောင်ကျပြီး ကျန်းမာရေးအသိပညာ နည်းပါးလှသည့် နယ်စွန်နယ်ဖျားကချင်ရွာလေးမှ ကလေးလေးဦး၏မိခင်ဖြစ်သည်။ သူ၏ အမျိုးသားမှာ ဝူယန်ရွာတွင် ရှိနေသည်။ သမီးအကြီးဆုံး အသက်သည် လန်းနာမ်၏ အိမ်ထောင်သက်ဖြစ်ပြီး အသက်(၉)နှစ်ရှိပြီဖြစ်သည်။ (၆)နှစ်၊ (၃)နှစ်နှင့် (၁)နှစ်အရွယ် ကလေးသုံးဦးလည်း ရှိသည်။ လန်းနာမ်သည် ဝိုင်းမော်မြို့နယ်ရှိ တစ်သျှူးငှက်ပျောစိုက်ခင်းတစ်ခုတွင် အလုပ်လုပ်နေရင်း နေအိမ် ပြန်ရောက်မလာတော့ခြင်းဖြစ်သည်။

မိခင် ဒေါ်လုနန်နှင့် ခင်ပွန်းက နည်းမျိုးစုံဖြင့် လန်းနာမ် ရှာပုံတော်ခရီးဖွင့်ခဲ့သည်။ ကေသောင်းချီသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများရှိရာ လိုက်လံစုံစမ်းခဲ့သည်။ လူကုန်ကူးခံရလိမ့်မည်ဟု မည်သူမျှမထင်ခဲ့။ ပြန်လာနိုး၊ ပြန်လာနိုးဖြင့် စောင့်ဆိုင်းရင်း စုံစမ်းရှာဖွေနေစဉ် ရဲတပ်ဖွဲ့က ထုတ်ပြန်သည့် ဗီဒီယိုဖိုင်ကို တွေ့ရှိခဲ့သည်။

"အဘွား ... မိန်းမတစ်ယောက်ကအမေ့ကိုရိုက်နေတယ်လို့ ပြောတယ်။ ကလေးတွေကလည်း ငိုတယ်"

ဖေ့စ်ဘွတ်ခ်သုံးစွဲသူ ရွာခံအချို့က လာပြ၍ မြင်ရသည့် သမီးလန်းနာမ်၏ အဖြစ်ဆိုးအတွက် ကိုယ်တိုင်လည်း ပူလောင်ရသလို လူမမည်မြေးလေးဦးအတွက်လည်း ဖြေဆည်မရနိုင်အောင် ဒေါ်လုနန် ခံစားနေရသည်။ ဒေါ်လုနန်သည် ယင်းဗီဒီယိုဖိုင်ကို ကြည့်ပြီးနောက် ရက်သတ္တပတ် နှစ်ပတ်ခန့် အိပ်ရာထဲ လဲခဲ့သည်။ သမီးဖြစ်သူ ရိုက်နှက်ခံနေရသည့် မြင်ကွင်းကြောင့် အသက်ရှူကျပ်ကာ အမောဖောက်နေ၍ ဆေးကုခဲ့ရသည်။ သမီးအိမ်က ထွက်သွားစဉ်က တစ်ခါ အိပ်ရာထဲ လဲခဲ့၍ ဆေးကုပေးခဲ့ရသေးသည်ဟု အိမ်နီးချင်းများကပြောသည်။ မြေးလေးဦးအတွက်လည်း စိတ်မကောင်းဖြစ်နေသည့် ဒေါ်လုနန်သည် သမီးလန်းနာမ်ပြန်လာရေးအတွက် ကူညီပေးရန် အိမ်နီးနားချင်းများထံ အကူအညီတောင်းခဲ့သည်။ နယ်မြေခံ ရဲတပ်ဖွဲ့ထံသို့ သတင်းပေးခဲ့သည်။ ဒေါ်လုနန်၏တစ်ခုတည်းသော မျှော်လင့်ချက်က သူ့သမီး ပြန်ရောက်လာရေးပင်။

"ကူညီပါရစေဆိုတဲ့လူတွေလေ (ရဲစခန်းကို ဆိုလိုသည်) သမီးလေးအကြောင်း သူတို့ဆီကို သွားပြီး ပြောထားတယ်"ဟု ဒေါ်လုနန်က တိုးလျစွာပြောသည်။

တရုတ်နိုင်ငံနှင့် ဆက်စပ်ကာ လူကုန်ကူးခံရသူများစွာ ရှိနေချိန်တွင် ၎င်းတို့တင်ခဲ့သည့် ဗီဒီယိုဖိုင်၏ နောက်ဆက်တွဲဂယက်ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ဒိုင်ခံဖြေရှင်းရသေးသည်။ ပဲခူးတိုင်းဒေသကြီး မြို့နယ်တစ်ခုမှ မိသားစုတစ်စုက ဗီဒီယိုဖိုင်ပါ မိန်းကလေးသည် ၎င်းတို့၏ သမီးဖြစ်၍ ပြန်လည်ကယ်တင်ပေးရန် အကူအညီတောင်းခံခဲ့သည်။ စိစစ်ပြီးနောက် မဟုတ်မှန်ကြောင်းနှစ်ဖက်(ကာယကံရှင်မိသားစုနှင့် ရဲတပ်ဖွဲ့)အတည်ပြုခဲ့သည်။ ဒေါ်လုနန်၏ သမီးဆိုသည့် အချက်အလက်ကိုလည်း လတ်တလောအချိန်အထိစနစ်တကျစိစစ်နေဆဲဖြစ်ကြောင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး သက်နောင်က ပြောသည်။ ဒေါ်လုနန်ကမူ ၎င်းကိုယ်တိုင် မျက်စိမှုန်နေသော်လည်း သမီးဖြစ်သူအား မှတ်မိသလို ကလေးလေးဦးစလုံးနှင့် အိမ်နီးချင်းများကပါ လန်းနာမ်ဟု အတိအကျပြောသည်ဟု ဆိုသည်။ လန်းနာမ်၏ ဓာတ်ပုံအားလုံးကို ရဲတပ်ဖွဲ့ထံတွင် အပ်နှံထားပြီး လူကုန်ကူးခံရသူလက်မှ ပြန်ကယ်ထုတ်နိုင်ရေး မည်သည့်ကိစ္စရပ်မဆို ပူးပေါင်းဆောင်ရွက်မည်ဟု ဝူယန်ကျေးရွာဒေသခံများကပြောသည်။

"ဒေါ်လုနန်တို့ အခြေအနေကချို့တဲ့တယ်။ ပညာနည်းတယ်။ ရှာဖွေတာတို့၊ တိုင်ကြားတာတို့ ဘာမှမလုပ်တတ်ဘူး။ တကယ်တော့ သနားဖို့သိပ်ကောင်းတယ်" ဟု ဝူယန်မူရင်းနှစ်ခြင်းအသင်းတော် ဓမ္မဆရာ ဇွဲလဆန်ကပြောသည်။

ဒေါ်လုနန်၏ပျောက်ဆုံးနေသော သမီးသည် လူကုန်ကူးခံထားရသည့် အခြေအနေဖြင့် ကြုံတွေ့နေသလို တရုတ်နိုင်ငံတွင် လူကုန်ကူးခံရပြီး ပုံစံမျိုးစုံဖြင့် ငရဲကျနေသော မြန်မာအမျိုးသမီးများစွာရှိနေသည်။ ယခုဆောင်းပါးအတွက် နယ်မြေကွင်းဆင်းသတင်းယူစဉ် တရုတ်နိုင်ငံနှင့် နယ်ချင်းထိစပ်နေသော ကချင်ပြည်နယ် လွယ်ဂျယ်မြို့ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရုံးခန်းသို့ရောက်ရှိခဲ့ရာ လူကုန်ကူးခံထားရသူတို့၏ ဆိုးရွားသော အတွေ့အကြုံအချို့ကို မြင်တွေ့ခဲ့သည်။ တရုတ်နိုင်ငံ မြို့နယ်တစ်ခုတွင် ရောက်ရှိနေပြီး တရုတ်ယောကျ်ား၏ နှိပ်စက်မှုကို မခံနိုင်၍ ထွက်ပြေးလာသည့် မြန်မာအမျိုးသမီးတစ်ဦးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စိတ်-၂(လွယ်ဂျယ်)တပ်ဖွဲ့မှူးထံ မတ်လ ၂၆ ရက်တွင် ဖုန်းဆက်၍ ၎င်းအား ချက်ချင်းကယ်ထုတ်ပေးရန် အကူအညီတောင်းသည်။ ဖုန်းဆက်ချိန်က ည ၇ နာရီခန့်ဖြစ်သည်။ မြန်မာမိန်းကလေး တရုတ်ယောကျ်ား၏နေအိမ်မှ ထွက်ပြေးလာပြီး လမ်းတွင်တွေ့သည့် အမှိုက်သိမ်းစည်ပင်ဝန်ထမ်းထံ အကူအညီတောင်း၍ ဖုန်းဆက်ခြင်းဖြစ်သည်။

"ဆိုင်ကယ်ကယ်ရီ ငှားပြီးပြေး ... ဆက်ပြေး။ အနီးဆုံး ရဲစခန်းကို ဝင်ပြေး"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စိတ်-၂ (လွယ်ဂျယ်) တပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်လှိုင်က ယင်းမိန်းကလေးကို ဖုန်းမှတစ်ဆင့် ညွှန်ကြားသည်။ မိနစ် ၂၀ ခန့်အကြာတွင် တရုတ်ရဲစခန်းတစ်ခုသို့ ရောက်သွားပြီး အန္တရာယ်ဆိုးမှ လွတ်မြောက်ခဲ့သည်။ ယင်းအမျိုးသမီးသည် တရုတ်ရဲစခန်းတွင် ယာယီ ထိန်းသိမ်းခံရမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပေးမည်ဖြစ်သည်။

"သူဆို ကံကောင်းသွားတယ်။ ကျွန်တော်တို့ လူကုန်ကူး ရဲတပ်ဖွဲ့ဖုန်းတွေ ဖြန့်ဝေထားတာကို ယူထားပြီး လွတ်အောင် ပြေးထွက်နိုင်တာ"ဟု ဒုတိယရဲမှူး အောင်လှိုင်က မှတ်ချက်ပြုသည်။

တရုတ်နိုင်ငံတွင် လူကုန်ကူးခံထားရသော မြန်မာအမျိုးသမီးများစွာရှိနေပြီး လွတ်မြောက်အောင်ကယ်ထုတ်နိုင်ရေးစိန်ခေါ်မှုများစွာ ရှိနေသည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။ စစ်၏ နောက်ဆက်တွဲဆိုးကျိုး ကချင်နှင့် ရှမ်းပြည်နယ်ရှိ စစ်ရှောင်စခန်းများမှ အမျိုးသမီးငယ်လေးများသည် တရုတ်သတို့သမီးအဖြစ် လူကုန်ကူးခံရမည့်အန္တရာယ် မြင့်မားနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)က အစီရင်ခံစာတစ်စောင် မတ်လ ၂၁ ရက်တွင် ထုတ်ပြန်၍ သတိပေးသည်။

တရုတ်နိုင်ငံနှင့် ဆက်စပ်နေသော လူကုန်ကူးခံရမှုအန္တရာယ်များကို အကြောင်းအမျိုးမျိုးကြောင့် ရှောင်လွှဲ၍ မရသေးသလိုပြန်လည်ကယ်ဆယ်နိုင်ရေးအတွက်လည်း မြန်မာအတွက် စိန်ခေါ်မှုများစွာ ရှိနေသည်။ မြန်မာအမျိုးသမီး ၇,၅၀၀ ခန့်သည် တရုတ်နိုင်ငံတွင် တရုတ်မယားအဖြစ် အသုံးတော်ခံနေရပြီး ၎င်းတို့၏ အိမ်ထောင်ရေးဒုက္ခကို ခါးစည်းခံနေသည်ဟု Johns Hop-kins Boom-berg School of Public Health က ၂၀၁၈ နှစ်ကုန်ခန့်တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်သတိပေးထားသည်။

ဒေါ်လုနန်က သူ၏သမီးဟု ယုံကြည်နေသော လန်းနာမ်သည် တရုတ်နိုင်ငံတွင် လူကုန်ကူးခံထားရသူ မြန်မာအမျိုးသမီးများစွာအနက် ရှားရှားပါးပါး ထွက်ပေါ်လာသော ဗီဒီယိုဖိုင်ကြောင့် ရဲတပ်ဖွဲ့က ပြန်လည်ကယ်ဆယ်နိုင်မလားဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်နေသည်။

လူမမည်မြေးလေးဦးနှင့်အတူ ဇာတိရွာတွင် နေထိုင်သော ကချင်တိုင်းရင်းသူကြီး ဒေါ်လုနန်က သူ့မျှော်လင့်ချက်ကို "ကျွန်မသမီးလေး ပြန်လာပါစေ"ဟု ကချင်ဘာသာဖြင့် ဖွင့်ဟသည်။

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

www.free4readers.com



*လူစုလူဝေးဖြစ်ပွားခဲ့သည့် မဒီနာလက်ဖက်ရည်ဆိုင်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်* ဓာတ်ပုံ – လင်းသက်နိုင်

# သတိတစ်ချက် လစ်မရသည့် တို့မီးရှို့မီး

ငြိမ်းချမ်း

**သင့်** သူငယ်ချင်းများနှင့် ဖြစ်စေ၊ သူစိမ်းတစ်ဦးနှင့်ဖြစ်စေ သာမန်ခိုက်ရန်ဖြစ်ပွားမှု တစ်ခုသည် ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှု၏အစဖြစ်သွားနိုင်ပါသည်။ လမ်းတွင် မတော်တဆထိမိခြင်း၊ သမီးရည်းစားလုဖက် အချင်းချင်း၊ လက်ဖက်ရည်ဆိုင်တွင် ဘောလုံးပွဲအကြောင်း ငြင်းခုံရင်း ခိုက်ရန်ဖြစ်ပွားမှုမျိုးကပင် ဘာသာမတူသူများ ဖြစ်ပါက ယင်းကို အသုံးချရန် ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းဖြစ်အောင်၊ တို့မီးရှို့မီးဖြစ်အောင် လုပ်မည့်သူများ ပေါများလာ၍ ဖြစ်ပါသည်။

မည်ကဲ့သို့ ရန်ပွဲမျိုးဖြစ်ပါစေ ရန်ဖြစ်သူများသည် မည်သည့်ဘာသာဝင် ဖြစ်သည်ကိုသာ ကြည့်၍ ဆုံးဖြတ်မည့်သူများနေခြင်းသည် မြန်မာနိုင်ငံတွင် အချိန်မရွေး မီးထတောက်ရန် လောင်စာများ နိုင်ငံတစ်ဝန်းရှိနေခြင်းနှင့် တူနေသည်။

ယခုလပိုင်းအတွင်း ဘာသာရေး၊ လူမျိုးရေးအကြမ်းဖက်မှု ကြီးကြီးမားမား ဖြစ်ပွားခြင်းမရှိသော်လည်း ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်သူများကြောင့် အဓိကရုဏ်းဖြစ်ပွားမည့် အခြေအနေကို အချိန်မီဝိုင်းဝန်းထိန်းသိမ်းခဲ့ရသော ဖြစ်စဉ်အချို့ရှိခဲ့ပါသည်။

မတ်လ ၂၇ ရက်က သဃ်န်းကျွန်းမြို့နယ် (က)ရပ်ကွက် နတ်စင်လမ်းတွင် စက်ဘီးနှင့် ဆိုက်ကားချိတ်မိရာမှ စကားများရန်ဖြစ်ကာ လူစုလူဝေး ဖြစ်ပွားခဲ့သည်။

အတွေ့အကြုံရှိသော ရပ်မိရပ်ဖများနှင့် ရဲတပ်ဖွဲ့က အချိန်မီ ထိန်းသိမ်း တားဆီးနိုင်ခဲ့သည်။ သို့သော် သံသယနှင့်ကောလာဟလများကြောင့် (က)ရပ်ကွက်နေပြည်သူများ မတ်လ ၂၇ ရက် ညက ကောင်းစွာမအိပ်နိုင်ခဲ့ကြပေ။

"မြန်မြန် ထိန်းထိန်းသိမ်းသိမ်းလုပ်လိုက်တော့ ပြဿနာက မကျယ်ပြန့်သွားဘူး။ တော်သေးတယ်"ဟု (က)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က ၎င်းရပ်ကွက်၌ ဖြစ်ပွားသည့် ပြဿနာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မသွားသည်ကို စိတ်သက်သာရာရသောလေသံဖြင့်ပြောသည်။ နတ်စင်လမ်း ရန်ပွဲဦးဆောင်သူ နှစ်ဦးကို ပုဒ်မငါးခုဖြင့် သုဝဏ္ဏနယ်မြေ ရဲစခန်း၌ အမှုဖွင့်ထားသည်။ ယင်းညပိုင်းတွင် အမျိုးသားရေးလှုပ်ရှားသူဟုဆိုသူ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များလည်း ရောက်ရှိလာခဲ့ကြောင်း (က)ရပ်ကွက်နေပြည်သူများကပြောသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီ၁ရက်က မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘောလုံးပြိုင်ပွဲမှ ဘောလုံးပွဲကြည့်ပြီး ပြန်လာသော ရေပေါ်ကျွန်း ရွာသားသုံးဦးသည် သရက်မြို့ မဒီနာလက်ဖက်ရည်ဆိုင်ရှေ့ရှိ ကားကိုထိခိုက်မိရာမှ ယင်းဆိုင်ရှင်၏ ဆွေမျိုးတော်စပ်သူနှင့် စကားများရန်ဖြစ်ပြီး လူစုလူဝေး ဖြစ်ပွားခဲ့သည်။

ဒေါသဖြစ်နေသော လူအုပ်စုက လူမျိုးရေးအသွင်ဆောင်သည့် လှုံ့ဆော်အော်ဟစ်မှုများပြုလုပ်၍ ရဲတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရာတွင်အသုံးပြုသည့် ရော်ဘာကျည်ဆန် ပစ်ဖောက်တားဆီးခဲ့ရသည်။

သရက်မြို့ ဖြစ်စဉ်ဖြစ်ပွားနေစဉ်အတွင်းအမျိုးသားရေးလှုပ်ရှားသူဟုဆိုသူအချို့က လူမျိုးရေး၊ ဘာသာရေး အသွင်ဆောင်သည့်ပြဿနာဖြစ်ပွားကြောင်းလူမှုကွန်ရက်စာမျက်နှာတွင် ရေးသားလှုံ့ဆော်ခဲ့သည်။

ထိုသို့ဖြစ်ရပ်များ မပေါ်ပေါက်ရေး ဘာသာနှစ်ခုအပေါ် ယုံကြည်မှုတည်ဆောက်ရန် အလွန်အရေးကြီးကြောင်း ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာနေထိုင်ရေး ကြိုးပမ်းနေသူများက ပြောသည်။

ယခင်အစိုးရလက်ထက် ၂၀၁၂ နှင့် ၂၀၁၃ တွင် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများစွာ ဖြစ်ပွားခဲ့သည်။ ၂၀၁၂တွင် ရခိုင်ပြည်နယ်၌ စတင်ဖြစ်ပွားသည့် ပဋိပက္ခများသည် သမ္မတဦးသိန်းစိန်လက်ထက်တွင် ပထမဆုံးကြုံတွေ့ရသော လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းဖြစ်သည်။ ၂၀၁၃ တွင် ဘာသာရေး၊ လူမျိုးရေးများ ၂၉ မြို့တွင် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၄၉ ဦး ရှိခဲ့သည်။ ထို့အပြင် ရာနှင့်ချီ ဒဏ်ရာရရှိပြီး အဆောက်အအုံ မီးရှို့ဖျက်ဆီးခံရမှု ၂,၀၀၀ ခန့်ရှိကာ ဒုက္ခသည်အရေအတွက် ၁၂,၀၀၀ ထိရောက်ရှိခဲ့သည်။ ထိုဖြစ်ရပ်များတွင် ပါဝင်သူ ရာနှင့်ချီ ဖမ်းဆီးအရေးယူခံရသည်။

၂၀၁၃ တွင် ထပ်မံဖြစ်ပွားသည့် မိတ္ထီလာနှင့် လားရှိုးလူမျိုးရေး၊ ဘာသာရေး အကြမ်းဖက်မှုများ၏ရိုက်ခတ်မှုသည်မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သော မြန်မာလုပ်သား ၁၀ ခန့် အသတ်ခံရသည်ထိ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ကာ ပျံ့နှံ့ရိုက်ခတ်ခဲ့သည်။

"တိုင်းသူပြည်သားတွေက တစ်ဦးနဲ့တစ်ဦး အချင်းချင်း မေတ္တာရှိမှပဲ အဆင်ပြေကြမှာပဲ။ တစ်ဦးနဲ့တစ်ဦး မေတ္တာရှိဖို့ဆိုတာကလည်း မလွယ်ကူတော့ဘူး။ နိုင်ငံရေးပယောဂ၊ ဘာသာရေးပယောဂတွေက ဝင်သွားကြပြီလေ"ဟု ဘာသာပေါင်းစုံငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကမ္ဘာ့သဟဇာတသင့်မြတ်ရေးဆု (World Harmony Award)၊ လောကသာရနှင့် 7Dayသူရဲကောင်းဆုရှင် မိတ္ထီလာမြို့ ရတနာဦးကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓက မိန့်ကြားသည်။ ဆရာတော်ဦးဝိသုဒ္ဓသည် မိတ္ထီလာ အကြမ်းဖက်မှုဖြစ်စဉ်တွင် အသက်ကို ပဓာနမထားဘဲ အစ္စလာမ်ဘာသာဝင် လူ ၈၀၀ ကျော်ကို ဘုန်းကြီးကျောင်းအတွင်း ခိုလှုံခွင့်ပေးကာ ကယ်တင်ခဲ့သူဖြစ်သည်။ ယခင်က အုပ်စုနှစ်စုသာ ရှိသော်လည်း လက်ရှိတွင် ဘာသာရေး၊ လူမှုရေးနှင့် ပါတီအသင်းအဖွဲ့ အုပ်စုများ ပိုမိုများပြားလာကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

စစ်အာဏာရှင်လက်ထက်တွင် ဖျက်ဆီးခဲ့သော ပညာရေးစနစ်၏ရလဒ်၊ အကြောက်တရား၊ လူ့အခွင့်အရေးစံနှုန်းများ သွေဖည်ခြင်း၊ လူမျိုးရေးနှင့် ဘာသာရေးကို နိုင်ငံရေး၌ အသုံးချလိုသူနှင့် အဖွဲ့အစည်းအချို့ကြောင့်၊ စာနာမှု ကင်းမဲ့သူအချို့ကြောင့် ပြဿနာ အချိန်မရွေးပြန်ဖြစ်နိုင်သော အခြေအနေရောက်နေသည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်း ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းပါက လမ်းမှန်ရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ် ဘာသာရေးအဖွဲ့ကြီး တွဲဖက်အတွင်းရေးမှူး ဦးဝဏ္ဏရွှေက ပြောသည်။

"ယခုလို တိုင်းပြည်အတွက် အရေးကြီးနေသည့် အခြေအနေမျိုးတွင် နိုင်ငံသားအားလုံးက စိတ်ဝမ်းကွဲစရာများ ရှောင်ရှားသင့်တယ်။ ရန်ဖြစ်တာတော့ ရှိကောင်းရှိမယ်။ တရားဥပဒေစိုးမိုးရေးကို ကိုင်စွဲတဲ့သူတွေက တိတိကျကျဆောင်ရွက်ရင်ပြည်သူတွေကလည်း သတိနဲ့အဖျက်အမှောင့်ကို ရှောင်ရမယ်"ဟု ဦးဝဏ္ဏရွှေက သူ၏အမြင်ကို ဖွင့်ဟသည်။

မြန်မာနိုင်ငံ၌ ဖြစ်ပွားသည့် ကိစ္စရပ်တိုင်းသည် လူမှုရေး ပြဿနာသာဖြစ်ပြီး ဘာသာရေး ပြဿနာမဟုတ်ကြောင်း သာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့မှ ဟာဂျီ ဦးအေးလွင်ကဆိုသည်။

"လူလူချင်းစိတ်အခန့်မသင့်လို့ ရန်ဖြစ်ပွဲတွေပါ။ ဘာသာရေးနဲ့လည်း မဆိုင်ဘူး။ လူမျိုးရေးနဲ့လည်းမဆိုင်ဘူး"ဟုဟာဂျီဦးအေးလွင်ကပြောသည်။

တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသား အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း ၂၀၀၈ အခြေခံဥပဒေပုဒ်မ ၃၅၄ (ဃ)တွင် ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်း၅၀ ကျော်ရှိသည့်အနက် ဗုဒ္ဓဘာသာဝင် ၈၇ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာဝင် ၆ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် ၄ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ ၁ ရာခိုင်နှုန်းနှင့် အခြားကိုးကွယ်သူ ၂ ရာခိုင်နှုန်းရှိကြောင်း CIA the World Facebook ၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာကိုးကွယ်သည့် လူဦးရေ ရာခိုင်နှုန်း အနည်းငယ်သာ ကွာဟနေသော်လည်း ဗုဒ္ဓဘာသာဝင်များနှင့် ပြဿနာဖြစ်ပွားရာတွင် အစ္စလာမ်ဘာသာဝင်က အများဆုံးဖြစ်နေသည်။

"လူတွေက ကိုယ်ယုံကြည်ရာဘာသာတရားကိုကမ္ဘာပေါ်မှာအကောင်းဆုံးရယ်လို့ ခံယူထားတတ်ကြတာပါပဲ။ ဒါပေမဲ့ တခြားသူတွေရဲ့ အထွတ်အမြတ်ထားတဲ့ ကိုးကွယ်ယုံကြည်မှုကို လေးစားရမယ်ဆိုတာ လူတိုင်းမသိကြသေးဘူး။ လေးစားသမှု ပျောက်ဆုံးရင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု မဖြစ်နိုင်တော့ပါဘူး။ လုပ်သင့်တာကတော့ ဘာသာဝင်အသီးသီးတိုင်း မိမိယုံကြည်ကိုးကွယ်ရာ ဘာသာက အကောင်းဆုံးဆိုတာကို စကားလုံးနဲ့သာမဟုတ်ဘဲ လက်တွေ့မှာ မတူကွဲပြားသော လူသားတွေ ခံစားနားလည်လို့ရအောင် ဖော်ပြလုပ်ဆောင်ကြရမယ်။ ဘာသာတရားတွေက ငြိမ်းချမ်းရေးအတွက် အဟန့်အတား မဟုတ်ဘဲ တစ်တပ်တစ်အားဖြစ်သင့်တယ်လို့ မြင်ပါတယ်"ဟု ရန်ကုန်တိုင်းမှော်ဘီမြို့ရှိခရစ်ယာန်ဘာသာရေးကျောင်းဆရာ ကိုဂျေဆာရေ့က သူ၏အမြင်ကို ပြောသည်။

ဘာသာရေးအစွန်းရောက်နှင့်အမျိုးသားရေးကိုင်စွဲကာ နိုင်ငံရေးလုပ်စားသူများက အမုန်းစကားများ တွင်တွင်ပြောဆို ဝါဒဖြန့်နေသော်လည်း သာမန်ပြည်သူအများစုက အေးချမ်းစွာ နေလိုကြသည်။ ပဋိပက္ခများ ထပ်မံဖြစ်ပွားရန် မလိုလားပေ။

"ပြဿနာဖြစ်မှာ အရမ်းစိုးရိမ်ရတယ်။ တတ်နိုင်သမျှအပြောအဆိုကအစ ဆင်ခြင်တာ အကောင်းဆုံးပဲ"ဟု မိတ္ထီလာမြို့ ချမ်းအေးသာယာရပ်ကွက်နေ ဦးအောင်ဌေးက ပြောသည်။ ထို့အပြင် လူသေဆုံးသည်ထိ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းဖြစ်ပွားခဲ့သော မိတ္ထီလာမြို့တွင် အသိုင်းအဝိုင်းနှစ်ခုကြား သာမန်ပြဿနာသေးသေးမွှားမွှား ဖြစ်ပွားပါက ပြဿနာကြီးလာရန် ပြုလုပ်သူအချို့ရှိ၍ သတိထားနေရကြောင်း မိတ္ထီလာမြို့ ဒေသခံများကပြောသည်။ **စာမျက်နှာ ၂၄** »

www.free4readers.com

Health

7DAY NEWS JOURNAL

Vol.18, No.5 • APRIL 3 , 2019

# မကုသနိုင်သေးသော ဆရာဝန်မလုံလောက်မှု ပြဿနာ

ယမင်း

**မြန်မာ** နိုင်ငံတောင်ပိုင်းစွန်းရှိ မြို့နယ်ဆေးရုံတစ်ခုတွင် လက်ထောက်ဆရာဝန်ဘဝဖြင့် သုံးနှစ်ကျော်လုပ်ကိုင်ခဲ့သော ဒေါက်တာမင်းမင်း(အမည်လွှဲ)တစ်ယောက် ယခုတော့ အလုပ်ထွက်လိုက်ပြီဖြစ်သည်။

အလုပ်စဝင်တုန်းကတော့ မျှော်လင့်ချက်များအပြည့်။ အစိုးရဆေးရုံလုပ်သက် အတွေ့အကြုံယူဖို့၊ အဆင့်မြင့်ပညာသင်ပြီး ဘွဲ့လွန်စာမေးပွဲဝင်ဖြေဖို့ စသည့် မျှော်လင့်ချက်များနှင့် ဖြစ်သည်။ ထို့ကြောင့် ဖောင်ကြီးသင်တန်းပြီးပြီးချင်း ပျော်ပျော်ကြီးဖြင့် တာဝန်ကျရာ နယ်မြို့လေးသို့လာခဲ့သည်။

သို့သော် အလုပ်ဝန်ပိလာခြင်း၊ သုံးနှစ်ကျော်သည့်တိုင် ပြောင်းရွှေ့ခွင့်မရခြင်းနှင့် မိသားစုနှင့်အဝေးတွင် နေထိုင်ရခြင်း စသည့်အခက်အခဲများက မြတ်နိုးသော အလုပ်ကို စွန့်လွှတ်ရန် ဖိအားများ ဖြစ်လာသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နယ်သို့ပို့စဉ်အခါက ၂ နှစ်ပြည့်လျှင် ပြန်ခေါ်မည်ဆိုသော်လည်း သုံးနှစ်ကျော်တိုင် ပြန်မခေါ်သည့်အခါ မျှော်လင့်ချက်မဲ့ကာ စိတ်ဓာတ်ကျလာကြောင်း ဒေါက်တာမင်းမင်းက ၎င်းခံစားခဲ့ရပုံကို ပြန်ပြောင်းပြောဆိုသည်။

“ပြန်မခေါ်တော့ စိတ်ဓာတ်ကျမိတာပေါ့ဗျာ။ ဘယ်တော့များမှ ရပ့်မလဲပေါ့။ မျှော်လင့်ချက်မဲ့လာ၊ အထီးကျန်သလိုခံစားရလာတယ်”ဟု ၎င်းက ဆိုသည်။

နောက်တစ်ခုမှာ အလုပ်ဝန်ပိခြင်းပင်ဖြစ်သည်။ မြို့ပြဆေးရုံများတွင်အလုပ်ချိန်သည်အလှည့်ကျသွားသော်လည်း နယ်ဆေးရုံများတွင် အလုပ်ချိန်က ၂၄ နာရီလုံးဖြစ်သည်။ ထိုသို့ ဆက်တိုက်ဝင်ရသော အလုပ်ကြောင့် အိပ်ရေးပျက်ပေါင်းများသောအခါ အလုပ်ခွင်အတွင်းမှားယွင်းမှုတစ်စုံတစ်ရာဖြစ်မည်ကို စိုးရိမ်လာသည်။

“ဂျူတီချိန်မှာလူက အိပ်ငိုက်နေတာ။ ကိုယ်ချင်းစာကြည့်လိုက်စမ်းဗျာ။ ကိုယ်၊ ဒါမဟုတ် ကိုယ့်မိသားစုပဲဖြစ်ဖြစ်ပေါ့။ အိပ်ငိုက်နေတဲ့ဆရာဝန်ဆီမှာ ဒီအသက်ကို အပ်ပြီးတော့ သွားပြမလားပေါ့နော်။ ကိုယ့်ကိုယ်တိုင်ကော သွားပြရဲမလားပေါ့။ ဒီဟာက ပြဿနာသာမဖြစ်သေးလို့သာ။ အကယ်၍ ပြဿနာတစ်ခုခုသာတက်ခဲ့မယ်ဆိုရင် ဒါဟိုးလေးတကျော်ကျော်ဖြစ်သွားမှာ”ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် ပြောင်းရွှေ့ခွင့်မရခြင်း၊ အလုပ်ဝန်ပိခြင်း စသည့် အဆင်မပြေမှုများကိုရင်ဆိုင်ရဖန်များသောအခါ အလုပ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်ဟု ဒေါက်တာမင်းမင်းက ဆိုသည်။

မြို့ပြဆေးရုံများတွင် ရှိသင့်သော ဖွဲ့စည်းပုံနှင့်ရှိသော ဆရာဝန်အင်အား ကွာဟမှုသိပ်မရှိသော်လည်း နယ်ဆေးရုံများ၌ ရှိရမည့် ဆရာဝန်အင်အားသည် ဖွဲ့စည်းပုံအတိုင်းမရှိဘဲ အင်မတန်နည်းပါးနေသေးသည်။ ဝေးလံခေါင်ဖျားဒေသဖြစ်လေ ဆရာဝန်အင်အားနည်းပါးလေဖြစ်သည်။

“ဖွဲ့စည်းပုံအရ ခုတင် ၁၀၀ ဆေးရုံတစ်ခုမှာဆိုရင် ၆၀ ရာခိုင်နှုန်းရှိရင် အလုပ် Run လို့ရတယ်လို့ ပြောတယ်။ ဒါပေမဲ့ အဲဒီ ၆၀ ရာခိုင်နှုန်း ထည့်တွက်တဲ့နေရာမှာ ဘွဲ့လွန်တက်နေတဲ့ကျောင်းသားတွေဆို ရာထူးကတော့ သူတို့က အဲဒီမှာရှိတယ်။ လူကရှိမနေဘူး။ ပြီးတော့ အထူးကုတွေမှာမှ လက်ထောက်အထူးကု ဆရာဝန်ဆိုတာရှိတယ်။ ဒီအထူးကုဆရာဝန်တွေကိုလည်း လက်ထောက်ဆရာဝန်အဖြစ်ပဲတွက်တယ်။ အဲဒီအခါမှာလည်း တစ်ခါပြန်နာတာပေါ့နော်။ လူဦးရေက ၆၀ ရာခိုင်နှုန်း ပြည့်နေပေမယ့်လည်း ဒီဟာတွေက လစ်လပ်နေတယ်။ ဒီထဲကလျော့လျော့နေတယ်။ ဒီလျော့သွားတဲ့ဝန်ကို ဒီလူကပဲ ပြန်ထမ်းရတာ”ဟု ဒေါက်တာမင်းမင်းက ၎င်းအလုပ်ဝင်ချိန်က အတွေ့အကြုံကို ရှင်းပြသည်။

၎င်းကဲ့သို့ လက်ထောက်ဆရာဝန်များသည် အတွင်းလူနာ၊ ပြင်ပလူနာများကိုသာ ဆေးကုသပေးရုံသာမက အရေးပေါ် Emergency Medical Officer (EMO) အနေဖြင့်လည်း တာဝန်ယူရသည်။ ၎င်းတစ်ဦးတည်းလျှင်ပင် အကြမ်းဖျင်း ပြင်ပလူနာ ၄၀ ခန့်၊ အတွင်းလူနာ ၃၀ ခန့်ကို နေ့စဉ်ကုသပေးရသည်။

ရှမ်းပြည်နယ်ရှိ သီပေါဆေးရုံသည် ခုတင် ၁၀၀ ဆံ့ဆေးရုံဖြစ်ပြီး ဆေးရုံဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်ဦးရေ ရှစ်ဦးရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် သုံးဦးသာရှိပြီး ငါးဦးလိုအပ်နေသေးကြောင်း သီပေါဆေးရုံအုပ် ဒေါက်တာနန္ဒဝင်းက ဆိုသည်။

“ဒီက လက်ထောက်ဆရာဝန်တစ်ယောက်ဆို တစ်နေ့ကို ၁၃ နာရီလောက်လုပ်ရပါတယ်။ သူတို့ တစ်လကိုတွက်လိုက်ရင် အရေးပေါ်လူနာ ၂၀၀ ကျော်လောက်ကိုင်တွယ်ရတယ်။ ပြီးတော့ တခြား Case တွေလည်း ကိုင်ရတယ်။ တစ်ရက်ကို အလုပ်ချိန်အရမ်းများတယ်”ဟု ၎င်းက ဆိုသည်။

ယင်းသို့ အလုပ်ချိန်များရခြင်းမှာ ရှိရမည့် ဆရာဝန်ဖွဲ့စည်းပုံအင်အားအတိုင်း ပြည့်မီစွာမရှိခြင်းကြောင့်ဖြစ်သည်။ ထိုသို့ ဆရာဝန် မလုံလောက်မှုပြဿနာကြောင့် ရှိသည့်ဆရာဝန်များ အလုပ်ဝန်ပိလာကာ အကျိုးဆက်အဖြစ် လုပ်ငန်းခွင်အတွင်း ဆရာဝန်နှင့် လူနာအပြန်အလှန်ဆက်ဆံရေးပြဿနာ ဖြစ်ပေါ်လာသည်။ ကုသမှုပေးရာတွင် မှားယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်လာမှုမရှိစေရေး ဒေါက်တာမင်းမင်းကဲ့သို့ ကြိုတင်မျှော်တွေးကာ အလုပ်ထွက်သည့် ပြဿနာများ ဖြစ်ပေါ်လာသည်။

“ဒီလိုဆရာဝန် မလုံလောက်တော့လူပဲ၊ စက်ရုပ်မှမဟုတ်တာ။ ပင်ပန်းလာတဲ့အခါမျိုးကျတော့ ကုသမှုပိုင်းမှာလည်း ဘယ်လောက်ပဲ စေတနာထားတယ်ပဲ ပြောပြော တစ်ခါတလေကျတော့လည်း အမှားအယွင်းတွေမရှိအောင် ကြိုးစားရတယ်။ ဒါပေမဲ့

စာမျက်နှာ ၁၀ »



*ကျန်းမာရေးနှင့်အားကစားပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံနေစဉ်*

ဓာတ်ပုံ – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




ဘန်ကောက်ဆေးရုံကြီး
BANGKOK HOSPITAL

ကင်ဆာရောဂါအတွက် ပြီးပြည့်စုံသော စောင့်ရှောက်ကုသမှု

- ကြိုတင်စစ်ဆေးခြင်းဖြင့် ဦးစွာကာကွယ်နိုင်ခြင်း
- နောက်ဆုံးပေါ်ကုထုံးများဖြင့် ရောဂါကုသခြင်း
- ထိရောက်မှု အရှိဆုံးနည်းများဖြင့် ရောဂါရှာဖွေခြင်း
- ပြီးပြည့်စုံသော စောင့်ရှောက်မှုများဖြင့် ပြန်လည်ကျန်းမာလာခြင်း

မြန်မာပြည်ရုံး | ၁၈၁၊ ပိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel: (01) 20 21 20, 29 97 97 **24/7 Hotline: (09) 510 6666**

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

စာမျက်နှာ ၉ မှ

# မကုသနိုင်သေးသော ဆရာဝန်မလုံလောက်မှု ပြဿနာ



တချို့နေရာတွေမှာအရမ်းပင်ပန်းတဲ့အခါမှာ လူနာတွေကလည်း အရမ်းများတဲ့အခါ အပြန်အလှန်ဆက်ဆံရေးအခက်အခဲတွေဖြစ်နိုင်တာပေါ့"ဟု ဒေါက်တာနန္ဒဝင်းက ဆိုသည်။

ဒေါက်တာ မင်းမင်းကဲ့သို့ နယ်ဆေးရုံများမှ လက်ထောက်ဆရာဝန်များ အလုပ်ထွက်ရခြင်းက အကြောင်းရင်းအမျိုးမျိုးရှိသည်။ အချို့သည် ဘွဲ့လွန်ဖြေဆိုရင်း မိသားစု၊ ငွေရေးကြေးရေး မပြေလည်မှု အခြေအနေများကြောင့်အလုပ်ထွက်သည်။ အချို့က အလုပ်ဝန်ပိမှုကြောင့် အိမ်ထောင်ရေးကတောက်ကဆဖြစ်လာကာ အမျိုးသားက အလုပ်ထွက်ခိုင်း၍ ထွက်သည်။

အချို့မှာမူ မိမိတို့ အထက်လူကြီးနှင့် အပေါ်၊ အောက်ဆက်ဆံရေးအဆင်မပြေသဖြင့် အလုပ်ထွက်ကြသည်။

"နောက်တစ်ခုက ဆရာဝန်အချိုးအစားမညီမျှမှုပေါ့။ ဥပမာ ပိုနေတဲ့နေရာတွေရှိတယ်။ မြို့ကြီးတွေမှာ တချို့နေရာတွေမှာ အလုပ်အရမ်းကြီးမများတဲ့ ဥပမာပေးရင် တက္ကသိုလ်ဆေးရုံမှာ လက်ထောက်ဆရာဝန်တွေများနေတယ်။တက္ကသိုလ်ဆေးရုံသည် အဲဒီလောက် လူနာလည်းမရှိဘူး။ သို့သော် များနေတယ်။ မြို့နဲ့ကျေးလက်နဲ့ယှဉ်ရင် မြို့ပြတွေမှာ ဆရာဝန်များနေတယ်"ဟု ဒေါက်တာမျိုးဆက်သွေးက ဆိုသည်။

ဆမဘွဲ့ (M.B.B.S)ကျောင်းဆင်းပြီးသူများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင်အရာရှိ (လက်ထောက်ဆရာဝန်) အဖြစ် ရွေးချယ်ခံရမှသာ အစိုးရအလုပ်ဝင်ရခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှသာ ခန့်အပ်ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက တိုက်ရိုက်မခန့်အပ်နိုင်ပေ။ ထို့ကြောင့် ကျောင်းဆင်းပြီးသူအချို့ အပြင်တွင် အလုပ်ဝင်ရန် စောင့်ဆိုင်းနေရမှုများ ရှိသည်။ စောင့်ဆိုင်းချိန်ကာလကြာမြင့်သောအခါ အချို့အခြားအပြင်ပုဂ္ဂလိက ဆေးရုံ၊ အင်န်ဂျီအိုများနှင့် ချိတ်ဆက်၍ အလုပ်လုပ်ကိုင်သူများလည်းရှိလာပြီးအစိုးရအလုပ်မဝင်တော့ပေ။

နိုင်ငံတော်၏ ဆရာဝန်အင်အား ဖြည့်တင်းပေးမှုကိုကြည့်လျှင် ယခင် ၂၀၀၆ ကတည်းက နိုင်ငံတော်ပေါ်လစီမှာ ဝန်ထမ်းအင်အား၁၀၀ ရာခိုင်နှုန်းမရှိပါက ၇၅ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ရမည်။ ယင်းမူကို ၂၀၁၀ ခန့်ထိချထားခဲ့သည်။ နောက်ပိုင်းတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အဆိုပါမူအစား ၁၀၀ ရာခိုင်နှုန်းမူဆိုကာ ပြန်လည်ပြောင်းလဲခဲ့သည်။ သို့သော် အစောပိုင်းကာလများက ဝင်ခွင့်မရခဲ့သူများသည် ပုဂ္ဂလိကဆေးရုံများတွင်အလုပ်လုပ်ခွင့်ရလာခြင်းကြောင့် နေထိုင်ရေး၊ သွားလာရေး အခက်အခဲများရှိနေသေးသော အစိုးရအလုပ်ကို မဝင်တော့ပေ။

ထိုအခါ အလုပ်ဝင်သူနည်းလာပြီး အလုပ်ထွက်သူများလာသောအခါ ယခုကဲ့သို့ ဆရာဝန်မလုံလောက်မှုပြဿနာများ ဖြစ်ပေါ်လာရကြောင်း ဆရာဝန်အသိုင်းအဝိုင်းက သုံးသပ်သည်။

လက်ထောက်ဆရာဝန်တစ်ဦး၏လစာမှာ တစ်လလျှင် ၂၇၅,၀၀၀ ကျပ်ဖြစ်သည်။ တစ်ရက်လုပ်ခအနေဖြင့်၉,၀၀၀ကျော်သာဖြစ်သည်။

ထို့အပြင် အထူးကုဘာသာရပ်ဆက်လက်ဆည်းပူးရန် အစိုးရဝန်ထမ်းလုပ်သက် တစ်နှစ်ပြည့်ပါက လျှောက်ထားရသည်ဟုဆိုသော်လည်း နယ်ဆေးရုံများမှ ဆရာဝန်များသည် စာကျက်ချိန်မရှိခြင်းနှင့် အမှန်တကယ်ဘွဲ့လွန် (အထူးကုဘာသာရပ်) ဖြေဆိုရာတွင်လည်း လုပ်သက်အတွေ့အကြုံနှင့် မဆုံးဖြတ်ဘဲ အမှတ်အနည်း၊ အများအ ပေါ်ကြည့်၍ ဆုံးဖြတ်သဖြင့် ၎င်းတို့နယ်မှ ဆရာဝန်များအဖို့ ယင်းစာမေးပွဲကို မအောင်မြင်တော့သည့် အခက်အခဲများရှိကြောင်း ဒေါက်တာမင်းမင်းက ဆိုသည်။

"ကုသရေး၊ ပြည်သူ့ကျန်းမာ၊ FDA၊ သင်ကြားရေးပေါ့နော်။ အဲဒီထဲမှာမှ အလုပ်အများဆုံးက ကုသရေး။ ပြည်သူ့ကျန်းမာတို့၊ FDA တို့က သူတို့က ကလေးတောင်မှ မမွေးဖူးသေးဘဲနဲ့ OG လိုမျိုးဟာမျိုး ဝင်ဖြေတယ်။ အဲဒီတော့ အမှတ်နဲ့ ဖြတ်ချလိုက်တဲ့အချိန်မှာ ဒီကလူနာတာပေါ့နော်။ ဌက်ဖျားတိုက်ဖျက်ရေးဗဟိုပေါ့နော်။ အဲဒီကနေ ဖြေလိုက်တယ်၊ ခွဲစိတ်။ သူအောင်သွားတယ်။ သူ့မှာ ခွဲစိတ်အတွေ့အကြုံ ဘာတစ်ခုမှ မရှိဘူး။ ဒီကုသရေးက လူက ပြည်သူ့ကျန်းမာလိုင်းထဲ ဝင်ဖြေတာက သဘောသဘာဝကျသေးတယ်။ ကုသရေးဆရာဝန်ဆိုပေမယ့် သူ့မှာ လက်ထောက်ဆေးရုံအုပ်ဆိုတဲ့အတွေ့အကြုံကရှိထားဖူးတယ်လေ။ ဒီဘက်ခြမ်းက လူ ဒီကိုဝင်တိုးတော့ Fair မဖြစ်ဘူးပေါ့နော်"ဟု ဒေါက်တာမင်းမင်းက ဆိုသည်။

မွန်ပြည်နယ် လက်နက်ကိုင်အဖွဲ့ရှိသည့် အညိုရောင်နယ်မြေအတွင်းရှိ တိုက်နယ်ဆေးရုံတစ်ခုတွင် တာဝန်ကျနေသော လက်ထောက်ဆရာဝန် ဒေါက်တာချစ်ချစ်မြင့်သည် လုံခြုံရေး၊ ဘာသာစကား စသောအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုသည်။

၎င်းဇာတိက ရန်ကုန်ဖြစ်သည်။ တာဝန်ကျရာဆေးရုံတွင် လက်ထောက်ဆရာဝန်ဟူ၍ ၎င်းတစ်ဦးသာရှိပြီး မငြိမ်းချမ်းရာဒေသတွင် အမျိုးသမီးဆရာဝန်တစ်ဦးအဖို့ လုံခြုံရေးကို အမြဲစိုးရိမ်ပူပန်နေရကြောင်း ဒေါက်တာချစ်ချစ်မြင့်က ဆိုသည်။

"စရောက်ကတည်းက တာဝန်ရှိသူတွေက လုံခြုံရေးကို တာဝန်မယူပေးဘူးဆိုပြီး ကိုယ့်လုံခြုံရေးကိုယ့်ဘာသာတာဝန်ယူဆိုပြီး ပြောထားတယ်။ အဲဒီတော့ ရပ်မိရပ်ဖတွေနဲ့ တည့်အောင်ပေါင်းထားရတယ်။ ညမှာ လက်နက်ကိုင်တွေ ဝင်လာပြီဆို သူတို့က သတိပေးရင် ကိုယ့်မှာမီးကို မှိတ်ပြီးနေရတယ်။ဘာသာစကားကလည်း ဒီကလူနာတွေက မွန်လိုပြောတော့ နားမလည်ဘူး အဲဒီလိုအခက်အခဲတွေရှိတယ်။ အမှန်တော့ တိုင်းရင်းသားဆရာဝန်တွေကိုပဲ ဒေသတွေကို ပြန်ချပေးသင့်တာ"ဟု ၎င်းက ဆိုသည်။

၎င်းသည်လည်း အထက်တွင်ဖော်ပြခဲ့သည့် ဒေါက်တာမင်းမင်းကဲ့သို့ပင် အစိုးရအလုပ်ကိုဝင်သည့် ရည်ရွယ်ချက်မှာ ခွဲစိတ်ဆရာဝန်ဖြစ်ဖို့ အတွေ့အကြုံယူပြီး ဘွဲ့လွန်ဖြေရန်ဖြစ်သည်။ ၎င်းကိုလည်း ဌာနက ပို့စဉ်အခါက ဝေးလံခေါင်ဖျားဒေသတွင် တစ်နှစ်အတွေ့အကြုံယူကာပြီးလျှင် မိမိကြိုက်သည့် တိုင်းဒေသကြီး၊ပြည်နယ်များသို့ပြောင်းခွင့်ပေးမည်ဟူ၍ ဖြစ်သည်။

သို့ရာတွင် တစ်နှစ်ကျော်ကြာလာချိန်ထိ ပြောင်းရွှေ့ခွင့်မရသောအခါ ဆက်လက်တာဝန်ထမ်းမဆောင်ချင်လောက်အောင်စိတ်ဓာတ်ကျလာကြောင်း ၎င်းက ဆိုသည်။

"ဝေးလံတဲ့ ဒေသတွေကို တစ်နှစ်ဝင်ပြီးရင် ကိုယ်ကြိုက်တဲ့တိုင်းကို ပြောင်းခွင့်ပေးမယ်ဆိုတဲ့ကတိကို တည်စေချင်ပါတယ်။ သိစေချင်တာက လုံးဝလုံခြုံရေးက ကိုယ့်အစီအစဉ်နဲ့ကိုယ်ပါ။ ဝေးလံတဲ့ဒေသရောက်လို့ တစ်နှစ်ပြည့်ပြီးရင် ပြောင်းဖို့လွယ်တယ်မထင်ပါနဲ့။ နောက်လာမယ့်လူမရှိရင် နေရောပဲ"ဟု ဒေါက်တာချစ်ချစ်မြင့်က ဆိုသည်။

မြန်မာနိုင်ငံတွင်၁၆ခုတင်ဆံ့ဆေးရုံကစတင်၍ တိုင်းအဆင့်၊ ဗဟိုအဆင့်ဆေးရုံကြီး စုစုပေါင်း ၁,၁၄၄ ရုံရှိသည်။ တိုက်နယ်ဆေးရုံပေါင်း ၇၄၅ ရုံရှိသည့်အနက် ဆရာဝန်မရှိသည့် တိုက်နယ်ဆေးရုံ ၂၅၀ ခန့်ရှိနေကြောင်း ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ဒေသရှိ တိုက်နယ်ဆေးရုံများတွင် ဆရာဝန်လိုအပ်မှုကို ဖြည့်ဆည်းပေးရန် တင်ပြတောင်းဆိုခြင်းအပေါ် ဝန်ကြီးက ထိုသို့ ပြောကြားခြင်းဖြစ်သည်။ လာမည့်နှစ်တွင် အများကြီးခေါ်ဆိုမည်ဖြစ်ပြီး လစ်လပ်နေသော ဆရာဝန်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

လွှတ်တော်တွင်း ကျန်းမာရေးနှင့် ပတ်သက်ပြီး မေးခွန်းများမေးမြန်းရာတွင်လည်း လစ်လပ်ဆရာဝန်များ ခန့်ထားပေးရေးကိစ္စ၊ ခန့်ထားပေးသည့်ဆရာဝန်များ မလာရောက်သည့်ကိစ္စ၊ လာရောက်သော်လည်း ခဏသာလာပြီး ဘွဲ့လွန်တက်ရောက်နေသည့်ကိစ္စများ ကြားသိနေရပြီး အထူးသဖြင့် လမ်းပမ်းဆက်သွယ်ရေးခက်ခဲသော တိုင်းရင်းသားဒေသများတွင် ဆရာဝန်အင်အားနည်းပါးပြီး နိုင်ငံတော်အစိုးရက ခန့်ထားပေးသော်လည်း အချို့ဆရာဝန်များ တာဝန်ထမ်းဆောင်ခြင်းမရှိသည်ကို တွေ့ရကြောင်း ရေဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးက ဆွေးနွေးသည်။

ဖေဖော်ဝါရီ ၅ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း ခရီးစဉ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဝေးလံခေါင်သီသောနေရာများ၌ အလုပ်လုပ်ခြင်းကို ဝန်ထမ်းများ မကြောက်ရွံ့ရန် ဆရာဝန်များကို မေတ္တာရပ်ခံထားသည်။

တာချီလိတ်မြို့မှ ဒေသခံတစ်ဦးက ၎င်းတို့မြို့တွင် လက်ထောက်ဆရာဝန်များ ဖြည့်ဆည်းပေးရန် တောင်းဆိုစဉ် ယင်းသို့ ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ဆရာဝန်များသည် တစ်လကို ၈၀၀ ကျပ်နဲ့ ကျောင်းတက်နေ တာဖြစ်ပါတယ်။ မည်သည့်နိုင်ငံကမှ တစ်ဒေါ်လာအောက်နဲ့ တစ်လ၊ တစ်လကိုတစ်ဒေါ်လာအောက်ပေးပြီးတော့ ဆရာဝန်ဖြစ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဖြစ်နိုင်လို့ရှိရင် ဆရာဝန်များအနေနဲ့ ၂ နှစ် (သို့မဟုတ်)သုံးနှစ်အနည်းဆုံးဝင်စေချင်ပါတယ်"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဩဂုတ် ၉ ရက်တွင် တိုက်တွန်းထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ် (မကွေး)နှင့် ဆေးတက္ကသိုလ် (တောင်ကြီး)၊ တပ်မတော်ဆေးတက္ကသိုလ်ဟူ၍ စုစုပေါင်း ခြောက်ခုဖွင့်လှစ်ထားသည်။ ထိုတက္ကသိုလ်များက တစ်နှစ်လျှင် M.B.B.S ဘွဲ့ရအများဆုံး ၂,၀၀၀ ခန့် မွေးထုတ်ပေးနေသည်။

သို့သော် အစိုးရဆေးတက္ကသိုလ်ငါးခုက သင်တန်းသားသစ်ခေါ်ယူမှုကို နှစ်စဉ်လျှော့ချနေသည်။ ၂၀၁၁ အထိ ဆေးတက္ကသိုလ်များတွင် သင်တန်းသားသစ် ၂,၄၀၀ အထိ လက်ခံခဲ့သော်လည်း ၂၀၁၂ တွင် သင်တန်းသား သစ်ခေါ်ယူမှုကို ထက်ဝက်လျှော့ချခဲ့သည်။ ၂၀၁၆ တွင် ပထမနှစ် သင်တန်းသားဦးရေ ၁,၆၀၀၊ ၂၀၁၇ တွင် ၁,၃၀၀ အထိတိုးမြှင့်လက်ခံခဲ့သော်လည်း ယခု ၂၀၁၈–၁၉ ပညာသင်နှစ်တွင် သင်တန်းသား ၁,၂၀၀ သာ သတ်မှတ်လက်ခံခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထက် ဆရာဝန်အင်အားနည်းပါးနေပြီး လူဦးရေတစ်သောင်းလျှင် ပျမ်းမျှဆရာဝန်ခြောက်ဦးနှုန်းသာရှိကြောင်းတွက်ချက်ထားသည်။ ထို့ကြောင့် မြန်မာ့လူဦးရေသန်း ၅၀ ကျော်တွင် ဆရာဝန်ဦးရေမှာ အချိုးချကြည့်ပါက သုံးသိန်းနှစ်သောင်းကျော်သာရှိသေးသည်။

ဗီယက်နမ်နိုင်ငံတွင် လူဦးရေတစ်သောင်းလျှင် ဆရာဝန် ၁၁ ဦးနှုန်း၊ စင်ကာပူနိုင်ငံတွင် လူဦးရေတစ်သောင်းလျှင် ၁၉ ဦးနှုန်း၊ ဂျပန်နိုင်ငံတွင် ၂၃ ဦးနှုန်းနှင့် မြန်မာနိုင်ငံတွင် လူဦးရေတစ်သောင်းလျှင် ၆ ဒသမ ၁ ဦးနှုန်းသာရှိသည်ဟု ဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လူဦးရေနှင့် ဆရာဝန်ဦးရေ အချိုးချသတ်မှတ်ထားချက်အရ ဒေသတွင်းနိုင်ငံများထဲတွင် အခြားနိုင်ငံများထက် မြန်မာနိုင်ငံသည် ဆရာဝန်ဦးရေ မွေးထုတ်မှုနည်းနေသေးသည်။

ထို့အပြင် ဆေးဝါးကုသပေးနေသည့် ဆရာဝန်ဦးရေ သုံးသောင်းကျော်အနက် သုံးပုံတစ်ပုံသာ အစိုးရဆေးရုံများ၌ တာဝန်ထမ်းဆောင်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)အစီရင်ခံစာတွင် ဖော်ပြသည်။

"မြန်မာမှာ ဆမအရေအတွက်က အကြမ်းဖျင်းအားဖြင့်ဆိုလေးသိန်းကျော်နေပြီ။ ဒါပေမဲ့ သေတဲ့သူကလည်း ရှိတာကိုး။ နိုင်ငံခြားထွက်တဲ့လူလည်းရှိတယ်ဆိုတော့ လူဦးရေ ၅၄ သန်းနဲ့ တွက်ရင် အရမ်းနည်းသေးတယ်။ အကြမ်းဖျင်းနှစ်သိန်းခွဲနဲ့ သုံးသိန်းကြား အဲဒီလောက်ပဲရှိတယ်"ဟု ဒေါက်တာမြင့်ဦးက ဆိုသည်။

များသောအားဖြင့် ပြည်တွင်းမှ ဆရာဝန်များသည် ဗြိတိန်၊ အမေရိကနှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး ပြန်မလာတော့၍ တိုင်းပြည်အတွက် လူ့စွမ်းအားဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်း ဆရာဝန်များက သုံးသပ်သည်။

စာမျက်နှာ ၂၀ »

www.free4readers.com

The Brief 7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



ဗိုလ်မှူးကြီးဗထူးကျောက်တိုင်ကို နေရာပြောင်းရန် ဖြိုဖျက်နေစဉ်　ဓာတ်ပုံ – Cham Nyein Ko

## အောင်ပန်းမြို့ရှိ ဗိုလ်မှူးကြီးဗထူးကျောက်တိုင်ကို နေရာပြောင်းရွှေ့

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ ပြည်ထောင်စုလမ်း ရပ်ကွက်(၁)ရှိ ဗိုလ်မှူးကြီးဗထူးကျောက်တိုင်ကို ဗထူးပန်းခြံအတွင်းသို့ မတ်လ ၂၈ ရက်တွင် စတင်ပြောင်းရွှေ့ခဲ့သည်။ဗိုလ်မှူးကြီးဗထူးကျောက်တိုင်ရှိနေသည့် အောင်ပန်းမြို့ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်၌ ယခင်နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် AC ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေ၍ လမ်းနှင့်မလွတ်သဖြင့် ပြောင်းရွှေ့စိုက်ထူရန် စီစဉ်ခြင်းဖြစ်ကြောင်း မဲဆန္ဒနယ်မြေအမှတ်(၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်က ဆိုသည်။ တိုးချဲ့ဖောက်လုပ်သည့်လမ်းဧရိယာနှင့်မလွတ်၍ ဗိုလ်မှူးကြီးဗထူး အမှတ်တရကျောက်တိုင်နှင့် ၂၀၁၃ မြို့တည်နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ်တည်ဆောက်ထားသည့်နာရီစင်ကိုဖြိုချပြောင်းရွှေ့ကာ အသစ်တည်ဆောက်ရန်စီစဉ်ခြင်းဖြစ်သည်ဟု ကလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။ ဗိုလ်မှူးကြီးဗထူးကျောက်တိုင်ကို ၁၉၄၅ ကတည်ဆောက်ခဲ့ပြီး သုံးမျက်နှာကျောက်တိုင်ပုံဖြစ်သည်။ ကျောက်တိုင်ပြောင်းရွှေ့ရန် လုပ်ငန်းမလုပ်ဆောင်မီ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများနှင့် ရှေ့မီ၊နောက်မီအားလုံးကို အစည်းအဝေးဖိတ်ခေါ်တိုင်ပင်ခဲ့ကြောင်း ဦးသန်းထိုက်က ဆိုသည်။

## မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို သတ်မှတ်ရက်အတိုင်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ဆုံးဖြတ်

တိုက်ပွဲများဖြစ်ပွားနေသော်လည်းမြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို သတ်မှတ်ရက်အတိုင်း ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များက ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် စာရင်းကောက်ယူနေသည့် လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့အပါအဝင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ တက်ရောက်သည့် မြောက်ဦးဒေသကမ္ဘာ့အမွေအနှစ်တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့တွင် မတ်လ ၂၈ ရက်ကစ၍ နှစ်ရက်ကြာကျင်းပပြီး ယင်းကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မြောက်ဦး)ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။

## တရုတ်ငွေပေးချေမှုစနစ် WeChat Pay ကို မန္တလေးတွင် စတင်အသုံးပြုခွင့်ပေး

တရုတ်အီလက်ထရွန်နစ် ငွေပေးချေစနစ် WeChat Pay ကို ပြည်တွင်း၌ အသုံးပြုရန် မန္တလေးလေဆိပ်ရှိ ဆိုင် ၁၄ ဆိုင်တွင် သုံးလစမ်းသပ်ခွင့်ပြုကြောင်း ဗဟိုဘဏ်က မတ်လ ၂၉ ရက်၌ ထုတ်ပြန်ကြေညာသည်။ အဆိုပါ ငွေပေးချေမှုစနစ်သည် သတ်မှတ်ကာလနှင့် သတ်မှတ်ဧရိယာအတွင်း၌သာဖြစ်ပြီး ငွေကြေးစီးဆင်းမှုပုံစံကို အပတ်စဉ်ဗဟိုဘဏ်သို့အစီရင်ခံစာတင်ရမည်ဟု ဗဟိုဘဏ်ညွှန်ကြားရေးမှူးချုပ်ဒေါ်မြင့်မြင့်ကြည်ကပြောသည်။ WeChat Pay ကို ပြည်တွင်းရှိ Paypb ကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါကုမ္ပဏီသည် WeChat Pay မှပေးချေသည့်ငွေများကို တရုတ်ဘဏ်မှတစ်ဆင့် ပြည်တွင်းရှိ ကမ္ဘောဇဘဏ်သို့ ဘဏ်လမ်းကြောင်းပေးသွင်းမှုဆောင်ရွက်ရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်မှတစ်ဆင့် ပြည်တွင်းရှိ လုပ်ငန်းရှင်များထံ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်သည်။



ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စစ်ကြောင်းများကို စစ်ဆေးနေစဉ်　ဓာတ်ပုံ – ဟိန်းထက် / အီးပီအေ

## တပ်မတော်နေ့အခမ်းအနားသို့ တပ်ချုပ်ကိုယ်စား ဒုတပ်ချုပ်တက်ရောက်

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မတ်လ ၂၇ ရက်က ကျင်းပသော (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကျန်းမာရေးအခြေအနေကြောင့် တက်ရောက်ခြင်းမရှိဘဲ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကိုယ်စားတက်ရောက်ခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မတ်လ ၂၆ ရက် ညနေရုံးဆင်းချိန်တွင် ခြေချော်လဲသည့်ဒဏ်ကြောင့် ခြေထောက်နာနေသဖြင့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ မတက်ရောက်နိုင်ခြင်းဖြစ်ကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းကဆိုသည်။ ဒူးခေါင်းဒဏ်ရာသည် ဆိုးဆိုးရွားရွားမရှိဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောသည်။ တပ်မတော်နေ့ မကျင်းပမီတစ်ရက် မတ်လ ၂၆ ရက်နံနက်တွင် ဗိုလ်ချုပ်မှူးကြီးမင်း အောင်လှိုင်သည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သုရဲကောင်းဗိမာန်၌ကျင်းပသော အောင်ဆန်းသူရိယဘွဲ့ရရှိသူခြောက်ဦး၏ရုပ်တု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## အသက် (၆၄) နှစ်အရွယ် ကြက်တောင်ရိုက် ပြိုင်ပွဲဝင်တစ်ဦး ရုတ်တရက်သေဆုံး

ရန်ကုန်မြို့တွင် ကျင်းပသည့် ကလပ်အသင်းပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲ၌ အသက် (၆၄) နှစ်အရွယ်အမျိုးသားကစားသမားတစ်ဦးသည် ပြိုင်ပွဲခေတ္တရပ်နားချိန် ရေသောက်ပြီးနောက် လဲကျကာ ဆေးရုံသို့ပို့ဆောင်သော်လည်း သေဆုံးခဲ့သည်။ မန္တလေးမြို့ခံ NNT ကြက်တောင်ကလပ်မှ ကစားသမားတစ်ဦးသည် မတ်လ ၂၇ ရက်က သက်ကြီးတန်းနှစ်ယောက်တွဲ(နှစ်ယောက်ပေါင်း ၁၁၀ နှစ်အထက်ပြိုင်ပွဲ) ယှဉ်ပြိုင်နေစဉ် ပထမပွဲပြီးနောက် ယင်းသို့ဖြစ်ပွားခြင်းဖြစ်သည်။

## NSCN-K ထိပ်ပိုင်းခေါင်းဆောင်ငါးဦးကို မတရားအသင်းအက်ဥပဒေဖြင့် အမှုဖွင့်

နာဂလက်နက်ကိုင်အဖွဲ့ (NSCN–K) ၏ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီဥက္ကဋ္ဌ ဦးအန်ကန့်အပါအဝင် အဖွဲ့ထိပ်ပိုင်းခေါင်းဆောင်ငါးဦးကို တပ်မတော်က မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁) ဖြင့် ခန္တီးရဲစခန်း၌ အမှုဖွင့်ထားကြောင်း ခန္တီးခရိုင်ရဲတပ်ဖွဲ့မှ ရဲအရာရှိကအတည်ပြုသည်။ မတ်လ ၉ ရက်ကတည်းက ခန္တီးအခြေစိုက် ခလရ (၅၂)တပ်နယ်ရိပ်သာသို့ ခေါ်ဆောင်ထိန်းသိမ်းထားသည့် NSCN–K ခေါင်းဆောင်များ အနက် ဦးအန်ကန့်၊ ဦးကျော်ဝမ်းစိန်၊ ဦးအုန်းမိုင်၊ ဦးစောထင်၊ ဦးအောင်ဆိုင်းတို့ငါးဦးကို မတ်လ ၂၆ ရက်တွင် ခန္တီးရဲစခန်း၌ အမှုဖွင့်ကာ မတ်လ ၂၈ ရက်တွင် ပထမဆုံးတရားရုံးထုတ်ခဲ့ကြောင်း NSCN–K နှင့် နီးစပ်သူတစ်ဦးကပြောသည်။ NSCN–K အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် နှစ်ဖက်သဘောတူညီချက်များကို ချိုးဖောက်ပြီး အိန္ဒိယနိုင်ငံဘက်မှ သောင်းကျန်းသူအဖွဲ့အစည်းများကို လက်ခံထားခြင်းကြောင့် NSCN–K ခေါင်းဆောင်များအား မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)ဖြင့် အမှုဖွင့်ခြင်းဖြစ်ကြောင်း တပ်မတော်တာဝန်ရှိသူများက ပြောဆိုထားသည်။ NSCN–K ခန္တီးဆက်ဆံရေးရုံး တာဝန်ခံဗိုလ်ကြီးဂျူလိုင်ထောင်းကမူ ၎င်းတို့အနေဖြင့် ၂၀၁၂ က အစိုးရနှင့် ချုပ်ဆိုခဲ့သည့် အပစ်ရပ်စဲရေးစာချုပ်ကို ချိုးဖောက်ခြင်းမရှိကြောင်း ပြောကြားပြီး ဖမ်းဆီးထိန်းသိမ်းထားသည့် ခေါင်းဆောင်များအား ပြန်လွှတ်ပေးရန် မေတ္တာရပ်ခံသည်။

## စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်ကျပါက အခြေခံဈေးဖြင့် ဝယ်ယူပေးရန် MRF မေတ္တာရပ်ခံ

ပြည်တွင်း စပါးဈေးကျပ်ငါးသိန်းအောက်ကျဆင်းပါက အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် ဆက်လက်ဝယ်ယူရန် မေတ္တာရပ်ခံကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)က မတ်လ ၂၆ ရက်တွင်သတင်းထုတ်ပြန်သည်။ ၂၀၁၈ မတ်လ ၆ ရက်က အခြေခံရည်ညွှန်းစပါးဈေး ဆန်ကြမ်းစပါးအမျိုးအစား တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသတ်မှတ်ခဲ့သည်။ အဆိုပါ ရည်ညွှန်းစပါးဈေး၏ သက်တမ်းတစ်နှစ်ဖြစ်ပြီး ၂၀၁၉ မတ်လတွင် အသစ်ပြန်လည်သတ်မှတ်ရမည်ဖြစ်သည်။ သို့သော် သတင်းထုတ်ပြန်သည့်နေ့အထိ ရည်ညွှန်းစပါးဈေး မသတ်မှတ်နိုင်သဖြင့် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသတ်မှတ်သည့် နှုန်းထားဖြင့်သာ ဆက်လက်ဝယ်ယူပေးရန် MRF က သတင်းထုတ်ပြန်ခြင်းဖြစ်သည်။ MRF အသင်းဝင် ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် ၂၀၁၉ အခြေခံရည်ညွှန်းစပါးဈေး ထပ်မံမကြေညာမီအထိ လက်ရှိဈေးနှုန်းက အကျုံးဝင်နေသည်ဟု ဆိုထားသည်။

စာမျက်နှာ ၁၂ သို့

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 · APRIL 3 , 2019

စာမျက်နှာ ၁၀ မှ

## အမျိုးသမီးတစ်ဦး ကလေးနှင့်အတူ မော်တော်ပေါ်မှခုန်ချ သေကြောင်းကြံစည်မှုကို အချိန်မီကယ်တင်နိုင်

မင်းကွန်းမှ မန္တလေးသို့သွားသော လမင်းသာမော်တော်တွင် လိုက်ပါလာသည့် အမျိုးသမီးတစ်ဦးသည် ကလေးနှင့်အတူ ခုန်ချသေကြောင်း ကြံစည်မှု မတ်လ ၃၀ ရက်ကဖြစ်ပွားခဲ့သည်။ ယင်းနေ့ညနေ ၃ နာရီကျော်က ယင်းမော်တော်သည် မန္တလေး ကျွဲစွန်းဆိပ်အနီးအရောက် အသက်(၃၀)ခန့်အရွယ်အမျိုးသမီးက (၁၀)နှစ်အရွယ်ယောက်ျားလေးတစ်ဦးနှင့်အတူ ရေထဲသို့ခုန်ချသေကြောင်းကြံခဲ့သည်။ မော်တော်ပေါ်မှခုန်ချသည့်အမျိုးသမီးနှင့် ကလေးကို မော်တော်မောင်းသူနှင့် ခရီးသည်များကကယ်တင်၍ အသက်အန္တရာယ်မရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။



သမ္မတဦးဝင်းမြင့် ရန်ကုန်မြို့ပတ်ရထားလမ်းကို လေ့လာနေစဉ်

ဓာတ်ပုံ – Yankin Maung

## သမ္မတဦးဝင်းမြင့် ရန်ကုန်မြို့ပတ်ရထားလမ်းကို သီးသန့်ရထားဖြင့် ကွင်းဆင်းလေ့လာ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မတ်လ ၃၀ ရက်တွင် အင်းစိန်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားစီးနင်း၍ မြန်မာ့မီးရထား၏ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်ကို ကွင်းဆင်းလေ့လာခဲ့သည်။ ရန်ကုန်မြို့ပတ်ရထားလမ်းကို မြန်မာ့မီးရထားသက်တမ်းတစ်လျှောက် အကြီးစား အဆင့်မြှင့်တင်ခြင်းကို ပထမအကြိမ်ဆောင်ရွက်နေပြီး သမ္မတဦးဝင်းမြင့်က အင်းစိန်မှ ရန်ကုန်ဘူတာကြီးအထိ လမ်းပိုင်းကို သီးသန့်ရထားစီးနင်းကာ ပထမဆုံးလေ့လာကြည့်ရှုခဲ့သည်။ ရန်ကုန်စည်ပင်ရွေးကောက်ပွဲဆန္ဒမဲပေးရန် နေပြည်တော်မှ ရောက်ရှိလာသည့် သမ္မတဦးဝင်းမြင့်သည် မတ်လ ၃၀ ရက်တွင် သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် အင်းစိန်မြို့နယ် မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့သည်။ မတ်လ ၃၁ ရက် နံနက်တွင် သမ္မတဦးဝင်းမြင့်နှင့် မိသားစုသည် တာမွေမြို့နယ်၌ ရန်ကုန်မြို့စည်ပင်ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခဲ့သည်။

## ဘေးမဲ့လွှတ်ထားသော အောက်ချင်းငှက်ကို သတ်ဖြတ်သူ အမှုဖွင့်ခံရ

ငဖဲမြို့နယ် ဂုတ်ကြီးရွာအနီးတွင် ဘေးမဲ့လွှတ်ထားသည့် အောက်ချင်းငှက်သတ်ဖြတ်သူကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁(က)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ အဆိုပါအောက်ချင်းငှက်ကို ငဖဲမြို့နယ်ရှိ နတ်ရေကန်တောင်ဒေသအတွင်း ဘေးမဲ့လွှတ်ထားသော်လည်း ဂုတ်ကြီးရွာအနီးတွင်သာ နေထိုင်ကျက်စားကြောင်း ဒေသခံများကဆိုသည်။ မတ်လ ၂၈ ရက် ညပိုင်းတွင် ရွာအနီးဖြတ်သန်းသွားသည့်ကုန်တင်ကားပေါ်မှ အမျိုးသားတစ်ဦးက ယင်းအောက်ချင်းငှက်ကို သတ်ဖြတ်ဖမ်းဆီးသဖြင့်ဒေသခံများက လိုက်လံဖမ်းဆီးရာ မြေလတ်ရွာအနီး၌ ယင်းကုန်တင်ကားကို ဖမ်းဆီးရမိသည်။ အောက်ချင်းငှက်/ အောင်လောင်ငှက်များသည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ဖြစ်၍ ဖမ်းဆီးသတ်ဖြတ်သူကို အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အမြန်လမ်း ယာဉ်ကြံ့ခိုင်မှု စိစစ်ရေးစီမံချက် ဧပြီ ၈ ရက်စတင်မည်

ရန်ကုန်–မန္တလေးအမြန်လမ်းတွင် ကြံ့ခိုင်မှုနည်းသည့် ယာဉ်များကို ဧပြီ ၈ ရက်ကစ၍ စောင့်ကြပ်စိစစ်ကာ ဖြတ်သန်းမောင်းနှင်ခွင့် တားမြစ်မည်ဖြစ်သည်။ အမြန်လမ်းတွင် ယာဉ်မတော်တဆမှု လျော့နည်းစေရေး ဖြတ်သန်းမောင်းနှင်မည့် မော်တော်ယာဉ်များစိစစ်ရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီအစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး(ဦးစီး) မျိုးလင်းသန့်ကပြောသည်။ အမြန်လမ်းသို့ ဖြတ်သန်းမောင်းနှင်မည့်ယာဉ်များကို တိုးဂိတ်များတွင် ဌာနစုံပါဝင်သည့်အဖွဲ့များက စောင့်ကြည့်စစ်ဆေးမည်ဖြစ်သည်။

## ဘီလျံနာများ ခရီးလည်ပတ်ရန် စိတ်ဝင်စားဆုံး နိုင်ငံများစာရင်းတွင် မြန်မာပါဝင်

Business Insider ဝက်ဘ်ဆိုက်က ကမ္ဘာပေါ်တွင်အချမ်းသာဆုံး ဘီလျံနာသူဌေးကြီးများကြား ခရီးသွားလည်ပတ်ရန် ရေပန်းစားသည့် နိုင်ငံများစာရင်းကို စုစည်းဖော်ပြရာ မြန်မာနိုင်ငံပါဝင်သည်။ Business Insider က တန်ဖိုးကြီးခရီးသွားဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် Original Travel နှင့် ပူးပေါင်းပြီး ၂၀၁၉ အတွက် ဘီလျံနာသူဌေးကြီးများ၏ စိတ်အာရုံကို အဖမ်းစားနိုင်ဆုံး ခရီးစဉ်ဖြစ်နိုင်သည့် ၁၅ နိုင်ငံကို စိစစ်ရွေးချယ်ဖော်ပြသည်။ ထိုစာရင်း၌ ပြင်သစ်၊ ဗြိတိန်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသော နိုင်ငံများ၊ အာဖရိကတိုက်မှ ရှုခင်းလှပသောနိုင်ငံများနှင့် အရှေ့တောင်အာရှ၊ တောင်အာရှဒေသမှ အိန္ဒိယ၊ ဘူတန်နှင့် မြန်မာနိုင်ငံတို့ပါဝင်သည်။

## ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ထောက်ခံကြောင်း ရှေ့နေများဆန္ဒထုတ်ဖော်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးထောက်ခံကြောင်း ရှေ့နေများစုပေါင်း၍ မတ်လ ၃၀ ရက်တွင် ရန်ကုန်မြို့လယ်၌ ဆန္ဒထုတ်ဖော်ခဲ့သည်။ မြန်မာနိုင်ငံရှေ့နေများအဖွဲ့အစည်းအသီးသီးမှ တရားလွှတ်တော်ရှေ့နေ ၅၀ ကျော်က မဟာဗန္ဓုလပန်းခြံရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့သည်။ အဆိုပါဆန္ဒ ထုတ်ဖော်မှုသည် မြန်မာနိုင်ငံရှိရှေ့နေအားလုံးက ပြည်သူများ၏ဆန္ဒနှင့်အညီထောက်ခံခြင်းဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးအောင်စိုးဦးကပြောသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ထောက်ခံအားပေးသည့် ဆန္ဒပြပွဲများနှင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအပြီး ဖျက်သိမ်းရေးဆန္ဒပြတောင်းဆိုမှု နေရာအနှံ့အပြားတွင် ပြည်သူများက ဆန္ဒပြတောင်းဆိုနေကာ ရန်ကုန်မြို့လယ်တွင် လေးကြိမ်တိုင်ပြုလုပ်ခဲ့သည်။

## တာချီလိတ်ရှိရွှေဆိုင်တစ်ဆိုင်ကို သေနတ်ကိုင်ဓားပြတိုက်ပြီး ကျပ်သိန်းသုံးထောင်ဖိုးခန့် ယူဆောင်သွား

တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ နန်းနန်းဘွန်းကျောက်ရွှေဆိုင်ကို သေနတ်များကိုင်ဆောင်ထားသော လူခြောက်ဦးခန့်က ရွှေထည်ပစ္စည်းများအပါအဝင် ကျပ်သိန်း သုံးထောင်ဖိုးခန့်ယူဆောင်သွားသည့်ဓားပြတိုက်မှု မတ်လ ၂၉ ရက်က ဖြစ်ပွားခဲ့သည်။ ယင်းနေ့ နံနက် ၇ နာရီခန့်က ရွှေဆိုင်သို့ လူခြောက်ဦးခန့်က ကားတစ်စီးဖြင့်လာရောက်ခဲ့သည်။ ပစ္စတိုသေနတ်များ ကိုင်ဆောင်ထားသော လူလေးဦးက ရွှေဆိုင်ပိုင်ရှင်ဇနီးမောင်နှံနှင့် အရောင်းဝန်ထမ်းနှစ်ဦးကို ကြိုးဖြင့်တုပ်၊ သေနတ်ဖြင့်ချိန်ကာ ကျန်နှစ်ဦးက ဆိုင်အပေါ်ထပ်သို့တက်၍ ရွှေထည်များနှင့်ထိုင်းဘတ်ငွေများ ယူဆောင်သွားခဲ့သည်။ ထို့အပြင် အိုင်ဖုန်းသုံးလုံးနှင့် ဆမ်ဆောင်းဖုန်းလေးလုံး ထပ်မံယူဆောင်ခဲ့ကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

## မြောက်ဦးအပါအဝင် ရခိုင်သုံးမြို့နယ်သို့ ခရီးမသွားသင့်ကြောင်း ကန်သံရုံးထုတ်ပြန်

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးမြို့နယ်အပါအဝင် မင်းပြားမြို့နယ်နှင့် ကျောက်တော်မြို့နယ်ကို ခရီးသွားလာရန် မသင့်သောနေရာဒေသ အဆင့်(၄)သတ်မှတ်ကြောင်း ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက မတ်လ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ မြို့နယ်များသည် လက်နက်ကိုင်ပဋိပက္ခနှင့် ဒေသတွင်းမငြိမ်သက်မှုများ ဖြစ်ပွားနေသဖြင့် ခရီးသွားလာရန်မသင့်သော နေရာဒေသအဖြစ် သတ်မှတ်ကြောင်း ဆိုသည်။အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကောင်စစ်ဝန်ရေးရာဗျူရို၏ မတ်လ ၂၆ ရက် ထုတ်ပြန်ချက်တွင် ရခိုင် ပြည်နယ်ရှိ ဘူးသီးတောင်၊ ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင် မြို့နယ်တို့သည် ခရီးသွားလာရန် မသင့်သောနေရာဒေသအဆင့် (၂)၌တည်ရှိခဲ့သည်။ အမေရိကန်သံရုံး (ရန်ကုန်)၏ ထုတ်ပြန်ချက်တွင် ချင်းပြည်နယ် မတူပီမြို့နယ်နှင့် ရှမ်းပြည်နယ် သိန်းနီမြို့နယ်ကိုခရီးသွားလာရန် ပြန်လည်စဉ်းစားသင့်သည့်အဆင့်(၃)သတ်မှတ်ထားသည်။ ကောင်စစ်ဝန်ရေးရာဗျူရို၏ ထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်နှင့်ထိစပ်နေသည့် ချင်းပြည်နယ်ပလက်ဝမြို့နယ်အပါအဝင် ကချင်ပြည်နယ်ရှိ မြို့နယ်ခြောက်ခု၊ ကရင်ပြည်နယ်ရှိ မြို့နယ်တစ်ခုနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၀ ခုကို ခရီးသွားလာရန်မသင့်ကြောင်း ဖော်ပြထားသည်။

## ပုဂံတွင် ပြဇာတ်ရုံတည်ဆောက်ဖွင့်လှစ်ရန် တရုတ်ကုမ္ပဏီလာရောက်ကမ်းလှမ်း

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့တွင် ရိုးရာယဉ်ကျေးမှုအနုပညာများ တင်ဆက်ဖျော်ဖြေမည့် ပြဇာတ်ရုံတစ်ခု တည်ထောင်ဖွင့်လှစ်ရန် တရုတ်နိုင်ငံအစိုးရပိုင်ကုမ္ပဏီတစ်ခုက လာရောက်ဆွေးနွေးသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အခြေစိုက် Yunnan Culture Industry Investment Holdings ကုမ္ပဏီက ပုဂံဒေသတွင် ပြဇာတ်ရုံဖွင့်လှစ်၍ ပုဂံဒေသ၏ယဉ်ကျေးမှုတန်ဖိုး ခံ့ညားထည်ဝါကြီးမားမှုကို မြန်မာတိုင်းရင်းသားများပါဝင်သည့် အနုပညာရှင်များ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့သည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲက မတ်လ ၂၇ ရက်၌ ထုတ်ပြန်သည်။ တရုတ်အစိုးရပိုင်ကုမ္ပဏီသည် တရုတ်နိုင်ငံ၏အကြီးဆုံးသော ခရီးသွားလာရေးဆိုင်ရာကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဒေသ၌ပြဇာတ်ရုံအပါအဝင် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နေသည်မှာ ကိုးနှစ်ရှိပြီဖြစ်ပြီး အန်ကောဝပ်၏ ခံ့ညားထည်ဝါမှုကို ပြဇာတ်ရုံဖွင့်လှစ်တင်ဆက်ခြင်းဖြင့် နိုင်ငံ ၅၀ မှ ခရီးသွားဧည့်သည် နှစ်သန်းခန့်လာရောက်ကြည့်ရှုရာ အောင်မြင်မှုရရှိနေကြောင်း ထုတ်ပြန်ချက်၌ ပါရှိသည်။

# Education

7DAY NEWS JOURNAL

Vol.18, No.5 • APRIL 3 , 2019




လက်ရှိအထိ သူငယ်တန်းနှင့် မူလတန်း နှစ်တန်းတွင် သင်ရိုးသစ်ကို ပြောင်းလဲသင်ကြားပြီးဖြစ်သည်။

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# သင်ရိုးသစ် အပြောင်းအလဲနှင့် ကလေးများ၏ အနာဂတ်

■ ဆုဆက်ရည်ပိုး

**အခြေခံ**ပညာ စာသင်ကျောင်း တစ်ကျောင်းအတွင်းရှိ Grade–2(ဒုတိယတန်း) စာသင်ခန်းအတွင်း ကလေးငယ်အချို့ ဖားပုံဆွဲထားသည့် ရုပ်ပုံကားချပ်များကိုင်ကာ စက်ဝိုင်းသဏ္ဌာန် ဝိုင်းဖွဲ့ထိုင်နေသည်။ သူတို့ဝိုင်းဖွဲ့ထိုင်နေသည့်အလယ်ကွက်လပ်နေရာတွင် ကလေးနှစ်ဦးကမတ်တတ်ရပ်နေသည်။ မတ်တတ်ရပ်နေသည့် ကလေးနှစ်ဦးအနက် တစ်ဦးက သူနှင့်အတူ မတ်တတ်ရပ်နေသည့် သူငယ်ချင်းကို ပြောလိုက်သည်။

"Excuse me, I lost my frog." သူ့ဖားလေးပျောက်သွားလို့ သူငယ်ချင်းကို ဝိုင်းရှာပေးဖို့ အကူအညီတောင်းလိုက်တာပါ။

အကူအညီတောင်းခံရသည့် ကလေးက ဘေးနားတွင် ဝိုင်းဖွဲ့ထိုင်နေသည့်ကလေးတစ်ဦးလက်ထဲမှ ရုပ်ပုံကားချပ်ပါ ဖားတစ်ကောင်ပုံကိုလက်ညှိုးထိုးကာမေးလိုက်သည်။ "Is this your frog?"

ဖားလေးပျောက်သွားသည့် ကလေးက ပြန်ဖြေသည်။ "No, my frog is small."

တစ်ဖန် ဝိုင်းရှာပေးသည့် ကလေးက ထိုင်နေသည့် ကလေးတစ်ဦးလက်ထဲမှ ရုပ်ပုံကားချပ်ကို လက်ညှိုးထိုးကာ မေးပြန်သည်။ "Is this your frog?"။ ကူရှာခိုင်းသည့်ကလေးက ပြန်ဖြေသည်။ "No,my frog has brown eyes." စသည်ဖြင့် အင်္ဂလိပ်လို အပြန်အလှန် မေးလိုက်ဖြေလိုက်ဖြင့် ဖားလေးကို အတူရှာကြသည့် သင်ခန်းစာကို ကလေးနှစ်ဦး လေ့ကျင့်နေသည်။

Grade–2 (ဒုတိယတန်း) သင်ရိုးသစ် အင်္ဂလိပ်စာဘာသာရပ် Unit–2၊ Lesson–6 ပါ A lost frog သင်ခန်းစာကို ကျောင်းသားလေးများနှစ်ယောက်တစ်တွဲ လေ့ကျင့်နေကြခြင်း ဖြစ်သည်။ ထိုသင်ခန်းစာက ကျောင်းသားများ အင်္ဂလိပ်ဘာသာစကားကို နားထောင်ခြင်း (သို့မဟုတ်) ပြောဆိုခြင်းကို လေ့ကျင့်ပေးရန် ရည်ရွယ်သည်။ ဖား၏အရောင်၊ ပုံပန်းသဏ္ဌာန်ကို ဖော်ပြသည့် အင်္ဂလိပ်စကားလုံးများကြောင့်လည်း ကလေးများ၏ Vocabulary ကို ကြွယ်ဝစေသည်။ သင်ထောက်ကူအဖြစ် သုံးထားသည့် ဖားပုံလေးများကလည်း အရောင်စုံ၊ ဆိုဒ်စုံဖြင့် ကလေးများအတွက် စိတ်ဝင်စားဖွယ်ဖြစ်သည်။

"ကလေးတွေက စာသင်ရတာပျော်မှ စာကိုစိတ်ဝင်စားမှာ။ အရမ်းစိတ်ဖိစီးပြီး သင်နေရရင် ဒါကို စိတ်ဝင်စားမှာ မဟုတ်ဘူး" ဟု မူလတန်းအင်္ဂလိပ်စာသင်ရိုးရေးဆွဲရေးအဖွဲ့ဝင် ဒေါ်မေသူအောင်က ဆိုသည်။

ယခင်သင်ရိုးဟောင်း စာသင်ခန်းများတွင် ဆရာမက အင်္ဂလိပ်စကားလုံးများ၏ အဓိပ္ပာယ်ကို ကျောက်သင်ပုန်းတွင်ရေး၊ ကလေးများက စာအုပ်ထဲတွင် လိုက်ကူး၊ ဆရာမကအသံထွက်ကို ရှေ့ကတိုင်ပေး၊ ကလေးများက လိုက်ဆိုရခြင်းဖြင့် ပျင်းရိဖွယ် စာသင်ခန်းများသာ မြင်တွေ့ခဲ့ရသည်။

## ကြက်တူရွေးမဟုတ်တဲ့ သင်ရိုးသစ်

၂၀၁၆–၁၇ ပညာသင်နှစ်ကစ၍ အတန်းအချို့တွင် သင်ရိုးညွှန်းတမ်းအသစ်များ အသုံးပြုပြီးနောက် ယခင်ကဲ့သို့ ဆရာဗဟိုပြုစာသင်ခန်းများ မဟုတ်တဲ့ ကလေးများကို ဗဟိုပြုသည့်၊ ကလေးများကိုယ်တိုင် ကစားရင်း၊ လှုပ်ရှားရင်းဖြင့် ကိုယ်တိုင်ပြောဆိုသင်ယူခွင့်ရလာသည့် စာသင်ခန်းများကို အခြေခံပညာကျောင်းအချို့တွင် တွေ့မြင်လာရသည်။

မြန်မာစာဘာသာရပ်တွင်လည်း ယခင်သင်ရိုးဟောင်း၏ သင်ကြားမှုသည် 'က ကလေးငယ် ချစ်စဖွယ်' ဟူသည့်စာကြောင်းကို ကလေးများအလွတ်ရသည်အထိ အော်ဆိုနိုင်အောင်၊ တစ်လုံးမကျန်တူသည်အထိ ချရေးနိုင်အောင် သင်ကြားပေးခြင်း ဖြစ်သည်။

သင်ရိုးသစ်တွင်မူ ထိုသို့ မဟုတ်ပေ။ ကလေးတိုင်းသည် 'က' ဗျည်းကို သူ့အတွေးရှိသလောက် အသုံးချတင်ပြခွင့် ရှိသည်။ ဥပမာ– 'ကသည်'၊ 'ကစားသည်'၊ 'ကိုကိုကသားကို ကျောင်းလာကြိုသည်' စသည်ဖြင့် ကလေးများက သူတို့၏ဉာဏ်ရည်အတွေးအခေါ်ပေါ် မူတည်ကာ တင်ပြခွင့်ရှိသည်။

"သင်ရိုးသစ်ရဲ့ ရည်ရွယ်ချက်က ကြက်တူရွေးတွေထွက်လာဖို့မဟုတ်ပါဘူး" ဟု ကမာရွတ်တီတီစီမှ မူလတန်းပြဆရာမ ဒေါ်ပန်းဝတ်ရည်က ဆိုသည်။

မူလတန်းသင်ရိုးညွှန်းတမ်းအသစ်တွင် ကျောင်းသားကိုယ်တိုင် စူးစမ်းလုပ်ဆောင်ကြည့်ခြင်းမှ ရလာသည့် အဖြေပေါ်မူတည်ကာ ဆက်စပ်စဉ်းစားတွေးခေါ်ရသည့် သင်ခန်းစာများကို ထည့်သွင်းထားပြီး ကျောင်းသား ဗဟိုပြုသင်ရိုးအဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် ပညာရေးဝန်ကြီးဌာနက ပူးပေါင်းရေးဆွဲထားသည်။

နိုင်ငံတကာတွင် အခြေခံပညာရေးကို ၁၃ နှစ် သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံတွင်မူ အခြေခံပညာရေးကို သူငယ်တန်းအပါအဝင် မူလတန်း ၅ နှစ် + အလယ်တန်း ၄ နှစ် + အထက်တန်း ၂ နှစ် စနစ်ဖြင့် စုစုပေါင်း ၁၁ နှစ်သာသင်ကြားရသည်။ မြန်မာနိုင်ငံ၏ အခြေခံပညာရေးကို နိုင်ငံတကာနည်းတူ KG+12 (သူငယ်တန်း + ၁၂တန်း) ပညာသင်နှစ် ၁၃ နှစ် သင်ကြားရသည့်စနစ်သစ်ကို ပြောင်းလဲရန် ဦးသိန်းစိန်အစိုးရလက်ထက်တွင် စတင်အကောင် အထည်ဖော်ခဲ့သည်။

## သင်ရိုးသစ်အပြောင်းအလဲ

KG+12 (သူငယ်တန်း + ၁၂တန်း) စနစ်သစ်အရ ၂၀၁၆–၁၇ ပညာသင်နှစ်က စတင်ကာ သူငယ်တန်း၊ ၂၀၁၇–၁၈ ပညာသင်နှစ်၌ ပထမတန်း၊ ပြီးခဲ့သည့် ၂၀၁၈–၁၉ ပညာသင်နှစ်၌ ဒုတိယတန်းတွင် ကျောင်းသား၊ ကျောင်းသူများအား သင်ရိုးညွှန်းတမ်းအသစ်ဖြင့် စတင်သင်ကြားခဲ့သည်။ လက်ရှိအထိ သူငယ်တန်းနှင့် မူလတန်း အတန်းနှစ်တန်းတွင် သင်ရိုးသစ်ကို ပြောင်းလဲသင်ကြားပြီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာ သင်ရိုးညွှန်းတမ်းများကို ၂၀၂၂–၂၃ ပညာသင်နှစ်အပြီး တစ်နှစ်ချင်း ပြောင်းလဲရန် စီစဉ်ထားသည်။ ပြီးခဲ့သည့်ပညာသင်နှစ်အထိ တစ်နှစ်လျှင် တစ်တန်းနှုန်းသာ သင်ရိုးညွှန်းတမ်းအသစ် ပြောင်းလဲသော်လည်း လာမည့်ဇွန်လတွင် စတင်မည့် ၂၀၁၉–၂၀ ပညာသင်နှစ်၌ Grade–3 နှင့် Grade–6 အတန်းနှစ်တန်းကို သင်ရိုးပြောင်းမည်ဖြစ်သည်။ ထို့နောက် ၂၀၂၀–၂၁ ပညာသင်နှစ်တွင် Grade–4၊ Grade–7 နှင့် Grade–10 ၊ ၂၀၂၁–၂၂ ပညာသင်နှစ်တွင် Grade–5၊ Grade–8 နှင့် Grade–11၊ ၂၀၂၂–၂၃ ပညာသင်နှစ်တွင် Grade–9 နှင့် Grade–12 တို့ကို စနစ်သစ်သင်ရိုး ညွှန်းတမ်းများဖြင့် သင်ကြားမည်ဟု သတ်မှတ်ထားသည်။

လက်ရှိ ဒုတိယတန်း (Grade–2) ပြီးဆုံးထားသူများသည် လာမည့်ပညာသင်နှစ်တွင် Grade–3 သင်ရိုးသစ်ကို စတင်သင်ကြားရမည်ဖြစ်သည်။ ပြီးခဲ့သည့် ပညာသင်နှစ်အထိ သင်ရိုးညွှန်းတမ်းပြောင်းလဲမှု အစီအစဉ်အရ ၂၀၁၆–၁၇ ပညာသင်နှစ်တွင် သူငယ်တန်း စတင်တက်ရောက်သည့် ကလေးများသာ သင်ရိုးညွှန်းတမ်းအသစ်ဖြင့် တစ်နှစ်ပြီးတစ်နှစ် ထိတွေ့လာခဲ့ရသည်။ သို့သော် လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့် သင်ရိုးညွှန်းတမ်း စတင်ပြောင်းလဲမည်ဖြစ်ရာ သင်ရိုးဟောင်း မူလတန်း အဆင့်နောက်ဆုံးအတန်းဖြစ်သည့် စတုတ္ထတန်း (Grade–5) ပြီးဆုံးထားသူများသည် လာမည့်ပညာသင်နှစ်တွင် သင်ရိုးသစ် အလယ်တန်းအဆင့် ဆဋ္ဌမတန်း (Grade–6) တက်ရောက်ရမည်ဖြစ်သည်။

## အတန်းကျော်တက်ခြင်းမဟုတ်

စတုတ္ထတန်းမှ ဆဋ္ဌမတန်းသို့ ကူးပြောင်းတက်ရမည့် သဘောဖြစ်ခြင်းကြောင့် အတန်းတစ်တန်းကျော် တက်ရသည်ဟု မိဘများက အထင်မှားနေမှုများလည်းရှိသည်ဟု အခြေခံပညာဆရာ၊ ဆရာမအချို့က ပြောပြသည်။

သို့သော် သင်ရိုးသစ်ပြောင်းလဲမှုစနစ်အရ ထိုသို့အတန်းကျော်တက်ရခြင်း မဟုတ်ပေ။ စနစ်ဟောင်းတွင် အလယ်တန်းအဆင့် ပထမဆုံးအတန်းသည် ပဉ္စမတန်းဖြစ်သော်လည်း စနစ်သစ်တွင် အလယ်တန်းအဆင့် ပထမဆုံးအတန်းသည် ဆဋ္ဌမတန်းဖြစ်သည်။ ပြီးခဲ့သည့်ပညာသင်နှစ်တွင် မူလတန်းအဆင့် ပြီးဆုံးထားသူများသည် အလယ်တန်းသင်ရိုးသစ်ပြောင်းလဲခြင်းကို စတင်ကြုံတွေ့ရခြင်းကြောင့် အလယ်တန်းအဆင့် ပထမဆုံးအတန်းဖြစ်သည့် ဆဋ္ဌမတန်း တက်ရောက်ရခြင်းဖြစ်သည်။

"ရုတ်တရက်ကြည့်ရင် စတုတ္ထတန်းကနေ ဆဋ္ဌမတန်းကို ရောက်သွားတယ်။ အတန်းကျော်တက်သွားတယ်လို့ ထင်စရာရှိတယ်။ ဒါပေမဲ့ တကယ်တော့ မဟုတ်ဘူး။ ဒါ့အပြင် စနစ်သစ် Grade–6 ရဲ့ သင်ရိုးဟာ နဂိုပဉ္စမတန်းကိုပဲ အခြေခံထားတာဖြစ်တဲ့အတွက် ကွာခြားမှုသိပ်မရှိဘူး။ သို့သော်လည်း လိုအပ်မယ်လို့ ယူဆရတဲ့ သင်ခန်းစာတွေအတွက် ဖြည့်စွက်သင်ခန်းစာ (Complementary Lessons) တချို့ ထည့်ပေးထားတယ်" ဟု ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက ဆိုသည်။

ဆဋ္ဌမတန်း (Grade–6) သင်ရိုးသစ်များတွင် လက်ရှိပဉ္စမတန်း (Grade–6)သင်ရိုးဟောင်းများကို ၇၀ ရာခိုင်နှုန်းပြန်လည်ထည့်သွင်းထားပြီး ၃၀ ရာခိုင်နှုန်းသည် သင်ခန်းစာအသစ်များဖြစ်သည်ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကလည်း ပြောကြားထားသည်။

မိမိသားသမီးသည် မည်သည့်နှစ်တွင် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားရမည်ကို သိနိုင်ရန် မိဘများအနေဖြင့် နှစ်အလိုက်ပြောင်းလဲမည့် သင်ရိုးညွှန်းတမ်းများကို သိထားရန်လိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက တိုက်တွန်းသည်။

လက်ရှိ သင်ရိုးဟောင်း ပဉ္စမတန်း (Grade–6) ပြီးဆုံးထားသူများသည် ၂၀၂၂–၂၃ ပညာ

စာမျက်နှာ ၁၄ ››

7DAY NEWS JOURNAL
Vol.18, No.5 · APRIL 3 , 2019

စာမျက်နှာ ၁၃ မှ

# သင်ရိုးသစ် အပြောင်းအလဲနှင့် ကလေးများ၏ အနာဂတ်

သင်နှစ်တွင် သင်ရိုးသစ် ဒသမတန်း (Grade-10) ကို စသင်ရမည်ဖြစ်ပြီး ဧကဒသမတန်း (Grade-11)၊ ဒွါဒသမတန်း (Grade-12) ကို ဆက်တက်ရမည်ဖြစ်သည်။ လက်ရှိသင်ရိုးဟောင်းဆဋ္ဌမတန်း (Grade-7) ပြီးဆုံးထားသူများသည် ၂၀၂၁-၂၂ ပညာသင်နှစ်တွင် သင်ရိုးသစ် ဒသမတန်း (Grade-10) ကို စသင်ရမည်ဖြစ်ပြီး ဧကဒသမတန်း (Grade-11)၊ ဒွါဒသမတန်း (Grade-12) ကို ဆက်တက်ရမည်ဖြစ်သည်။ လက်ရှိ သင်ရိုးဟောင်း သတ္တမတန်း (Grade-8) ပြီးဆုံးထားသူများသည် ၂၀၂၀-၂၁ ပညာသင်နှစ်တွင် သင်ရိုးသစ် ဒသမတန်း (Grade-10) ကို စသင်ရမည်ဖြစ်ပြီး ဧကဒသမတန်း (Grade-11)၊ ဒွါဒသမတန်း (Grade-12) ကို ဆက်တက်ရမည် ဖြစ်သည်။ လက်ရှိ အဋ္ဌမတန်း (Grade-9) ပြီးဆုံးထားသူများ၊ နဝမတန်း (Grade-10) ပြီးဆုံးထားသူများသည် သင်ရိုးသစ်နှင့် ကြုံတွေ့ရမည်မဟုတ်ဘဲ ယခင်စနစ်ဟောင်းတွင်သာအကျုံးဝင်မည်ဖြစ်သည်။

အလယ်တန်း၊ အထက်တန်း သင်ရိုးသစ်ရေးဆွဲရေးနှင့် နည်းပညာ၊ သက်မွေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပညာရေးဝန်ကြီးဌာနကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ချေးငွေအမေရိကန်ဒေါ်လာ ၅၈ ဒသမ ၅ သန်းနှင့် ဥရောပသမဂ္ဂက ယူရို ၂၂ သန်း ပံ့ပိုးထားသည်။

လက်ရှိပညာရေးစနစ်သည် Rote Learning ဟုခေါ်သည့် အလွတ်ကျက်မှတ်မှုတွင် အားသာပြီး မှတ်မိခြင်းကိုသာ အလေးပေးနေခြင်းကြောင့် ၂၁ ရာစု ကျွမ်းကျင်မှုများ၊ ဗလငါးတန်ဖွံ့ဖြိုးမှုများ၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အဓိကအလေးပေးထားသည့် သင်ရိုးဝင် အကြောင်းအရာသစ်များ၊ ပိုမိုကောင်းမွန်သည့် သင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်နည်းများ ပါဝင်သည့် သင်ရိုးညွှန်းတမ်းအသစ်ကို ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်သည်ဟု ပညာရေးဝန်ကြီးဌာနက ကြေညာထားသည်။

သင်ရိုးညွှန်းတမ်း အသစ်တွင် သမားရိုးကျသင်နည်းများကဲ့သို့ ဘာသာရပ်နှင့် ဆရာကို အဓိကမထားဘဲ သင်ယူသူ ကလေးကိုသာ အဓိကထားသင်ကြားပေးသည့် ကလေးဗဟိုပြုချဉ်းကပ်နည်းများ၊ ကစားခြင်းဖြင့် သင်ယူနည်းများဖြင့် သင်ကြားပေးရန် ဆရာ၊ ဆရာမများကို လေ့ကျင့်သင်တန်းပေးထားသည်။

### သင်ရိုးညွှန်းတမ်းအတွက် အခက်အခဲ

သို့သော် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်သင်ကြားရာ၌ ဆရာနှင့် ကျောင်းသားအချိုး မညီမျှခြင်း၊ ဆရာအင်အား နည်းပါးခြင်း၊ ဆရာများ၏ သင်ကြားမှု အရည်အသွေးနှင့် စာသင်ခန်း မလုံလောက်ခြင်းတို့ ရင်ဆိုင်ကြုံတွေ့နေရသည်။

ကျောင်းသားဦးရေ ၂၀ လျှင် ဆရာတစ်ဦးနှုန်း သင်ကြားသည့် ပုံစံဖြင့် ရေးဆွဲထားသည့် သင်ရိုးသစ်ကို အချို့ကျောင်းများတွင် ကျောင်းသား ၅၀ ခန့်ကို ဆရာတစ်ဦးတည်းက သင်ကြားပေးနေရသည့် အနေအထားမျိုးရှိနေသည်။ထိုအနေအထားမျိုးကို မိဘများကိုယ်တိုင် မြင်တွေ့နေရခြင်းကလည်း သင်ရိုးသစ် စာသင်ခန်းများအပေါ် မိဘများ၏ ယုံကြည်မှု လျော့နည်းစေသည်။

ဒုတိယတန်း အင်္ဂလိပ်စာ ဘာသာရပ်ပါ A lost frog သင်ခန်းစာကို ကျောင်းသားနှစ်ယောက်တစ်တွဲ လေ့ကျင့်မည်ဆိုပါက တစ်တွဲလျှင် အနည်းဆုံး ငါးမိနစ်ခန့် ကြာမြင့်နိုင်သည်။ ကျောင်းသား ၅၀ ရှိသော စာသင်ခန်းတွင် ထိုသင်ခန်းစာကို လေ့ကျင့်ရန် မိနစ် ၂၅၀ လိုအပ်သည်။ သို့သော် ဒုတိယတန်းအတွက် စာသင်ချိန် တစ်ချိန်ကို မိနစ် ၄၀ သာ သတ်မှတ်ထားသည်။

"သင်ရိုးသစ်က ကျောင်းသား ဗဟိုပြုသင်တယ်ဆိုတာကို ကိုယ်လည်း ဆရာမတစ်ယောက်ဖြစ်နေတော့ သဘောပေါက်တယ်။ ဒါပေမဲ့ အတန်းထဲမှာ ကလေး ၅၀ လောက်ကို ဆရာမ တစ်ယောက်တည်းက သင်ရိုးအတိုင်း ပေါက်မြောက်အောင် သင်နိုင်ပါ့မလားလို့ သံသယရှိတယ်" ဟု ပထမတန်းကျောင်းသား မိဘ ရေကြောင်းပညာတက္ကသိုလ်မှ ကထိကဆရာမတစ်ဦးက ဆိုသည်။

ပညာရေးဝန်ကြီးဌာန ၂၀၁၈ စာရင်းအရ မြန်မာတစ်နိုင်ငံလုံးတွင် မူလတန်းကျောင်း ၂၆,၉၁၈ ကျောင်းရှိနေပြီး ထိုကျောင်းများအနက် ဆရာတစ်ဦးသာ ခန့်ထားနိုင်သောကျောင်း ၁,၉၂၈ ကျောင်း၊ ဆရာနှစ်ဦးသာ ခန့်ထားနိုင်သောကျောင်း ၃,၄၈၆ ကျောင်း၊ ဆရာသုံးဦးသာ ခန့်ထားနိုင်သော ကျောင်း ၅,၁၃၂ ကျောင်း၊ ဆရာလေးဦးသာ ခန့်ထားနိုင်သော ကျောင်း ၁၁,၈၂၉ ကျောင်း၊ ဆရာငါးဦး ခန့်ထားနိုင်သောကျောင်း ၂,၇၆၉ ကျောင်း၊ ဆရာခြောက်ဦးခန့်ထားနိုင်သောကျောင်း ၈၄၁ ကျောင်း၊ ဆရာခြောက်ဦးအထက် ခန့်ထားနိုင်သော ကျောင်း ၉၃၃ ကျောင်း ရှိသည်။

အချို့ကျောင်းများတွင် ဆရာအင်အား မလုံလောက်မှုကြောင့် ဆရာ၊ ဆရာမတစ်ဦးသည် နံနက်ပိုင်းတွင် သင်ရိုးသစ် (KG၊ Grade-1၊ Grade-2) အတန်းများ သင်ကြားရပြီး နေ့လယ်ပိုင်းတွင် သင်ရိုးဟောင်းအတန်းကို သင်ကြားနေရမှုများလည်း ရှိနေသည်။ ထိုအနေအထားက ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်ကို နိမ့်ကျသွားစေနိုင်ကြောင်း သုံးသပ်မှုများလည်းရှိသည်။

### လိုအပ်နေသော ဆရာအင်အား

KG+12 စနစ်သစ်အရ မူလတန်းအဆင့်တွင် အတန်းတစ်တန်း၊ အထက်တန်းအဆင့်တွင် အတန်းတစ်တန်း တိုးလာမည်ဖြစ်ရာ ဆရာလိုအပ်ချက်သည် ယခုထက် ပိုမိုမြင့်မားလာနိုင်သည်ဟု သုံးသပ်မှုများလည်း ရှိသည်။

၂၀၁၈ တွင် ပညာရေးဝန်ကြီးဌာနက ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်ဆင်း ဆရာ၊ ဆရာမ ၁၂,၅၀၀ ဦးသာ ခန့်ထားနိုင်ခဲ့ခြင်းကြောင့် အခြေခံပညာရေးစနစ်သစ်၊ ကျောင်းအဆင့်တိုးအရေအတွက်၊ ဆရာပြုန်းတီးမှုတို့ကြောင့် လိုအပ်လာမည့် ဆရာအင်အားကို ခန့်ထားနိုင်မှုသည်သင်ရိုးသစ်ပြုပြင်ပြောင်းလဲမှုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသို့ တင်သွင်းသည့် သင်ရိုးသစ်ဆိုင်ရာ တွေ့ရှိချက်နှင့် အကြံပြုချက်တွင် သုံးသပ်ထားသည်။

ပြောင်းလဲမည့် KG+12 သင်ရိုးသစ်ပေါက်မြောက်ရန် အဓိကစိန်ခေါ်မှုသည်လည်း ဆရာအတတ်ပညာ သင်တန်းဆင်း လက်မှတ်ရ ဘာသာရပ်ကျွမ်းကျင် ဆရာလိုအပ်ချက်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန ဆရာအတတ်ပညာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းက ဆိုသည်။

"သင်ရိုးသစ်ဟာ ကောင်းပါတယ်။ အဓိကက ဆရာခန့်ထားရေးမှာ သေချာစိစစ်ရွေးချယ်ပြီး သင်တန်းကို အပြည့်အဝ ပေးစေလိုပါတယ်" ဟု အခြေခံပညာအလယ်တန်းကျောင်းခွဲ (ကိုင်း)၊ မြို့သစ်မြို့မှ မူလတန်းကျောင်းအုပ် ဒေါ်သန်းစုစုလှိုင်က ၎င်း၏ အတွေ့အကြုံအရ မှတ်ချက်ပြုသည်။

လက်ရှိ ပြောင်းလဲထားပြီးဖြစ်သည့် သူငယ်တန်းမှ ဒုတိယတန်းအထိ သင်ရိုးသစ်အတန်းများအတွက် ပညာရေးဝန်ကြီးဌာနက ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ကြီးများကို သင်ပြနည်းသင်တန်းများ ပို့ချပေးသော်လည်း တစ်နှစ်လျှင်တစ်ကြိမ်၊ တစ်ကြိမ်လျှင် ဆယ်ရက်ခန့်သာ သင်တန်းပေးနိုင်ပြီး ရက်တိုသင်တန်းဖြစ်သည့်အပြင် အဆင့်ဆင့် ပြန်လည်ပို့ချရသဖြင့် သင်ရိုးသစ်ကို ဆရာ၊ ဆရာမတိုင်း ကောင်းစွာသင်ကြားပေးနိုင်ရန်၊ သဘောပေါက်နားလည်ရန် အားနည်းချက်များရှိနေသည်။ ထို့အပြင် သင်ရိုးသစ် သင်ကြားနည်း ဆရာလမ်းညွှန်များကိုလည်း ဆရာ၊ ဆရာမတိုင်းထံ အချိန်မီ မဖြန့်ဝေပေးနိုင်မှုများရှိနေသည်ဟု အခြေခံပညာဆရာ၊ ဆရာမအချို့က ဆိုသည်။

ထို့အပြင် သင်ရိုးသစ်အတန်းများအတွက်သင်ထောက်ကူပစ္စည်းပြည့်စုံမှသာ သင်ရိုးပေါက်မြောက်နိုင်မည်ဖြစ်ရာ သင်ထောက်ကူပစ္စည်းများကို စာသင်နှစ်စကတည်းက ဖြည့်ဆည်းထားပေးသင့်သည်ဟု ဆရာ၊ ဆရာမများက အကြံပြုသည်။

"A lost frog သင်ခန်းစာအတွက်ဆို ဖားပုံလေးတွေက သင်ထောက်ကူပဲ။ ဝန်ကြီးဌာနက ဒါကို မပံ့ပိုးပေးနိုင်တော့ ဆရာမက ကိုယ့်ဟာကိုယ် ဖန်တီးရတယ်။ ဒါပေမဲ့ ဒီအတွက် ကုန်ကျစရိတ်ကို ဆရာမက အမြဲမစိုက်နိုင်တာရှိတယ်။ ဒါတွေက အခြေခံလိုအပ်ချက်တွေပဲ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ မူလတန်းပြ ဆရာမတစ်ဦးကဆိုသည်။

လက်ရှိ KG (သူငယ်တန်း)၊ Grade-1 (ပထမတန်း)၊ Grade -2 (ဒုတိယတန်း) အတန်းများမှလွဲ၍ ကျန်အတန်းများတွင် သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းသည် ၁၉၇၁ က ရေးဆွဲပြီး ၁၉၈၁ တွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ KG+12 စနစ်သစ်မစမီအထိ ထိုသင်ရိုးအဟောင်းကို အကြီးစားပြင်ဆင်ခြင်းမရှိဘဲ သုံးစွဲနေသည်မှာ နှစ်ပေါင်း ၄၀ ခန့် ကြာမြင့်နေပြီဖြစ်သည်။

### စိန်ခေါ်မှုများနှင့် သင်ရိုးသစ်

နှစ်ပေါင်းများစွာ ပညာရေးစနစ်အဟောင်းနှင့်သာ အသားကျနေခဲ့သည့် ကျောင်းသားမိဘအများစုအနေဖြင့် ၎င်းတို့နှင့်စိမ်းသည့် သင်ရိုးသစ်စာသင်ခန်းများအပေါ် ယုံကြည်မှုအပြည့်အဝမရှိခြင်းသည်လည်း သင်ရိုးသစ် အောင်မြင်မှုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

"အလွတ်ကျက် စနစ်ဟောင်းက ဆယ်စုနှစ်ချီခဲ့ပြီဆိုတော့ ပြုပြင်စမှာ သင်ရိုးသစ်ကို သိပ်မကြိုက်တာတို့ ဘာတို့ရှိတာပေါ့။ တချို့မိဘတွေဆို ကျောင်းဖွင့်တာ ကြာလှပြီ။ ကလေးတွေကို ခုထိဘာစာမှ မသင်ပေးသေးဘူးတွေ ပြောလာကြတာပေါ့။ စာအလွတ်ကျက်နေမှ ပညာထင်သူမိဘတချို့ အထင်လွဲကြတဲ့သဘောပေါ့"ဟုစစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ အထက်တန်းပြဆရာ ဦးတင့်ထွန်းနိုင်က ဆိုသည်။

သင်ရိုးသစ်အပေါ် မိဘများ၏နားလည်သဘောပေါက်မှုအားနည်းခြင်းကြောင့် ကျောင်းသားမိဘများနှင့် ဆရာ၊ ဆရာမများအကြားကတောက်ကဆဖြစ်ရမှုများလည်း အခြေခံပညာ အသိုင်းအဝိုင်းတွင် ရှိနေသည်။

"စာအုပ်ထဲ စာပါမလာတော့ ကိုယ်က ကျူရှင်ခေါ်ချင်လို့ သူ့ကလေးကို ကျောင်းမှာဂရုမစိုက်ဘူး၊ ပညာပြတယ်လို့တောင် အထင်ခံရဖူးတယ်" ဟု ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့မှ မူလတန်းပြဆရာမတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်။

စာသင်ခန်းတွင်း ကစားရင်း၊ သင်ခန်းစာများလေ့ကျင့်ရင်း သင်ယူရသည့်ပညာရေးစနစ်သစ်ကို အားမရသည့် မိဘများက ယခင် သင်ရိုးဟောင်းအတိုင်း စာအလွတ်ရအောင် သင်ပေးသည့် ကျူရှင်များကို အားထားနေဆဲဖြစ်သည်။

"ကျွန်မတို့ငယ်ငယ်ကရော၊ သမီးအကြီးတုန်းကရော သူငယ်တန်းဆို က၊ ခ ရေးတတ်နေပြီ။ အခုကလေးက ပြန်လာရင် စာအုပ်ထဲ စာပါမလာဘူး။ ကျောင်းမတက်ခင် အိမ်မှာသင်ထားပေးသလောက်ပဲကလေးကသိတယ်။ ကျောင်းက မသင်ပေးတော့ ကျူရှင်ထားရတာပေါ့။ မထားရင် ကိုယ့်ကလေး ကျန်ခဲ့မှာပဲ" ဟု ဗိုလ်တထောင်မြို့နယ်မှ သူငယ်တန်း ကျောင်းသားမိခင် ဒေါ်သူဇာနိုင်က ဆိုသည်။

သင်ရိုးသစ်သည် သင်ရိုးဟောင်းကဲ့သို့ ကလေးများကို စာတတ်အောင် သင်မပေးနိုင်ဟု မိဘအများစုက ထင်မှတ်နေပြီး ကလေးများ၏ အသိဉာဏ်အတွေးအခေါ် ရင့်သန်လာခြင်းကို မမြင်ကြောင်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမက (နို့ဖာဒို) မှ မူလတန်းကျောင်းအုပ် ဦးခင်မောင်အေးက မှတ်ချက်ပြုသည်။

"အခုကလေးတွေဟာ အရင်က ကလေးတွေလောက် စာမတတ်ဘူးဆိုတာ လက်မခံပါဘူး။ အရင်တုန်းကတော့ စာချည်းပဲ သင်ကြားခဲ့ရတာလေ။ အခုတော့ ကလေးတွေရဲ့ ဘက်ပေါင်းစုံဖွံ့ဖြိုးမှု သူတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်ပြီး လုပ်ဆောင်တတ်အောင် သင်ကြားပေးတဲ့အတွက် အသိဉာဏ် အတွေးအခေါ်တွေ ရင့်သန်လာစေပါတယ်" ဟု ဦးခင်မောင်အေးက ဆိုသည်။

### ပြန်လည်သုံးသပ်ရန်လိုသည့် သင်ရိုးသစ်

ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးသစ်၏ အောင်မြင်မှု၊ အားသာချက်၊ အားနည်းချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီး မိဘများ သင်ရိုးသစ်အပေါ် ယုံကြည်မှုရှိစေရန် ရလဒ်များကို မိဘပြည်သူသို့ သတင်းအချက်အလက်ပေးရန် လိုအပ်နေသည်ဟု ပညာရေးကျွမ်းကျင်သူများက ထောက်ပြသည်။

ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီကမူ KG (သူငယ်တန်း)၊ Grade-1 (ပထမတန်း)၊ Grade-2 (ဒုတိယတန်း) သင်ရိုးသစ်များနှင့် ပတ်သက်၍ အချက်အလက်များ စုဆောင်းနေပြီး ပညာရေးဝန်ကြီးဌာနသို့ အကြံပြုချက်ပေးပို့နိုင်ရန် လုပ်ဆောင်နေသည်။

"ဟိုအရင်တုန်းက သင်ရိုးတွေ လုပ်လိုက်တယ်။ အကောင်အထည်ဖော်တယ်။ ဘယ်သူမှ ပြန်လည်ဆန်းစစ်တာမဟုတ်ဘူးလေ။ အခုတော့ ကော်မတီကနေ KG , Grade-1 , Grade-2 သင်ရိုးတွေနဲ့ ပတ်သက်ပြီး စုံစမ်းလေ့လာမှုလုပ်ပြီး အကြံပြုချက်ကို ဝန်ကြီးဌာနကို ပို့မယ်။ နောက်ထပ်လုပ်လာမယ့် သင်ရိုးတွေမှာ အခုထွက်သွားတဲ့ သင်ရိုးတွေမှာတွေ့ရတဲ့ အားနည်းချက်ကို ပြုပြင်ဖို့ပေါ့"ဟု ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီဝင်ဒေါက်တာမောင်သင်းကဆိုသည်။

လက်ရှိအထိ အခြေခံပညာ အတန်းသုံးတန်းကို သင်ရိုးသစ်ပြောင်းလဲပြီး ဖြစ်သော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သင်ရိုးသစ်၏ အောင်မြင်မှုအတိုင်းအတာ၊ အားသာချက်၊ အားနည်းချက်များ ပြန်လည်သုံးသပ်မှုကို KG (သူငယ်တန်း) အတန်းတစ်တန်းအတွက်သာ လုပ်ဆောင်နိုင်သေးခြင်းကြောင့် ပထမတန်း၊ ဒုတိယတန်းအတွက် သုံးသပ်ရန်လိုအပ်နေသည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်က တင်သွင်းသည့် သင်ရိုးသစ်ဆိုင်ရာ တွေ့ရှိချက်နှင့် အကြံပြုချက်တွင် ထောက်ပြထားသည်။

www.free4readers.com

www.free4readers.com

Technology

7DAY NEWS JOURNAL

Vol.18, No.5 • APRIL 3 , 2019

# ကျေးလက်ဒေသဆက်သွယ်ရေးမျှော်လင့်ချက် ဖြည့်ဆည်းနိုင်မလား

**မြင့်ကျော်လှိုင်**

ကမ္ဘာ့ဘဏ်ချေးငွေ ကန်ဒေါ်လာလေးသန်း အသုံးပြု၍ အကောင်အထည်ဖော်ဆောင်မည့် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်၏ ရှေ့ပြေးစီမံချက် (Pilot Project) တင်ဒါကို မတ်လ ၆ ရက်တွင် နေပြည်တော်၌ ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

အခြေခံ ဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်သည် ဆက်သွယ်ရေးကွန်ရက်မရရှိသေးသည့် ကျေးလက်ဒေသများအတွက် မျှော်လင့်ချက်ဖြစ်သည်။ ဆက်သွယ်ရေး အော်ပရေတာများသည် စီးပွားရေးအရတွက်ခြေမကိုက်သည့် တည်နေရာများတွင် ကွန်ရက်တည်ဆောက်ခြင်းမရှိပေ။

အဆိုပါဒေသများ၌ ဆက်သွယ်ရေးဝန်ဆောင်မှုများရရှိစေရန် အခြေခံဆက်သွယ်ရေး လိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေမှ ဖြည့်စွက်စိုက်ထုတ်သုံးစွဲရမည့်ငွေ (Subsidy) ကို အသုံးပြုသည့် အစီအစဉ်တစ်ခု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ ရှိသည်။

အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်ဆိုသည်မှာ စီးပွားရေးတွက်ခြေမကိုက်သဖြင့် အော်ပရေတာများ ကွန်ရက်သွားရောက်တည်ဆောက်ခြင်းမရှိသည့် နေရာဒေသများ၌ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေကို အသုံးပြု၍ ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ခြင်းဖြစ်သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်၏ ရှေ့ပြေးစီမံချက်အတွက် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ကယားပြည်နယ် ဖားဆောင်းမြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် မင်းပြားမြို့နယ်ကို ရွေးချယ်ခဲ့သည်။

အဆိုပါမြို့နယ်လေးခုတွင် အကောင်အထည်ဖော်ဆောင်မည့် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်း အစီအစဉ်၏ တင်ဒါစနစ်ကို ဆက်သွယ်ရေးအော်ပရေတာလေးခုစလုံးက ဝင်ရောက်ပြိုင်ဆိုင်ခဲ့သည်။

စီးပွားရေးတွက်ခြေမကိုက်သည့်ဒေသများတွင် လုပ်ငန်း



ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဆက်သွယ်ရေးတာဝါတိုင်များကို မြင်တွေ့ရစဉ် ဓာတ်ပုံ – စိုင်းဇော်

လည်ပတ်နိုင်ရန် ဆက်သွယ်ရေးအော်ပရေတာလေးခုက ဖြည့်စွက်စိုက်ထုတ်သုံးစွဲရမည့်ငွေ အနည်းဆုံးပမာဏကို ဖော်ပြ၍ တင်ဒါစနစ်ကို ဝင်ရောက်ပြိုင်ဆိုင်ရခြင်းဖြစ်သည်။ အနည်းဆုံးဖြည့်စွက်စိုက်ထုတ်သုံးစွဲရမည့်ငွေကို တောင်းခံ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဝန်ဆောင်မှုပေးနိုင်မည့် အော်ပရေတာက တင်ဒါအောင်မြင်မည်ဖြစ်သည်။

တင်ဒါပြိုင်ဆိုင်မှုတွင် မင်းပြားမြို့နယ်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဈေးနှုန်း အနည်းဆုံးဖြင့် တင်သွင်းခဲ့ပြီး၊ အမ်းမြို့နယ်အတွက် တယ်လီနောက ဈေးနှုန်းအနည်းဆုံးဖြင့် တင်ဒါတင်သွင်းခဲ့သည်။

ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်းများအတိုင်း တင်ဒါကိုစိစစ်ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်သည့် အော်ပရေတာကို လုပ်ငန်းစတင်ဆောင်ရွက်ရန် မကြာမီ စာချုပ်ချုပ်ဆိုမည်ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ပြောသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်း အစီအစဉ် ရှေ့ပြေးစီမံချက်ကို ယခင်က ကမ္ဘာ့ဘဏ်ချေးငွေ ကန်ဒေါ်လာ ၁၀ သန်းဖြင့် အကောင်အထည်ဖော်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအခါ ဆက်သွယ်ရေးအော်ပရေတာများထံမှ ထည့်ဝင်စုဆောင်းထားသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ Universal Service Fund (USF Fund) ရှိလာပြီဖြစ်သဖြင့် နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲမှု လျော့နည်းသက်သာစေရန် မူလသုံးစွဲရန်လျာထားသည့် ကန်ဒေါ်လာ ၁၀ သန်းအစား လေးသန်းကိုသာ အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်ဟု ဦးသာဦးက ရှင်းပြသည်။

အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေဆိုသည်မှာ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၅၄ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထူထောင်ထားသည့် ရန်ပုံငွေဖြစ်သည်။

ဆက်သွယ်ရေးအော်ပရေတာများသည် လိုင်စင်ပါသဘောတူညီချက်များအရ လိုင်စင်သက်တမ်း လေးနှစ်မြောက်ကစတင်၍ ၎င်းတို့၏ သက်ဆိုင်သောဝင်ငွေ၏ ၂ ရာခိုင်နှုန်းကို အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေအဖြစ် ထည့်ဝင်ရမည်ဖြစ်သည်။

"ဆက်သွယ်ရေးဥပဒေအရ သက်ဆိုင်သောဝင်ငွေလို့ သုံးနှုန်းပါတယ်။ အမြတ်ငွေ၊ ဝင်ငွေလို့လည်းမဟုတ်ဘူး။ အကြမ်းဖျင်းပြောရင်တော့ ရရှိတဲ့ဝင်ငွေတွေထဲကနေ အော်ပရေတာတွေ လိုင်စင်ရရှိတဲ့ သူတွေအချင်းချင်း အပြန်အလှန်ချိတ်ဆက်မှုတွေ၊ ဌားရမ်းအသုံးပြုမှုတွေအတွက် ပေးစရာရှိတာတွေ ပေးချေပြီး ကျန်တဲ့ငွေကို သက်ဆိုင်တဲ့ ဝင်ငွေလို့ အဓိပ္ပာယ်ဖွင့်တယ်။ အဲဒီအပေါ်ကနေ ၂ ရာခိုင်နှုန်း ကောက်ခံတာပါ"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ပြောသည်။

အဆိုပါရန်ပုံငွေသည် နိုင်ငံတော်၏ ဘတ်ဂျက်ရန်ပုံငွေ မဟုတ်ပေ။ ရန်ပုံငွေအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ကာ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်းစည်းမျဉ်းများသတ်မှတ်ထားပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့လည်း ဖွဲ့စည်းထားသည်။

ဆက်သွယ်ရေးအော်ပရေတာများအနက် အူရီဒူးနှင့် တယ်လီနောသည် ၂၀၁၄ ဖေဖော်ဝါရီတွင် လိုင်စင်ရရှိခဲ့သည်။ မြန်မာဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၅ မတ်လတွင် လိုင်စင်ရရှိပြီး မိုင်တဲလ်သည် ၂၀၁၇ ဇန်နဝါရီ၌ လိုင်စင်ရရှိခဲ့သည်။

ထို့ကြောင့် ၂၀၁၈ မတ်လတွင် ကောက်ခံသည့် USF Fund ကို လိုင်စင်သက်တမ်း လေးနှစ်ပြည့်ပြီးဖြစ်သည့် အူရီဒူးနှင့် တယ်လီနောက စတင်ပေးဆောင်ခဲ့ရသော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လိုင်စင်သက်တမ်းအရ ၂၀၁၉ မတ်လကုန်တွင် USF Fund ကို စတင်ပေးဆောင်ရမည်ဖြစ်သည်။ အလားတူ မိုင်တဲလ်သည် ၂၀၂၁ မတ်လ၌ USF Fund ကို စတင်ပေးဆောင်ရမည်ဖြစ်သည်။

၂၀၁၈ မတ်လတွင် တယ်လီနောနှင့် အူရီဒူးက ကျပ် ၁၆ ဘီလီယံကျော်ကို အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းရေး စီမံကိန်းအတွက် ထည့်ဝင်ခဲ့သည်။ ၂၀၁၉ မတ်လကုန်တွင် လိုင်စင်သက်တမ်း လေးနှစ်မပြည့်သေးသည့် မိုင်တဲလ်မှအပ ကျန်ရှိသော ဆက်သွယ်ရေးအော်ပရေတာသုံးခုသည်ကျပ် ၄၀ ဘီလီယံခန့် ထပ်မံထည့်ဝင်လိမ့်မည်ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

"အားလုံး ၅၆ ဘီလီယံ (ကျပ်)လောက်ဖြစ်လာလိမ့်မယ်"ဟု ဦးသာဦးက ပြောသည်။ အဆိုပါ ငွေကြေးပမာဏသည် ပထမအဆင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်း အစီအစဉ်၌ ပါဝင်မည့်မြို့နယ်များအတွက် ကွန်ရက်တည်ဆောက်ပေးရန် လုံလောက်သော ပမာဏဖြစ်သည်။

USF Fund ဖြင့် အကောင်အထည်ဖော်ဆောင်မည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းအစီအစဉ် ပထမအဆင့်အတွက် မြို့နယ် ၁၉ ခုကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက လျာထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အတည်ပြုခဲ့သည်။

အဆိုပါ အစီအစဉ်တွင် ကချင်ပြည်နယ်၌ လေးမြို့နယ်၊ ချင်းပြည်နယ်၌ ခြောက်မြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ငါးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် သုံးမြို့နယ်၊ ရခိုင်ပြည်နယ်တွင် တစ်မြို့နယ်နှင့် ယခင်ရှေ့ပြေးစီမံချက်မှ တင်ဒါအောင်မြင်ခဲ့ခြင်းမရှိသည့် ကယားပြည်နယ်မှ ဖားဆောင်း မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ စေတုတ္တရာမြို့နယ်တို့ ပါဝင်သည်။

"Pilot Project (ရှေ့ပြေးစီမံချက်)က တင်ဒါမအောင်တဲ့ မြို့နယ်နှစ်ခုပါ အဲဒီအထဲ (၁၉ ) မြို့နယ်ကိုဆိုလိုသည်)ကို ပေါင်းထည့်လိုက်တော့ ၂၁ မြို့နယ်ဖြစ်သွားပြီ"ဟု ဦးသာဦးက ပြောသည်။ အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်ကို နှစ်အလိုက် မြို့နယ်များကို သတ်မှတ်အကောင်အထည်ဖော်မည်ဟုဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ပထမအဆင့် အကောင်အထည်ဖော်ဆောင်မည့်မြို့နယ် ၂၁ ခုအတွက် ဆက်သွယ်ရေးကွန်ရက် တည်ဆောက်ရန် တင်ဒါကို ဧပြီအတွင်းခေါ်ယူမည်ဖြစ်သည်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၂၀ အကုန် (သို့မဟုတ်) ၂၀၂၁ အစောပိုင်းတွင် ပထမအဆင့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်း အစီအစဉ် ပြီးဆုံးမည်ဟု ခန့်မှန်းသည်။

၂၁ မြို့နယ်အတွက် လိုအပ်သည့်ရန်ပုံငွေကို အော်ပရေတာများ၏ ထည့်ဝင်ငွေဖြင့် ထူထောင်ထားရှိသည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်း

စာမျက်နှာ ၁၆ ››

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

# တက္ကသိုလ်ပေါင်းစုံ စက်ရုပ်ပြိုင်ပွဲ ဇွန်လဆန်းတွင် စတင်ကျင်းပမည်

မြင့်ကျော်လှိုင်

ရန်ကုန်၊ မတ်လ - ၃၀

ပညာရေးဝန်ကြီးဌာန ပါမောက္ခချုပ်များကော်မတီနှင့် ဖန်တီးရာအဖွဲ့တို့ပူပေါင်း၍ ၂၀၁၉ တက္ကသိုလ်ပေါင်းစုံ စက်ရုပ်ပြိုင်ပွဲကို ဇွန်လဆန်းတွင်စတင်ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ပေါင်းစုံ ၄၆ ခုမှ ကျောင်းသား၊ ကျောင်းသူများကို စက်ရုပ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်ပြိုင်ပွဲစီစဉ်သူများက ဖိတ်ခေါ်ထားပြီး အနိုင်ရအသင်းကို ယူအေအီးနိုင်ငံတွင် အောက်တိုဘာ၌ ကျင်းပမည့် FIRST Global Robotics Challenge ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုအနေဖြင့် စေလွှတ်မည်ဟု ကြေညာထားသည်။

စက်ရုပ်ပြိုင်ပွဲ၌ အသင်းအရေအတွက်မည်မျှ ပြိုင်ခွင့်ပြုမည်ကိုစီစဉ်သူများက ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း စက်မှုဒီဇိုင်း၊ အီလက်ထရွန်နစ်နည်းစနစ်၊ နည်းပညာပရိုဂရမ်အစရှိသည်တို့ကို စီစဉ်အကဲဖြတ်ပြီးမှ ပြိုင်ပွဲသို့ဝင်ရောက်ခွင့်ပြုမည်ဟု ကြေညာသည်။



မက္ကစီကိုနိုင်ငံတွင်ကျင်းပသည့် စက်ရုပ်ပြိုင်ပွဲ၌ မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်စဉ်

ဓာတ်ပုံ - ဖန်တီးရာ

"စက်ရုပ်ပြိုင်ပွဲက မြန်မာကျောင်းသားလူငယ်တွေအတွက် သူတို့ရဲ့နည်းပညာကျွမ်းကျင်မှုတွေကို ကမ္ဘာကသိအောင်ထုတ်ဖော်ပြသဖို့အကောင်းဆုံးအခွင့်အရေးဖြစ်ပါတယ်" ဟု ဖန်တီးရာအဖွဲ့ ဦးအီးအို Jes Kaliebe Petersen ကပြောသည်။

ပြိုင်ပွဲဝင်ရောက်လိုသူများသည် တက္ကသိုလ် ၄၆ ခုတွင်တက်ရောက်နေသည့်ကျောင်းသားများဖြစ်ရန်လိုအပ်ပြီး ယှဉ်ပြိုင်သူသည် (၁၉) နှစ်အောက်ရှိရန် လိုအပ်သည်။ တစ်သင်းလျှင်ခြောက်ဦး ပါဝင်ခွင့်ရှိသည်ဟု ကြေညာထားသည်။

"၂၀၂၀ မှာကျင်းပမယ့်ပြိုင်ပွဲမှာတော့ အသက်အလိုက်ပြိုင်ပွဲဝင်အဆင့်များခွဲထားမှာပါ။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ကျောင်းတိုင်းပါဝင်လိုတဲ့ ကျောင်းသားကျောင်းသူများလျှောက်ထားနိုင်ဖို့လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ဖန်တီးရာအဖွဲ့ Makerspace Manager ကိုထူးဝေထက်ကပြောသည်။

ပြိုင်ပွဲကို စက်ရုပ်နှင့် STEM ကျွမ်းကျင်မှုအတတ်ပညာဖြစ်သော သိပ္ပံဘာသာ-(Science) ရပ်၊နည်းပညာ-(Technology)၊ အင်ဂျင်နီယာ-(Engineering) ပညာရပ်နှင့် သင်္ချာ - Mathematicsဘာသာရပ်တို့ကို မြန်မာနိုင်ငံရှိလူငယ်များ ပိုမိုစိတ်ပါဝင်စားလာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ လူငယ်များသည် FIRST Global Robotics Challage ပြိုင်ပွဲသို့နှစ်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ပြီး ၂၀၁၇ က အမေရိကန်နိုင်ငံတွင် ကျင်းပသောပြိုင်ပွဲ၌ ၁၅၇ နိုင်ငံတွင် အဆင့် (၆) ရရှိခဲ့သည်။

စာမျက်နှာ ၁၅ မှ

## ကျေးလက်ဒေသဆက်သွယ်ရေး မျှော်လင့်ချက် ဖြည့်ဆည်းနိုင်မလား

ဆိုင်ရာရန်ပုံငွေမှ ကျခံဆောင်ရွက်မည်ဖြစ်ပြီး ရှေ့ပြေးစီမံချက်မှ တင်ဒါအောင်မြင်ပြီးဖြစ်သည့် အမ်းမြို့နယ်နှင့် မင်းပြားမြို့နယ်အတွက် လိုအပ်သည့်ရန်ပုံငွေကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည်ဟု ဦးစိုးသိန်းက ပြောသည်။

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ၏ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းလုပ်ငန်းအပါအဝင် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Telecom Sector Reform Project)အတွက် အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ချေးငွေကူညီရန် ၂၀၁၄ တွင် သဘောတူညီခဲ့သည်။

အဆိုပါချေးငွေအတွက် ဝန်ဆောင်ခအဖြစ် ဝ ဒသမ ၇၅ ရာခိုင်နှုန်း ကောက်ခံသည်ဟု ဦးစိုးသိန်းကပြောသည်။ "ဆိုင်ငံ့ကာလက ၁၀ နှစ်နဲ့ ပြန်လည်ပေးဆပ်ရမယ့်ကာလက နှစ် ၃၀ ဖြစ်ပါတယ်။ စုစုပေါင်းနှစ် ၄၀ အပြီး ပြန်လည်ပေးဆပ်ရမယ့် ချေးငွေပါ။ ၂၀၅၄ မှာ အပြီးပြန်ဆပ်ရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အခြေခံဆက်သွယ်ရေး လိုအပ်ချက် ဖြည့်ဆည်းခြင်းအစီအစဉ် အကောင်အထည်ဖော်ဆောင်မည့်မြို့နယ်များတွင်လက်ရှိအချိန်၌ မြို့ပေါ်တည်နေရာများတွင်သာ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံထားရှိပြီး လူနေထိုင်မှုနည်းပါးသည့် ကျေးရွာများ၌ ကွန်ရက်လွှမ်းခြုံထားနိုင်ခြင်းမရှိပေ။

ဥပမာအနေဖြင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် အော်ပရေတာလေးခုစလုံး၏ဖုန်းလိုင်းများအသုံးပြုနိုင်သော်လည်း မြို့ပေါ်ဒေသခံများအတွက်သာဖြစ်နေသည်။ "အကုန်သုံးလို့ရပေမယ့်လိုင်းကခဏခဏပျက်နေတယ်။ MPT ကတော့ အကောင်းဆုံးလို့ ပြောလို့ရတယ်။ ပြီးရင်တော့ တယ်လီနောကပိုကောင်းတယ်"ဟု စေတုတ္တရာ စံပြရပ် ZAM ဖုန်းဟန်းဆက်အရောင်းဆိုင်ပိုင်ရှင် ကိုတာတီးက ပြောသည်။

မိုဘိုင်းဖုန်းလိုင်းများသည် မြို့ ပေါ်ပတ်ဝန်းကျင်တွင် ဆက်သွယ်ပြောဆိုနိုင်သည့် အခြေအနေရှိသော်လည်း မြို့နယ်အတွင်းရှိ အခြားပတ်ဝန်းကျင်ကျေးရွာများသို့ ရောက်ရှိသည့်အခါ ဆက်သွယ်နိုင်ခြင်းမရှိတော့ဟု ၎င်းက ပြောသည်။

"ပွဲတော်လို့ ရွာတွေ သီချင်းသွားဆိုရင် ဖုန်းလိုင်းက မရတော့ဘူး။ ကားပျက်ရင်လည်း ဖုန်းက မရတော့ အရမ်းဒုက္ခရောက်တယ်"ဟု ကိုတာတီးက ပြောသည်။ ဆက်သွယ်ရေးအော်ပရေတာများသည် ၂၀၁၄ လိုင်စင်စတင်ရရှိစဉ်က ဆက်သွယ်ရေးကွန်ရက်နှင့် ပတ်သက်၍ အစိုးရအပေါ် ကတိကဝတ်များ ပေးအပ်ခဲ့သည်။

အော်ပရေတာများ ပေးအပ်ထားသည့် ကတိကဝတ်များ၌ မြန်မာနိုင်ငံရှိ လူဦးရေပေါ်တွင် နှစ်စဉ်အလိုက် ကွန်ရက်လွှမ်းခြုံပေးရမည့် ရာခိုင်နှုန်းပမာဏများ ပါဝင်သည်။ သို့သော် လယ်ကွင်းများ၊ တောတောင်များနှင့် လူနေနည်းပါးသည့် ကျေးလက်ဒေသများတွင် စီးပွားရေးအရ တွက်ခြေမကိုက်သောကြောင့် ဆက်သွယ်ရေးကွန်ရက်ချို့တဲ့နေသည်။

"ကွန်ရက်မရတဲ့ နေရာအားလုံးကို USF Fund အနေနဲ့ လုပ်ပေးမှာမဟုတ်ဘူး။ အော်ပရေတာတွေက သူတို့ကတိပြုထားတဲ့နေရာတိုင်းမှာ ကတိအတိုင်းလုပ်ကိုလုပ်ရမယ်။ အဲဒီမှာ မပါတဲ့ နေ ရာကို လိုအပ်ချက်အရ USF Fund နဲ့လုပ်ပေးမှာ"ဟု ဦးစိုးသိန်းက ပြောသည်။

အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်ဖြင့် ကွန်ရက်ကို အကောင်အထည်ဖော်သည့်အခါ တင်ဒါအောင်မြင်သည့် အော်ပရေတာသည် သက်မှတ်စည်းကမ်းများအတိုင်း ကွန်ရက်ကိုတည်ဆောက်ရမည်ဟု ဦးသာဦးက ပြောသည်။

အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ မဟာဗျူဟာကို ၂၀၁၉-၂၀၂၃ ငါးနှစ်တာကာလအတွက် ပြုစုရေးဆွဲနေသည်။ အဆိုပါမဟာဗျူဟာမူကြမ်းတွင် ငါးနှစ်အတွင်း လူဦးရေ ၉၉ ရာခိုင်နှုန်းကို အသံခေါ်ဆိုမှုရရှိရန် ရည်မှန်းချက်ပါဝင်ပြီး အင်တာနက်ဒေတာကို လူဦးရေ ၉၅ ရာခိုင်နှုန်း အသုံးပြုနိုင်ရန် ရည်မှန်းချက်ထားသည်။

မြို့နယ်အတွင်းရှိ လူဦးရေအားလုံးနီးပါးအတွက် အသံခေါ်ဆိုမှု ပြုလုပ်ဆောင်ရွက်ပေးရသည်မှာလွယ်ကူသော်လည်းအင်တာနက်ဒေသတာအသုံးပြုနိုင်ရန် စီစဉ်ပေးရသည်မှာ ခက်ခဲကြောင်း မိုင်တဲလ် ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ပြောသည်။

ပြိုင်ဘက်ဆက်သွယ်ရေးအော်ပရေတာများသည် 2G၊ 3G၊ 4G ကွန်ရက်အားလုံးကို ပိုင်ဆိုင်ထားသဖြင့်အင်တာဒေတာကို 3G ကွန်ရက်ပေါ်၌ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေရှိသော်လည်း မိုင်တဲလ်အနေဖြင့် 3G ကွန်ရက်မရှိသဖြင့် 4G ကွန်ရက်ဖြင့် တင်ဒါစနစ်ကို ဝင်ရောက်ပြိုင်ဆိုင်ရာတွင် အခက်အခဲရှိသည်ဟု ၎င်းက ပြောသည်။

"အရှုံးစိုက်ထုတ်ပေးတာတောင်မှ တော်တော်ရှုံးသေးတယ်။ 4G အတွက်ဆိုရင် တာဝါတိုင်တွေက အများကြီးလိုတယ်" ဟု ဦးဇော်မင်းဦးက ပြောသည်။ အချို့ဒေသများသည် လျှပ်စစ်မီးမရှိသည့်အပြင် ဆိုလာစနစ်အသုံးပြုရန်အတွက်လည်း နေရောင်ခြည်ကောင်းစွာမရရှိကြောင်း၎င်းက ပြောသည်။

"မီးစက်နဲ့ သုံးမယ်ဆိုရင်လည်း တချို့နေရာတွေက ဆီပို့ဖို့တောင် အခက်အခဲရှိတယ်"ဟု ဦးဇော်မင်းဦးက ပြောသည်။ ထို့ကြောင့် မိုင်တဲလ်သည် ကမ္ဘာ့ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်မည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းရေး စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ မြို့နယ်တစ်ခုအတွက်သာဝင်ရောက်ပြိုင်ဆိုင်ခဲ့သည်။

သို့သော် အရှုံးစိုက်ထုတ်ပေးရန် မိုင်တဲလ်တောင်းဆိုသည့် ငွေပမာဏနှင့် ကမ္ဘာ့ဘဏ်က ကွန်ရက်အရှုံးငွေအတွက် အများဆုံးစိုက်ထုတ်ပေးနိုင်သည့် ပမာဏမှာ ကွာဟနေသဖြင့် တင်ဒါအောင်မြင်ခြင်းမရှိပေ။

ရခိုင်ပြည်နယ်ရှိ တင်ဒါအောင်မြင်သည့် မြို့နယ်နှစ်ခု၌ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းအစီအစဉ်ကို ၂၀၁၉ အတွင်း စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ အဆိုပါ မြို့နယ်နှစ်ခုအနက် အမ်းမြို့ပေါ်တွင် မိုဘိုင်းဖုန်းလိုင်းအားလုံးအသုံးပြုနိုင်သော်လည်း အသံလိုင်းအနေဖြင့် သော်လည်းကောင်း၊ အင်တာနက်ဒေတာအနေဖြင့်သော်လည်း အချိန်ပြည့်ကောင်းမွန်ခြင်းမရှိဟု ဒေသခံ ဦးလှိုင်မင်းဟန်က ပြောသည်။

အမ်းမြို့နယ်အတွင်းရှိကျေးရွာများတွင်လည်း ဆက်သွယ်ရေးကွန်ရက် အပြည့်အဝကောင်းမွန်ခြင်းမရှိဟု ၎င်းက ပြောသည်။ "MPT ကောင်းရင် တယ်လီနောက မကောင်းဘူး။ တယ်လီနောကောင်းပြန်တော့ အူရီးဒူးက မကောင်းဘူး။ အင်တာနက်လိုင်းသုံးရင်လည်း အဲဒီလိုပဲ။ ဘယ်ဖုန်းလိုင်းမဆို အချိန်ပြည့်ကောင်းနေရင်တော့ သတင်းအချက်အလက်နဲ့ စီးပွားရေးလုပ်ငန်းတွေ ပိုကောင်းလာမယ်လို့ထင်ပါတယ်" ၎င်းက ပြောသည်။

www.free4readers.com

Politics 7DAY NEWS JOURNAL

Vol.18, No.5 • APRIL 3 , 2019

# ခြေဉပြင်နိုင်ရေး အဓိကသော့ချက်

နိုင်လင်း၊ ထက်အာကာကျော်

အာဏာရပြီးချိန်တွင် ကြို တင်ကြေညာထားသော ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ကတိကဝတ်များထဲမှ အဓိကတစ်ခုကို အကောင်အထည်ဖော်ရန် နှောင့်နှေးနေသည်ဟူသော ဝေဖန်မှုတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကြုံခဲ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟူသည်မှာ ကတိကဝတ်ဖြစ်မလာမီ အထက်ပါရွေးကောက်ပွဲမတိုင်မီကတည်းက ဒီချုပ်တို့အစဉ်တစိုက်ကြွေးကြော်နေသောအကြောင်းခြင်းရာတစ်ခုလည်းဖြစ်သည်။ အာဏာရပြီးမကြာမီ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဒီချုပ်အစိုးရအဖွဲ့သည် ငြိမ်းချမ်းရေးစားပွဲဝိုင်းများဆီ အာရုံစိုက်ခဲ့သော်လည်း လက်တွေ့တွင်ရှေ့မတိုးနောက်မဆုတ်ကြုံနေရသည်။ ထို့ကြောင့် ယင်းသည် မှန်ကန်သော ချဉ်းကပ်မှုဟုတ်၊ မဟုတ် မေးခွန်းထုတ်မှုများ ရှိလာသည်။

ထိုအချိန် အာဏာရသက်တမ်းသုံးနှစ်ပြည့်ခါနီးတွင် ပြည်ထောင်စုလွှတ်တော်အတွင်းရှိပင်နီအမတ်တို့က အခြေခံဥပဒေပြင်ဆင်ရေးခြေလှမ်းကို ဆိုင်းမဆင့်၊ ဗုံမဆင့် ရှေ့လိုက်ပြန်ရာ ထောက်ခံသူ၊ ကန့်ကွက်သူတို့နှင့် သောသောညံခဲ့ပြန်ပြီး ဝေဖန်သူတို့က နိုင်ငံရေးကျားကွက်ရွှေ့ခြင်းသာဟု သမုတ်မှုကို ခံရပြန်လေသည်။

ဝေဖန်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမှန်တကယ်ပြင်ဆင်နိုင်ရေး ရည်ရွယ်ခြင်းဟုတ်၊ မဟုတ်၊ နိုင်ငံရေးအကျိုးအမြတ်အတွက် ခြေယောင်ပြလှည့်စားနေခြင်းဟုတ်၊ မဟုတ်ဟူသောမေးခွန်းများအပေါ်အခြေခံခြင်းဖြစ်၏။အကြောင်းမှာတပ်မတော်ထောက်ခံမှုမရလျှင် အခြေခံဥပဒေပြင်ဆင်ရေး အောင်မြင်နိုင်မည်မဟုတ်ဟူသော အခြေခံလိုအပ်ချက်တွင် အရင်းတည်ပါသည်။

သို့သော်ပြည်ထောင်စုလွှတ်တော်တွင် အခြေခံဥပဒေပြင်ဆင်နိုင်ရေး ဆွေးနွေးရန် ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းမည်ကြံရုံရှိသေး၊ တပ်မတော်၏ပြင်းထန်သော ဝေဖန်ကန့်ကွက်မှုတို့ကြုံရသကဲ့သို့ ကော်မတီဖွဲ့စည်းဆွေးနွေးရာတွင်လည်း တပ်မတော်၏ ပူးပေါင်းပါဝင်မှုကို ယနေ့တိုင် မရနိုင်သေးပေ။

**ရွှေ့တာလား၊ ရွှေ့တာလား**

လက်တွေ့တွင်မူ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးသည် လက်ရှိ အာဏာရပါတီအပါအဝင် ဒီမိုကရက်တစ်အင်အားစုများ၊ တိုင်းရင်းသားအားလုံး၏ မျှော်မှန်းချက်ဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်တွင် ရေးဆွဲခဲ့သော လက်ရှိအခြေခံဥပဒေကို ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအဓိကအဟန့်အတားဟု ရှုမြင်ထား၍ပင်။

ဒီချုပ်အာဏာရသည့်ကာလအတွင်း တိုင်းပြည်ကို တာဝန်ယူအုပ်ချုပ်သည့် သမ္မတနှစ်ဦးရှိခဲ့ပြီး နှစ်ဦးစလုံးက အခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်မည်ဟု ကတိပြုခဲ့ရာ အင်အားစုအားလုံးက အဆိုပါလုပ်ငန်းစဉ်အပေါ် မျှော်လင့်ချက်ကြီးခဲ့၏။

ဒီချုပ်ဘက်ကပြည်ထောင်စုလွှတ်တော်အတွင်းအခြေခံဥပဒေပြင်ဆင်ရေး ခြေလှမ်းစလှမ်းခြင်းသည် ရွေးကောက်ပွဲကတိကဝတ်ကိုအကောင်အထည်ဖော်ရန်ကြိုးပမ်းခြင်းဖြစ်ကြောင်း အခိုင်အမာပြောနေသည်။

သို့သော် အခြေခံဥပဒေပြင်ဆင်ရေးသော့ချက်ကို ဆုပ်ကိုင်ထားသည့်တပ်မတော်နှင့်ကြိုတင်ညှိနှိုင်းမှုမရှိဘဲ စတင်ခဲ့သည့် ထိုအရွေ့သည် လက်တွေ့ပြင်ဆင်နိုင်ရန် ရည်ရွယ်ပုံမရဟု နိုင်ငံရေးလေ့လာသူအချို့က ရှုမြင်နေ၏။

"အခြေခံဥပဒေ ပြင်ချင်တယ်ဆိုရင် တပ်မတော်နဲ့ညှိနှိုင်းသဘောတူညီချက်ရှိထားတဲ့ ပုဒ်မတစ်ခုခုပေါ့။ ဒီလိုမျိုးရှိထားတဲ့ ပုဒ်မမျိုးတွေသာ အောင်မြင်နိုင်တယ်ဆိုတာ ဒါက နိုင်ငံရေး 'ကကြီးခခွေး' ပဲ။ အဲဒါ နားလည်ပြီးသားလို့ ကျွန်တော်တို့က ယူဆတယ်"ဟု လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးရဲထွန်းက ပြောသည်။ ၎င်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကြီးစိုးသော ၂၀၁၁–၁၅ ကာလအတွင်း ပြည်ထောင်စုလွှတ်တော်တွင် သီပေါမဲဆန္ဒနယ်အတွက် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ရွေးကောက်ခံရသူဖြစ်သည်။

သို့ဆိုလျှင်ဒီချုပ်သည်အခြေခံဥပဒေပြင်ဆင်နိုင်ရေး တပ်မတော်နှင့် ကြိုတင်ညှိနှိုင်းမှုပြုလုပ်သည်ဆိုသော သတင်းများထွက်ပေါ်၍ပင် မလာဘဲရှိခဲ့ပါသနည်း။ လေ့လာသူတို့က ပြီးခဲ့သည့် သုံးနှစ်အတွင်း အာဏာရပါတီအနေဖြင့် တပ်မတော်နှင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းနေသည်ဆိုခြင်းကို ယုံကြည်လက်ခံနိုင်သော်လည်း ရလဒ်မမြင်ရသေးခြင်းအပေါ် မချိတင်ကဲဖြစ်နေသည်။

ဒီချုပ်သည် တပ်မတော်နှင့် ဆက်ဆံရေးကောင်းအပေါ် အာရုံစိုက်နေခြင်းကြောင့် ဒီမိုကရက်တစ်မဟာမိတ်အင်အားစုများနှင့် ဆက်ဆံရေးဆုတ်ယုတ်ခဲ့ကြောင်း၊ ညှိနှိုင်းနိုင်သည့် အခြေအနေသို့ မရောက်ဘဲ ဒီချုပ်အစိုးရက တပ်မတော်ကိုအလျှော့ပေးဆက်ဆံနေကြောင်း ဝေဖန်မှုအချို့က သက်သေပင်။

ထို့ကြောင့်ဖွဲ့စည်းပုံပြင်ဆင်ရေး စတင်မည်ဟု သတင်းထွက်ပေါ်ချိန်တွင် တပ်မတော်နှင့် အာဏာရပါတီတို့အကြားသဘောတူညီမှုရရှိထားပြီဟု မျှော်လင့်ခဲ့သည်။ သို့သော် လက်တွေ့အခြေအနေက အထင်နှင့်အမြင် တက်တက်စင်အောင် လွဲခဲ့ပြန်၏။

လွှတ်တော်တွင်း ပြင်းထန်သော ကန့်ကွက်အငြင်းပွားမှုများကဖွဲ့စည်းပုံပြင်ဆင်ရေးခယောင်းလမ်းကို မြင်သာစေခဲ့ပြီး ဒီချုပ်က ထိုသို့အခြေအနေဖြစ်စေရန် ဖန်တီးသည်ဟု ဝေဖန်သူတို့လည်း ရှိလာသည်။ ဒီချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်က ဒီချုပ်သည် နိုင်ငံရေးအကျိုးအမြတ်အတွက် ဖွဲ့စည်းပုံပြင်ဆင်ရေး ဆောင်ရွက်ခြင်းမဟုတ်ဟု အခိုင်အမာပြောထားသည်။

ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားသည့် အခြေခံဥပဒေပြင်ဆင်ရေးပူးပေါင်းကော်မတီအတွင်းရေးမှူးဒေါက်တာမြတ်ဉာဏစိုးက "ပြည်သူအများရဲ့ ရှေ့မှောက်မှာပဲ ပြည်သူရဲ့ အဆုံးအဖြတ်ကို ခံယူပြီးတော့ပေါ့နော်။ မျက်ကွယ်မှာ မဟုတ်ဘဲနဲ့ မျက်မြင်မှာပဲ တရားစီရင်မှုပြုတာဟာ အမျှတဆုံးအဖြေမဟုတ်ဘူးလားဗျာ"ဟု ဝေဖန်မှုများအပေါ် တုံ့ပြန်၏။

အထက်ပါခြေလှမ်းစတင်နိုင်ရေးအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့ရန် အရေးကြီးအဆိုတင်သူ ဒီချုပ်အမတ် ဦးအောင်ကြည်ညွန့်က အောက်ခြေမှသဘောထားအယူအဆများကို အခြေခံ၍ ထိပ်ပိုင်းခေါင်းဆောင်များ စဉ်းစားဆုံးဖြတ်နိုင်ရန် ထိုသို့သောအဆိုကို တင်ခြင်းသာဖြစ်ကြောင်း ရှင်းပြသည်။

"အဲဒါဆိုရင် ခေါင်းဆောင်တွေက တကယ်တမ်း စေတနာထားပြီး သူ့အုပ်စု၊ ကိုယ့်အုပ်စု၊ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့ဆိုတာမျိုးထက် နိုင်ငံကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုလမ်းကြောင်းလောက်ကိုချနိုင်လဲဆိုတဲ့အခွင့်အလမ်းကို လွှတ်တော်ထဲမရောက်ခင်ကတည်းက ရရှိသွားနိုင်တယ်"ဟု ၎င်းက ပြောသည်။

သို့သော် ၂၀၂၀ အထွေထွေရွေးကောက်ပွဲနီးကပ်လာချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို နိုင်ငံရေးချိန်ကိုက်ဗုံးအဖြစ် အသုံးပြုနေသည်ဆိုသော စွပ်စွဲချက်များကလည်း လှိုင်လှိုင်ထွက်နေဆဲ။

ဒီချုပ်ဝါရင့်အမတ် ဒေါ်ခင်စန်းလှိုင်ကမူ ထိုသို့ပြောဆိုချက်များကို ပြတ်သားစွာ ငြင်းပယ်ပြီး ဒီချုပ်အစိုးရ တာဝန်ရယူပြီးကတည်းက အဓိကအာရုံစိုက်ခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည်လည်း ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးလမ်းကြောင်းဖြစ်သည်မှာ အထင်အရှားပင် ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုအထူးဦးစားပေးအာရုံစိုက်နေခဲ့သည်ဟုလည်း ၎င်းက ထောက်ပြပြောဆိုသည်။

လက်တွေ့အခြေအနေတွင်မူ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြေလည်မှုရပါက ယင်းလမ်းကြောင်းမှတစ်ဆင့် ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေး အောင်မြင်နိုင်ခြေရှိသော်လည်း အစိုးရသက်တမ်းသုံးနှစ်သာ ကုန်သွားသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲလမ်းကြောင်းက ထိရောက်သော တိုးတက်မှုမရခဲ့ပေ။

ထို့ကြောင့် ကြိုတင်ညှိနှိုင်းထားချက်မရှိဘဲအောင်မြင်နိုင်ခြေမရှိသည့် လွှတ်တော်တွင်း ကစားကွက်တစ်ခုကို ဒီချုပ်က ထပ်ဖော်နေသည်ဟု ဝေဖန်သူတို့က သုံးသပ်နေခြင်းပင်။

**တပ်မတော်ဘက်မျက်နှာစာ**

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ဟောင်း ဦးမြအေးကမူ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အာဏာရပါတီအပေါ် တစ်ဖက်သတ်ဝေဖန်မှုနှင့် မေးခွန်းထုတ်မှုများကို လက်မခံနိုင်ကြောင်း ပြောသည်။

"NLD (ဒီချုပ်)ကျတော့ ပြင်ဖို့လိုလိုလားလား ရှိရဲ့လားဆိုလို့ရှိရင် တပ်မတော်ကကော ဘာဖြစ်လို့ ပြင်ဖို့ဆန္ဒမရှိတာလဲ။ ဖက်ဒရယ်နဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံပြင်ဖို့ ဘာလို့ ဆန္ဒမရှိတာလဲ"ဟု ၎င်းက မေးခွန်းထုတ်သည်။

ဦးမြအေး၏အထက်ပါမေးခွန်းကို တပ်မတော်ခေါင်းဆောင်များက ကြိမ်ဖန်များစွာ ဖြေကြားခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ပတ်သက်သည့် တပ်မတော်၏အဖြေသည် ယခင်အစိုးရသက်တမ်းတစ်လျှောက်မှသည် လက်ရှိအချိန်ထိ တစ်ထပ်တည်းပင်။

ပြင်သင့်ပြင်ထိုက်သည့်ပုဒ်မများကို ပြင်သင့်ပြင်ထိုက်သည့်အချိန်တွင် သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ရမည်ဟူ၍ ဖြစ်သည်။

လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "အခြေခံ

စာမျက်နှာ ၂၀ >>




အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် မတ် ၃၁ ရက်က ပြုလုပ်သည့် အခြေခံဥပဒေပြင်ဆင်ရေးလူထုလှုပ်ရှားမှု ဓာတ်ပုံ – ပိုင်စိုးသူ

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



# အစဉ်အလာမပျက် သင်္ကြန်အခက်

*အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း ကားလက်မှတ်ဝယ်ယူရန် တန်းစီစောင့်ဆိုင်းနေသူများကို မတ်လ ၃၁ရက်က တွေ့ရစဉ်*  ဓာတ်ပုံ – ဖြိုးဖြိုးဝေ

မိုးမင်း

ကိုမျိုးအောင် ကျောက်ဆည်မြို့သို့ပြန်ရန် အောင်မင်္ဂလာအဝေးပြေးတွင် ကားလက်မှတ်သွားရောက်စုံစမ်းနေသည်မှာ သုံးရက်ရှိပြီဖြစ်သည်။

သင်္ကြန်အလုပ် စပိတ်မည့်ဧပြီ ၁၂ ရက်ထွက်မည့်ကားလက်မှတ်ရရန် သွားရောက်စုံစမ်းမေးမြန်းရာ ကားဂိတ်အများစုက ယင်းနေ့အတွက် လက်မှတ်မရှိတော့ဆိုသည့် အဖြေများသာရသည်။

## သင်္ကြန်အိမ်ပြန်သူတို့ဒုက္ခ

သင်္ကြန်ပိတ်ရက်များတွင်အဝေးပြေးကားလက်မှတ်များ ဝယ်ယူရန် ခက်ခဲမှုသည် အစိုးရအဆက်ဆက် ဖြေရှင်းနိုင်ခြင်းမရှိသည့် ပြဿနာတစ်ရပ်ဖြစ်သည်။

သင်္ကြန်ပိတ်ရက်တွင် ပုံမှန်ရက်များထက် ခရီးသွားအရေအတွက် ငါးဆခန့်ပိုများလေ့ရှိပြီး ယာဉ်အစီးရေနှင့် ခရီးသည်အရေအတွက် မျှတမှုမရှိသည်ကို အခြေခံ၍ ယင်းကဲ့သို့ပြဿနာများဖြစ်ပေါ်စေသည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် အဝေးပြေးယာဉ်လိုင်းအချို့က လက်မှတ်ခဈေးနှုန်းများကို ပုံမှန်ထက် နှစ်ဆခန့်တိုးမြှင့်ထားပြီး သတ်မှတ်ဈေးဖြင့် မဝယ်ပါက လက်မှတ်ရရှိရန် ခက်ခဲကြောင်း ခရီးသွားအချို့က ဆိုသည်။

“အခုထိ နှစ်တိုင်းကြုံနေရတဲ့ ဒီပြဿနာကို မဖြေရှင်းနိုင်ကြသေးဘူး။ ခရီးသည်တွေကလည်း သူတို့သတ်မှတ်ဈေးနဲ့ ရောင်းတဲ့လက်မှတ်မှ မဝယ်ရင် ခရီးမသွားရရုံပဲရှိမှာ” ဟု ပခုက္ကူသို့ပြန်မည့် ကိုစိုးလင်းခန့်က ပြောသည်။

ထိုသို့အဝေးပြေးကားလက်မှတ် ဈေးတင်ရောင်းသည့် ယာဉ်လိုင်းများရှိသကဲ့သို့ အချို့ယာဉ်လိုင်းများက တန်းစီစနစ်ဖြင့် ပုံမှန်ဈေးနှုန်းအတိုင်း ကြိုတင်လက်မှတ်များ ရောင်းချပေးသည့်စနစ်ကို ကျင့်သုံးသည်။

သို့သော် ဝယ်ယူသူများပြားကာ အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရမည်ဖြစ်သဖြင့် အချိန်မပေးနိုင်သည့်သူများအတွက် ယင်းစနစ်ကလည်း အဆင်မပြေပေ။

“အလုပ်တစ်ဖက်နဲ့ဆိုတော့ သွားတန်းစီစောင့်ဖို့က မဖြစ်ဘူးလေ။ အဲဒါနဲ့ ဈေးပိုပေးပြီးတော့ပဲ ဝယ်ခဲ့လိုက်တယ်” ဟု မော်လမြိုင်သို့ပြန်မည့်ကုမ္ပဏီဝန်ထမ်းမအေးနွယ်က ပြောသည်။

သင်္ကြန်ပိတ်ရက်တွင် ပြင်ပမှ ကားများငှား၍ ယာဉ်အစီးရေတိုးမြှင့်ပြေးဆွဲရပြီး ခရီးစဉ်တစ်ခြမ်းအတွက်သာ ခရီးသည်ရရှိခြင်းကြောင့် အရှုံးမပေါ်စေရန် ယာဉ်စီးခ တိုးမြှင့်တောင်းယူရခြင်းဖြစ်သည်ဟု ယာဉ်လိုင်းတာဝန်ရှိသူများက ပြောသည်။

ထို့အပြင် ယခုနှစ်တွင် သင်္ကြန်ပိတ်ရက်မတိုင်မီ စက်သုံးဆီဈေးနှုန်း တစ်ကျော့ပြန်မြင့်တက်လာခြင်းကြောင့် အဝေးပြေးယာဉ်လိုင်းများကို အခက်တွေ့စေခဲ့သည်ဟု ၎င်းတို့က ဆိုသည်။

“တစ်ဂိတ်နဲ့တစ်ဂိတ်တော့ လက်မှတ်ရောင်းပုံမတူဘူးပေါ့။ ဒီလိုရက်မျိုးမှာက ပုံမှန်ဈေးနဲ့ ရောင်းဖို့ဆိုတာကလည်း မလွယ်ကြဘူး။ တချို့ ခရီးသည်တွေကတော့ နားလည်ပေးကြတယ်။ နားလည်အောင် ရှင်းပြပြီးတော့လည်း ရောင်းကြရတာပေါ့” ဟု အေးချမ်းမြိုင်ယာဉ်လိုင်းတာဝန်ခံကိုမွေးက ပြောသည်။

ထိုသို့ သင်္ကြန်ပိတ်ရက်တွင် အဝေးပြေးကားလက်မှတ်ဝယ်ယူရခက်ခဲခြင်း၊ လက်မှတ်ခဈေးကြီးမြင့်ခြင်းများကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း ယာဉ်လိုင်းများကို နှစ်စဉ်သတိပေးလေ့ရှိသည်။

“ဒီနှစ်လည်းယာဉ်လိုင်းတွေကို သတိပေးထားတယ်။ ရန်ကုန်မြို့နဲ့နီးတဲ့ တိုင်းဒေသကြီးတွေအတွက် ဝိုင်ဘီအက်စ်ယာဉ်တချို့နဲ့ လိုအပ်ရင်ပြေးဆွဲပေးဖို့လည်းရှိတယ်” ဟု YRTA မှ တာဝန်ရှိသူက ပြောသည်။

ယာဉ်စီးခတိုးမြှင့်တောင်းယူခြင်း၊ မမှန်ကန်သောနည်းလမ်းဖြင့် အဝေးပြေးကားလက်မှတ်ရောင်းချခြင်း မပြုလုပ်ရန် စားသုံးသူရေးရာဦးစီးဌာနက သတိပေးထားပြီး ခရီးသည်များက ဆက်သွယ်တိုင်ကြားရန် ကြေညာထားသည်။

သို့သော် အဝေးပြေးကားခကို လက်မှတ်တွင် ပုံမှန်ဈေးနှုန်းသာရေးပြီး ခရီးသည်နှင့်နှုတ်ဖြင့် သဘောတူညီချက်ယူ၍ ဈေးတင်ရောင်းချခြင်းကြောင့် သက်သေအထောက်အထားနှင့် တိုင်ကြားရန် မလွယ်ကြောင်း ခရီးသည်အချို့က ဆိုသည်။

သင်္ကြန်ပိတ်ရက်အတွက် ခရီးသည်များအနေဖြင့် အဝေးပြေးကားလက်မှတ်များ ဝယ်ယူရခက်သည့်ပြဿနာများရှိသကဲ့သို့ အဝေးပြေးရထား လက်မှတ်လည်း ဝယ်ယူရခက်ခဲလေ့ရှိသည်။

ယင်းပိတ်ရက်များတွင် ရထားအစီးရေ တိုးမြှင့်ပြေးဆွဲပေးသော်လည်းခရီးသွားအရေအတွက်နှင့် မျှတမှုမရှိသဖြင့် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းဝယ်ယူရသည့်အခက်အခဲများကို ရထားစီးခရီးသည်များလည်း ကြုံတွေ့ရခြင်းဖြစ်သည်။

## ယခင်နှစ်ထက် မဏ္ဍပ်လျော့သွားသည့် ရန်ကုန်သင်္ကြန်

သင်္ကြန်မဏ္ဍပ်အများအပြားဆောက်လုပ်၍ စည်ကားလေ့ရှိသည့် ရန်ကုန်သင်္ကြန်ပုံရိပ်များသည် ဒီချုပ်အစိုးရတက်လာပြီးအချိန်ကစ၍အသွင်ကူးပြောင်းလဲခဲ့သည်။

ယခင်က သင်္ကြန်မဏ္ဍပ်များဖြင့် အစည်ကားဆုံးဖြစ်ခဲ့သည့် ကမ္ဘာအေးဘုရားလမ်း၊ အင်းလျားလမ်း၊ ကန်တော်ကြီးကန်ပတ်လမ်းများတွင် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ခွင့်ကို အစိုးရသစ်တက်လာပြီးနောက် ခွင့်မပြုခဲ့ပေ။

အစိုးရသစ်စတင်တာဝန်ယူသည့် ၂၀၁၆ တွင် စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခြင်းများခွင့်မပြုခဲ့ဘဲ ယမန်နှစ်သင်္ကြန်မှသာ ပြန်လည်ဖြေလျှော့ခွင့်ပြုပေးခဲ့သည်။

သို့သော် ယခင်နှစ်များက ရန်ကုန်သင်္ကြန်ပုံရိပ်အတိုင်း ပြန်လည်ရရှိခြင်းမရှိဘဲ စည်ကားမှုလျော့နည်းခဲ့သည်။

ယခုနှစ်တွင် ကမ္ဘာအေးဘုရားလမ်း၊ အင်းလျားလမ်း၊ ကန်တော်ကြီး ကန်ပတ်လမ်းတို့တွင် သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့်ကို ဆက်လက်ခွင့်ပြုခြင်းမရှိသော်လည်း အခြားနေရာများတွင် အချိန်မီဆောက်လုပ်နိုင်ရန်ဟု ဆိုကာ မတ်လဆန်းကတည်းက ဆောက်လုပ်ခွင့်လျှောက်လွှာများ လက်ခံခဲ့ပြီး မတ်လမကုန်ခင် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည်။

ထိုသို့အချိန်စော ခွင့်ပြုပေးခြင်းဖြင့် သင်္ကြန်မဏ္ဍပ်များ ယခင်ကထက်ပို၍ ဆောက်လုပ်လာနိုင်မည်ဟု တိုင်းဒေသကြီးအစိုးရက ရည်ရွယ်ခဲ့သော်လည်း အမှန်တကယ် ဆောက်လုပ်ခွင့်လျှောက်ထားရာတွင် မူလလျာထားသည့်အရေအတွက်ထက်ပင် လျော့နည်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရသည် သင်္ကြန်မဏ္ဍပ် ၃၅ ခု ဆောက်လုပ်ခွင့်ပေးရန် မူလလျာထားသော်လည်း နောက်ဆုံးလျှောက်ထားခွင့်ပြုသည့်နေ့အထိ မဏ္ဍပ် ၃၁ ခုသာ ဆောက်လုပ်ခွင့်လျှောက်ထားခဲ့သည်။ ယခင်နှစ်က မဏ္ဍပ်ကြီး ၃၅ခု ရှိသည်။

“အမြဲမဏ္ဍပ်ဆောက်လုပ်နေကြသူတွေကတော့ မနေနိုင်လို့လုပ်ကြတာ။ ဟိုအရင်နှစ်တွေလောက်တော့ ပြိုင်ဆိုင်တက်ကြွမှု သိပ်မရှိကြဘူး။ ဒီနှစ်လည်း စည်ကားမှုနည်းဦးမယ်လို့ထင်တယ်” ဟု နှစ်စဉ်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်လေ့ရှိသူတစ်ဦးက ပြောသည်။

သင်္ကြန်မဏ္ဍပ်ဆောက်လုပ်မှု လျော့နည်းခြင်းသည် ဆောက်လုပ်ခွင့်လျှောက်ထားသူများအပေါ် မူတည်နေပြီး အစိုးရအနေဖြင့် ဖြေလျှော့ခွင့်ပြုပေးနေသည်ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ဆိုသည်။

“သင်္ကြန်မဏ္ဍပ်လျှောက်တာ နည်းတာက သူတို့အပေါ်မှာမူတည်တာ။ ကျွန်တော်ကသင်္ကြန်မဏ္ဍပ်အတွက် ခွင့်ပေးတာတွေရှိတယ်။ ဒီလိုပဲနည်းတတ်တယ်” ဟု ၎င်းကမတ်လ ၂၇ ရက်တွင် သတင်းထောက်များအား ပြောသည်။ မဏ္ဍပ်ရေကစားခွင့် လက်မှတ်ဈေးနှုန်းများမှ ယခင်နှစ်များနှင့် သိသာစွာပြောင်းလဲမှုမရှိပေ။

ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များတွင် တစ်ရက်ရေကစားခနှုန်းကျပ်တစ်သောင်းခန့်ကစ၍ ပါဝင်သည့်ဝန်ဆောင်မှုအပေါ် မူတည်ကာ ကျပ်ငါးသောင်းအထိရှိကြောင်းမဏ္ဍပ်ဆောက်လုပ်သူအချို့ကဆိုသည်။

ယခုနှစ်ရန်ကုန်သင်္ကြန်တွင် တစ်မူထူးခြားစွာ ထည့်သွင်းထားသည့် စီအစဉ်သည် အင်းလျားလမ်းတွင် လမ်းလျှောက်သင်္ကြန်ပြုလုပ်ရန် စီစဉ်ထားသည်။

ယခင်နှစ်များက ရေကစားမဏ္ဍပ်ကြီးများနှင့် စည်ကားလေ့ရှိသည့် အင်းလျားလမ်းကို အသွင်သစ်ဖြင့် လည်ပတ်သူများကို ဆွဲဆောင်ရန် ပြင်ဆင်လာခြင်းဖြစ်သည်။

## သင်္ကြန်ကား အငှားဈေးကွက်အေးစက်

ရေကစားမဏ္ဍပ်အရေအတွက်နည်းပါးခြင်းကြောင့်သင်္ကြန်ရေပက်ခံကားအငှားဈေးကွက်ကို အဓိကရိုက်ခတ်စေခဲ့သည်။

လွန်ခဲ့သည့်သုံးနှစ်ခန့်က သင်္ကြန်ရေပက်ခံကား အငှားဈေးကွက်သည် သင်္ကြန်မတိုင်မီ တစ်လခန့်အလိုကတည်းက ကြိုတင်ငှားရမ်းသူများဖြင့် မြိုင်ဆိုင်ခဲ့သော်လည်းမဏ္ဍပ်ဆောက်လုပ်မှုလျော့နည်းပြီးနောက် ယင်းဈေးကွက်ပါကျဆင်းခဲ့သည်။

မဏ္ဍပ်ဆောက်လုပ်သည့်အရေအတွက် လျော့နည်းခြင်းနှင့်အတူ လည်ပတ်ရန် နေရာနည်းပါးခြင်းကြောင့် ကားငှားရမ်း ရေပက်ခံထွက်မှု ကျဆင်းခြင်းဖြစ်သည်။

“အခုအထိကို လာငှားတာမရှိသေးဘူး။ တချို့စုံစမ်း၊ ဈေးမေးတာမျိုးတော့ရှိတယ်။ သင်္ကြန်ကပ်ရင်တော့ ဘယ်လိုနေမယ်မသိဘူး” ဟု နှစ်စဉ်ရေပက်ခံကားနှစ်စီးဖြင့် အငှားလိုက်သူ ဦးဝင်းမြင့်က ပြောသည်။

သင်္ကြန်ကားအငှားဈေးကွက်တွင် ယခင်နှစ်များကအတိုင်း လိုက်ထရပ်နှင့်ဟိုက်ဂျက်ယာဉ်များက ရေပက်ခံထွက်ရန် သုံးစွဲမှုအများဆုံးအဖြစ် ဆက်လက်ရပ်တည်နေသည်။

ယင်းကားများ၏ သင်္ကြန်အတွင်း တစ်ရက်ငှားရမ်းခ ကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေါက်ဈေးရှိနေကြောင်း ယာဉ်ပိုင်ရှင်များကဆိုသည်။

“ဈေးနှုန်းကတက်လို့မရဘူး။ ငှားမယ့်သူနည်းရင်ထပ်တောင်လျှော့နိုင်သေးတယ်” ဟု မြောက်ဥက္ကလာပမြို့နယ်မှ သင်္ကြန်ကားအငှားလိုက်သူ ဦးညိုကြီးက ပြောသည်။

ရန်ကုန်တွင် မဏ္ဍပ်ဆောက်လုပ်မှု လျော့နည်းသဖြင့် သင်္ကြန်ရက်များအတွင်း ရေပက်ခံထွက်ခြင်းထက် ခရီးထွက်သူသာ ပိုများလာသည်။

“၂ နှစ်ဆက်တိုက်ပဲသူငယ်ချင်းတွေ သင်္ကြန်မှာ ခရီးထွက်ဖြစ်တယ်။ ရန်ကုန်သင်္ကြန်က အရင်လိုလည်လို့မကောင်းတော့တာ” ဟု ကုမ္ပဏီဝန်ထမ်းကိုစိုးသိန်းအောင်က ပြောသည်။

ထို့ကြောင့် သင်္ကြန်ရေပက်ခံကားထက် ခရီးသွားစင်းလုံးငှားကားဈေးကွက်ကပို၍ အလုပ်ဖြစ်ခဲ့သည်ဟု ကားအငှားဝန်ဆောင်မှုလုပ်ငန်းများကဆိုသည်။

“သင်္ကြန်ရက်ဖြတ်သန်းပုံပြောင်းလဲလာတာကြောင့်ပေါ့။ အဲဒီရက်တွေအတွက်ကားတွေအကုန်ပြည့်သွားပြီ” ဟု ရွှေခရီးကားအငှားဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော် သင်္ကြန်ရေပက်ခံကားအငှားလိုက်သူများအနေဖြင့် သင်္ကြန်မတိုင်မီအထိ ငှားရမ်းမည့်သူကို ယခင်နှစ်အတိုင်းစောင့်ဆိုင်းရနေဆဲဖြစ်သည်။

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



# သင်္ကြန်ပိတ်ရက်အပြီးတွင် အနည်းဆုံးအခကြေးငွေ ပြန်လည်သုံးသပ်မှုဆိုင်ရာ အစည်းအဝေးများ ပြုလုပ်မည်




*၂၀၁၈ ကပြုလုပ်သည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲ*

ဓာတ်ပုံ – မိုးမင်း

**မိုးမင်း**

**ရန်ကုန်၊ ဧပြီ-၁**

သင်္ကြန်ပိတ်ရက်အပြီးတွင် အနည်းဆုံးအခကြေးငွေ ပြန်လည်သုံးသပ်မှုဆိုင်ရာ အစည်းအဝေးများပြုလုပ်ရန်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

အနည်းဆုံး အခကြေးငွေ နှုန်းထားကို သတ်မှတ်ကာလအတွင်း ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများကို စောစီးပြုလုပ်ရန်စီစဉ်နေကြောင်း ဆိုသည်။

“လက်ရှိ အမျိုးသားကော်မတီက သက်တမ်းကျန်သေးတော့ အသစ်ထပ်ဖွဲ့စရာ မလိုဘူး။ သင်္ကြန်အပြီးလောက်တော့ တွေ့ဖြစ်မှာပါ။ အဲဒါကျရင် တောက်လျှောက်တွေ့ဆုံမှုတွေ ရှိလာမယ်” ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

အနည်းဆုံးအခကြေးငွေကို ယမန်နှစ် မေလကပြင်ဆင်သတ်မှတ်ပြီး ယင်းနောက်ပိုင်းအနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးများ ပြုလုပ်ခြင်း မရှိတော့ဟု ယင်းကော်မတီအဖွဲ့ဝင်အချို့က ဆိုသည်။

အနည်းဆုံး အခကြေးငွေ နှုန်းထားကို ၂ နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်ကြောင်း ဥပဒေတွင်ပြဋ္ဌာန်းထား၍ ယင်းနှုန်းထားသတ်မှတ်ပြီး တစ်နှစ်အကြာ ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း ၎င်းတို့က ပြောသည်။

“အမှန်ဆိုရင် အခုအချိန်လောက်ကတည်းက ကုန်ဈေးနှုန်းစစ်တမ်းကောက်ယူတာတွေ၊ လက်ရှိအနည်းဆုံးအခကြေးငွေနှုန်းထားနဲ့ လုပ်သားတွေ လုံလောက်မှု ရှိ၊ မရှိဆိုတာတွေကို ပြန်သုံးသပ်နေရမှာ။ အဲဒီလိုမှ မဟုတ်ရင် အနားနီးမှ အသည်းအသန်လုပ်ပြီး အချိန်မီ မသတ်မှတ်နိုင်တာမျိုး ရှေ့မှာလည်း နှစ်ကြိမ်ကြုံခဲ့ရပြီးပြီလေ”ဟု အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ဦးနော်အောင်က ဆိုသည်။

ထိုသို့အနည်းဆုံးအခကြေးငွေပြန်လည်သုံးသပ်မှုဆိုင်ရာ အစည်းအဝေးများ ပြုလုပ်ရန် စီစဉ်နေသော်လည်း တရားဝင်အကြောင်းကြားခြင်းမရှိသေးဟု၎င်းကပြောသည်။

အနည်းဆုံး အခကြေးငွေ နှုန်းထားကို ၂၀၁၅ က တစ်ရက်လုပ်ခ ကျပ် ၃,၆၀၀ နှုန်းသတ်မှတ်ခဲ့ပြီး ၂၀၁၈ မေလက တစ်ရက်လုပ်ခကျပ် ၄,၈၀၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

တတိယအကြိမ် နှုန်းထားအသစ်ကို သတ်မှတ်အချိန်အတွင်း ကြေညာနိုင်ရန် ပြန်လည်သုံးသပ်မှုများကို ကြိုတင်ပြုလုပ်မည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားထားသည်။

လက်ရှိတွင် အနည်းဆုံးအခကြေးငွေနှုန်းထားကို ကျပ် ၅,၆၀၀ရယူလိုကြောင်းစက်ရုံလုပ်သားများက တောင်းဆိုနေသည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (ကျား) – ၂ ဦး၊ Sale & Marketing Supervisor (ကျား /မ) – ၂ ဦး။ အမှတ် (၁) ဘုရင့်နောင်လမ်းမ၊ လှိုင်မြို့နယ်၊ ပိတောက်ချောင်းမှတ်တိုင်ရှေ့၊ ရန်ကုန်မြို့။

Ph– 01-683387၊ 01– 530203

---

**ဝန်ထမ်းအလိုရှိသည်**

၃၆ ထိပ်တန်းကျော်ဆေးဆိုင်တွင် ဆေးဝါးကျွမ်းကျင်အရောင်းဝန်ထမ်း မ(၂) ဦး အလိုရှိသည်။ အသက်(၂၀)မှ (၃၅) နှစ်အတွင်း၊ ရေရှည်လုပ်ကိုင်နိုင်သူ၊ ရိုးသားကြိုးစားပြီး အလုပ်လုပ်ချင်စိတ်ရှိသူ၊ ဆေးဝါးကျွမ်းကျင် အောင်လက်မှတ်ရှိသူ၊ လုပ်သက်(၁)နှစ်၊ ကျောက်တံတားမြို့နယ်တွင် တာဝန်ထမ်းဆောင်ရမည်။

Ph– 09– 250793247

---

**ဝန်ထမ်းအလိုရှိသည်**

မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံမှု အခွန်ဆိုင်ရာ ရှေ့နေအကြံပေးအလိုရှိသည်။ အသက် (၅၀)နှစ်အောက် (ကျား/မ မရွေး)၊ တက္ကသိုလ်ဘွဲ့ရနှင့်အထက်၊ တရုတ်စကားပြောတတ်ရမည်။ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ။

Ph– 09– 258132657

---

**ဝန်ထမ်းအလိုရှိသည်**

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်ကိစ္စဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်စုံစမ်းခြင်းတာဝန် လုပ်ဆောင်ရပါမည်။ Microsoft Word, Excel, Powerpoint ကျွမ်းကျင်၊ ပြောဆိုနိုင်စွမ်းကောင်းသူနှင့် သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ၊ တစ်လ ၄ ရက် အလုပ်နားရမည်။ No.47 B2၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

Ph– 09– 258132657

---

**ဝန်ထမ်းအလိုရှိသည်**

ကျောင်းသုံး ဗလာစာအုပ်ရောင်းချရန် Marketing ကျား/မ(၅)ဦး အလိုရှိသည်။ ပညာအရည်အချင်း ၁၀ တန်း၊ လစာ– ၂၀၀,၀၀၀ိ/။

Ph– 09–790670489

---

**ဝန်ထမ်းအလိုရှိသည်**

တရုတ်၊ ကိုရီးယား၊ အင်္ဂလိပ်၊ ဂျပန်၊ အီတလီ၊ ပြင်သစ်၊ ရုရှား၊ စပိန် စသောနိုင်ငံခြားဘာသာစကား သင်နိုင်သောဆရာ/မများ အလိုရှိသည်။

Ph– 09– 449021733

---

**ဝန်ထမ်းအလိုရှိသည်**

အသုပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ မ(၁)ဦး နေစားငြိမ်း၊ နယ်မှလာသူ ဦးစားပေးခန့်မည်။

Ph– 09– 43029196

---

**ဝန်ထမ်းအလိုရှိသည်**

Model သရုပ်ဆောင် ကျား/မ(၁၀)ဦး၊ အသက်(၁၅)နှစ်မှ (၂၅)နှစ်အတွင်း၊ အိမ်ထောင်မရှိသူ (လူပျို/အပျို)၊ အနုပညာလှုပ်ရှားမှုများ လုပ်ကိုင်နေသူ၊ လုပ်ကိုင်ဖူးသူများ၊ အခြား Agency သင်တန်းများတွင် တက်ရောက်ဖူးသူများမဖြစ်ရ။

Ph– 09– 791950087

---

**ဝန်ထမ်းအလိုရှိသည်**

ရုံးဝန်ထမ်း ကျား(၄)ဦး (Computer Word, Excel သုံးနိုင်ရမည်)၊ အထွေထွေဝန်ထမ်း ကျား(၁၀)ဦး (အသက် ၁၈–၃၀ နှစ်)၊ Driver ကျား(၃)ဦး (အသက် ၂၅–၄၀ နှစ်)။

Ph– 01– 209290

အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x2")ထက် မကြီးသော အရွယ်အစားဖြင့် လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ် ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကို အသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 · APRIL 3 , 2019

စာမျက်နှာ ၁၇ မှ

# ခြေဥပြင်နိုင်ရေး အဓိကသော့ချက်

ဥပဒေမပြင်ဖို့ တစ်ခါမှ မပြောခဲ့ဖူးဘူး”ဟုယခုနှစ်ဆန်းပိုင်းတွင် ပြောကြားထားသည်။

သို့သော် ပြင်သင့်ပြင်ထိုက်သည့်အချိန်နှင့် ပြင်သင့်ပြင်ထိုက်သော ပုဒ်မများဆိုသည့်စကားရပ်များ၏အနက်အဓိပ္ပာယ်သည် ရှင်းလင်းတိကျစွာ မသိရသေး။ လက်ရှိအခြေအနေတွင် တပ်မတော်ခေါင်းဆောင်ဟောင်းများ တည်ထောင်သည့် ပြည်ခိုင်ဖြိုးပါတီမှ ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသည့် အခြေခံဥပဒေပုဒ်မ ၂၆၁ (တိုင်း/ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်ခွင့်ဆိုင်ရာ ပုဒ်မ)တစ်ခုကိုသာ တပ်မတော်ဘက်ကမီးစိမ်းပြထားသည်ကို တွေ့ရသည်။

အထက်ပါ ပြင်ဆင်ချက်သည် တိုင်းရင်းသားများ၏လိုလားချက်တစ်ခုဖြစ်သည်မှာ မှန်သော်လည်း ထိုတစ်ချက်တည်းဖြင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးခြေလှမ်းများက ကာမိနိုင်မည်မဟုတ်ပါချေ။

ထိုအခြေအနေတွင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလအနှစ်သာရများ ယိုင်နဲ့မသွားစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် ၎င်းတို့၌ တာဝန်ရှိသည်ဟု တပ်မတော်က ဆိုထားပြန်၏။

### ဖြစ်နိုင်ခြေ

ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇိုဇမ်က ဒီချုပ်နှင့် တပ်မတော်တို့၏အခြေခံဥပဒေပြင်ဆင်ရေးအထက်ပါဆောင်ရွက်ချက်၊ ပြောဆိုချက်များသည် နိုင်ငံရေးကစားရန်သာ ရည်ရွယ်ခြင်းဖြစ်ပါက အောင်မြင်မည်မဟုတ်ကြောင်း ပြောသည်။

“ကစားကွက်တစ်ခုအနေနဲ့ အခြေခံဥပဒေကို အသုံးချနေကြတာဆိုရင် အဲဒီဟာပေါ်မှာ ကစားနေတဲ့သူအားလုံးကို ကျွန်တော်ပြောတာပါ။ ဘယ်ပါတီ၊ ဘယ်အဖွဲ့ကိုမှ မပြောဘူး။ ကျွန်တော်ထင်တယ် ဘယ်လိုမှ မအောင်မြင်နိုင်ဘူး”ဟု ၎င်းက ဆိုသည်။

မျှော်လင့်မထားသောအချိန်တွင် ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံပြင်ရေး စနက်တံကို ဆွဲဖြုတ်ခဲ့သည့် ဒီချုပ်ကမူ ၎င်းတို့၏ ပြင်ဆင်ရေးမျှော်လင့်ချက်အောင်မြင်ရန်ယုံကြည်ကြောင်းတထစ်ချ ပြောနေသည်။ လွှတ်တော်တွင်း အနည်းစုပါတီဝင်အမတ်များနှင့် လွှတ်တော်ပြင်ပ နိုင်ငံရေးအင်အားစုများကမူ လက်ရှိ အခြေအနေအတိုင်းရှေ့ဆက်ပါက အောင်မြင်ရန် ရာခိုင်နှုန်းနည်းမည်ဟု သုံးသပ်သည်။

“တစ်ဖက်နဲ့တစ်ဖက်အလုပ်လုပ်သာလောက်တဲ့ ယုံကြည်မှုမျိုး ပြန်မတည်ဆောက်နိုင်ဘူးဆိုရင်တော့ အခုလုပ်နေတာတွေ အကုန်လုံးက သဲထဲရေသွန်ဖြစ်ဖို့များပါတယ်”ဟု လွှတ်တော်လေ့လာစောင့်ကြည့်သူ ကိုထင်ကျော်အေးက ပြောသည်။

ထို့ကြောင့် ထိပ်တိုက်ရင်ဆိုင်မည့် အခြေအနေကို ရှောင်ရှား၍ ပြင်ဆင်ရန် လွယ်ကူမည့် အချက်များမှ စတင်ရေး တိုက်တွန်းသံများ ပိုမိုကျယ်လောင်လာသည်။ လက်ရှိအကျပ်အတည်းကို အဓိကခေါင်းဆောင်နှစ်ဦးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ကြား နိုင်ငံရေးပဋိညာဉ်ရယူကာ ဖြေရှင်းရန် စာရေးဆရာကျော်ဝင်းက တိုက်တွန်းသည်။

ဖက်ဒရယ်အရေး၊ ဒီမိုကရေစီရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးဟူသော ဆောင်းပါးဖြင့် အပိုင်းသုံးပိုင်းခွဲ၍ စာရေးဆရာကျော်ဝင်းက တွက်ချက်ပြသည်။ လက်တွေ့အလုပ်လုပ်ရင်း ပြင်ဆင်သင့်သည်ဟု အများလက်ခံလာသော အချက်များကို လွှတ်တော်လမ်းကြောင်းမှ ပြင်နိုင်ဖွယ်ရှိသည်ဟုဆိုသည်။

ဖက်ဒရယ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုမူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်နေသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ တစ်ဆင့် ပြင်ရန် တိုက်တွန်းသည်။ အထက်ပါအုပ်စုနှစ်ခုကို ပြင်ဆင်ပြီးနောက် အပြန်အလှန် ယုံကြည်မှု အားကောင်းလာချိန်တွင် ဒီမိုကရေစီဆိုင်ရာ ပြဋ္ဌာန်းချက်များကို အလွယ်တကူ ပြင်ဆင်နိုင်လိမ့်မည်ဟု ဆရာကျော်ဝင်းက သုံးသပ်သည်။

ထို့အတူ လွှတ်တော်တွင်း တပ်မတော်သားများပါဝင်မှုကို အပြန်အလှန် ယုံကြည်မှုဖြင့် လျှော့ချနိုင်ခဲ့သော အင်ဒိုနီးရှား ဥပမာကို နမူနာယူရန် အကြံပြုမှုများလည်း ရှိသည်။ အင်ဒိုနီးရှားသည် အရပ်ဘက်–စစ်ဘက် ခေါင်းဆောင်များကြား နားလည်မှုတည်ဆောက်နိုင်ခြင်းကြောင့် လွှတ်တော်၌ တပ်မတော်နှင့် လုံခြုံရေးနယ်ပယ်မှ တိုက်ရိုက်ခန့်အပ်မှုများကို ပယ်ဖျက်နိုင်ခဲ့သည်။

ထို့အပြင် နှစ်(၅၀)ခန့် တည်တံ့ခဲ့သော အင်ဒိုနီးရှားဖွဲ့စည်းပုံ အခြေခံဥပဒေကို ၁၉၉၉ မှ ၂၀၀၂ အထိ လေးနှစ်အတွင်း အဆင့်လေးဆင့်ဖြင့် ပြင်ဆင်ရေးဆွဲနိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်း၏အဓိကအကြောင်းပြချက်သည် အရပ်ဘက်–စစ်ဘက် နားလည်မှုတည်ဆောက်နိုင်သောကြောင့်ဟု နိုင်ငံရေးလေ့လာသူများက ထောက်ပြသည်။

မြန်မာ့နိုင်ငံရေးတွင်မူ ထိုသို့ အပြန်အလှန် နားလည်မှုတည်ဆောက်ထားနိုင်ခြင်း မရှိသေးကြောင်း ဖွဲ့စည်းပုံပြင်ရေးအငြင်းပွားမှုများကသက်သေပြနေသည်။ ဒီချုပ်က အခြေခံဥပဒေပြင်ဆင်နိုင်ရေး အင်အားစုအသီးသီး၏ သဘောထားများ ပါဝင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်၌ ပူးပေါင်း ကော်မတီဖွဲ့သည်ဟု ပြောနေသော်လည်း အာဏာရပါတီသည် အများစုအင်အားဖြင့် လွှတ်တော်တစ်ခုလုံးကို လိုသလို ပုံဖော်ရန် ကြိုးပမ်းနေကြောင်း တပ်မတော်နှင့် ပြည်ခိုင်ဖြိုးအမတ်များက စွပ်စွဲနေသည်။



နေပြည်တော်တွင် မတ် ၃၁ ရက်က ပြုလုပ်သည့် အခြေခံဥပဒေပြင်ဆင်ရေးလူထုလှုပ်ရှားမှုသို့လာရောက်သူများ

တစ်ဖန် ဒီချုပ်၏ပူးပေါင်းကော်မတီဖွဲ့စည်းရေးမူကို ကန့်ကွက်သော တပ်မတော်၊ ပြည်ခိုင်ဖြိုးနှင့် လူနည်းစုအမတ်အချို့က ပုဒ်မ ၂၆၁ ပြင်ဆင်ချက်ကို တင်သွင်းသည်။ ဒီချုပ်ဦးဆောင်သည့် လွှတ်တော်က ၎င်းတို့ဦးဆောင်ဖွဲ့စည်းသော၄၅ဦးပူးပေါင်းကော်မတီ၌ ယင်းကိစ္စကို တစ်ပေါင်းတည်း ထည့်သွင်းဆွေးနွေးသင့်ကြောင်း ဆုံးဖြတ်သည့်အခါ တပ်မတော်၊ ပြည်ခိုင်ဖြိုးနှင့် လူနည်းစုမဟာမိတ်တို့က ဥပဒေနှင့်မညီဟု ကန့်ကွက်ကြသည်။

အခြေခံဥပဒေပြင်ဆင်နိုင်ရေး ပြည်ထောင်စုလွှတ်တော်၌ အဆုံးအဖြတ်ခံယူသည့် အဆင့်ပင် မရှိသေးဘဲ အကြိုဆွေးနွေးမှုများ ပြုလုပ်နေစဉ်ပင် အထက်ပါ ဖြစ်ရပ်များ ပေါ်ပေါက်ခြင်းဖြစ်ပြီး ပြင်ပလောက လက်တွေ့မြေပြင်၌လည်း ထောက်ခံသူ၊ မထောက်ခံသူတို့၏ဆန္ဒဖော်ထုတ်အင်အားပြသည့် လှုပ်ရှားမှုများကလည်း အပြိုင်အဆိုင်ဖြစ်နေပြန်၏။

ထိုအခြေအနေသည် ထိပ်ပိုင်းပုဂ္ဂိုလ်များအကြား ညှိနှိုင်းမှုမပြေလည်ခြင်းကြောင့် ပေါ်ပေါက်လာခြင်းသာဖြစ်ကြောင်း မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု့ဒ် အမှုဆောင်ဒါရိုက်တာ ဦးမင်းဇင်က ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် သုံးသပ်ထားသည်။

“ထိပ်ပိုင်းဆိုင်ရာ ထီးရိပ်နန်းရိပ်မှာ ရှိတဲ့ ပုဂ္ဂိုလ်အချင်းချင်း ညှိလို့မရလို့ ဒီလိုအပြင်ကို လျှံထွက်လာတာလို့ ကျွန်တော်တို့က သုံးသပ်လို့ရတယ်”ဟု ၎င်းက ပြောသည်။

၈၈ မျိုးဆက်များနှင့် ဒီမိုကရက်တစ်အင်အားစုအချို့က လွှတ်တော်တွင်းဖွဲ့စည်းပုံပြင်ရေး ဆောင်ရွက်မှုအပေါ် ဥပဒေနှင့်ညီ၊ မညီ အပြန်အလှန် ငြင်းခုံနေသော်လည်း ထိုကိစ္စသည် ဥပဒေဆိုင်ရာ ပြဿနာမဟုတ်ဘဲ နိုင်ငံရေးပြဿနာသာ ဖြစ်ကြောင်း ထောက်ပြသည်။

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ဟောင်း ဦးမြအေးအပါအဝင် လူ ၂၀ ခန့်ပါဝင်သော ဒီမိုကရက်တစ်အင်အားစုအချို့က ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ အထက်ပါသဘောထား ထွက်ပေါ်လာသည်။

လက်ရှိဆောင်ရွက်နေသော အခြေခံဥပဒေပြင်ဆင်ရေးနည်းလမ်းအားလုံး၏အဆုံးသတ်တွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းက ထောက်ခံ (သို့မဟုတ်) ကန့်ကွက်မဲပေးရန် စောင့်ကြိုနေမည်ဖြစ်ရာ တပ်မတော်၏ထောက်ခံမှုမရပါက အောင်မြင်ရန် အခွင့်အလမ်းနည်းသည်ဟု ၎င်းတို့က သုံးသပ်ထားသည်။

ထို့အတူ အဆိုပါကိစ္စသည် နိုင်ငံရေးပြဿနာဖြစ်၍ အကျပ်အတည်း ဖြေရှင်းနိုင်ရန် မည်မျှအချိန်ယူရနိုင်သည်ဆိုသည်မှာလည်း ကံသေကံမတွက်ချက်နိုင်ခြေမရှိဟု ယူဆထားသည်။

“နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် ပြင်ဆင်ရေးမှာ အဓိကကျတဲ့ အင်အားစုက ဒီကနေ့သဘောတူညီချက်ရရင် မနက်ဖြန်ပြင်လို့ရတယ်”ဟု ဦးမြအေးက ဆိုသည်။

စာမျက်နှာ ၁၀ မှ

# မကုသနိုင်သေးသော ဆရာဝန်မလုံလောက်မှု ပြဿနာ

“ဒီမှာတော့ လူ့စွမ်းအားဆုံးရှုံးသွားတာပေါ့။ ဒါမကောင်းတဲ့အချက်ပေါ့နော်။ ကောင်းတဲ့အချက်ကျတော့ ရလာတာကို မိသားစုကို ပြန်ပေးရင်၊ ပြီးတော့ အဲဒီလူက အတွေ့အကြုံ၊ နည်းပညာရလာတာကို ဒီဘက်မှာ ပြန်လာပြီး အလုပ်လုပ်ရင်တော့ တိုင်းပြည်အတွက် အကျိုးရှိတာပေါ့”ဟု ဒေါက်တာမျိုးဆက်သွေးက ဆိုသည်။

ယင်းသို့လက်ထောက်ဆရာဝန်များ ထွက်ရုံမျှမက လုပ်သက်ကိုးနှစ်ကျော်၊ ၁၀ နှစ်ခန့်ရှိသည့် ကုသရေးဦးစီးဌာနမှ ရာထူးအတော်အတန်မြင့်သည့် ဆရာဝန်ကြီးတစ်ဦးပင် ယခုနှစ် ဇန်နဝါရီက အလုပ်ထွက်ခဲ့သည်။ ဌာန၏စနစ်ကို သဘောမကျ၍ ထွက်ခဲ့ကြောင်း အဆိုပါဆရာဝန်ကြီးက ပြတ်သားစွာ ပြောသည်။

“စီမံခန့်ခွဲမှုမှာ အားနည်းချက်တွေ အများကြီးရှိတယ်။ အဲဒီလိုရှိလို့ပဲ အစိုးရအလုပ်ကိုဝင်ပြီးတော့မှ တစ်သက်လုံး လုပ်ပါမယ်လို့ ရည်ရွယ်ထားတဲ့သူတွေ ထွက်သွားကြတယ်။ ကျွန်တော်ဆိုရင် လူ့စွမ်းအား အရင်းအမြစ်ရဲ့ စီမံခန့်ခွဲမှုမကြိုက်လို့ထွက်တာ။ အထူးသဖြင့် ဌာနရဲ့ ဝန်ထမ်းရေးရာဌာနရဲ့ အလုပ်လုပ်နေတာကို လုံးဝမကြိုက်လို့ထွက်တာ။ လက်ကိုမခံနိုင်လို့ ထွက်တာ”ဟု ၎င်းက ပြောသည်။

ထိုသို့ အလုပ်ထွက်သူများလာပြီး ယင်းလစ်လပ်နေရာများကို ပြန်လည်မဖြည့်နိုင်သောအခါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးကို ထိခိုက်လာနိုင်ကြောင်း ဆေးပညာအသိုင်းအဝိုင်းက ထောက်ပြသည်။

“ထွက်တာကပြဿနာမရှိဘူး။ ထွက်တဲ့သူတွေ ဘာကြောင့်ထွက်သွားလဲဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်မှုမလုပ်ဘူး။ အေး... ဘာဖြစ်လဲ မင်းတို့ထွက်သွားရင် ငါတို့ထပ်မွေးမယ်။ ထပ်မွေးပြန်တော့လည်းမဝင်ဘူး။ မဝင်တော့လည်း ဘာလို့မဝင်တာလဲဆိုတဲ့ လေ့လာဆန်းစစ်အဖြေထုတ်တာကို လုံးဝမလုပ်ဘူး။ အဲဒါဌာနရဲ့ အဆိုးရွားဆုံးအချက်ပဲ”ဟု အစိုးရအလုပ် ၁၀ နှစ်ခန့် လုပ်ခဲ့သည့် ဆရာဝန်ကြီးက ဆိုသည်။ အချုပ်ဆိုရသော် အလုပ်ခွင်ပျော်ရွှင်မှုလျော့ကျပြီး ဖိအားများ ပြည့်နှက်နေပြီလားဆိုသည်ကို တာဝန်ရှိသူများ ဆန်းစစ်ရန်လိုပြီဖြစ်သည်။ အဆင်မပြေမှုများကြောင့် လုပ်ငန်းခွင်မှစွန့်ခွာခဲ့သည့် ဒေါက်တာမင်းမင်းကဲ့သို့ ဆရာဝန်ဦးရေသည် ရာခိုင်နှုန်းမည်မျှရှိနေသည်နှင့် ၎င်းတို့ အလုပ်ထွက်ရသည့် အကြောင်းရင်းများကို လေ့လာသုတေသနပြုရန် လိုအပ်နေပြီဖြစ်သည်။

“ထပ်တိုးချပေးရမယ်။ ဒါပေမဲ့ သမင်မွေးရင်းကျားစားရင်းဖြစ်နေတာ သူတို့ပျော်ရွှင်လာအောင် အလုပ်ထဲမှာ လုပ်ခလစာတွေပေးဖို့က အဓိကမဟုတ်ဘူး။ သာယာတဲ့ ပတ်ဝန်းကျင်ဖြစ်လာအောင် ပေးထားရမှာပေါ့။ သူတို့သည် ဒီပတ်ဝန်းကျင်မှာ နေရတာ သူတို့ကိုယ်သူတို့ တန်ဖိုးထားလာမယ်၊ သူတို့ကိုယ်သူတို့ ပျော်ရွှင်လာမယ်။ သူတို့ကို ချစ်ခင်လာတဲ့ ပတ်ဝန်းကျင်ဖြစ်လာရင် ဆရာဝန်တွေလည်း ပျော်လာမှာပေါ့။ ဒီလိုလုပ်ပေးနိုင်ရင် အလုပ်ထွက်နှုန်းတွေလည်း လျော့နည်းလာနိုင်တယ်”ဟု ဒေါက်တာနန္ဒဝင်းက အကြံပြုသည်။

ထိုသို့မဟုတ်ပါက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို များစွာထိခိုက်နိုင်ပြီး ဒေါက်တာမင်းမင်းကဲ့သို့ လုပ်ငန်းခွင်ကို ကျောခိုင်းသွားသည့်မျိုးဆက်သစ်ပေါင်းများစွာ ဆုံးရှုံးနေဦးမည်ဖြစ်သည်။

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

# မြို့သစ်တွေက တိုးပွားဆဲ၊ အိမ်ရာတွေက ရှားပါးဆဲ

မြင့်မိုရ်ဆွေ




မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရသစ် လက်ထက်၌ မြို့သစ်တည်ဆောက်မှုများ တဖြည်းဖြည်း တိုးပွားများပြားလာကြောင်းနှင့် မြို့သစ်တည်ရာတွင် ပြည်တွင်းသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုများပင် ပါဝင်လာကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပေသည်။ မြို့သစ်များ၏ ဂုဏ်အင်္ဂါများ ပိုမိုဆန်းသစ်လာသကဲ့သို့ အစိုးရနှင့် အကျိုးတူဆောင်ရွက်ပုံနည်းလမ်းများမှာလည်း လွန်စွာ ထွေပြားလှပေသည်။ Green City, Eco-City, Green and Eco-City, Smart City, Resort City စသည်ဖြင့် ခေတ်နှင့်အညီ အရည်အသွေးအသစ်များ ပြောင်းလဲတည်ဆောက်ရန်နှင့် အဆင့်မြှင့်တင်တည်ဆောက်ရန်အတွက် အပြိုင်အဆိုင်အမည်နာမသစ်များ ဖော်ညွှန်းလာကြ၏။ လက်တွေ့အားဖြင့် မည်သည့်အတိုင်းအတာအထိအကောင်အထည်ဖော်နိုင်မည်ဆိုသည်ကိုမူ ပိတ်ကားပေါ်တွင် ဆက်လက်ကြည့်ရှုကြရဦးမည်ဖြစ်၏။ အကောင်အထည်ဖော်မှုအပိုင်းတွင် အချို့စီမံကိန်းများကို ပြည်ထောင်စုအစိုးရက တာဝန်ယူအကောင်အထည်ဖော်ကြောင်းနှင့် အချို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရက အကောင်အထည်ဖော်ကြောင်း တွေ့ရှိရပေသည်။

မြို့သစ်များတည်ဆောက်ရာတွင် မည်သူတို့၏အကျိုးစီးပွားကို ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ပါသနည်းဟူသော မေးခွန်းကို ဦးစွာဖြေဆိုသင့်၏။ 'ပြည်သူတို့၏ နေရေး'အကျိုးစီးပွားကို အဓိကထား၍ တည်ဆောက်သည်ဟု ဆိုလျှင် ယေဘုယျအားဖြင့် မှန်ကန်သော အဖြေရပြီဟု ဆိုနိုင်၏။ သို့သော် 'ပြည်သူတို့၏ နေရေး' ကို ထပ်မံပြီး ဖွင့်ဆိုရန် လိုအပ်နေသေး၏။ နေရေးလိုအပ်ချက်ရှိသော ပြည်သူတို့တွင် ဝင်ငွေများသူ၊ ဝင်ငွေအလယ်အလတ်ရှိသူနှင့် ဝင်ငွေနည်းသူဟူ၍ ဝင်ငွေကွာခြားချက်ရှိပေရာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၌ ဝင်ငွေနည်းပြည်သူတို့သည် အရေအတွက်အများဆုံးဖြစ်သကဲ့သို့ နေရေးအခက်အခဲအများဆုံး ကြုံတွေ့နေကြရကြောင်း အထူးပြောရန်မလိုပေ။ ဥပမာအားဖြင့်စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်၌ လစဉ်ဝင်ငွေ ကွာခြားမှုလေ့လာတွေ့ရှိချက်အရ ၇၇ ရာခိုင်နှုန်းသော ပြည်သူတို့သည် လစဉ်ဝင်ငွေ သုံးသိန်းနှင့်အောက်သာရရှိကြောင်း သိရှိရပေသည်။ သို့ဖြစ်၍ စာရေးသူတို့ မြန်မာနိုင်ငံတွင် ပြည်ထောင်စုအဆင့်မှဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှဖြစ်စေ မြို့သစ်တည်ရာ၌ ဝင်ငွေနည်းပြည်သူတို့၏ နေရေးအကျိုးစီးပွားကိုဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပေသည်။ ဤသည်ကို ယထာဘူတကျသော မြို့ပြတည်ဆောက်ရေး ဓမ္မဓိဋ္ဌာန်အမြင်ဟု ဖော်ညွှန်းလိုပေသည်။

မျက်မှောက်ခေတ် မြို့သစ်တည်ဆောက်မှုများကို ခြုံ၍လေ့လာကြည့်သောအခါ အထက်ပါအမြင်အားနည်းနေသေးကြောင်း ရှုမြင်မိပေသည်။ ပထမဦးဆုံး မဲဆောက်နှင့် မြဝတီနယ်စပ်ဖြတ်ကျော်ဂိတ်မှ ၁၂ ဒသမ ၅ မိုင်ခန့်သာဝေးသော ကရင်ပြည်နယ် သောင်ရင်း မြစ်ကမ်းဘေး၌ တရုတ်မြို့အမည်တွင်သော ဧက ၂,၀၀၀ ကျယ်ဝန်းသည့် 'ရွှေကုက္ကိုမြို့သစ်'ကို လေ့လာကြည့်မိ၏။ စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံခွဲမျှအထိ များမည်ဟု ပြည်တွင်းမီဒီယာများက ဆို၏။ စားသောက်ဆိုင်၊ အလှပြင်ဆိုင်၊ ကာရာအိုကေခန်းများ၊ စစ်တန်းလျားဆန်ဆန် ယာယီအဆောက်အအုံများ၌ တရုတ်များနေထိုင်ကြောင်း၊ ဂိုဒေါင်ကြီးများ၊ စီးပွားရေးအတွက် အသုံးပြုရန်နေရာများ ပါဝင်ပြီး တရုတ်နိုင်ငံမှ ပြောင်းရွှေ့အခြေချမှုများပင်ရှိကြောင်း သိရှိရ၏။ နယ်ခြားစောင့်တပ်မှ ထိန်းချုပ်ထားသော နယ်မြေဟုလည်း သိရှိရပြန်၏။ နောင်တွင် တန်ဖိုးကြီးကြီး အဆင့်မြင့်အိမ်ရာများ၊ ဟိုတယ်ကြီးများ၊ ကာစီနိုများ၊ ဈေးဝယ်စင်တာများ၊ ဂေါက်ကွင်းများ တည်ဆောက်လာနိုင်ကြောင်းနှင့် ၎င်းစီမံကိန်းသည် ပြည်ပသို့ ကိုယ်ပိုင်ငွေကြေးလွှဲပြောင်းလိုသော တရုတ်စီးပွားရေးသမားကြီးများ၏ အစီအမံများပါဝင်ကြောင်း သတင်းကြီးသော ပဟေဠိမြို့သစ်ဟု ဆိုနိုင်၏။ MIC မှ ပြည်နယ်အစိုးရအဖွဲ့ထောက်ခံချက်အရ ခွင့်ပြုချက်ပေးထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို Jilin Yatia Group ဆိုသော တရုတ်အစိုးရပိုင် ကုမ္ပဏီက ကျောထောက်နောက်ခံပြုထားကြောင်း၊ Myanmar Yatia International Trading Company အမည်ဖြင့် မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားကြောင်းနှင့် ၎င်းကုမ္ပဏီနှင့် နယ်ခြားစောင့်တပ်ဖွဲ့ခေါင်းဆောင်တို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်ချုပ်ဆိုထားကြောင်းလည်း သိရှိရပေသည်။ မည်သို့ဆိုစေ မြို့ပြတည်ဆောက်မှုကို စည်းကမ်းဥပဒေနှင့်အညီ စနစ်တကျ ဖြစ်ထွန်းစေလိုပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားဝင်ငွေနည်းပြည်သူများ၏ နေရေးနှင့် အလုပ်အကိုင်ရရှိရေးကို ဒွန်တွဲဖြည့်ဆည်းပေးမည့်မြို့ ဖြစ်စေလို၏။ ယခုအချိန်တွင် အဆိုပါ အကျိုးစီးပွားမှာ အဓိကဖြစ်ကြောင်း သတင်းစကားမျှပင် မကြားရပေ။ မြန်မာအစိုးရ၏ အချုပ်အခြာအာဏာသက်ရောက်မှုအား စိန်ခေါ်သော လုပ်ဆောင်ချက်များကို အခြေပြုပေါ်ပေါက်သည့်အသွင်မဖြစ်အောင် ထိန်းချုပ်ပေးဖို့ လိုမည်ဟုလည်း ယူဆပေသည်။

ကရင်ပြည်နယ် မြဝတီမြို့၌လည်း DKBA မှ တည်ဆောက်သည်ဆိုသော 'ရွှေမြစ်နီမြို့သစ်'ဟူ၍ ရှိသေး၏။ တရားမဝင်တည်ဆောက်ခြင်းကြောင့် အိမ် ၃၀၅ လုံးနှင့် ခြံကွက်ပေါင်း ၇၈၆ ကွက်ကို ပြန်လည်ဖျက်သိမ်းခဲ့ရကြောင်း သိရှိရ၏။ ကရင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် မြဝတီမြို့ ပြည်သူလူထုနှင့် တွေ့ဆုံစဉ် တရားမဝင်လုပ်ဆောင်သူများအား ကြီးကြီးရင်းလျှင် ကြီးကြီးဆုံးရှုံးမည်ဟု သတိပေးပြောကြားခဲ့ရသည်အထိ နာမည်ကြီးခဲ့သော မြို့သစ်ပေတည်း။ ဆင်းရဲသား တိုင်းရင်းသားတို့ နေရေးအဖြေတွေ့သော မြို့အဖြစ် စနစ်တကျစည်းကမ်းဥပဒေနှင့်အညီ ပေါ်ထွန်းလာမှုမရှိခြင်းကြောင့် အိမ်ရာသယံဇာတများ အဟောသိကံဖြစ်ရသည်ကို သင်ခန်းစာယူသင့်၏။ မြို့ဖြစ်လာသော်လည်း ဆင်းရဲသားပြည်သူတို့အတွက် ဥပဒေနှင့်အညီ အခိုင်အမာအားထားရာ မဖြစ်လာသည်မှာ ဝမ်းနည်းစရာပင်။

မန္တလေးတိုင်းဒေသကြီးတွင် ယခင်အောင်မြင်မှုမရှိသော ရတနာပုံ Cyber City နေရာကို အပန်းဖြေမြို့သစ် (New Mandalay Resort City)အဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း သတင်းကောင်းကြားရပြန်၏။ ဧကသောင်းနှင့်ချီကျယ်ဝန်းသောမြို့သစ်တွင် အပန်းဖြေနေရာများ၊ တောတောင်အလှနှင့် ပသာဒဖြစ်မည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ (နောင်တွင် ကာစီနိုများ ပါလေဦးမည်လားမသိ)၊ အပန်းဖြေနေထိုင်ရန်လုံးချင်းအိမ်ရာများ၊ IT အခြေပြုစက်မှုဇုန်တို့ ပါဝင်မည့် တောင်ပေါ်မြို့သစ်ဖြစ်လာမည်မှာ အမှန်ပင်တည်း။ အပန်းဖြေမှုကို အမှီပြု၍ အလုပ်အကိုင်ရရှိလာမည့် ဝင်ငွေနည်းပြည်သူတို့အတွက် အိမ်ရာများလည်းအထိုက်အလျောက် ပါဝင်လာမည်ဟု မျှော်လင့်မိ၏။ နောက်ထပ် စီမံကိန်းတစ်ခုမှာ ရေတံခွန်တောင်အိမ်ရာစီမံကိန်းဖြစ်ပြီး ဝင်ငွေနည်းပြည်သူတို့အတွက် လုံးဝမဟုတ်သဖြင့် အလုပ်အကိုင်ရရှိရေးကိုသာ မျှော်လင့်နိုင်မည်ဖြစ်၏။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးမြို့ကြီးဖြစ်သကဲ့သို့ ဝင်ငွေနည်းပြည်သူအများဆုံးတည်ရှိကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ ဝင်ငွေနည်းပြည်သူတို့သည် အိမ်ရာလိုအပ်ချက်အများဆုံးသော အုပ်စုလည်းဖြစ်၏။ စုစုပေါင်း ၁ ဒသမ ၅ သိန်းခန့်ရှိသော ကျူးကျော်အိမ်ရာများ၌ နေထိုင်နေကြကုန်သောလူဦးရေငါးသိန်းကျော်၏ နေရေးဒုက္ခကို အဖြေရှာရေးမှာ တိုင်းဒေသကြီး အစိုးရအတွက် အကြီးဆုံးစိန်ခေါ်မှုဖြစ်၏။ အခြားသော ၁၀ ပေပတ်လည်မျှရှိသည့် အိမ်ခန်းများကို လစာငွေလေးသောင်းခန့်ပေးပြီး ငှားရမ်းနေထိုင်ရရှာသည့် လူဦးရေမှာလည်းမြို့သစ်အားလုံးပေါင်းလျှင် သိန်းဂဏန်းရှိနိုင်ပြန်၏။ လစာနည်းအစိုးရဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိကလုပ်ငန်းများမှ ပုံမှန်ဝင်ငွေရလစာနည်း အလုပ်သမားမိသားစုများစွာတို့မှာလည်း တစ်လုံးတည်းငွေမသွင်းနိုင်၍ တန်ဖိုးနည်းအရောင်းအိမ်ရာများနှင့် အလှမ်းဝေးနေကြဆဲဖြစ်၏။ ထို့အပြင် 'မြို့သစ်'ဟူသော စကားရပ်၏ အဓိပ္ပာယ်တွင်လည်း ဝင်ငွေနည်းပြည်သူတို့အတွက် အိမ်ရာမှာ ရွှေမန်းတင်မောင်၏ လေးတော်တင်ခန်းဇာတ်မှ မယ်တော်မိနတ်သား၏ သဝဏ်လွှာတွင် 'သုဒ္ဓေါ'ဟူသော စာလုံးလေးမျှပင် မပါသည်ထက် ဆိုးရွားသည်ဟု ဆိုရမည်ထင်၏။ အချို့သောမြို့သစ်၌မူ ပါရုံမျှသာဖြစ်သည်ဟု ဆိုနိုင်၏။

နာမည်ကြီး ရန်ကုန်မြို့သစ်စီမံကိန်းသည် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေများပြားသော အုပ်စုအတွက်အိမ်ရာများအဓိကပါဝင်မှာသေချာ၏။ တန်ဖိုးနည်း၊ ဝင်ငွေနည်းစသော 'နည်း'ပါသည့် လေသံကို မကြားမိသေးပေ။ နောင် ၁၅ နှစ်ကျော်သောအခါ အစိုးရရရှိမည့် ၂၅ ရာခိုင်နှုန်း အကျိုးအမြတ်ဖြင့် ဝင်ငွေနည်းအိမ်ရာမဲ့တို့အတွက် သီးခြားအစီအစဉ်များ ရှိကောင်းရှိလာနိုင်၏။ သို့သော် ထိုအခါ ဦးပေါ်ဦးလျှောက်ထုံးကဲ့သို့ 'ဘုရင်မရှိ၊ ဆင်မရှိ'

စာမျက်နှာ ၃၄ သို့

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

# တာဝန်အရသေနတ်ကျည်ဆန်များဖြင့် ကြိုဆိုနေပါသည်

လွင်ချန်ဖြိုး (နတ်မောက်)



(၁)

"မိသားစုရှိတဲ့ ရခိုင်ဒေသပြန်ရောက်ချင်လို့ရာထူးပြောင်းလိုက်တယ်၊ ကံကောင်းလို့မြောက်ဦးရောက်တယ်၊ အခုကံမကောင်းဖြစ်နေပြီဆရာ" တဲ့။ မြောက်ဦးမှာ တာဝန်ကျနေတဲ့ မိတ်ဆွေက လူမှုကွန်ရက်ကနေစာတိုလေးပို့လာတာပါ။ သူကရခိုင်တိုင်းရင်းသားတစ်ဦးပါ။မင်းပြားမြို့နယ်ဇာတိ။ ပညာရေးဌာနအရာထမ်းတစ်ဦးလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ လေးငါးနှစ်လောက်ကရှေ့ဘိုခရိုင်မှာ သူတာဝန်ကျတယ်။ ရခိုင်ပြည်နယ်ကနေပြီးပြောင်းရွှေ့လာရတာ။ အဲဒီနောက်ဇာတိမြေနဲ့ မနီးမဝေးမြောက်ဦးမြို့ဆီပြန်ရောက်လာတယ်။ သူဝမ်းသာတာပေါ့။ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ်နေချင်တဲ့အရပ် တာဝန်ပြန်ကျတာ။ ပျော်တာပေါ့။ အခုတော့ ကံမကောင်းဖြစ်နေပြီတဲ့။ မြင်ရ၊ ကြားရတာစိတ်မချမ်းသာဘူးတဲ့။ ကျန်တာကတော့သူကဘာမှမပြောပါဘူး။ မပြောချင်တော့တာလား၊ မပြောနိုင်တော့တာလား မသိ။

အခုဖြင့်မြောက်ဦးမြို့ကခြောက်ကပ်ကပ်။ သွားလာဆက်သွယ်ကူးသန်းမှုတွေ အကုန်ရပ်။ သေနတ်ကျည်ဆန်တွေက လူနေရပ်ကွက်အိမ်ကြိုအိမ်ကြားဟိုကထွက်ဒီကထွက်မို့ အထိတ်တလန့်။ စစ်မြေစစ်တလင်းစစ်အရေးအခင်းဟာ မြောက်ဦးမြို့အတွင်းအထိဘာလို့ လာဖြစ်နေရတာလဲဆိုတာ နားမလည်နိုင်ကြတော့ဘူး။ အထင်ကရတွေနဲ့ ထင်ရှားလှတဲ့ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု နယ်မြေဟာ မလုံခြုံ၊ မအေးချမ်းတဲ့ဒေသဖြစ်လာခဲ့တာဘယ်သူများဝမ်းသာနိုင်မှာလဲ။

(၂)

၂၀၀၈ နဲ့ ၂၀၁၃ ခုနှစ်တွေမှာ စစ်တွေတက္ကသိုလ်သို့ တက္ကသိုလ်ဝင်တန်းအဖြေလွှာစစ်ဆေးဖို့ စေလွှတ်ခံရဖူးပါတယ်။ ၂၀၀၈ က သွားခဲ့သူတွေနာဂစ်နဲ့အမှတ်တရပြန်ခဲ့ကြရသလို ၂၀၁၃ ကလည်းအရေးအခင်းအရှိန်မြင့်တက်ပြီးစအမှတ်တရပါပဲ။ နယ်မြေလုံခြုံရေးအရ အဲဒီနှစ်ကစာစစ်မှူးချုပ်နဲ့လက်ထောက်စာစစ်မှူးချုပ်ဆရာမနှစ်ယောက်ကလွဲလို့ရန်ကုန်၊ မိတ္ထီလာနဲ့မုံရွာစီးပွားရေးတက္ကသိုလ်များမှ အမျိုးသားဆရာတွေချည်း ၁၆ ယောက်ကို စေလွှတ်ခဲ့တာပါ။

စစ်တွေမြို့လယ် တက္ကသိုလ်ခြံဝင်း အဟောင်းထဲမှာ တည်းခိုကြရတယ်။ မြို့ပြင်ဘုမေရွာအလွန်မှာရှိတဲ့စစ်တွေတက္ကသိုလ်ဆီကို လုံခြုံရေးအစောင့်အကြပ်အကူအညီနဲ့ အဖွဲ့လိုက်နေ့စဉ်အသွား၊ အပြန်လုပ်ကြရတယ်။ တက္ကသိုလ်နယ်မြေ၊တက္ကသိုလ်ပရိဝုဏ်မှာ ကဗျာမဆန်ခဲ့ကြရဘူး။ တက္ကသိုလ်ခြံစည်းရိုးအပြင်ဘက်ကိုယ့်သဘောနဲ့မထွက်ရဲခဲ့ကြဘူး။ ကုပ်ကုပ်သွားကုပ်ကုပ်ပြန်။ မြို့လယ်တည်းခိုနေရာပြန်ရောက်မှပဲနေသာထိုင်သာရှိရတယ်။

ဒါတောင်မြို့မဈေးနဲ့မြို့တွင်းနေရာတွေမှာလက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တွေက မိုးတိုးမတ်တတ်တာဝန်ထမ်းဆောင်နေတာကိုနေ့တိုင်းမြင်တွေ့ကြရတယ်။ ညနေစာစစ်အလုပ်သိမ်းပြန်လာတာနဲ့ ဈေးဝင်ဝယ်၊ အရသာရှိတဲ့ပင်လယ်စာတွေချက်စား။ ပင်လယ်ကမ်းခြေဆောင်ပြင်သွား၊ ဘောလုံးကန်၊ ညဘက်ဆိုကမ်းနားလမ်းမှာ လေညင်းခံ၊ မနက်စောစောထ စစ်တွေမီးပြတိုက် (ပွိုင့်) အထိလမ်းလျှောက်ကြ။ ဘင်္ဂလား ပင်လယ်အော်ရယ်၊ ကစ္ဆပနဒီရယ်ထိစပ်နေတဲ့စစ်တွေမြို့တော်ဟာ နေလို့ ထိုင်လို့အလွန်ကောင်းပါတယ်။ နယ်မြေနိုင်ငံရေးနဲ့ထွေရာလေးပါးကိစ္စတွေသာတည်ငြိမ်သွားမယ်ဆိုရင် အတိုင်းထက်အလွန်ပဲ ဖြစ်ပါတယ်။

(၃)

၂၀၁၈ ခုနှစ်ဒီဇင်ဘာကစလို့ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နဲ့ မြောက်ဦးမြို့နယ်တွေမှာ တိုက်ပွဲများတောက်လျှောက် ဖြစ်ပွားနေပါတယ်။ အခုဆိုရင်လတ်တလောအခြေအနေများအရ ပုံမှန်အတိုင်းလူမှုကိစ္စအဝဝအတွက် သွားလို့လာလို့မကောင်းတော့တဲ့ လမ်းခရီးဖြစ်နေပါပြီ။ စိုးရိမ်ပူပန်ရတဲ့အနေအထား၊ ဖြူးဖြူးဖြောင့်ဖြောင့်စိတ်ချလက်ချ မရှိနိုင်တော့တဲ့ အရပ်ဒေသဖြစ်နေပါပြီ။

အပျက်အစီး၊ အထိအခိုက်နဲ့ စစ်ဘေးရှောင်သူဦးရေဟာလည်းတိုးတိုးပြီးလာနေပါတယ်။ ပစ်ခတ်မှုတွေကလည်း တောထဲတောင်ထဲလူသူဝေးရာမှာတင် မဟုတ်တော့ပါဘူး။ စိုက်ရေးပျိုးရေး၊ သီးနှံရောင်းဝယ်ရေး၊ လူမှုရေး၊ စီးပွားရေးကအစပညာရေး၊ ကျန်းမာရေးစတဲ့နောက်ဆက်တွဲတသီတတန်း ပြဿနာတွေရင်ဆိုင်ကြရမှာပါ။ အိုဘယ့်ရခိုင်ပြည်၊ သေနတ်သံတွေဝေဝေစည်နေပြီပေါ့။

> **အခုဖြင့် မြောက်ဦးမြို့က ခြောက်ကပ်ကပ်။ သွားလာဆက်သွယ်ကူးသန်းမှုတွေ အကုန်ရပ်။ သေနတ်ကျည်ဆန်တွေက လူနေရပ်ကွက်အိမ်ကြိုအိမ်ကြားဟိုက ဒီကထွက်မို့ အထိတ်တလန့်။**

လက်နက်ရှင် နှစ်ဖက်ကတော့ကိုယ့်ရည်မှန်းချက်နဲ့၊ ကိုယ့်မှာ ကြားချက်နဲ့ရှိနေတယ်ဆိုတာ သတင်းဖော်ပြချက်တွေကတစ်ဆင့်သိကြရပါတယ်။ ပြောကြားချက်ကွဲလွဲတာ၊ ငြင်းဆိုတာ၊ စွပ်စွဲတာ၊ သိသင့်သိထိုက်လို့ ထုတ်ပြန်တာတွေကိုလည်း ကြားကြရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရှေ့ခရီးကစစ်မီးတွေ၊ နိုင်ငံရေးမီးတွေနဲ့ ရောပြွမ်းရှုပ်ထွေးနေဦးမယ့်အရိပ်လက္ခဏာလို့ဆိုချင်ပါတယ်။

(၄)

"စစ်တွေရောက်တုန်းတော့ကျောက်တော်၊ မြောက်ဦးဘုရားဖူးချင်တာပေါ့နော်။ ဒီအတိုင်းဆိုရင်မဟာမုနိနဲ့ ရခိုင်ဘုရားတွေဖူးခွင့်ကြုံပါ့မလားမသိ။ သွားချင်တဲ့ဒေသ၊ ရောက်ချင်တဲ့ဒေသ၊ ထင်ရှားကျော်ကြားတဲ့ဒေသကိုတာဝန်နဲ့သွားကြရမှာ ဖြစ်ပေမယ့် စိတ်အေးလက်အေးမရှိဘူး" တဲ့။ တက္ကသိုလ်ဝင်တန်းအဖြေလွှာစစ်ဆေးဖို့ စစ်တွေမြို့သို့ မတ်လ ၃၀ ရက်နေ့အရောက်သွားရမယ့် မိတ်ဆွေဆရာမတစ်ဦးက ပြောပြနေတာပါ။

ထိုနည်းတူစွာပဲ ရခိုင်ပြည်နယ်အနှံ့က စာစစ်တာဝန်ကျဆရာ၊ ဆရာမတွေ မဖြစ်မနေသွားကြလာကြရမယ်။ သွားလမ်းသာလို့ လာလမ်းဖြောင့်ဖို့ ဆုတောင်းပေးရုံနဲ့ အဖြေမဟုတ်သေးပါဘူး။ "သမီးက စစ်တွေကိုပြန်ရမှာဆရာ" တဲ့။ "သမီးကကျောက်ဖြူကို ပြန်ရမှာဆရာ" တဲ့။ တက္ကသိုလ်ပညာသင်နှစ်ပထမနှစ်ဝက်ပြီးလို့ အိမ်ပြန်ကြမယ့် တပည့်လေးတွေပါ။ "ကျွန်တော်ကမူဆယ်ကပါ။ ကျွန်တော်ကပူတာအိုကပါ။ ကျွန်တော်ကတီးတိန်ကပါ။ သမီးကဖားကန့်ကပါ" တဲ့။ စာမေးပွဲပြီးလို့ မိဘရှိရာအိမ်ပြန်ကြမယ့် လူငယ်တွေအများကြီးပါ။ ခရီးဝေးလို့၊ နယ်မြေမအေးချမ်းလို့အိမ်မပြန်ဘဲနေကြမယ့်သူတွေလည်း ရှိပါသေးတယ်။

မူဆယ်မြို့ပေါ်လူနေရပ်ကွက်ထဲမှာသေနတ်နဲ့ပစ်ကြ၊ခတ်ကြတဲ့သတင်း၊ တပ်မတော်ရဲ့လက်အောက်ခံအဖွဲ့အစည်းဖြစ်သော ပြည်သူ့စစ်အဖွဲ့ဝင်များသည် လက်နက်များပေါ်ပေါ်ထင်ထင်ကိုင်၍ မြို့တွင်းသွားလာနေသည်မှာ မြင်မကောင်းကြောင်း၊ မြို့ခံများက ဝေဖန်နေကြောင်းသတင်းတွေကိုလည်း ဖတ်ရပြန်ပါတယ်။ ကဲဘယ်လိုလုပ်ကြမလဲ။ သေနတ်တွေ၊ လက်နက်တွေ၊ ပစ်ခတ်မှုတွေက နွေအပူကိုအပူနဲ့ ကြိုဆိုနေသလိုပါပဲလား။ ဖွံ့ဖြိုးတိုးတက်ဖို့၊ ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့၊ မိမိတို့ယုံကြည်ချက်၊ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ လိုလားချက်၊ ခံယူချက်များနဲ့အမိန့်အရ၊ တာဝန်အရသေနတ်ကျည်ဆန်များနဲ့လွယ်လွယ်ကူကူ၊ လွတ်လွတ်လပ်လပ်ပစ်ခတ်ဖြေရှင်းနေကြသည်မှာနေရာမရွေး၊ ဒေသမရွေး၊ အချိန်အခါ မရွေးကြတော့ပါလားဟုသာ။ ။

**(ဆောင်းပါးရှင် လွင်ချန်ဖြိုး(နတ်မောက်)သည် လူမှုရေးနှင့် မျက်မှောက်ရေးရာ ဆောင်းပါးများရေးသားနေသူ ဖြစ်သည်)**

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019





အိမ်ဖြူတော် ဘဲဥပုံရုံးခန်းကနေ၍ နိုင်ငံတကာအာကာသစခန်းရှိ အာကာသယာဉ်မှူးများနှင့်စကားပြောနေသော ဖခင်ကို ငေးကြည့်နေသော အီဗန်ကာထရန့် GETTY IMAGES

# "ကျွန်မအဖေအတွက် အရမ်းဂုဏ်ယူမိပါတယ်"

## သမ္မတဒေါ်နယ်ထရန့်၏သမီး အီဗန်ကာထရန့်နှင့် တွေ့ဆုံခြင်း

ကျော်သူမောင်

အီဗန်ကာမာရီအီဗန်ကာထရန့်ဟာ နယူးယောက်စီးတီးမြို့ မက်မာန်တန်ဒေသမှာ ၁၉၈၁ က မွေးဖွားခဲ့ပြီး ချက်-အမေရိကန် မော်ဒယ်အီဗန်နာနဲ့ ၂၀၁၇ က အမေရိကန်ပြည်ထောင်စုရဲ့ ၄၅ ယောက်မြောက် သမ္မတဖြစ်လာတဲ့ ဒေါ်နယ်ထရန့်တို့ရဲ့ ဒုတိယ ရင်သွေးဖြစ်ပါတယ်။ သူဟာလုပ်ငန်းရှင်၊ ဖက်ရှင်ဒီဇိုင်နာ၊ စာရေးဆရာမ၊ ရုပ်သံအစီအစဉ်တင်ဆက်သူ၊ ပြီးတော့ နိုင်ငံရေးသမားတစ်ယောက်ဖြစ်ပါတယ်။

ဒေါ်နယ်ထရန့်ရဲ့ ပထမအိမ်ထောင်နဲ့ရတဲ့ သမီးအီဗန်ကာဟာ သူ့အဘွားအဲလိဇဘက်၊ သူ့အဘိုးဖရဒ်နဲ့ သူ့အဖေခြေရာတွေအတိုင်း လိုက်ခဲ့တဲ့ စတုတ္ထမျိုးဆက်စီးပွားရေးသမား ဖြစ်ပြီးတော့ မိသားစုပိုင် ထရန့်အဖွဲ့အစည်းရဲ့ အမှုဆောင် ဒုဥက္ကဋ္ဌရာထူးကို တာဝန်ယူခဲ့ပါတယ်။ သူဟာ သမ္မတမိသားစုတစ်စုရဲ့ ပထမဆုံး ဂျူးအဖွဲ့ဝင်တစ်ယောက်လည်းဖြစ်ပါတယ်။

၂၀၁၇ မတ်လကစပြီးတော့ သူဟာ ထရန့်အဖွဲ့အစည်းက ထွက်ပြီး သူ့အဖေရဲ့ သမ္မတရုံးမှာ သူ့ယောက်ျားကုရှ်နာနဲ့အတူ အကြံပေးပုဂ္ဂိုလ်အနေနဲ့ စပြီးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။

အီဗန်ကာရဲ့ မိဘတွေဟာ သူ (၁၀)နှစ်သမီးအရွယ် ၁၉၉၂ မှာ ကွာရှင်းခဲ့ပါတယ်။ သူ့မှာ မောင်နှစ်ယောက်၊ ညီမဝမ်းကွဲတစ်ယောက်နဲ့ မောင်ဝမ်းကွဲတစ်ယောက်ရှိပါတယ်။

အီဗန်ကာဟာ သူ့ယောက်ျားကုရှ်နာနဲ့အတူ မြူးနစ်လုံခြုံရေးညီလာခံကိုတက်ရောက်မှာဖြစ်ပါတယ်။ သူက Bild သတင်းဌာနနဲ့အတူ သူ့ရဲ့ စီမံကိန်းအသစ်အကြောင်း၊ ဂျာမနီအဓိပတိအန်ဂျလာမာကယ်အကြောင်းနဲ့ ကမ္ဘာပေါ်မှာ အာဏာအကြီးဆုံးလူတစ်ယောက်ဖြစ်တဲ့ သူ့အမေအကြောင်းတွေကို ဆွေးနွေးထားပါတယ်။

**မြူးနစ်လုံခြုံရေး ညီလာခံမှာ ခင်ဗျားအတွက် အရေးအကြီးဆုံး ဆွေးနွေးစရာကိစ္စက ဘာလဲ။**

အမျိုးသမီးတွေရဲ့ စီးပွားရေးလုပ်ပိုင်ခွင့်အာဏာ အရေးကြီးတဲ့အကြောင်း၊ အဲဒါဟာ အမျိုးသားလုံခြုံရေးနဲ့၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးတို့နဲ့ ဆက်စပ်နေပုံအကြောင်းတွေကို ကျွန်မ အဓိက အာရုံစိုက်သွားပါမယ်။ စီးပွားရေး လုပ်ပိုင်ခွင့်အာဏာပေးတာဟာ ရိုးရိုးလေးပြောရရင် ကောင်းတဲ့ ကာကွယ်ရေးမူဝါဒဖြစ်ပါတယ်။ ကျွန်မတို့က အမျိုးသမီးတွေကို လုပ်ပိုင်ခွင့်အာဏာပေးလိုက်ချိန်မှာ သူတို့ဟာ သူတို့မိသားစုတွေနဲ့ အသိုင်းအဝိုင်းတွေအတွက် ပြန်ပြီး ရင်းနှီးမြှုပ်နှံကြတယ်။ ပိုပြီးငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့ လူမှုအသိုင်းအဝိုင်းတွေ ဖန်တီးပေးတဲ့ အသွင်ပြောင်းစေမယ့် သက်ရောက်မှုတစ်ခုဖြစ်စေပါတယ်။ ဒါဟာ အမေရိကန်က လေးလေးနက်နက် ကတိပြုထားတဲ့ ကိစ္စတစ်ခုဖြစ်ပြီး ပြီးခဲ့တဲ့ တစ်ပတ်က အိမ်ဖြူတော်ရဲ့ ရဲရင့်တဲ့ အစီအစဉ်သစ်ဖြစ်တဲ့ အမျိုးသမီးတွေရဲ့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးနဲ့ သာယာဝပြောရေး (W-GDP)အစီအစဉ်အကြောင်းကို ပိုပြီးဝေမျှရမှာမို့ ကျွန်မကိုယ်တိုင် စိတ်လှုပ်ရှားနေမိပါတယ်။

၂၀၂၅ မှာ ကမ္ဘာတစ်ဝန်း အမျိုးသမီး သန်း ၅၀ ဆီကို လက်လှမ်းမီဖို့ ရည်ရွယ်တဲ့ W-GDP အစီအစဉ်ဟာ တစ်ကမ္ဘာလုံး အမျိုးသမီးတွေရဲ့ စီးပွားရေးလုပ်ပိုင်ခွင့် အာဏာတွေ တိုးတက်လာစေဖို့ အမေရိကန်အစိုးရတစ်ရပ်လုံးက ချဉ်းကပ်နေတဲ့ ပထမဆုံး အစီအစဉ်ဖြစ်တယ်။ W-GDP ဟာ သမ္မတရဲ့ အမျိုးသားလုံခြုံရေး မဟာဗျူဟာမှာ အခြေတည်ပါတယ်။ ကမ္ဘာ့စီးပွားရေးမှာ အမျိုးသမီးတွေ အပြည့်အဝလွတ်လွတ်လပ်လပ် ပါဝင်တာကို ကန့်သတ်ထားတဲ့ အကြီးမားဆုံး အတားအဆီးတချို့ကို တိုက်ဖျက်ဖို့ ကျွန်မတို့ရဲ့ နိုင်ငံတကာ လက်တွဲဖော်တွေ၊ နိုင်ငံစုံအဖွဲ့အစည်းတွေနဲ့၊ ပုဂ္ဂလိကကဏ္ဍတွေနဲ့ ကျွန်မတို့ လက်တွဲလုပ်ဆောင်ဖို့ မျှော်လင့်ပါတယ်။ တစ်ကမ္ဘာလုံးရဲ့ စစ်မှန်တဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးတို့ကို အမျိုးသမီးတွေနဲ့ အမျိုးသားတွေ ထပ်တူအဆင့်တိုင်းမှာ စီးပွားရေးအတွက် ထည့်ဝင်နိုင်လို့ရှိရင် မြှော်မိလာပါလိမ့်မယ်။

**ဂျာမန်တွေဆီပို့ပေးဖို့ သမ္မတဆီက သတင်းစကားတစ်ခု ခင်ဗျား သယ်လာရာမှာ နိုင်ငံရေးကိစ္စများ ရှိမလား။**

ဂျာမနီနဲ့ ကျွန်မတို့ရဲ့ လက်တွဲတာကို ရှေ့ဆက်ဖို့နဲ့ အမေရိကန်နဲ့ ဂျာမန်ပြည်သူတွေရဲ့ ဘုံအကျိုးစီးပွားကို တိုးမြှင့်ဖို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

**နေတိုးအဖွဲ့အတွက် ၂ ရာခိုင်နှုန်း သုံးစွဲရေးနဲ့ ပတ်သက်ပြီး ဂျာမန်တွေကိုပေးမယ့် ခင်ဗျားရဲ့ သတင်းစကားက ဘာဖြစ်မလဲ။**

၂ ရာခိုင်နှုန်းရည်မှန်းချက် (နိုင်ငံအသားတင် ထုတ်ကုန်တန်ဖိုး၏ ၂ ရာခိုင်နှုန်းကို နေတိုးအဖွဲ့ဝင်နိုင်ငံများ စစ်ရေးအတွက် သုံးစွဲရေး)ဆီ ရောက်မယ့် အစီအစဉ်တစ်ခု ဂျာမနီလုပ်နေတယ်ဆိုတာ ကျွန်မ သိတယ်။ အဲဒါ ဆောင်ရွက်ပြီးတာကို မြင်ရဖို့ မျှော်လင့်ပါတယ်။

**ဂျာမနီနဲ့ အမေရိကန်ကြားမှာ ဘယ်နယ်ပယ်တွေမှာများ ပိုပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ခင်ဗျား ယုံကြည်လဲ။**

ဂျာမနီဟာ မရေတွက်နိုင်လောက်တဲ့၊ မတူညီတဲ့ နယ်ပယ်တွေမှာ အမေရိကန်ရဲ့ အကြီးမားဆုံး မဟာမိတ်တွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေး၊ လုံခြုံရေးတို့နဲ့ ဆက်စပ်လို့ပေါ့။ ကမ္ဘာ့စီးပွားရေးမှာ အမျိုးသမီးတွေ အပြည့်အဝပါဝင်နိုင်ဖို့၊ ရှင်သန်နိုင်ဖို့ သေချာအောင် ကျွန်မတို့ပူးပေါင်းပြီး လုပ်နိုင်မယ့် နယ်ပယ်တစ်ခုကတော့ အမျိုးသမီးတွေရဲ့ စီးပွားရေးလုပ်ပိုင်ခွင့်အာဏာပေးတာကိုထောက်ခံအားပေးတာပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ရဲ့ စုပေါင်းအမျိုးသားနိုင်ငံရေး အကျိုးစီးပွားတွေထဲမှာ ရှိနေပါတယ်။ အစိုးရကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးက

စာမျက်နှာ ၂၉ ››

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

www.free4readers.com

# "အဂတိကင်းကင်းနဲ့ ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ပါ့မယ်လို့ ပြည်သူကို သတင်းစကားပါးချင်တယ်"

## တနင်္သာရီတိုင်းဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တွေ့ဆုံခြင်း

စိုင်းကိုကိုထွန်း



တနင်္သာရီတိုင်း ဝန်ကြီးချုပ် ဦးမြင့်မောင်

ဓာတ်ပုံ -စိုင်းကိုကိုထွန်း

တနင်္သာရီတိုင်းဝန်ကြီးချုပ်ဟောင်း ဒေါက်တာလဲ့လဲ့မော်ကို အဂတိလိုက်စားမှုဥပဒေပုဒ်မ ၅၅ ဖြင့် အမှုတွဲလေးခုခွဲကာ ဖမ်းဆီးခဲ့ပြီးနောက် နိုင်ငံတော်သမ္မတက မတ်လ ၁၁ ရက်တွင် ဒေါက်တာလဲ့လဲ့မော်ကိုဝန်ကြီးချုပ်တာဝန်မှ ရပ်စဲခဲ့သည်။ ကိုးရက်အကြာတွင် တိုင်းအစိုးရအဖွဲ့ စီမံဘဏ္ဍာဝန်ကြီးနှင့် လျှပ်စစ်ဝန်ကြီးတို့ပါ ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုခဲ့ရာမှ တနင်္သာရီတိုင်းအစိုးရအဖွဲ့အတွင်း အပြောင်းအလဲများဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ထို့နောက်အသက် (၄၆) နှစ်အရွယ် တိုင်းအစိုးရအဖွဲ့ဝင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမြင့်မောင်ကို နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ်အဖြစ် မတ်လ ၂၂ ရက်တွင် ခန့်အပ်ခဲ့သည်။ ဦးမြင့်မောင်သည် ၂၀၁၅ ရွေးကောက်ပွဲတွင် ကော့သောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တိုင်းလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ၎င်းသည် တနင်္သာရီတိုင်း ဒီချုပ်ပါတီအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးလည်းဖြစ်သည်။

ဝန်ကြီးချုပ်အသစ် ဦးမြင့်မောင်ကလည်း တိုင်းအစိုးရအဖွဲ့ လက်ကျန်သက်တမ်း ၂ နှစ်အတွင်း ၎င်းကိုယ်တိုင်ကစ၍ အဂတိကင်းကင်းဖြင့် ဆောင်ရွက်မည်ဟု ပြည်သူများကို ကတိပေးခဲ့သည်။ ထို့ကြောင့် ဝန်ကြီးချုပ်အဖြစ်တာဝန်ယူရသောလက်ကျန်သက်တမ်း ၂ နှစ်အတွင်းကြုံတွေ့ရမည့် စိန်ခေါ်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို တနင်္သာရီတိုင်းဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် 7Day News ဂျာနယ်က ထားဝယ်မြို့တွင် သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်ကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

**တနင်္သာရီတိုင်းအစိုးရအဖွဲ့လက်ကျန်သက်တမ်း ၂ နှစ်အတွင်း ဝန်ကြီးချုပ် တာဝန်ယူရတော့ စိန်ခေါ်မှုတွေက ဘာတွေဖြစ်လာမလဲ။**

အဓိကကတော့ ကုမ္ပဏီတွေကို လုပ်ပိုင်ခွင့်ပေးထားတဲ့အတိုင်း ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့ မညီတဲ့မြေယာကိစ္စတွေကို ပြန်စိစစ်နေတယ်။ ကျွန်တော်တို့ဘက်က လုပ်ဖို့လိုအပ်သေးတာကပြည်သူဘက်က အားမလိုအားမရဖြစ်နေတာ။ ဒါကလည်း စိန်ခေါ်မှုတစ်ခုပဲ။ ဘယ်လောက်သိမ်းပြီးပြီလဲ ဆိုတာ ထုတ်ပြန် ပေးပေမယ့် ပြည်သူဆီရောက်တာအားနည်းလို့လားမသိဘူး။ အားမလိုအားမရဖြစ်တာရှိတယ်။ ဥပဒေနဲ့မညီဘဲ မြေယာရယူထားတဲ့ကိစ္စတွေကို ပြန်သိမ်းပြီး တစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုတဲ့ ပြည်သူတွေကို ချပေးဖို့ရှိတယ်။ ပြန်ချပေးတဲ့အခါမှာလည်း ပွင့်လင်းမြင်သာမှုရှိရှိ ပြည်သူကိုအသိပေးမယ်။

နောက်တစ်ခုက လျှပ်စစ်မီး။ ဒါကကြီးကြီးမားမားစိန်ခေါ်မှုတစ်ခုပဲ။ ကျွန်တော်တို့မှာမဟာဓာတ်အားလိုင်းမရှိတဲ့အတွက် လျှပ်စစ်မီးနဲ့ပတ်သက်ပြီး ထားဝယ်ဆို ဂက်(စ်)နဲ့ပေးတယ်၊ မြိတ်နဲ့ကော့သောင်းဆို ဒီဇယ်နဲ့ပေးတယ်။ ဒီဇယ်နဲ့ပေးတဲ့ဟာကမတည်ငြိမ်ဘူး။ ဒါပေမဲ့ရှေ့ပိုင်းမှာလုပ်တဲ့ဟာရော၊ အခုလုပ်နေတဲ့ဟာရောမှာက တင်ဒါစနစ်နဲ့ပေးလိုက်တယ်။ ထုတ်လုပ်ရေးအပိုင်းမှာ ဒီဇယ်ဈေးအတက်၊ အကျအပေါ်မူတည်ပြီး ဈေးနှုန်းက မတည်ငြိမ်ဘဲအပြောင်းအလဲအမြဲဖြစ်နေတယ်။ ဖြန့်ဖြူးရေးအပိုင်းမှာကတော့ ပုံသေလုပ်ထားတော့ အပြိုင်အဆိုင်ရလိုဇေတွေနဲ့တင်ဒါဝင်ဆွဲတယ်။ ဥပမာ ထားဝယ်မှာဖြစ်တဲ့ GGS ကိစ္စတွေဆိုဒါမျိုးတွေပါတယ်။ ကော့သောင်းကို ဒီဇယ်နဲ့လျှပ်စစ်မီးပေးဖို့တင်ဒါစနစ်နဲ့ပွင့်လင်းမြင်သာစွာလုပ်တယ်။ စာချုပ်မှာ တစ်ယူနစ်ကို ၂၈၀ ကျပ်နှုန်းနဲ့ချုပ်တယ်။ ထုတ်လုပ်ရေးပိုင်းမှာ ဆီဈေးတက်တာ၊ ဒေါ်လာဈေးတက်တာစတဲ့မတည်ငြိမ်မှုတွေကြောင့် လက်တွေ့မှာ ၂၈၀ ကျပ်နှုန်းနဲ့ပေးလို့မနိုင်တော့ဘူး။ အခုတစ်ယူနစ်ကို ၄၈၀ ကျပ်နှုန်းကျော်ဖြစ်နေတယ်လို့သိထားရတယ်။ ဒါတွေကို ပြန်သုံးသပ်မယ်။ မဟာဓာတ်အားလိုင်းမရောက်ခင်မှာ ဖြစ်နိုင်တဲ့ဈေး၊ အမှန်ဈေး၊ ပြည်သူလက်ခံနိုင်တဲ့ဈေးကိုပြည်သူကို ပွင့်ပွင့်လင်းလင်းချပြမယ်။ မဟာဓာတ်အားလိုင်းနဲ့ပတ်သက်ပြီး ၁၈ – ၁၉၊ ၁၉ – ၂၀ရောက်မယ်။ ဒီလိုကြားနေတာပဲ။ ဒါတွေနဲ့ပတ်သက်ပြီး ပြည်သူကိုပွင့်ပွင့်လင်းလင်းသေချာတဲ့အဖြေတစ်ခုပေးချင်တယ်။ ဘယ်ကာလအတွင်းရောက်နိုင်မယ်ဆိုတာမျိုးပေါ့။ ပြည်သူတွေကို မျှော်လင့်ချက်တလွဲတွေမပေးချင်ဘူး။ တကယ်မှန်ကန်တဲ့အချိန်ကာလကိုပြည်ထောင်စုကို မေးမယ်၊ တောင်းဆိုမယ်။

သယံဇာတထုတ်ယူတဲ့အပိုင်းမှာတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းရမယ်။ ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီလုပ်ရမယ်။ ဒီလိုမူတွေနဲ့ထပ်သွားမယ်လို့ဆုံးဖြတ်ထားတယ်။ ဒါတွေကတိုင်းအတွက် စိန်ခေါ်မှု ဖြစ်တဲ့ဟာတွေပေါ့။

**ထားဝယ်ရေနက်ဆိပ်ကမ်း အကောင်အထည်ဖော်မှုတုံ့ဆိုင်းကြန့်ကြာနေတာနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်မလဲ။**

ရေနက်ဆိပ်ကမ်းက ကျွန်တော်တို့ဒေသတစ်ခုတည်းအတွက်မဟုတ်ဘူး။ ကျွန်တော်တို့တစ်နိုင်ငံလုံးအတွက်အရေးကြီးတဲ့ဇုန်တစ်ခုဖြစ်တယ်။ ဒါကြောင့်ဇုန်ကော်မတီတွေအလိုက် ဖွဲ့စည်းပြီးလုပ်နေတယ်။ တုံ့ဆိုင်းနေတဲ့အပိုင်းမှာ ကျွန်တော်လေ့လာသိရှိရသလောက်က အခြေခံအဆောက်အအုံအပိုင်းနဲ့ ပတ်သက်ပြီး မပြည့်စုံတဲ့အတွက်ကြောင့်ပဲ။ ရင်းနှီးမြှုပ်နှံမှုတွေကြန့်ကြာနေသလားဆိုတာ သုံးသပ်စရာရှိတယ်။ ဒါတွေကိုလည်း အထူးစီးပွားရေးဇုန် SEZ ကော်မတီကနေပြီးတော့ တောင်းနေပြီ။ အခုဆို လမ်းနဲ့ပတ်သက်ပြီး ကြိုတင်စူးစမ်းလေ့လာမှုတွေရှိမယ်။ လုပ်တဲ့အဆင့်တိုင်းမှာလည်း စကားပြောရမယ့် အပိုင်းတွေရှိသေးတယ်။ SEZ မှာလာပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အဓိကက လျှပ်စစ်မီးနဲ့ရေ၊ လမ်းပန်းဆက်သွယ်ရေးတွေလိုနေတယ်။ သင့်တင့်လျောက်ပတ်တဲ့ဈေးနှုန်းနဲ့ လျှပ်စစ်မီးရဖို့လိုတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့လိုတယ်။ ပြီးရင်ရေချိုရရှိဖို့အတွက်လည်းလိုတယ်။ အလုပ်သမားအင်အားလည်းဘယ်လိုပဲဖြစ်ဖြစ် အခြေခံအဆောက်အအုံ အပိုင်းအစပြုဖို့အတွက် ရှိဖို့လိုတယ်။ လျှပ်စစ်မီးက ၁၉ – ၂၀ မှာမဟာဓာတ်အားလိုင်းရမယ်လို့သိထားတယ်။ ဂက်စ်နဲ့ပေးမယ့်မဂ္ဂါဝပ်

---

စာမျက်နှာ ၈ မှ

## သတိတစ်ချက် လစ်မရသည့် တို့မီးရှို့မီး

ဘာသာမတူသူများကြား ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သော အစဉ်အလာ မြန်မာနိုင်ငံတွင် ရှိခဲ့သည်။ ထိုသို့ ယှဉ်တွဲနေထိုင်ရန် နည်းလမ်းများလည်း ရှိပါသည်။ လူကိုလူဟု အသိအမှတ်ပြုပြီး ကိုးကွယ်သောဘာသာ၊ အသားအရောင်မခွဲခြားဘဲ လူတစ်ဦးချင်းစီ၏ မူလအခွင့်အရေးကို လေးစားလိုက်နာခြင်း၊ စာနာစိတ်ရှိခြင်းဖြင့် ပြဿနာပြေလည်နိုင်ပါသည်။

မြန်မာနိုင်ငံအတွက် အန္တရာယ်ရှိဆုံး ကစားကွက်မှာ အမျိုးဘာသာ သာသနာကိုကိုင်ပြီး ကစားသည့် အကွက်ပင်ဖြစ်ကြောင်း မြန်မာ့နိုင်ငံရေးလေ့လာစောင့်ကြည့်သူ ဒေါက်တာတင်မောင်သန်းက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြုလုပ်သော "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး တကယ်အလုပ်ဖြစ်မလား" RFA စနေ စကားဝိုင်းတွင် ပြောကြားသည်။

"ဖွဲ့စည်းပုံက အန္တရာယ်မရှိပါဘူး။ ဖွဲ့စည်းပုံနဲ့ပတ်သက်ပြီး ပြင်ဖို့ ပြောနေကြတာဟာ အမျိုးဘာသာသာသနာကို ကိုင်ပြီး ကစားတဲ့ နိုင်ငံရေးလောက် အန္တရာယ်မကြီးလှဘူးလို့ ကျွန်တော်ထင်တယ်"ဟု ဒေါက်တာတင်မောင်သန်းက ပြောသည်။

ဘာသာရေး၊လူမျိုးရေးပဋိပက္ခဖြစ်စဉ်များ၂၀၁၇ နှင့် ၂၀၁၈ တွင် ဖြစ်ပွားမှု နည်းပါးခဲ့သည်။ ၂၀၁၇ ဇွန်လ ၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်း၌ ပဋိပက္ခဖြစ်ပွားပြီး၊ လှုံ့ဆော်သူများကဘာသာရေး၊လူမျိုးရေးအသွင် ပြဿနာဖြစ်အောင် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်မှတစ်ဆင့် လှုံ့ဆော်ခဲ့သော်လည်း ရန်ကုန်မြို့နေ ပြည်သူများ၏ ရင့်ကျက်မှုကြောင့် ပြဿနာမကြီးမားခဲ့ပေ။

ဘာသာရေးအသွင်ဆောင်သည့် အဖြစ်အပျက်များက ဆူပူမှုဖြစ်စေရန် ပြုလုပ်သည့် နိုင်ငံရေးအခင်းအကျင်းပင်ဖြစ်ကြောင်း ရွှေဝါရောင်ဆရာတော်ဦးပဏ္ဍာဝံသ (ခေါ်) ဦးပြည်ကျော်က မိန့်ကြားသည်။

"ဆူပူမှုဖြစ်စေတဲ့ ရည်ရွယ်ချက်တွေပဲ အခုထလုပ်နေတာက။ တစ်ခါလာလည်း ဘာသာရေးမှိုင်းတိုက်တာလို့။ တိုင်းရင်းသား အချင်းချင်း ငြိမ်းချမ်းရေးပျက်ပြားအောင် မှိုင်းတိုက်တာတို့ ဆိုတာက ဒါတွေက ရိုးနေပြီပေါ့။ ဒီဘက်ခေတ်စကားနဲ့ ပြောမယ်ဆိုရင်တော့ နိုင်ငံရေးအခင်းအကျင်းထဲမှာ ပါနေတာပေါ့"ဟု ဆရာတော်ဦးပဏ္ဍာဝံသ မိန့်ကြားသည်။ထို့အပြင် ပြဿနာတိုင်းကို အစိုးရအပေါ် ပုံချလို့မရဘဲ ပြည်သူများက ကိုယ့်အသိတာဝန်များဖြင့် ချက်ချင်းထိန်းသိမ်းတားဆီးနိုင်ရေး ပြုလုပ်ကြရန် အရေးကြီးကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ဘာသာရေး အစွန်းရောက်သူအချို့၏ သွေးထိုးလှုံ့ဆော်မှု၊ အမျိုးသားရေး၊ ဘာသာရေးအကြောင်းပြကာ အကြမ်းဖက်မှု၊ ထောင်ချောက်အတွင်း တွန်းပို့နေသော ဘာသာရေးအစွန်းရောက် ပုဂ္ဂိုလ်အချို့၊ နိုင်ငံရေးသမားအချို့၏ လှည့်ကွက်များကြောင့် ၂၀၂၀ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ ဘာသာရေး၊ အမျိုးသားရေး ခုတုံးလုပ်ကာ နိုင်ငံရေးလုပ်စားသူများ ပိုမိုများလာနိုင်ကြောင်း သုံးသပ်သူများလည်း ရှိသည်။

"ဘာသာရေးအသွင်ဆောင်အောင် တမင်ဖန်တီးနေတဲ့သူများဟာတစ်စိုက်မတ်မတ်ကြိုးစားနေတာ ၂၀၂၀ ရွေးကောက်ပွဲနီးတဲ့အခါမှာ ထပ်မံပြီးတော့ ကြိုးစားနေတယ်ဆိုတာ ပေါ်လွင်ထင်ရှားပါတယ်"ဟု ဟာဂျီဦးအေးလွင်က ပြောသည်။ ॥

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



www.free4readers.com

၁,၃၀၀ တို့ဘာတို့ထွက်မယ့်စီမံကိန်းတွေရှိတယ်။ အဲဒီစီမံကိန်းတွေကကော ဘယ်တော့လောက်စမလဲ။ အဲဒါတွေကို လုပ်ငန်းရှင်တွေကကြည့်မှာပဲ။ ဒါတွေကိုကြည့်ပြီးမှပဲရင်းနှီးမြှုပ်နှံဖို့သင့်၊ မသင့်စဉ်းစားမှာပဲ။ အဓိကကတော့ အခြေခံအဆောက်အအုံအပိုင်းက ပိုပြီးအရေးကြီးတယ်။ ဒါကြောင့်အဲဒါတွေဖြစ်လာဖို့ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့သူတွေကို ကျွန်တော်တို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တွန်းတွန်းတိုက်တိုက်ပြောမှာပါ။

**အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး တနင်္သာရီတိုင်းမှာ ဝန်ကြီးချုပ်အဆင့်အထိအရေးယူခံရတာ ပထမဆုံးဖြစ်ခဲ့တယ်၊ ဒီအပေါ်မှာကော ဘယ်လိုမှတ်ချက်ပြုချင်သလဲ၊ ပြည်သူတွေကို ဘယ်လိုသတင်းစကားပါးချင်သလဲ၊**

အခုဖြစ်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ သီးခြားမှတ်ချက်ပြုစရာတော့မရှိဘူး။ အဂတိကော်မရှင်ကနေပြီးတော့သူ့ရဲ့လုပ်ထုံး လုပ်နည်းအတိုင်းသွားနေပြီ။ ဒါပေမဲ့ဘယ်လိုပဲဖြစ်ဖြစ်ပါတီအပေါ်မှာသော်လည်းကောင်း၊ အစိုးရအဖွဲ့အပေါ်မှာသော်လည်း ပုံရိပ်ကတော့ အတိုင်းအတာတစ်ခုအထိ ထိခိုက်သွားတယ်။

ကျွန်တော် ရွေးကောက်ပွဲဝင်ပြီးအောင်မြင်လို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့အချိန်မှာ တော်ဝင်နှင်းဆီခန်းမမှာပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ပြောတာကလုံးဝခွင့်မလွှတ်နိုင်တဲ့ဟာနှစ်ခုရှိတယ်။ အဂတိလိုက်စားမှုနဲ့နောက်တစ်ခုကလူမှုရေးဖောက်ပြန်မှု။ အဲဒီဟာနှစ်ခုကိုလုံးဝခွင့်မလွှတ်ဘူး။ တကယ်လို့ကျူးလွန်ခဲ့ရင်လည်း လုံးဝခွင့်လွှတ်မှာမဟုတ်ဘူးလို့ ပြောတယ်။ ကျွန်တော်ကလည်း အဲဒီဟာကို နိုင်ငံရေးအရလည်းလက်ခံတယ်။ ကျွန်တော်တို့တိုင်းပြည်သူများနိုင်ငံနဲ့ ရင်ပေါင်တန်းလိုက်တဲ့အခါမှာ နောက်ကျကျန်ရစ်နေတဲ့အကြောင်းက အဂတိလိုက်စားမှုကြောင့်ဖြစ်တာ။ ကျွန်တော်တို့တိုင်းပြည် ပြန်တည်ဆောက်တဲ့အခါမှာ အဂတိလိုက်စားမှုကင်းနေဖို့လိုတယ်။ ပြီးရင်ကိုယ်ကျင့်တရားကောင်းဖို့လိုတယ်။ အဲဒီနှစ်ခုက ဆက်စပ်နေတယ်။ အဲဒီဟာနှစ်ခုဟာ ကျွန်တော်တို့အတွက် တကယ့်ခါးဝတ်ပုဆိုးပဲ။ အဲဒီအချက်နှစ်ချက်မရှိဘူးဆိုရင် အစိုးရအသစ်တစ်ရပ်အနေနဲ့ ပြည်သူရဲ့ ယုံကြည်မှုလည်းရဖို့မလွယ်သလို ကိုယ့်တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုတာမလွယ်ဘူး။ ပြည်သူမယုံကြည်ရင် တိုင်းအစိုးရအဖွဲ့က သွားချင်တဲ့လမ်းကြောင်း ဘယ်လိုနည်းနဲ့မှအောင်မြင်မှာမဟုတ်ဘူး။ ဒါကိုလေးလေးနက်နက်သိထားတော့ အဂတိကင်းရှင်းအောင်ကိုယ်ကနေစပြီးစမယ်။ ကိုယ်ကနေ အစိုးရအဖွဲ့၊ အစိုးရအဖွဲ့ကနေ အဆင့်ဆင့်သော ဌာနဆိုင်ရာတွေပေါ့။ အဲဒီလိုစမယ်လို့ပြင်ဆင်ထားတဲ့ဟာတွေရှိတယ်။

**ဝန်ကြီးချုပ်အပါအဝင်တိုင်းအစိုးရအဖွဲ့ဝန်ကြီးတွေ တစ်ဦးချင်းစီအလိုက်ပြည်သူတွေလက်ခံကျေနပ်နိုင်တဲ့ စွမ်းဆောင်ရည်မျိုးရဖို့ ဘယ်လိုမြှင့်တင်ပြီး ကြိုးစားမလဲ၊**

ကျွန်တော်တို့ဝန်ကြီးတွေ၊ ကိုယ်စားလှယ်တွေအဖြစ် စပြီးဖြစ်လာတဲ့အချိန်ကစပြီး ကျမ်းသစ္စာကျိန်ဆိုကတည်းက ပြည်သူတွေအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်မယ်လို့ကျိန်ဆိုခဲ့တယ်။ ဒါပေမဲ့နိုင်ငံရေးကနေ တာဝန်ပေးခြင်းခံရတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အစဉ်အလာအရအုပ်ချုပ်ရေးပိုင်းမှာအကျွမ်းတဝင်လုပ်ခဲ့တာမဟုတ်တဲ့အတွက် ကျွန်တော်တို့မှာလည်း ကျွန်တော်တို့အလိုက်အားနည်းချက်တွေရှိမယ်၊ အတွေ့အကြုံတွေအများကြီးလိုမယ်။ ကျွန်တော်တို့အစိုးရအဖွဲ့သက်တမ်းသုံးနှစ်အတွင်းမှာ အဲဒါတွေကိုရာနှုန်းပြည့်မဟုတ်ရင်တောင်မှတီးမိ ခေါက်မိရှိနေပြီ။ ဘယ်အရာက အားနည်းချက်၊ ဘယ်အရာကအားသာချက်၊ ဘယ်အရာတွေကိုပြင်ရမယ်ဆိုတာလည်းအတိုင်းအတာတစ်ခုအထိနားလည်လာပြီ။အဲဒါတွေကိုသင်ခန်းစာယူပြီး၊ အခြေခံပြီး နောက်ထပ်အတတ်နိုင်ဆုံး အမှားနည်းအောင်နဲ့ အကောင်းဆုံးဖြစ်အောင်ကြိုးစားဆောင်ရွက်မယ်။ တစ်ခုပြောချင်တာက ပြည်သူတွေ အား လုံး အား ရ ကျေ နပ်အောင်လုပ်ဖို့ဆိုတဲ့ဟာကတော့အခက်အခဲအများကြီးရှိတယ်။အဓိက ပြည်သူရဲ့အကြံပြုချက်တွေ၊ ပြည်သူ့ရဲ့အားကို အဓိကအခြေခံပြီးလုပ်ဆောင်သွားမယ်။ ကျွန်တော်တို့ဘက်ကလိုအပ်ချက်တွေလည်းရှိတယ်။အဲဒါတွေကိုလည်း ကာလတိုအတွင်းထိထိရောက်ရောက် လေ့လာသုံးသပ်ပြီးလုပ်ဆောင်မယ်။ အဂတိကင်းကင်းနဲ့ကျွန်တော်တို့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှလုပ်ဆောင်ပါ့မယ်လို့ ပြည်သူကို သတင်းစကားပါးချင်တယ်။

•

**ဝန်ကြီးချုပ်ဦးမြင့်မောင်အပေါ် တိုင်းဒီချုပ်ပါတီဥက္ကဋ္ဌ ဦးအောင်စိုးရဲ့ လွှမ်းမိုးမှုရှိလို့ တာဝန်ကိုလွတ်လွတ်လပ်လပ်ထမ်းဆောင်နိုင်မှာမဟုတ်ဘူး၊ ယခင်ဝန်ကြီးချုပ်အပေါ်မှာလည်း အဲဒီလိုမျိုးလွှမ်းမိုးမှုတွေရှိခဲ့လို့ အဂတိလိုက်စားမှုနဲ့အရေးယူခံ လိုက်ရတဲ့အနေအထားအထိ ရောက်သွားတယ်လို့ သုံးသပ်မှုတွေလည်းရှိနေတယ်၊ ဒါနဲ့ပတ်သက်ပြီး ဘာပြောချင်သလဲ၊**

ကျွန်တော်တို့က ပါတီထဲကနေအစိုးရအဖွဲ့ထဲ ရောက်လာတဲ့အတွက် ပါတီကချမှတ်လိုက်တဲ့လမ်းညွှန်ချက်တွေတိုင်းကို အစိုးရအဖွဲ့ကအကောင်အထည်ဖော်ရမယ်ဆိုတာမဟုတ်ဘူး။ တိုင်းအစိုးရက အုပ်ချုပ်ရေးအပိုင်းဖြစ်တော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့မူဝါဒနဲ့အညီသွားရတဲ့အပိုင်းရှိတယ်။ ပါတီကတော့ရွေးကောက်ပွဲမှာနိုင်တော့ ရွေးကောက်ပွဲကြေညာစာတမ်းနဲ့မူဝါဒနဲ့သွားမယ်ဆိုတာခြုံငုံပြီးချပေးထားပြီးပြီ။ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းဒီမူဝါဒတွေအတိုင်းရေးဆွဲပြီးသွားနေတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ချထားတဲ့မူဝါဒတွေရှိတယ်။ အဲဒီမူဝါဒတွေအပေါ်မူတည်ပြီးကိုယ့်ဒေသနဲ့လိုက်လျောညီထွေတဲ့မူဝါဒတွေကို တိုင်းဒေသကြီးအတွင်းမှာ ပြန်ချရတယ်။ အဲဒီမူဝါဒနဲ့အညီပဲ ကျွန်တော်တို့သွားရတယ်။ အဲဒီမူဝါဒနဲ့အညီမသွားရင် အနုတ်လက္ခဏာဆောင်တဲ့ရလဒ်တွေအများကြီးရလာနိုင်တယ်။ သေချာတာက ကျွန်တော်အစိုးရအဖွဲ့ထဲ ရောက်နေတာသုံးနှစ်ရှိပါပြီ။ တစ်ကြိမ်တစ်ခါမှ ကျွန်တော့်ကို ဦးအောင်စိုးကနေပြီးဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားဆိုပြီး ပြောတာတစ်ခါမှမရှိဘူးဆိုတာ ယတိပြတ်ပြောနိုင်ပါတယ်။

**ယခင်ဝန်ကြီးချုပ်ဦးဆောင်တဲ့အစိုးရအဖွဲ့က တိုင်းလွှတ်တော်နဲ့ ပူးပေါင်းဆောင်ရွက်မှု မရှိသလောက် အားနည်းတယ်လို့ ထောက်ပြမှုတွေရှိပါတယ်၊ ဒီတော့အခုလက်ကျန်သက်တမ်း ၂ နှစ်အတွင်းမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ၊**

တနင်္သာရီတိုင်း ၁၀ မြို့နယ်စလုံးမှာ ပါတီတစ်ခုတည်းကပဲနိုင်တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါတီကပဲ၊ အစိုးရအဖွဲ့လည်း ပါတီကလူတွေပဲ။ ပါတီမှာလည်း လုပ်ဖက်ကိုင်ဖက်တွေ။ အစိုးရနဲ့လွှတ်တော်ဆိုတာ အပြန်အလှန်ထိန်းကျောင်းရမှာ။ တစ်ခါတစ်ရံမှာ အပြန်အလှန်အချေအတင်ပြောရတာတွေရှိမယ်။ တစ်ခါတစ်ရံမှာ ပူးပေါင်းဆောင်ရွက်ရတာလည်းရှိမယ်။ ကျွန်တော်စိုးရိမ်တာက ပူးပေါင်းမှုတွေတအားများနေရင် ပြည်သူကလက်ခံနိုင်မလား။ အပြန်အလှန်ထိန်းကျောင်းမှုမလုပ်ဘဲနဲ့ အစိုးရက မှားမှား၊ မှန်မှန်လွှတ်တော်က ခေါင်းညိတ်ပြီးနောက်လိုက်ဖြစ်နေတယ်။ လွှတ်တော်က မှားမှား၊ မှန်မှန် အစိုးရခေါင်းညိတ်ပြီးလိုက်နေတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်သွားမလားလို့ စိုးရိမ်ခဲ့တယ်။ ဒါပေမဲ့အဲဒီလိုဖြစ်မလာဘူး။ အချေအတင်တွေရှိခဲ့တယ်။ အချေအတင်ဖြစ်ခဲ့တာတွေက အပြန်အလှန်ထိန်းကျောင်းမှု မဖြစ်ဘဲပိုပြီး ထိပ်တိုက်တွေ့လာတဲ့ သဘောမျိုးဖြစ်လာတယ်။

လွှတ်တော်နဲ့အစိုးရဆိုတာ ကျွန်တော် နားလည်သလောက် အစိုးရရဲ့ စီမံခန့်ခွဲမှုအပိုင်းတွေမှာ ဥပဒေနဲ့မညီတဲ့ကိစ္စတွေဖြစ်နေရင်လွှတ်တော်က ဥပဒေနဲ့အညီထိန်းကျောင်းရမယ်။ အစိုးရအဖွဲ့က စီမံကိန်းတွေ၊ တခြားသောလုပ်ငန်းတွေအကောင်အထည်ဖော်တဲ့နေရာတွေမှာ စီမံခန့်ခွဲရေးအရလုပ်နိုင်တာ၊ စီမံခန့်ခွဲရေးမဟုတ်ဘဲ ဥပဒေကြောင့် ပိတ်ဆို့နေတဲ့ဟာတွေရှိတယ်။ အဲဒီပိတ်ဆို့နေတဲ့ဟာတွေကို လွှတ်တော်ကကိုယ့်တိုင်းအတွက်ဘယ်လိုအားသာချက်၊ အားနည်းချက်တွေဖြစ်မလဲဆိုတဲ့ဟာကို ပြန်သုံးသပ်ပြီး ဥပဒေတွေကို ပြင်သင့်တာပြင်ရမယ်၊ ဖြည့်စွက်သင့်တာဖြည့်စွက်မယ်။ ပြည်သူအတွက် အကျိုးမရှိတာတွေကို ဖျက်သင့်တာဖျက်ရမယ်။ ဥပဒေအရ ပြည်သူအတွက် အကျိုးမရှိဘဲ ပိတ်ဆို့နေတဲ့နေရာတွေကို ဥပဒေကိုမပြင်ဘဲအစိုးရအဖွဲ့က ဥပဒေကိုကျော်ပြီးလုပ်မရတာတွေရှိတယ်။ လုပ်နိုင်တဲ့မဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကလုပ်ပေးရမယ်။ အဲဒီလိုမျိုးဟာတွေ လုပ်ဆောင်နိုင်ဖို့ လွှတ်တော်နဲ့အစိုးရကြားမှာ ပူးပေါင်းပြီးသွားစေချင်တယ်။ တစ်ဖက်ကလည်း ပြည်သူအတွက် အကျိုးမရှိတာ၊ ဝန်ထုပ်ဝန်ပိုးဖြစ်နေတာတွေ၊ ကိုယ့်တိုင်းအတွက် ဥပဒေအရပိတ်ဆို့နေတာတွေမျိုးကိုလည်း တိုင်းအဆင့်က ပြင်လို့ရတဲ့ဥပဒေမျိုးကိုတိုင်းလွှတ်တော်ကပြင်၊ ပြည်ထောင်စုအဆင့်က ပြင်လို့ရမယ့် ဥပဒေတွေဆိုရင်လည်း ပြည်ထောင်စုက ပြင်။ အဲဒီလိုမျိုး တစ်ဦးနဲ့တစ်ဦးအပြန်အလှန်ထိန်းကျောင်းတဲ့ ပုံစံမျိုးနဲ့သွားရင် ကျွန်တော်တို့တိုင်းအတွက်၊ ပြည်သူအတွက် အကျိုးအများကြီးဖြစ်မယ်လို့မြင်တယ်။

**လက်ကျန်သက်တမ်း ၂ နှစ်အတွင်းမှာ ဘယ်ကဏ္ဍတွေကို အဓိကဦးစားပေးအကောင်အထည်ဖော်သွားမလဲ၊**

ဝန်ကြီးချုပ်အဖြစ် တိုင်းလွှတ်တော်အတွင်းမှာကျမ်းသစ္စာကျိန်ဆိုတဲ့နေ့က ပြောခဲ့တာတွေက လက်ကျန်တိုင်းအစိုးရအဖွဲ့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေ ဖြစ်တယ်။ ယခင်ကတည်းက မူဝါဒဆွဲထားတဲ့ဟာတွေလည်းရှိတယ်။ ရေးဆွဲထားပြီးသား မူဝါဒတွေနဲ့ပတ်သက်ပြီး အခုလက်ကျန်သက်တမ်းအတွင်း လုပ်ဆောင်ရမှာတွေကို လိုတိုးပိုလျှော့ပြန်လုပ်ရမယ်။ မြေယာကဏ္ဍတွေပါမယ်။ စိုက်ပျိုးရေးဒေသဖြစ်တဲ့အတွက် စိုက်ပျိုးရေးအတွက် ပိုပြီးလုပ်သာကိုင်သာရှိအောင် ဦးစားပေးလုပ်ဆောင်ဖို့ရှိတယ်။ လယ်ယာမြေ အငြင်းပွားမှုတွေကိုလည်း တစ်ဆက်တစ်စပ်တည်းကိုင်တွယ်ဆောင်ရွက်သွားဖို့ ရှိမယ်။ တိုင်းအတွက်ခရီးသွားလုပ်ငန်းလည်းအများကြီး အလားအလာရှိတော့ ဖြေလျှော့မှုအများကြီးရထားပြီးပြီဆိုတော့ ခရီးသွားကဏ္ဍလည်းပါမယ်။

**ပြည်ထောင်စုအစိုးရအဖွဲ့က ဘာတွေညွှန်ကြားထားတာရှိသလဲ၊**

သီးခြားညွှန်ကြားချက်တွေတော့မရှိဘူး။

**ဝန်ကြီးချုပ် ဦးမြင့်မောင်အနေနဲ့ သက်တမ်းကုန်တဲ့အချိန်မှာ ပြည်သူတွေကြားထဲ ဘယ်လိုနာမည်မျိုးချန်ထားခဲ့လိုပါသလဲ၊**

အဓိကတော့ ပြည်သူက NLD အစိုးရကို ရွေးချယ်ခဲ့တဲ့အပေါ် ကျွန်တော်နားလည်တာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုကိုလက်ခံတယ်။ ပါတီရဲ့ပြည်သူအပေါ် တစ်လျှောက်လုံးထားခဲ့တဲ့ သဘောထားတွေအပေါ်မှာယုံကြည်ပြီး ပြည်သူတွေက လက်ခံခဲ့တယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပါတီရဲ့ရွေးကောက်ပွဲ ကြေညာစာတမ်းမှာ ပြည်သူကို ကတိပေးထားတာတွေ ရှိတယ်။ ဒါတွေကိုလည်း အတတ်နိုင်ဆုံးအကောင်အထည်ဖော်သွားမယ်။ ပြည်ထောင်စုအစိုးရက ချမှတ်ထားတဲ့ မူဝါဒတွေအပေါ် အခြေခံပြီး တိုင်းအစိုးရအဖွဲ့ရဲ့ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်ထားတာတွေရှိတယ်။ အားလုံးအကုန်ပြီးချင်မှပြီးမယ်။ အတတ်နိုင်ဆုံးအားထည့် ပြီးလုပ်ဆောင်သွားမယ်။ ဒီမိုကရေစီအစိုးရဖြစ်တဲ့အတွက် ပြည်သူကိုမျက်နှာမူတဲ့ အစိုးရ၊ ပြည်သူကိုမျက်နှာမူတဲ့ ဝန်ကြီးချုပ်တစ်ယောက်၊ တရားဥပဒေစိုးမိုးရေးနဲ့ အညီပြည်သူကိုမျက်နှာမူတဲ့ အစိုးရတစ်ရပ်ဖြစ်အောင်ဦးဆောင်သွားတဲ့ ဝန်ကြီးချုပ်တစ်ယောက်ဖြစ်ချင်တယ်။

**ဖြည့်စွက်ပြောလိုတာရှိရင်ဖြေပေးပါဦးခင်ဗျ။**

လက်ကျန် သက်တမ်းအတွင်းမှာ အစိုးရအဖွဲ့အနေနဲ့ဝန်ကြီးတွေနဲ့ညှိနှိုင်းတိုင်ပင်ပြီးအကောင်းဆုံးဖြစ်အောင်မူဝါဒတွေချပြီးအားလုံးတက်ညီ လက်ညီလုပ်ဆောင်သွားပါမယ်။

**ကျေးဇူးတင်ပါတယ်။**

**TRADEMARK CAUTIONARY NOTICE**

**TEXCHEM CORPORATION SDN. BHD**, a company organized under the laws of **MALAYSIA** and having its registered address at Level 18, Menara Boustead Penang, 39, Jalan Sultan Ahmad Shah, 10050 Penang, Malaysia is the owner and sole proprietor of the following Trademarks : -

SeaFish

**Myanmar Registration Numbers. 4/454/2012, 4/6499/2014 & 4/7098/2018 for Int'l Class 29 4/455/2012, 4/6500/2014 & 4/7099/2018 for Int'l Class 31**

Used in respect of :-

"Raw surimi, fish meal, seafood, processed seafood, fish products". (International Class 29)

"Raw surimi, feed meal, seafood, processed seafood, fish products for animal foodstuff". (International Class 31)

Any unauthorised use, imitation, infringements or fraudulent intentions of the above marks will be dealt with according to law.

**Tin Ohnmar Tun, Tin Thiri Aung**
**Tin Ohnmar Tun & The Law Chambers Ltd**
Ph: 09 265008833, 09 443150632
Email:law_chambers@seasiren.com.mm
(For. Texchem Corporation Sdn. Bhd., Malaysia)
Dated: 3.4.2019

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

# ရန်ကုန်စည်ပင်ရွေးကောက်ပွဲထူးခြားချက်ငါးရပ်

သတင်းအဖွဲ့



ကမာရွတ်မြို့နယ်ရှိ မဲရုံတစ်ရုံတွင် မဲရေတွက်နေစဉ် ဓာတ်ပုံ – နစ်ကီ

**ရန်ကုန်** စည်ပင်ရွေးကောက်ပွဲကို မတ်လ ၃၁ ရက်တွင် ပြုလုပ်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် အနိုင်ရကိုယ်စားလှယ်လောင်းများ၏ အမည်များလည်း ထွက်ပေါ်လာပြီဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီကတည်းက လူစိတ်ဝင်စားမှုနည်းပါးပြီး ရွေးကောက်ပွဲနေ့နှင့် အလွန်တွင်လည်း လူထုအာရုံထူးထူးခြားခြားမဖမ်းစားနိုင်ခဲ့ပေ။ သို့သော် ရန်ကုန်စည်ပင်ရွေးကောက်ပွဲမှ စာဖတ်သူများ သတိပြုသင့်သောအချက်ငါးချက်ကို ဖော်ပြပေးလိုက်ပါသည်။

**မဲပေးသူနည်း**

ရန်ကုန်စည်ပင်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသူဦးရေကို ရွေးကောက်ပွဲကော်မရှင်က ဧပြီ ၁ ရက်အထိ ထုတ်ပြန်ခြင်းမရှိသော်လည်း မျက်မြင်အခြေအနေများအရ အရေအတွက်နည်းပါးလွန်းသည့် ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။

အဆိုပါရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သာမဲပေးခဲ့ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ယင်းရွေးကောက်ပွဲနေ့တွင် 7Day News ဂျာနယ်မှ သတင်းထောက်များက မြို့နယ် ၁၀ ခုရှိ မဲရုံ ၂၅ ရုံကို စောင့်ကြည့်ခဲ့ရာတွင်လည်း မဲပေးသူဦးရေ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရှိရသည်။

ယခုပြုလုပ်သည့် စည်ပင်ရွေးကောက်ပွဲတွင် (၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ပြုခဲ့ခြင်းကြောင့် ဆန္ဒမဲပေးခွင့်ရှိသူ ၃ ဒသမ ၄ သန်းအထိရှိကာ ၂၀၁၄ ပထမအကြိမ်ကထက် အရေအတွက်သိသာစွာမြင့်တက်ခဲ့သည်။

"မျှော်မှန်းထားတာထက် တောင်မဲပေးတဲ့သူက ပိုနည်းနေတာ။ အဲဒါတော်တော်ဆိုးတယ်" ဟု မြို့တော်စည်ပင်ကော်မတီဝင်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးကျော်စိုးထွန်းက ပြောသည်။

လူထုစိတ်ဝင်စားမှုနည်းရခြင်းမှာ ရွေးချယ်ခံရမည့်ကိုယ်စားလှယ်လောင်းများ တာဝန်ထမ်းဆောင်ရမည့်အချိန်နည်းခြင်း၊ ရွေးကောက်ပွဲအသိပညာပေးမှုလုပ်ငန်းများမလုံလောက်ခြင်း၊ ပါဝင်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများအပေါ် ယုံကြည်မှုလျော့နည်းခြင်းတို့ကြောင့်ဖြစ်နိုင်သည်ဟု မဲဆန္ဒရှင်အချို့က မှတ်ချက်ပြုသည်။

"ကတိတွေကို မယုံတော့တာက အဓိကပဲ" ဟု မင်္ဂလာဒုံမြို့နယ်တွင် ကုန်စုံဆိုင်ဖွင့်ထားသူ ကိုနိုင်ဦးက ပြောသည်။

**အာဏာရပါတီလွှမ်းမိုး**

ရန်ကုန်စည်ပင်ရွေးကောက်ပွဲတွင် ဒီချုပ်ပါတီက ကိုယ်စားလှယ်လောင်း ၉၀ ဦးဝင်ရောက်ယှဉ်ပြိုင်ပြီး ၈၉ ဦးအနိုင်ရရှိခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်ကော်မတီဝင်အတွက် ဒီချုပ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူ ခြောက်ဦးစလုံးအနိုင်ရရှိပြီး မြို့နယ်ဥက္ကဋ္ဌနေရာအတွက် ၃၃ ဦးယှဉ်ပြိုင်ရာ၊ ဆိပ်ကမ်းမြို့နယ်မှလွဲ၍ ကျန် ၃၂ မြို့နယ်တွင် ဒီချုပ်ကိုယ်စားလှယ်များ အနိုင်ရရှိခဲ့သည်။

ထို့အပြင် မြို့နယ်စည်ပင်အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂)နေရာများတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ဒီချုပ်ပါတီကိုယ်စားလှယ်အားလုံးလည်း အနိုင်ရရှိခဲ့သည်။

ယင်းထဲမှ မြို့နယ်စည်ပင်ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်လေးဦးသည် ပြိုင်ဘက်မရှိသောကြောင့် အလိုအလျောက် အနိုင်ရရှိပြီး ကျန်ကိုယ်စားလှယ်အားလုံးသည် ပြိုင်ဘက်များကို မဲအပြတ်အသတ်ဖြင့် အနိုင်ရယူခဲ့ခြင်းဖြစ်သည်။

မြို့တော်စည်ပင်ကော်မတီဝင်ခြောက်နေရာတွင် ဒီချုပ်ပါတီကိုယ်စားလှယ်များသာ အနိုင်ရရှိခဲ့ခြင်းကြောင့် ဒုတိယမြို့တော်ဝန်မှာ ဒီချုပ်ပါတီကသာ ဖြစ်ရန်သေချာသွားသည်။

ထိုသို့စည်ပင်ရွေးကောက်ပွဲတွင် ဒီချုပ်ပါတီမှ အလုံးအရင်းနှင့် အနိုင်ရရှိခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်း ထိန်းကျောင်းမှုများလျော့နည်းမည်ကို စိုးရိမ်သည်ဟု ရန်ကုန်ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်းဒေါက်တာညီညီသင်းက ထောက်ပြသည်။

"ဘာလို့လဲဆိုတော့ အစိုးရတစ်ရပ်ကို ထိန်းကျောင်းနိုင်တဲ့ အင်အားစုဆိုတာ ရှိရတယ်လေ။ အခုကတော့ အစိုးရကလည်း ဒီလူတွေပဲ" ဟု ၎င်းကပြောသည်။

ယင်းရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီကလည်း ကိုယ်စားလှယ်လောင်း ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သော်လည်း အနိုင်ရရှိသူမရှိခဲ့ပေ။

ပြည်ခိုင်ဖြိုးပါတီသည် ဝင်ရောက်ယှဉ်ပြိုင်သည့် မြို့နယ်အားလုံးနီးပါးတွင် ဒီချုပ်ပါတီကိုယ်စားလှယ်များကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဒီချုပ်ကိုယ်စားလှယ်မပါသည့် မြောက်ဥက္ကလာပမြို့နယ် စည်ပင်အဖွဲ့ဝင် (၂) နေရာတွင်လည်း တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးနှင့် ယှဉ်ပြိုင်ခဲ့ပြီး ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်ရှုံးနိမ့်ခဲ့သည်။

အဆိုပါရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များထဲမှ မြို့နယ်စည်ပင်ဥက္ကဋ္ဌနေရာတစ်ဦးနှင့် မြို့နယ်စည်ပင်အဖွဲ့ဝင်နေရာအတွက် ၁၅ ဦးအနိုင်ရရှိခဲ့သည်။

တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် ဦးလှသန်းက ဆိပ်ကမ်းမြို့နယ်တွင် ဒီချုပ်ပါတီကိုယ်စားလှယ်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီချုပ်ပါတီသည် ၂၀၁၈ နိုဝင်ဘာတွင် ပြုလုပ်သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အဆိုပါနေရာ၌ ပြည်ခိုင်ဖြိုးပါတီမှ အမတ်လောင်းကို ရှုံးနိမ့်ခဲ့ဖူးသည်။

**လိုဂိုကပေးသောအားသာချက်**

စည်ပင်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခြင်းသည် မှုတမှုမရှိဟု ကိုယ်စားလှယ်လောင်းအမည်စာရင်း မထုတ်ပြန်မီကတည်းက ဝေဖန်မှုများရှိခဲ့သော်လည်း ယင်းဝေဖန်မှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လျစ်လျူရှုခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေတွင် နိုင်ငံရေးပါတီများ ဝင်ရောက်ခွင့်ပြု၊ မပြုနှင့် မဲဆွယ်စည်းရုံးရာတွင် ပါတီအမှတ်တံဆိပ်၊ အလံနှင့် နိုင်ငံ့အကြီးအကဲများ၏ ပုံရိပ်အသုံးပြုခွင့်ရှိ၊ မရှိ ထည့်သွင်းဖော်ပြခြင်းမရှိပေ။

အဆိုပါဥပဒေအားနည်းချက်ကို အကြောင်းပြု၍ နိုင်ငံရေးပါတီများကို စည်ပင်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည့်အပြင် မဲဆွယ်ကာလ၌ အမှတ်တံဆိပ်၊ အလံနှင့် နိုင်ငံ့အကြီးအကဲများ၏ ဓာတ်ပုံကို အသုံးပြုခွင့်ရရှိခဲ့သည်။

အထူးသဖြင့် အာဏာရပါတီက ယင်းအခွင့်အရေးကို အပြည့်အဝရယူအသုံးချကာ ပြိုင်ဘက်ကိုယ်စားလှယ်များကို အသာစီးရယူခဲ့သည်ဟူ၍ ဝေဖန်သံတို့ ထွက်ခဲ့သည်။

ထို့အပြင် မဲဆွယ်စည်းရုံးကာလတွင်လည်း ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်ကို နိုင်ငံရေးပါတီများက တစ်သီးပုဂ္ဂလကိုယ်စားလှယ်များထက် ပို၍သုံးစွဲနိုင်သည့်အခွင့်အလမ်း ရရှိခဲ့သည်။

အဆိုပါရွေးကောက်ပွဲ ကုန်ကျစရိတ်ကို မြို့တော်ကော်မတီဝင် ကိုယ်စားလှယ်သည် ကျပ်သိန်းနှစ်ရာ၊ မြို့နယ်စည်ပင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျပ်သိန်းတစ်ရာထက်ပို၍ သုံးစွဲခွင့်မရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ၌ ပြဋ္ဌာန်းထားသည်။

"ကျွန်တော်တို့ဆိုရင် ဆိုင်းဘုတ်တစ်ခုထောင်ဖို့အတွက် ကုန်ကျစရိတ်တွက်ရတယ်။ ပါတီတွေကျတော့ မြို့တော်ကော်မတီဝင်ဆိုရင် မဲဆန္ဒနယ်ထဲကမြို့နယ်တိုင်းက ဆိုင်းဘုတ်တွေမှာ သူ့ပုံပါတယ်။ အဲဒါကိုကော အသုံးစရိတ်ထဲ ဘယ်လိုထည့်လဲ။ တီးဝိုင်းတွေသုံးတာတွေ အပါအဝင်ပေါ့" ဟု မြို့တော်စည်ပင်ကော်မတီဝင်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဦးအောင်ခန့်က ပြောသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း ဒီချုပ်ပါတီ အောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ခဲ့သည်ဆိုသော ထောက်ပြမှုများကလည်း စည်းရုံးရေးကာလ၌ ပွဲဆူခဲ့သည်။

အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ တရားဝင်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဒီချုပ်ကိုယ်စားလှယ်လောင်းများကို မဲထည့်ရန် တိုက်တွန်းသည့်ရေးသားချက်က ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို ဒေါသထွက်စေခဲ့သည်။

စာမျက်နှာ ၂၈ »




ဒီချုပ်မဲရုံကိုယ်စားလှယ်နှင့် မဲပေးသူအချို့ကြား အငြင်းပွားမှုဖြစ်ခဲ့သည့် အင်းစိန်မြို့နယ်ရှိ မဲရုံတစ်ရုံ ဓာတ်ပုံ – သက်အောင်

7 DAY NEWS JOURNAL
Vol.18, No.5 · APRIL 3 , 2019



# မိုးပျံပူဖောင်းယဉ်ကျေးမှု အမွေဆိုး

— ဟိန်းသာ —



ဖွင့်ပွဲအခမ်းအနားတစ်ခုတွင် လွှတ်တင်ရန်ပြင်ဆင်ထားသည့် မိုးပျံပူဖောင်းများ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်** တိုင်းအတွင်း ဆိုင်ဖွင့်ပွဲတစ်ခုမှာပါ။ ဝတ်ကောင်းစားလှတွေ ခံ့ခံ့သန့်သန့်ဝတ်ဆင်ထားတဲ့ လူကြီးတစ်ဦးက စတီးဇန်းထဲက ကတ်ကြေး ထက်ထက်တစ်လက်ကို လှမ်းယူလိုက်ပါတယ်။ ပြီးတော့ ရှေ့မှာ အသင့်ရှိနေတဲ့ ကြိုးကို ညှပ်ချလိုက်ပါတယ်။

ဝါနီပြာ အရောင်စုံတဲ့ မိုးပျံပူဖောင်းတွေဟာ အတွဲလိုက် လေထဲကို တက်သွားပါပြီ။ ရောင်စုံမိုးပျံပူဖောင်းအုပ်လိုက်ကြီးဟာ တဖြည်းဖြည်း ပျံတက်သွားရာကနေ သေးသေးလေးပဲ မြင်ရပါတော့တယ်။ နောက်တော့ မျက်စိရှေ့ကနေ လုံးဝပျောက်သွားတဲ့အထိ အဆုံးမရှိတဲ့ လေပြင်ကျယ်ကြီးထဲ မျောသွားပါတော့တယ်။

ဒီမိုးပျံပူဖောင်းတွေ ဘယ်ရောက်သွားလဲဆိုတာ ကလေးဘဝမှာ လူတိုင်းသိချင်ကြပါတယ်။ ကြီးလာတော့ ဘယ်သူမှ စိတ်မဝင်စားတော့ပါဘူး။ ဒီဆောင်းပါးဟာ သိပ်တော့ အရေးမကြီးလှပေမယ့် မိုးပျံပူဖောင်းတွေ ဘယ်မှာဆုံးလဲဆိုတာ သင့်ကို သိစေဖို့ ရည်ရွယ်ပါတယ်။

မြန်မာပြည်မှာဆိုရင် မိုးပျံပူဖောင်းတွေဟာ ဖွင့်ပွဲအခမ်းအနားတွေအတွက် မရှိမဖြစ်ပါ။ နိုင်ငံတော်အဆင့် အခမ်းအနား၊ ဖဲကြိုးဖြတ်ပွဲ၊ ရတနာဆိုင်ဖွင့်ပွဲ၊ မင်္ဂလာဆောင်ကနေ ကလေးကင်ပွန်းတပ်အထိ မိုးပျံပူဖောင်းတွေ လွှတ်တင်ကြပါတယ်။ အရောင်စုံလေလှလေ၊ အလုံးများလေကြွားလေပေါ့။

တကယ်တော့ ဒီပူဖောင်းတွေကို ဘာလို့ မိုးပေါ်လွှတ်တင်နေကြသလဲ တိတိပပ ဘယ်သူမှ မသိပါဘူး။

ရှေ့မီ၊ နောက်မီလူကြီးတွေကို မေးကြည့်တဲ့အခါတော့ မြန်မာပြည်မှာ မိုးပျံပူဖောင်းတွေ စလွှတ်တင်တာ စစ်အစိုးရလက်ထက်က စတင်ခေတ်စားခဲ့ပါတယ်။ အဲဒီခေတ်အခါက ဖွင့်ပွဲတွေ၊ အခမ်းအနားတွေမှာ ထူးထူးခြားခြားဖြစ်အောင် မိုးပျံပူဖောင်းတွေထဲ ဆုငွေတွေ၊ ငွေစက္ကူတွေ ထည့်ပြီး လွှတ်တင်ကြတာပါ။ ထိုက်သူယူပေါ့၊ မိုးပျံပူဖောင်းကောက်ရင်းကံထူးကြပေါ့။ ဒီလိုမျိုးပါ။

"ဦးတို့ငယ်ငယ်ကဆို ဆယ်တန်တွေ သုံး၊ လေးရွက်ကိုလိပ်ပြီး ကြိုးနဲ့ ချည်။ ပြီးရင် လွှတ်လိုက်တာပေါ့။ ကျတဲ့နေရာမှာ တွေ့တဲ့လူယူပေါ့။ ရတဲ့သူတွေလည်း တွေ့ဖူးတယ်။ မိုးပျံပူဖောင်းထဲက ပိုက်ဆံရတာတွေရှိဖူးတယ်"လို့ အသက် (၆၀)ကျော်ပြီဖြစ်တဲ့ စာရေးဆရာဦးတင်ဝင်းက ပြောပါတယ်။

နောက်ပိုင်းတော့ ဒီလိုပိုက်ဆံ အလှူထည့်လွှတ်တဲ့ဓလေ့လည်း ပျောက်သွားပါတယ်။ ဆုငွေတွေမပါတော့ပေမယ့် မိုးပျံပူဖောင်းတွေကတော့ လွှတ်နေကြတုန်းပါပဲ။

"မိုးပျံပူဖောင်းလွှတ်တာက စစ်အစိုးရခေတ်မှာပဲ တွင်ကျယ်လာတာပဲ။ အဲဒီခေတ်က ဖွင့်ပွဲအခမ်းအနားကြီးကြီးကျယ်ကျယ် သူတို့ရဲ့ အစီအစဉ်တွေပေါ့။ ဘာမှ အဓိပ္ပာယ်ရှိတာ မဟုတ်ပါဘူး" လို့ အသက် (၇၀)ကျော်အရွယ် ဝါရင့်သတင်းထောက်ကြီးဦးအုန်းဖေက ပြောပါတယ်။

ဒါမျိုးက နိုင်ငံရပ်ခြားမှာလည်း ရှိကြပါတယ်။ သိပ်ခေတ်မစားတော့ပေမယ့် ပျော်ပွဲရွှင်ပွဲတွေမှာ မိုးပျံပူဖောင်းတွေ လွှတ်တင်ကြတုန်းပါပဲ။

မိုးပျံပူဖောင်းသမိုင်းကို ပြန်လိုက်ရမယ်ဆိုရင် ၁၈၂၄ မှာ သိပ္ပံပညာရှင်ကြီး မိုက်ကယ်ဖာရာဒေးက ရော်ဘာပူဖောင်းကို စတင်တီထွင်ပြီး ဓာတ်ငွေ့ထည့်စမ်းသပ်ခဲ့ပါတယ်။ ဟီလီယံ၊ ဟိုက်ဒရိုဂျင် စတဲ့လေထက်ပေါ့တဲ့ ဓာတ်ငွေ့ထည့်တဲ့အခါ ဘောလုံးက လေပေါ်ပျံသွားပါတယ်။ ကနဦးကဒီဘောလုံးတွေကိုဓာတ်ခွဲစမ်းသပ်မှုကိစ္စတွေ၊ အမြင့်တိုင်းတာဖို့ကိစ္စတွေမှာသုံးဖို့ တီထွင်ခဲ့တာပါ။ ၁၉၀၀ ကျော်မှာတော့ မိုးပျံပူဖောင်းတွေဟာ အခမ်းအနားအလှအပဆင်ဖို့ အသုံးပြုလာကြပါတယ်။ ၁၉၈၆ ရန်ပုံငွေပွဲတစ်ခုမှာတော့ ပထမဦးဆုံး မိုးပျံပူဖောင်း သန်းနဲ့ချီလွှတ်ပြီး စံချိန်တင်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာတော့ အခမ်းအနားပွဲတွေမှာ ထုံးစံအတိုင်း လွှတ်တင်နေကြပေမယ့် ရည်ရွယ်ချက် တိတိပပလည်း မရှိပါဘူး။

ဒါဆို အကြောင်းရင်းတိတိကျကျမရှိဘဲ လွှတ်လိုက်တဲ့ မိုးပျံပူဖောင်းတွေဟာ ဘယ်ကိုရောက်သွားသလဲ၊ စိတ်ဝင်စားစရာပါပဲ။

မကြာသေးမီလပိုင်းကပဲ ဩစတြေးလျနိုင်ငံ Tasmania တက္ကသိုလ်မှ သုတေသနတစ်ခု ပြုလုပ်ခဲ့ပါတယ်။ စာတမ်းတင်မယ့်ကျောင်းသားတွေအပါအဝင် ပညာရှင်တွေပါဝင်တဲ့ အဲဒီစာတမ်းမှာ ဖော်ပြထားတာကတော့ ရောင်စုံမိုးပျံပူဖောင်းတွေကို ပင်လယ်ငှက်တွေ၊ လိပ်တွေနဲ့ ပင်လယ်သတ္တဝါတွေကအစာအမှတ်နဲ့ စားမိကြပါတယ်တဲ့။

လေပေါ်မှာပျံနေတဲ့ပူဖောင်းတွေကိုငှက်တွေကအလွယ်တကူထိုးသုတ်ပြီး စားပါတယ်။ ရေထဲကျသွားတဲ့ ပူဖောင်းကိုလည်း ငှက်တွေ၊ လိပ်တွေက စားကြပါတယ်။ တိရစ္ဆာန်တွေအတွက် မိုးပျံပူဖောင်းရဲ့ အရောင်ကဆွဲဆောင်ပြီးရော်ဘာအပျော့ဖြစ်နေလို့ ခပ်လွယ်လွယ် မျိုချပစ်နိုင်ပါတယ်။

ငှက်အသေ ၂၀ မှာ တစ်ကောင်ဟာ မိုးပျံပူဖောင်းစားမိလို့ သေရတာဖြစ်ပြီး မိုးပျံပူဖောင်းကို စားမိတဲ့ တိရစ္ဆာန်ဟာ သေဖို့ ၂၀ ရာခိုင်နှုန်းသေချာပြီလို့ ဒီစာတမ်းမှာ ဖော်ပြထားပါတယ်။ အဓိကကတော့ ရော်ဘာအပျော့တွေက အစာအိမ်ထဲတန်းမရောက်ဘဲ အသက်ရှူလမ်းကြောင်းကို ပိတ်ပစ်လိုက်လို့ပါပဲ။ ကျန်တဲ့ ပင်လယ်လိပ်နဲ့ ရေသတ္တဝါတွေလည်း မိုးပျံပူဖောင်းစားမိလို့ သေတာ အမြောက်အမြားရှိပြီလို့ ဒီစာတမ်းမှာ စိတ်မချမ်းမြေ့စရာ ဖော်ပြထားပါတယ်။

ဒါဆို မိုးပျံပူဖောင်းတွေ တသွင်သွင်လွှတ်နေတဲ့ မြန်မာနိုင်ငံမှာကော။ 7Day က ဖေဖော်ဝါရီနဲ့ မတ်လအတွင်း နိုင်ငံပိုင်သတင်းစာတချို့နဲ့ အွန်လိုင်းသတင်းတွေအပေါ် အခြေခံပြီး စစ်တမ်းတစ်ခု ကောက်ယူခဲ့ပါတယ်။

ရန်ကုန်၊ မန္တလေး နှစ်မြို့ပေါင်းမှာတင် မိုးပျံပူဖောင်းလွှတ်တင်တဲ့ အခမ်းအနားတစ်ရပ် ရှစ်ခုထက် မနည်းရှိနေပါတယ်။ ပြီးခဲ့တဲ့ မတ်လ ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး သူဌေးကုန်းကွန်ကရစ်လမ်းဖွင့်ပွဲမှာ မိုးပျံပူဖောင်း အလုံး ၂၀၀ လောက် လေထဲလွှတ်တင်ခဲ့ကြပါသေးတယ်။ စစ်အာဏာရှင်စနစ်ကို မုန်းတယ်လို့ဆိုပေမယ့် စစ်အာဏာရှင်ခေတ်ကတည်းက ကျင့်သုံးလာတဲ့ မိုးပျံပူဖောင်းယဉ်ကျေးမှုကို ပြည်သူ့အစိုးရလို့ ခေါ်နေကြတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဦးဆောင်တဲ့ အရပ်သားအစိုးရလက်ထက်မှာလည်း အမွေဆက်ခံပြီး ဆက်လက်ကျင့်သုံးနေဆဲပင်ဖြစ်ပါတယ်။

ဒီပူဖောင်းတွေထဲက တချို့က ရောက်ချင်တဲ့နေရာ ရောက်သွားမှာပါ။ တချို့ကတော့ ငှက်တွေ၊ ငါးတွေရဲ့ ဗိုက်ထဲလည်း ရောက်သွားတာ အသေအချာပါပဲ။

"သူများနိုင်ငံမှာ စနစ်တကျ သုတေသနတွေရှိတော့ မိုးပျံပူဖောင်းတွေကြောင့် သတ္တဝါတွေ ဘယ်လောက်သေတယ် အတိအကျပြောနိုင်တယ်။ ကိုယ်တို့ဆီမှာကော ဒီလိုမရှိဘူးလားဆိုတော့ ရှိတာပဲ၊ ဖြစ်တာပဲ။ သေတဲ့အကောင်တွေကို ခွဲကြည့်မယ်ဆိုရင် ဒီမိုးပျံပူဖောင်းအစတွေ၊ ရော်ဘာအပျော့တွေ အမြဲပဲတွေ့နေရတာ"လို့ မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်က ပြောပါတယ်။

"ဒါကြောင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက မိုးပျံပူဖောင်းတွေကို ရွံတ်ချတာပေါ့။ ကိုယ်အရှင်းဆုံးပြောမယ်ဆို ဒီပူဖောင်းလွှတ်တဲ့ဓလေ့က လုံးဝကို ဖျက်သိမ်းသင့်ပြီ"လို့ သူက ပြတ်ပြတ်သားသားပြောပါတယ်။

WCS (Wildlife Conservation Society)မှာ လိပ်တွေနဲ့ ပတ်သက်ပြီး ပညာရှင်တစ်ဦးဖြစ်တဲ့ ဦးဝင်းကိုကလည်း ဒီအချက်ကို ထောက်ခံပါတယ်။ မိုးပျံပူဖောင်းတွေလို ပလတ်စတစ်ပစ္စည်းတွေဟာ ရေနေသတ္တဝါတွေကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ်လို့ သူက ပြောပါတယ်။

ဒါဆို လေထဲလွှတ်လိုက်မိတဲ့ မိုးပျံပူဖောင်းတွေက တခြားနေရာမရောက်ဘူးလား။ ငှက်တွေရှိတဲ့ဘက်နဲ့ ပင်လယ်တွေ၊ မြစ်တွေဆီပဲ ရောက်နေတာလားလို့ မေးကောင်းမေးကြမှာပါ။



ပူဖောင်းကြောင့် သေဆုံးသွားသည့် ငှက်တစ်ကောင်ကို သုတေသနအဖွဲ့တစ်ခုက မှတ်တမ်းတင်ထားစဉ်

စာမျက်နှာ ၂၈ »

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

စာမျက်နှာ ၂၆ မှ

## ရန်ကုန်စည်ပင်ရွေးကောက်ပွဲထူးခြားချက်ငါးရပ်

ယင်းတိုက်တွန်းရေးသားချက်ကို နာရီပိုင်းအကြာတွင် ပြန်ဖြုတ်သွားခဲ့သော်လည်း လက်ခံနိုင်သည့်လုပ်ရပ်မဟုတ်ဟု တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက ဝေဖန်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ထိုတိုက်တွန်းချက်သည် တိုင်းဒေသကြီးအစိုးရ၏ သဘောထားမဟုတ်ဘဲ ဖေ့စ်ဘွတ်ခ်စာမျက်နှာကို ကိုင်တွယ်သူတစ်ဦးက နားလည်မှုမှားယွင်းကာ ဖော်ပြခြင်းသာဖြစ်သည်ဟု ပြန်လည်ရှင်းလင်းသည်။

ထို့အပြင် မဲဆွယ်ကာလအတွင်း ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ရွေးကောက်ပွဲပြုလုပ်မည့်မြို့နယ်များသို့ ဆက်တိုက်ကွင်းဆင်းခြင်းမှာလည်း ဒီချုပ်ပါတီအောင်နိုင်ရေး သွယ်ဝိုက်မဲဆွယ်စည်းရုံးခြင်းဖြစ်သည်ဟု ပြိုင်ဘက်စည်ပင်ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများက ထောက်ပြခဲ့သည်။

"ဘာကဘယ်လိုဆိုတာရှင်းနေတာပဲလေ။ ဒါကြောင့် မျှတတဲ့ရွေးကောက်ပွဲလို့ မပြောနိုင်ဘူး" ဟု ဦးအောင်ခန့်က ပြောသည်။

**ပယ်မဲသတ်မှတ်ခံရတဲ့ မဲရုံနှစ်ရုံ**

စမ်းချောင်းမြို့နယ်ရှိ မဲရုံနှစ်ရုံတွင် မဲစာရင်း၌ အမည်မပါသူများမဲပေးခဲ့ခြင်းကြောင့် ကန့်ကွက်မှုများရှိလာ၍ ယင်းမဲရုံမှ ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ်သတ်မှတ်ခဲ့သည်။

စမ်းချောင်းမြို့နယ် လင်းလွန်း (မြောက်) ရပ်ကွက်ရှိ မဲရုံ (၃) နှင့် (၄) တွင်မဲစာရင်းမပါဝင်သူ ၃၂ ဦးကို ရွေးကောက်ပွဲကျင်းပသည့်ရက်နေ့လယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်က နှုတ်မိန့်ဖြင့် မဲပေးခွင့်ပြုပြီးနောက် မကြာမီ မဲပေးခွင့်ကို ပြန်လည်ရပ်ဆိုင်းခဲ့သည်။

ထို့နောက်မဲများရေတွက်သည့်အချိန်တွင် မြို့နယ်ကော်မရှင်က ထိုမဲရုံမှ မဲအားလုံးကို ပယ်မဲအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မဲစာရင်းတွင် မပါဝင်သူများမဲပေးခြင်းကြောင့် အခြားခိုင်လုံမဲအားလုံး ပယ်မဲအဖြစ်ပြောင်းလဲသွားကာ မဲရုံနှစ်ရုံပေါင်းမှ မဲအရေအတွက် ၃၉၄ မဲသည် ပယ်မဲဖြစ်သွားသည်။

**မဲရုံတာဝန်ကျဆရာမ တစ်ဦးကွယ်လွန်၊ တစ်ဦးလုယက်ခံရ**

ရန်ကုန်စည်ပင်ရွေးကောက်ပွဲတွင် ရန်ကင်းမြို့နယ်ရပ်ကွက် (၅) ရှိမဲရုံအမှတ် (၄) တွင် မဲရုံမှူးအသက် (၅၉) နှစ်အရွယ် ဆရာမဒေါ်ထွေးထွေးရင်သည် တာဝန်ထမ်းဆောင်နေစဉ်ကွယ်လွန်ခဲ့သည်။

ဆရာမဒေါ်ထွေးထွေးရင်သည် မဲရုံသို့ရောက်ရှိစဉ် ကျန်းကျန်းမာမာရှိပြီး မဲရုံဖွင့်ပြီး မိနစ်ပိုင်းအကြာတွင် ချောင်းဆိုး၊ ရင်ကျပ်၍ ရောဂါဖောက်ခဲ့သဖြင့် ယင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ကားဖြင့် နီးစပ်ရာဆေးခန်းသို့ပို့ဆောင်ပြီး ထိုမှတစ်ဆင့်ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ်သေဆုံးခြင်းဖြစ်သည်။

ထို့အပြင် ယင်းနေ့၌ပင်အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမပေါ်တွင် မတ်လ ၃၁ ရက်နံနက်က မဲရုံစောင့်ရန်တာဝန်ကျနေရာသို့သွားသည့် ဆရာမတစ်ဦး လုယက်ခံခဲ့ရသည်။

လုယက်ခံရသည့် ဆရာမသည် အင်းစိန်မြို့နယ်မြို့သစ် (က၊ ခ) ရပ်ကွက်ရှိ အလက(၆) တွင် ဖွင့်လှစ်ထားသည့်အမှတ် (၂)မဲရုံသို့သွားရောက်တာဝန်ထမ်းဆောင်ရန်အိမ်မှ နံနက် ၅ နာရီခန့်၌ ထွက်လာစဉ်ဘုရင့်နောင်လမ်းမကြီးပေါ်အရောက် ဆိုင်ကယ်စီးလာသူနှစ်ဦးက ပတ္တမြားဆွဲသီးပါဆွဲကြိုးကို လုယက်ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်များကြောင့် မဲရုံတာဝန်ကျကျောင်းဆရာမများ၏ ကျန်းမာရေးအရေးကိစ္စဖြစ်ပေါ်ပါက အချိန်မီပြုစုစောင့်ရှောက်နိုင်မှုနှင့် လုံခြုံစိတ်ချစွာသွားလာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝေဖန်ထောက်ပြမှုများလည်း လူမှုကွန်ရက်တွင် ထွက်ပေါ်ခဲ့သည်။

## Quotes Of The Week

"ပြည်သူတွေ စိတ်ပင်ပန်းနွမ်းနယ်နေတဲ့အချိန်မှာ ကျပ်တောင့် ကျပ်တည်းသွားလာရရင် မသင့်လျော်ဘူး။ ဒါကြောင့် အဆင်ပြေချောမွေ့ ကောင်းမွန်အောင်လုပ်ဖို့လိုတယ်"

**သမ္မတဦးဝင်းမြင့်**
**(ရန်ကုန်မြို့ပြလူထု ရထားပို့ဆောင်ရေးစီမံကိန်းနှင့်ပတ်သက်၍မှာကြားချက်)**

---

"စိန်ခေါ်မှု အခက်အခဲကတော့ တင်ပြတာပေါ့နော်။ မြောက်ဦးတစ်ခုတည်းဖြစ်တာမဟုတ်ဘူး (တိုက်ပွဲကိုဆိုလို)။ ကမ္ဘာမှာလည်း ဒီလိုအမွေအနှစ်ဒေသတွေမှာ ကြုံခဲ့ရဖူးတယ်။ အန်ကောဝပ်မှာလည်း ဒီလိုဟာမျိုးတွေဖြစ်ခဲ့ဖူးတယ်"

**ဒေါက်တာသန်းထိုက် (ညွှန်ကြားရေးမှူး)**
**(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦး))**
**မြောက်ဦးဒေသကို သတ်မှတ်ရက်အတိုင်း ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆုံးဖြတ်ခဲ့သည့် အစည်းအဝေးနှင့်ပတ်သက်၍ ပြောကြားချက်**

---

"ပါတီတွေရဲ့ ရရှိခဲ့တဲ့အခွင့်အရေးကြောင့် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလို့ မထင်ဘူး"

**ဦးအောင်ခန့် (ရန်ကုန်စည်ပင်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း)**
**ရန်ကုန်စည်ပင်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောကြားချက်**

---

"ရှေ့နေတွေအားလုံးပါတယ်။ ဘာကြောင့် ပြင်သင့်တယ်ဆိုတာ သိစေချင်တာပါ"

**ဦးရောဘတ်စန်းအောင် (တရားလွှတ်တော်ရှေ့နေ)**
**ခြေဥပြင်ဆင်ရေး ဆန္ဒဖော်ထုတ်ပွဲနှင့်ပတ်သက်၍ ပြောကြားချက်**

---

"ကျွန်တော်တို့ ဇမ္ဗူသီရိရဲ့ခစန်းမှာ ပထမသတင်းပေးတိုင်ချက်အရ အမှုဖွင့်ပြီး ဖမ်းဆီးထိန်းသိမ်းထားပါတယ်"

**ဦးကျော်စိုး (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပြောရေးဆိုခွင့်ရှိသူ)**
**အမှတ်-၂ သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအား အဂတိမှုဖြင့် အရေးယူမှုနှင့်ပတ်သက်၍ ပြောကြားချက်**

စာမျက်နှာ ၂၇ မှ

## မိုးပျံပူဖောင်းယဉ်ကျေးမှု အမွေဆိုး

"မိုးပျံပူဖောင်းတွေဟာ ပင်လယ်နဲ့ ကုန်းမြေယှဉ်ရင် ပင်လယ်ရှိတဲ့ဘက်ကို သွားဖို့များပါတယ်"လို့ မြန်မာနိုင်ငံ ရူပဗေဒအသင်း ဒုဥက္ကဋ္ဌ ဦးတင့်လွင်က သုံးသပ်ပြောပါတယ်။

ယနေ့ခေတ် သာမန်မိုးပျံပူဖောင်း အရွယ်အစားတွေထဲမှာ ဟိုက်ဒရိုဂျင်အထည့်များပြီး ၁၂ နာရီကနေ နာရီ ၂၀ အထိ လေပေါ်ပျံနိုင်ပါတယ်။ ပြီးတော့ မြေကြီးကနေ မိုင် ၂၀ လောက်အထိ မိုးပေါ်ကို တက်သွားနိုင်ပါတယ်။

နေ့ခင်းပိုင်းဟာ ကုန်းပေါ်မှာ ပူနေပြီး ပင်လယ်ဟာအေးနေတာကြောင့် ပင်လယ်လေဟာ ကုန်းမြေဘက်ကို တိုက်ခတ်ပါတယ်။ လေရဲ့သဘောအရ ပူရင်ပွလာပြီး တခြားလေက နေရာဝင်ယူတတ်တာကြောင့်ပါ။ ဒီအချိန် ပူဖောင်းတွေကို လွှတ်တင်တဲ့အခါ လေပွနေတာကြောင့် အားကောင်းတဲ့ ပူဖောင်းတွေဟာ မြန်မြန်ဆန်ဆန်နဲ့ အပေါ်ကို တက်သွားပါတယ်။

ညနေဘက် နေဝင်သွားတဲ့အချိန်မှာတော့ ကုန်းမြေဟာ အေးလာပြီး ပင်လယ်ဟာ နွေးလာပါပြီ။ ဒီအချိန်မှာ ကုန်းလေဟာ ပင်လယ်ဘက် တိုက်ခတ်ပါတော့တယ်။ ဒီလိုနည်းနဲ့ ဓာတ်ငွေ့ကုန်လုနီးပါးဖြစ်နေတဲ့ မိုးပျံပူဖောင်းတွေဟာ မြစ်ချောင်း၊ အင်းအိုင်တွေဆီ ရောက်ရတယ်လို့ မြန်မာနိုင်ငံ ရူပဗေဒအသင်း ဒုဥက္ကဋ္ဌ ဦးတင့်လွင်က ရှင်းပြပါတယ်။

ဒီလိုနည်းနဲ့ပဲ ရေနေသတ္တဝါတွေနဲ့ ရေပြင်မှာ ကျက်စားတဲ့ ငှက်တွေဟာ မိုးပျံပူဖောင်းဘေးသင့်ရတာပါ။

"ဒါက လူတွေ သိပ်သတိမထားတဲ့ ကိစ္စတစ်ခုပေါ့။ လူဆိုတာကလည်း ကိုယ်ဒုက္ခမရောက်မချင်း ဘာကိုမှ သတိထားမိတာမှ မဟုတ်တာ"လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်းပါးရေးသားနေတဲ့ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာအောင်ထက်ဇော်က ပြောပါတယ်။

ကမ္ဘာပေါ်မှာ နေ့စဉ် ရေသတ္တဝါတွေ သန်းပေါင်းများစွာ သေဆုံးနေပါတယ်။ လူတွေအစာအဖြစ်၊ လူတွေစည်းကမ်းမဲ့တဲ့ အကျိုးဆက်အဖြစ် သတ္တဝါပေါင်းများစွာဟာ သေဆုံးကြရပါတယ်။

ဒီလိုခေတ်ကြီးထဲမှာ မိုးပျံပူဖောင်းကြောင့် သေဆုံးရတဲ့



*မိုးပျံပူဖောင်းယဉ်ကျေးမှုကို လက်ရှိအစိုးရလက်ထက်တွင် ကျင့်သုံးနေဆဲဖြစ်သည်။*

ဓာတ်ပုံ – နစ်ကီ

ရေ သတ္တဝါတွေအကြောင်းဟာ အရေးမပါသလို ထင်ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ငယ်ငယ်တုန်းက သီချင်ခဲ့တဲ့ 'မိုးပျံပူဖောင်းတွေ ဘယ်ရောက်သွားလဲ'ဆိုတဲ့ အဖြေကိုတော့ မှန်းဆနိုင်ပါပြီ။

သေချာလှတယ်မဟုတ်ပေမယ့် သင်လွှတ်တင်လိုက်တဲ့ မိုးပျံပူဖောင်းက သက်ရှိသတ္တဝါတစ်ကောင်ကို အသက်ရှုကျပ်ပြီးသေအောင် သတ်ကောင်းသတ်လိုက်နိုင်ပါတယ်။

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



# ဟောင်ကောင်၏ တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပို့ရေး အစီအစဉ်ကြောင့် အထိတ်တလန့်ဖြစ်

**ဟောင်ကောင်၊ မတ်လ- ၃၀**
ဘဏ္ဍာရေး အချက်အချာဖြစ်သော ဟောင်ကောင်၏ ပြည်မကြီးသို့ ပြန်လည်လွှဲပြောင်းပို့ဆောင်ရေး အတည်ပြုမည့် အစီအစဉ်များကြောင့် ယင်းဒေသ၏ နိုင်ငံတကာဆွဲဆောင်မှုထိခိုက်ပြီး တရုတ်၏ နားလည်ရခက်သော တရားရုံးများတွင် လူအများအခက်ကြုံတွေ့မှု ဖြစ်ပေါ်မည့်အရေး စိုးရိမ်နေသော ဟောင်ကောင်၏ စီးပွားရေးနှင့် ဥပဒေ အသိုင်းအဝိုင်းကြား အထိတ်တလန့်ဖြစ်ခဲ့သည်။

ဟောင်ကောင်လွှတ်တော်တွင် ဧပြီ ၃ ရက် ဆွေးနွေးမည့် ယင်းအဆိုပြုချက်က တိုင်ပေ၊ မကာအိုနှင့် တရုတ်ပြည်မကြီးတို့နှင့် ပထမအကြိမ်အဖြစ် အမှုအခြေခံ၍ ဝရမ်းပြေးများကို လွှဲပြောင်းပို့ဆောင်ခွင့် ပြုမည်ဖြစ်သည်။

ဇန်ကူးဟားမြို့တွင် ဟွာဝေး ကုမ္ပဏီ ထိပ်တန်းအမှုဆောင်အရာရှိတစ်ဦး ဖမ်းဆီးခံရပြီးနောက် ကနေဒါနိုင်ငံသားနှစ်ဦး တရုတ်နိုင်ငံ၌ဖမ်းဆီးခံထားရပြီးဘေဂျင်းက အာဏာရှင်ဆန်သော တရားရေးစနစ် ကိုင်စွဲထားပုံနှင့် ပတ်သက်ပြီး မယုံကြည်မှုများ ဖြစ်ပေါ်နေစဉ် ဟောင်ကောင်၏ အစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဝေဖန်သူများက လွှဲပြောင်းပို့ဆောင်မည့် သဘောတူညီမှုမှန်သမျှသည် ဟောင်ကောင်ရှိ စီးပွားရေးသမားများနှင့် အစိုးရဆန့်ကျင်သူ နှစ်ရပ်စလုံးကို တရုတ်၏ နိုင်ငံရေးပုံစံသွင်းထားသော တရားရုံးများ၏ အပြစ်ရှာစရာဖြစ်လာနိုင်သည်ဟု စိုးရိမ်နေပြီးစီးပွားရေးအချက်အချာဟောင်ကောင်၏ ပွင့်လင်းမြင်သာကာ အမှီအခိုကင်းသော တရားရေးစနစ်ရှိခြင်း၏ ဂုဏ်သတင်း ကျော်ကြားမှုကို များစွာယုတ်လျော့စေမည်ဟု စိုးရိမ်နေကြသည်။

ဟောင်ကောင်၏လွှဲပြောင်းပို့ဆောင်ရေး သဘောတူညီချက်ကို ပြုပြင်မည့် ရုတ်တရက်အစီအစဉ်သည် ကောင်းသောရည်ရွယ်ချက်များဖြင့် စတင်ခဲ့သည်။


VINCENT YU / AP

အားလပ်ရက်ခရီးအတွင်း ကိုယ်ဝန်ရှိနေသော ရည်းစားကို လည်ပင်းညှစ်သတ်ပြီး ထွက်ပြေးခဲ့သည့် ဟောင်ကောင်ဒေသခံ အမျိုးသားတစ်ဦး၏လူသိထင်ရှား လူသတ်မှုတစ်ခုကြောင့် ယင်းအစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

—*Ref: AFP*

စာမျက်နှာ ၂၃ မှ

## သမ္မတဒေါ်နယ်ထရန့်၏သမီး အီဗန်ကာထရန့်နှင့်တွေ့ဆုံခြင်း

စီးပွားရေးဈေးကွက်နေရာထဲ ဝင်ရောက်ရာမှာ အဖွဲ့အစည်းဆိုင်ရာ အတားအဆီးတွေနဲ့ မကြာခဏ ရင်ဆိုင်နေကြရပါတယ်။ စီးပွားရေးဖွံ့ဖြိုးဖို့၊ လုံခြုံဖို့နဲ့ တည်ငြိမ်ဖို့အတွက် ကျွန်မတို့ရဲ့ တူညီတဲ့ ရည်မှန်းချက်တွေဆီ ရောက်အောင်လုပ်ဖို့ အင်အားက ကျွန်မတို့မှာ ရှိပါတယ်။ ၂၀၁၇ က W20 အစည်းအဝေးမှာ အဓိပတိကြီးမာကယ်နဲ့အတူ တက်ခဲ့ရလို့ ကျွန်မ ဂုဏ်ယူခဲ့ရတယ်။ ပြီးတော့ အမျိုးသမီးတွေရဲ့ စီးပွားရေးလုပ်ပိုင်ခွင့်အာဏာပေးရေးဟာ ဂျာမနီအတွက် ထိပ်တန်းဦးစားပေးဖြစ်တယ်ဆိုတာကို သူက အရမ်းရှင်းအောင် ပြောခဲ့တယ်။ အဲဒီအချိန်က ‘အမျိုးသမီးများ၊ လုပ်ငန်းရှင်များ ရန်ပုံငွေအစီအစဉ်’ WeFi အဖွဲ့ကို တည်ထောင်သူအဖွဲ့ဝင်တစ်နိုင်ငံအနေနဲ့ ဂျာမနီဟာ အမေရိကန်နဲ့ ပူးပေါင်းတယ်လို့ သူကတိပြုခဲ့ပါတယ်။ အဓိပတိရဲ့ ဖိတ်ခေါ်ချက်ကြောင့်လာတဲ့ အဲဒီခရီးမှာ ကျွန်မကိုယ်တိုင်ပဲ အလုပ်အကိုင်ဆိုင်ရာ ပညာရေးနဲ့ စွမ်းရည်ပိုင်းလေ့ကျင့်သင်ကြားမှုမှာ ဂျာမနီ ဦးဆောင်မှုကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒါကို အမေရိကန်မှာ တိုးချဲ့လုပ်ဆောင်ဖို့ သမ္မတနဲ့ ကျွန်မကိုယ်တိုင် ကတိပြုထားတဲ့ ကိစ္စတစ်ခုပါ။ သမ္မတထရန့်က အမေရိကန်အလုပ်သမား အသက်အရွယ်အားလုံး၊ နောက်ခံအကြောင်းအမျိုးမျိုးရှိတဲ့ လူတွေအားလုံး အားကောင်းလာတဲ့ ဒစ်ဂျစ်တယ်စီးပွားရေးမှာ ပြိုင်ဆိုင်နိုင်မယ့် စွမ်းရည်တွေရှိစေဖို့ ပိုကောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုရင်းမြစ်တွေ ရှိလာအောင် လုပ်ဆောင်နေတဲ့ဖက်ဒရယ်အေဂျင်စီ ၁၄ ခုကို ကိုယ်စားပြုတဲ့ အမေရိကန်အလုပ်သမားတွေအတွက် အမျိုးသားကောင်စီကို သမ္မတထရန့်က ဖန်တီးထားပါတယ်။


*ဝါရှင်တန်မြို့ အစည်းအဝေးတစ်ခုသို့ ရောက်ရှိလာသော အီဗန်ကာထရန့်* MARK WILSON/GETTY IMAGES

**အဓိပတိမာကယ်အိမ်ဖြူတော်ကို လာလည်တုန်းက ခင်ဗျားဟာ သူ့ဘေးမှာ ထိုင်ခဲ့တယ်။ ကမ္ဘာ့နိုင်ငံရေးမှာ အကြီးစိုးနိုင်ဆုံး လူပုဂ္ဂိုလ်တွေထဲက တစ်ယောက်အနေနဲ့ ခင်ဗျား သူ့ကို ဘယ်လိုမြင်မိလဲ။ ခင်ဗျားရဲ့ ပုဂ္ဂိုလ်ရေးအရ အမြင်က ဘာလဲ။ သူ့ကို မိန်းကလေးတွေအတွက် စံပြပုဂ္ဂိုလ်လိုမျိုး ခင်ဗျားမှတ်ယူထားလား။**

ကမ္ဘာ့စင်မြင့်ထက်မှာ အဓိပတိမာကယ်ရဲ့ ဦးဆောင်မှုနဲ့ သူ့အတွက် ကျွန်မ အရမ်းလေးစားပါတယ်။ ပုဂ္ဂိုလ်ရေးအဆင့်မှာတော့ သူ့ရဲ့ ဟာသဉာဏ်နဲ့ သူ့ရဲ့ အစုအဖွဲ့ကို အရမ်းတန်ဖိုးထားပါတယ်။ အချင်းချင်း စေ့စပ်ပါဝင်ဖို့ အပြုသဘောဆောင်တဲ့ အခွင့်အလမ်းတွေ အများကြီး ကျွန်မတို့မှာ ရှိပါတယ်။ အဓိပတိကြီးရဲ့ အလုပ်အကိုင်ဆိုင်ရာ ပညာရေးနဲ့ အမျိုးသမီးတွေရဲ့ စီးပွားရေးလုပ်ပိုင်ခွင့်အာဏာရရေး နှစ်မြုပ်ထားမှုတွေဟာ ကျွန်မတို့ ဘုံရည်မှန်းချက်တွေနဲ့ အကျိုးစီးပွားတွေ တူညီတဲ့ နေရာနှစ်ခုပဲ ဖြစ်ပါတယ်။

**MSC က အဓိကအားဖြင့် ကမ္ဘာ့ပဋိပက္ခတွေနဲ့ဆိုင်ပါတယ်။ ကမ္ဘာတစ်ဝန်း ဘယ်ပဋိပက္ခဟာ အစိုးရိမ်ဆုံးလဲ။**

အဓိကစိန်ခေါ်မှုတွေထဲက တစ်ခုကတော့ ကမ္ဘာတစ်ဝန်းမှာ လူတွေအတွက် စီးပွားရေး အခွင့်အလမ်းမရှိတာဖြစ်တယ်။ အမျိုးသမီးတွေဟာ မကြာခဏဆိုသလို ပြောဆိုဆွေးနွေးတာတွေကနေ ချန်ထားခံရတာကြောင့် အမျိုးသမီးတွေရဲ့ စီးပွားရေး လုပ်ကိုင်နိုင်စွမ်းရှိဖို့ ကျွန်မ အဓိကထားနေတာပါ။ စီးပွားရေး အခွင့်အလမ်းဟာ နိုင်ငံတွေ လုံခြုံရေးအတွက် အရေးပါပါတယ်။ ပြီးတော့ ဘယ်နိုင်ငံကမှ သူ့လူဦးရေရဲ့ ထက်ဝက်အရေအတွက် ညီတူညီမျှ မပါဝင်ဘဲနဲ့ မအောင်မြင်နိုင်ဘူး။ လုပ်သားအင်အားမှာ အမျိုးသမီးတွေ ပါဝင်မှု မြင့်မားတဲ့ နိုင်ငံတွေဟာ နိုင်ငံတကာအကြမ်းဖက်မှုအဆင့် လျော့နည်းပြီးတော့ နိုင်ငံတကာပဋိပက္ခတွေ ဖြေရှင်းရာမှာ စစ်အင်အားအသုံးပြုနိုင်ခြေနည်းပါးတတ်တယ်ဆိုတာကို လေ့လာမှုက ဖော်ပြနေပါတယ်။ စီးပွားရေး အခွင့်အလမ်းတွေနဲ့ ပိုပြီး သာယာဝပြောအောင် ဖန်တီးတာဟာ ကမ္ဘာတစ်ဝန်း တခြားအဓိက ပြဿနာတွေနဲ့ ပဋိပက္ခတွေ အများကြီးကို ဖြေရှင်းဖို့ ကျွန်မတို့ကို အထောက်အကူပြုနိုင်ပါတယ်။

**သမ္မတက သူ့ဂျာမနီနဲ့ သူ့ရဲ့ ဘိုးဘေးတွေရဲ့ နေရာတွေဆီ သွားချင်တယ်လို့ ကြေညာထားတယ်။ အသေးစိတ်များ မသိရသေးဘူးလား။ သူနဲ့အတူ ခင်ဗျားလည်း သွားမှာလား။**

သမ္မတထရန့်က တကယ်ပဲ သိပ်မကြာခင် ဂျာမနီကိုသွားဖို့ မျှော်လင့်မထားပါဘူး။ မိတ်ဆွေတွေ၊ ရင်းနှီးတဲ့ မဟာမိတ်တွေအနေနဲ့ ဂျာမနီနဲ့ ကျွန်မတို့မှာ နှစ်ဖက်အတွက် အရေးကြီးတဲ့ ကိစ္စတွေ အများကြီးရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်က ဘာလင်၊ ဟမ်းဘတ်မှာ၊ အခု ဒီမြူးနစ်မြို့မှာ၊ ဂျာမနီမှာ ကျွန်မ အပြုသဘောဆောင်တဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။

**ခင်ဗျားသိထားတဲ့အတိုင်း ဂျာမနီနိုင်ငံသားတွေ အများကြီးက သမ္မတထရန့်ကို အရမ်းဝေဖန်လိုတဲ့ပုံစံနဲ့ ရှုမြင်ကြတယ်။ ဂျာမန်တွေ အများကြီးက သမ္မတထရန့်ထက် သမ္မတပူတင်ကို ပိုပြီးယုံကြည်တယ်။ သူတို့ကို ခင်ဗျား ဘာသတင်းစကားပေးမလဲ။**

ဂျာမန်တွေက သူတို့ဟာ ရုရှားနဲ့ထက် အမေရိကန်နဲ့ အများကြီးပိုပြီးတူညီမှုရှိတာလည်း နားလည်ကြတယ်လို့ ကျွန်မ ထင်တယ်။ လူတစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်၊ တရားဥပဒေစိုးမိုးမှုနဲ့ စီးပွားရေးအခွင့်အလမ်းညီမျှဖို့ အရေးကြီးတာတွေအပေါ် ကျွန်မတို့ သဘောတူကြတယ်။ ကျွန်မတို့ကို ခွဲခြားပစ်ဖို့ ကြိုးစားမယ့် နိုင်ငံရေးအရေးကိစ္စရှိတဲ့သူတွေကို ကျွန်မတို့ ခွင့်မပြုသင့်ဘူး။

**ဂျာမန်မီဒီယာကလည်း သမ္မတထရန့်ကို အရမ်းဝေဖန်ပါတယ်။ သမီးတစ်ယောက်အနေနဲ့ သူတို့ လွဲချော်နေတာ၊ ဒါမှမဟုတ် ထရန့်နဲ့ပတ်သက်လို့ သူတို့မှားနေတဲ့အကြောင်း ခင်ဗျား ဘာပြောပြပေးနိုင်မလဲ။**

ကျွန်မအဖေနဲ့၊ အမေရိကန် သမ္မတအနေနဲ့ သူပြီးမြောက်အောင်လုပ်ခဲ့တာတွေအတွက် ကျွန်မ အရမ်းဂုဏ်ယူပါတယ်။ ဒီအစိုးရအဖွဲ့ဟာ အမေရိကကို ပိုပြီးဘေးကင်းလုံခြုံဖို့၊ ပိုအားကောင်းစေဖို့၊ ပိုပြီး သာယာဝပြောစေဖို့ ထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်ထားပါတယ်။ အမေရိကန်စီးပွားရေးဟာဟည်းထနေပါတယ်။ အမေရိကန်နိုင်ငံသားအားလုံးအတွက် စီးပွားရေးအခွင့်အလမ်း ဖန်တီးဖို့ သမ္မတရဲ့ ကတိကြောင့် ဖြစ်ပါတယ်။ ကျွန်မတို့ အမေရိကမှာ အရင်ကထက် အလုပ်လုပ်သူတွေ ပိုများနေပါတယ်။ ကမ္ဘာ့တည်ငြိမ်ရေး စွမ်းဆောင်နိုင်အောင် ကျွန်မတို့ရဲ့ လက်တွဲဖော်တွေနဲ့ အလုပ်လုပ်ဖို့ အရမ်းအရေးကြီးတယ်ဆိုတာကိုလည်း ကျွန်မတို့ အသိအမှတ်ပြုပြီးတော့ အဲဒီရည်မှန်းချက်အတွက် ကတိပြုထားပါတယ်။

**မြူးနစ်မြို့မှာ ဘာကို မြင်ရဖို့ အထူးသဖြင့် ခင်ဗျား မျှော်လင့်မိလဲ။**

မြူးနစ်လုံခြုံရေးညီလာခံမှာ ကမ္ဘာ့အမျိုးသားလုံခြုံရေးနဲ့ ကာကွယ်ရေးခေါင်းဆောင်တွေ အများကြီးနဲ့ တွေ့ရမယ့် အခွင့်အလမ်းကို ကျွန်မ မျှော်နေပါတယ်။ အမျိုးသမီးတွေအတွက် စီးပွားရေးလုပ်ပိုင်ခွင့်ရစေဖို့ အရေးကြီးတဲ့အကြောင်း ဆွေးနွေးမယ့်အဖွဲ့ကို ဦးဆောင်ဖို့ မျှော်လင့်ပါတယ်။

**ဂျာမနီကနေ ခင်ဗျား ပြန်ယူသွားချင်တဲ့ ထူးကဲတဲ့ဟာတစ်ခုခုများ ရှိမလား။ လက်ဆောင်တစ်ခု၊ အမှတ်တရပစ္စည်းတစ်ခု၊ ပြီးတော့ ခင်ဗျား အောင်မြင်ဖို့ မျှော်လင့်ထားတဲ့ နိုင်ငံရေးအောင်မြင်မှုလား။**

W-GDP ရဲ့ အဓိကအပိုင်းတွေထဲက တစ်ခုက ကမ္ဘာတစ်ဝန်း အမျိုးသမီးတွေရဲ့ စီးပွားရေးလုပ်ပိုင်ခွင့်ကို တိုးမြှင့်ရာမှာ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍနှစ်ရပ်စလုံးအတွက် အခန်းကဏ္ဍတစ်ရပ်ရှိတယ်ဆိုတာကို အသိအမှတ်ပြုတာဖြစ်တယ်။ ဒီရည်မှန်းချက်ကို ရှေ့ဆက်ဖို့ အကောင်းဆုံးအလေ့အထတွေနဲ့၊ အခွင့်အလမ်းတွေနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ရှိရှိဆွေးနွေးဖို့ ကျွန်မမျှော်လင့်တယ်။ အိုင်ဒီယာအသစ်တွေ၊ စစ်မှန်ပြီး ရေရှည်ခံတဲ့ သက်ရောက်မှု ဖန်တီးမယ့် ပူးပေါင်းဆောင်ရွက်တာတွေနဲ့အတူ ကျွန်မ လျှောက်လှမ်းသွားနိုင်ဖို့ မျှော်လင့်ပါတယ်။

နောက်တစ်ခုက ကျွန်မရဲ့ ကလေးတွေက ဘာဗာရီယန်ချောကလက်တချို့ ကျွန်မ ပြန်သယ်လာဖို့ မျှော်လင့်နေတယ်။ ကျွန်မက သယ်လာပေးဖို့ လုံးဝရည်ရွယ်ထားတယ်။

**(ယခုတွေ့ဆုံမေးမြန်းမှုကို စာဖြင့် အမေးအဖြေ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။)**

—*Ref: Bild*

www.free4readers.com



# ထောင်နေတဲ့လက်မတွေကြားမှာ

မောင်သာချို




(တစ်)

အုပ်စုလိုက် ရိုက်ထားသည့် ဓာတ်ပုံတစ်ပုံကို ပြန်ကြည့်သည့်အခါ ထိုဓာတ်ပုံထဲတွင် ပါဝင်နေသည့် ကာယကံရှင်သည် မည်သူ့ပုံကို ဦးစွာကြည့်မည်ထင်ပါသနည်းဟု စိတ္တဗေဒပညာရှင်တို့က မေးလေ့ရှိပါသည်။ ထို့နောက် အဖြေလည်း ပေးပါသည်။ လူအများစုကြီးသည် မိမိ၏ရုပ်ပုံကိုသာ မိမိဦးစွာပထမကြည့်ကြစမြဲတဲ့။ ထို့နောက်တွင်မှ မိမိ၏ဝဲယာရှိ အသီးသီးသောသူတို့ကို ဆက်၍ တစ်ဦးစီ အကဲခတ်စမြဲသာတဲ့။ လူ၏ မိမိကိုယ်ကိုယ် မိမိဗဟိုပြုမှု၊ အတ္တကြီးမှု။

'သမီးဖတ်ဖို့' စာမူများကို ရေးသားဖြစ်ခဲ့စဉ်က ထူးခြားသည့် အမျိုးသမီးတစ်ဦး၏ စရိုက်ကို ကျွန်တော်မှတ်မှတ်ရရ ရေးသားခဲ့ဖူးပါသည်။ သူ၏ခွဲတမ်းချပုံစိတ်ထားအလှ။ သူက သားကလေးတစ်ယောက်နှင့်။ အသင့်အတင့်ပြည့်ပြည့်စုံစုံ။ အိမ်ကြီးကြီး၊ ခြံဝင်းကျယ်ကျယ်။ ကျောင်းပိတ်ရက်ဆိုလျှင် သူ့ခြံထဲမှာသူ့သားဖြစ်သူ၏ သူငယ်ချင်း လေး၊ ငါး၊ ခြောက်ယောက်က တစ်နေကုန်လာရောက်ကစားနေကျ။ သူက မီးကုန်ယမ်းကုန်ကစားသည့် ကလေးတို့ကို အမြဲလိုလိုမုန့်ပဲသရေစာများ ဝေငှကျွေးမွေးလေ့ရှိစမြဲ။ ငှက်ပျောသီးလိုမျိုး၊ ကိတ်မုန့်လိုမျိုး၊ ဖရဲသီးစိတ်လိုမျိုးစသည်။

ထိုအမျိုးသမီး၏ ခွဲတမ်းချပုံက အလွန်လှပါသည်။ ကလေးတို့ကို လှမ်းခေါ်ကာ မုန့်ပဲသရေစာဝေသည်နှင့် လှီးထားသည့်ကိတ်မုန့်တွေကိုပဲ ဖြစ်ဖြစ်၊ စိတ်ထားသည့် ဖရဲသီးတွေကိုပဲဖြစ်ဖြစ်၊ ဖွဲ့ထားသည့်ငှက်ပျောသီးတွေကိုပဲ ဖြစ်ဖြစ် သူ၏သားဖြစ်သူကို မည်သို့သောအခါတွင်မှ ဦးစွာပထမ အယူမခိုင်း။ လာရောက်ကစားကြသည့် တခြားသောကလေးတို့ကိုသာ သားတို့ကြိုက်တာယူကြဟု ဦးစွာရွေးခွင့်ပေးပါသည်။ မေမေ့သားက နောက်ဆုံးမှယူနော်ဟုလည်း သားကို ချော့လိုက်ပါသေးသည်။ သားကလေးကလည်း ကောင်းကောင်းကြီးအသွန်သင်ခံထားရသူဖြစ်ပုံရပါ၏။ ဟုတ်ကဲ့ဟု ပြုံးပြုံးကြီး။ ဩော်…ကိုယ်တိုင်ခွဲခြမ်းစိတ်ဖြာထားသည်ဖြစ်သဖြင့် ကိုယ့်ပစ္စည်းဖြစ်နေသည့်တိုင် ကိုယ့်ကိုယ်ကိုယ် ပထမဦးစားပေးသည့်နေရာတွင် မထားသည့်စိတ်ဓာတ်။ ကြည်နူးရပါသည်။

ယင်းကို ကျွန်တော်က 'အန်တီသက်ထား ကိတ်မုန့်လှီးခြင်း' ဟူ၍ စာလည်းရေး၊ အသံလည်းလွှင့်ဖြစ်ခဲ့ပါသည်။ လူ၏ မိမိကိုယ်မိမိနောက်ဆုံးခုံတန်းတစ်နေရာတွင် နေရာချထားမှု။ အတ္တပါးလျှမှု။

(နှစ်)

သွားလေသူများဖြစ်ကြသည့် ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ ဆရာဒဂုန်တာရာ၊ ဆရာပါရဂူ၊ ဆရာနန္ဒာသိန်းဇံတို့နှင့် ကျွန်တော်ထိတွေ့ဆက်ဆံဖူးပါသည်။

ထိုဆရာများအားလုံး၌ ထူးခြားချက်တစ်ခုရှိပါသည်။ ယင်းမှာ စကားပြောသည့်အခါ ကျွန်တော်ဟု ပြောလေ့ရှိပြီး မိမိကိုယ်မိမိဆရာဟု တစ်ခါမျှမပြောခြင်းပင်ဖြစ်ပါသည်။ နားထောင်သူကိုမှု ခင်ဗျားတဲ့။

လူငယ်စာရေးသူတစ်ဦးကမူ ဆရာပြောမယ်တဲ့။ ဆရာဆာပြီကွာတဲ့။ ဆရာမအားဘူးတဲ့။ ဆရာခေါင်းနည်းနည်းမူးနေလို့တဲ့။ ဆရာနားချင်ပြီကွာတဲ့။ ကျွန်တော်တို့ ထိုအကြောင်း စားမြုံ့ပြန်ကာ ပြုံးကြရပါသည်။

လူ၏ မိမိကိုယ်မိမိ အကြီးကြီးဖြစ်အောင် ဖောင်းကားထားရမှု။

(သုံး)

ကမ္ဘာသိ စာရေးဆရာဖရန်စစ်ဖူကူယားမား (Fu Kuyama) ၏ Identity ကို ဆရာကျော်ဝင်းက အမှတ်အသားသရုပ်ဟူသော အမည်ဖြင့် Voice ဂျာနယ်၌ အမြည်းသဘောမျိုး ဘာသာပြန်ခဲ့ပါသည်။

ဤ၌ သိုင်မိုစ်(Thymos)ဟူသည့်စကားလုံးကို နိုင်ငံရေးနယ်ပယ်အတွက် သုံးနှုန်းရှင်းလင်းသွားခဲ့သည့်တိုင် လူမှုရေးနယ်ပယ်အတွက်ပါ ကျွန်တော်ကဖြင့် သဘောကျနေခဲ့ပါသည်။

သိုင်မိုစ် (Thymos)က အသိအမှတ်ပြုခံလိုမှုဖြစ်ပါသည်။ ယင်းကို နှစ်စုခွဲလိုက်ရာ အိုက်ဆိုသိုင်မီးယား (Isothymia)တဲ့၊ မက်ဂလိုသိုင်မီးယား (Megalo–thymia)တဲ့။ အိုက်ဆိုသိုင်မီးယားက သူများနည်းတူ၊ သူများတန်းတူ အဆက်ဆံခံချင်သည့်စိတ်။ မက်ဂလိုသိုင်မီးယားက အထက်တန်းစားအဖြစ် အဆက်ဆံခံချင်သည့်စိတ်။ ဤစိတ်ကို အခြေခံကာ လူမျိုးစုတို့၏ ပြဿနာတို့ ဖြစ်ပွားရလေ့ရှိကြောင်း ဖတ်ရ၊ မှတ်ရပါသည်။

**ထိုအမျိုးသမီး၏ ခွဲတမ်းချပုံက အလွန်လှပါသည်။ ကလေးတို့ကို လှမ်းခေါ်ကာ မုန့်ပဲသရေစာ ဝေသည်နှင့် လှီးထားသည့်ကိတ်မုန့်တွေကို ပဲဖြစ်ဖြစ်၊ စိတ်ထားသည့် ဖရဲသီးတွေကိုပဲ ဖြစ်ဖြစ်၊ ဖွဲ့ထားသည့် ငှက်ပျောသီးတွေကိုပဲဖြစ်ဖြစ် သူ၏သားဖြစ်သူကို မည်သို့သော အခါတွင်မှ ဦးစွာပထမ အယူမခိုင်း။**

လူ့စိတ်ဆိုသည်ကဖြင့် လူမှုရေးနယ်ပယ်၌လည်း ထို့နည်းတူစွာပဲဖြစ်ပါသည်။ အများနည်းတူဟူသော စိတ်မျိုးရှိသကဲ့သို့တခြားတစ်ပါးထက် မိမိက နည်းနည်းပို၍ သာသည်၊ မြင့်သည်ဟူသော စိတ်မျိုးတွေကလည်း ရှိတတ်ကြစမြဲသာဖြစ်ပါသည်။ ဤတွင် ဒုတိယစိတ်က လူနှင့်လူ့အဖွဲ့အစည်းကို ဒုက္ခပေးခြင်းပင်ဖြစ်ပါသည်။

VIP စိတ်သည် ထိုစိတ်ပင်ဖြစ်ပါသည်။ သူတစ်ပါးထက်ကြီးသည့် အစိတ်အပိုင်းကို လိုချင်သည်၊ သူတစ်ပါးထက်မြင့်သည့်ခုံပေါ်မှာ ထိုင်ချင်သည်၊ သူတစ်ပါးထက် ပိုမိုပေါ်လွင်စွာဓာတ်ပုံထဲ၌ ပါဝင်ချင်သည်၊ သူတစ်ပါးထက် ဦးစွာလေယာဉ်ပေါ်သို့ တက်ချင်သည်။

ကမ္ဘာကြီးသည် ဤစိတ်ဖြင့် အမှုတွေ ပွေနေခဲ့ခြင်းဖြစ်ပါသည်။ ဥရောပသားချင်းအတူတူ ငါက အင်္ဂလိပ်ဟူ၍၊ တောင်အာဖရိကသားချင်းအတူတူ ငါက လူဖြူဟူ၍၊ ကမ္ဘာသူ ကမ္ဘာသားချင်းအတူတူ ငါက အမေရိကန်ဟူ၍၊ ငါကဂျာမန်ဟူ၍၊ ကလေးချင်းအတူတူ ဒါက ငါ့သားဟူ၍၊ အများနှင့်တန်းတူမထားနိုင်သည့်စိတ်များ။ ကိုယ့်ကိုယ်ကိုယ် ဆရာဟု အမွှမ်းတင်ချင်သည့်စိတ်များ။

ဂေါတမဘုရားရှင်၏ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကတော့ ရှင်းသည်။ ဂါရဝတဲ့။ သူတစ်ပါးကို လေးစား။ နိဝါတတဲ့။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ။

သို့ဆိုလျှင် အိုက်ဆိုသိုင်မီးယားတွေ၊ မက်ဂလိုသိုင်မီးယားတွေ ပြီးပြီ။ တန်းတူအဆက်ဆံခံချင်သည့်ကိစ္စ၊ ပို၍အလေးထားတန်ဖိုးထားအဆက်ဆံချင်သည့်ကိစ္စ။

ဂါရဝတို့၊ နိဝါတတို့ဟူသည်မှာ ဆွေကြီးမျိုးကြီး၊ ရာထူးကြီး၊ ရာခံကြီး၊ လူမျိုးကြီး၊ နိုင်ငံကြီးဟူသည့်လက်မထောင်ထားသည့်စိတ်ကို ရိုက်ချိုးလိုက်ခြင်းဖြစ်ရာ လူတစ်ဦးချင်းဆက်ဆံရေးမှသည် လူတစ်မျိုးချင်းဆက်ဆံရေးအထိ ပွားများထိုက်သော ဓမ္မဖြစ်ပါကြောင်း။ ။

**(စာရေးဆရာမောင်သာချိုသည် ကဗျာ၊ ဝတ္ထုတို၊ ခရီးသွား၊ စာပေ၊ လူမှုရေး၊ ပညာရေး၊ စာပေရေးရာ ဆောင်းပါးများရေးသားနေသူဖြစ်သည်)**

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



## တစ်ပတ်အတွင်း နိုင်ငံတကာသတင်းကောက်နုတ်ချက်

### အိန္ဒိယက အာကာသတွင် ဂြိုဟ်တုတစ်လုံးကိုပစ်ချ ကြီးမားသော အောင်မြင်မှုဟု မိုဒီဆို



ဂြိုဟ်တုဖျက် ဒုံးကျည်တစ်စင်းဖြင့် အာကာသတွင် ဂြိုဟ်တုတစ်လုံးကို ပစ်ချခဲ့သည်ဟု အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ပြောကြားပြီး ယင်းသည် မိမိတို့၏ အာကာသအစီအစဉ်၌ ကြီးမားသောအောင်မြင်မှုဟု ကြွေးကြော်သည်။

### တရုတ်ပုဂ္ဂလိကကုမ္ပဏီ ဒုံးပျံလွှတ်တင်မှု မအောင်မြင်

တရုတ်ပုဂ္ဂလိကကုမ္ပဏီ One Space က တည်ဆောက်သော Os-ML ဒုံးပျံသည် တရုတ်အနောက်မြောက်ပိုင်း အစိုးရပိုင်လွှတ်တင်ရေးစင်တာ ကျူကွမ်မှ ပျံတက်သော်လည်း ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ မရောက်ခဲ့ဟု နိုင်ငံတော်မီဒီယာက ဖော်ပြသည်။

### ရွှေ့ပြောင်းနေထိုင်သူ ကယ်ဆယ်ရေးလုပ်ငန်းကို အီးယူလျှော့ချ

မြောက်အာဖရိကမှ ဥရောပသို့ အန္တရာယ်များသော ရေကြောင်းခရီးဖြင့် လာရောက်သည့် ရွှေ့ပြောင်းနေထိုင်သူ ထောင်ပေါင်းများစွာကို ကယ်ဆယ်ခဲ့သော ရေကြောင်းကင်းလှည့်မှုများကို ဥရောပသမဂ္ဂက အဆုံးသတ်ခဲ့ပြီး လေယာဉ်ဖြင့်ကင်းလှည့်ခြင်း ဆက်လုပ်မည်ဟုဆိုသည်။

### လူဖြူလူမျိုးကြီးဝါဒနှင့် ခွဲထွက်ရေးဝါဒကို ဖေ့စ်ဘွတ်ခ်တားမြစ်မည်

ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ်တွင် လူဖြူလူမျိုးကြီးဝါဒနှင့် ခွဲထွက်ရေးဝါဒကို ချီးကျူးခြင်း၊ ထောက်ခံခြင်းနှင့် ကိုယ်စားပြုခြင်းတို့ကို ဧပြီလဆန်းကစ၍ တားမြစ်မည်ဟု ဖေ့စ်ဘွတ်ခ်ကပြောသည်။ နယူးဇီလန်နိုင်ငံရှိ ဗလီများပစ်ခတ်မှုကို သေနတ်သမားက တိုက်ရိုက်ထုတ်လွှင့်ပြီးနောက် ဖေ့စ်ဘွတ်ခ်အနေဖြင့် ဖိအားပေးခံနေရသည်။

### အော့ချာ့ဒ်လမ်းတွင် သတ်မှတ်နေရာများမှအပ ဆေးလိပ်သောက်သူများကို ဒဏ်ရိုက်မည်

အော့ချာ့ဒ်လမ်းတွင် ဆေးလိပ်သောက်ရန် သတ်မှတ်ထားသောနေရာများ၏ ပြင်ပ၌ ဆေးလိပ်သောက်သူများကို ယခုသီတင်းပတ်ကစ၍ ဒဏ်ရိုက်မည်ဖြစ်ကြောင်း စင်ကာပူအမျိုးသားသဘာဝပတ်ဝန်းကျင်အေဂျင်စီကပြောသည်။

### မစွစ်ကာပူတိုဗာ ဆလိုဗက်ကီးယားနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာ



အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကိုယ်စားလှယ်လောင်း ဆူဇာနာကာပူတိုဗာသည် ဆလိုဗက်ကီးယားသမ္မတထိပ်တိုက်မဲခွဲမှုတွင် ဆက်ကိုစ်ကို အနိုင်ရပြီး ဆလိုဗက်ကီးယား၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာသည်။

### ဂျာမနီက ဆော်ဒီသို့ လက်နက်များ ရောင်းချခွင့် ပိတ်ပင်မှုကို သက်တမ်းတိုး

ဆော်ဒီအာရေးဗီးယားနိုင်ငံသို့လက်နက်တင်ပို့မှုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်ကို နောက်ထပ်ခြောက်လသက်တမ်းတိုးကြောင်း ဂျာမနီအစိုးရကပြောသည်။ ယင်းတားမြစ်မှုက ဂျာမနီကုမ္ပဏီများနှင့် ပူးတွဲအစီအစဉ်များ ဆောင်ရွက်နေသော ဥရောပလက်နက်ကုမ္ပဏီများနှင့် ဂျာမနီအစိုးရကြား ဆက်ဆံရေးတင်းမာစေခဲ့သည်။

## Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**သင်ကြားပေးသည်**

Grade (X), (XI) ဇီဝဗေဒဘာသာရပ်ကို နောက်ဆုံးသင်ရိုးနှင့်အညီ ၉၅ မှတ်အထက်ရရှိနိုင်အောင် စာသင်၊ စာစစ်အတွေ့အကြုံရင့်ဆရာက တာဝန်ယူသင်ကြားပေးမည်။

Ph- 09- 784258990

**သင်ကြားပေးသည်**

အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ရည်မှန်းသူတို့အတွက် တက္ကသိုလ်ဝင်တန်း ဇီဝဗေဒကို သင်ကြားမှုအတွေ့အကြုံ (၁၅)နှစ်ရှိ မဟာသိပ္ပံဘွဲ့ရဆရာက သင်ကြားပေးမည်။

Ph- 09- 420426873

**သင်ကြားပေးသည်**

၁၀ တန်း ဓာတုဗေဒကို ၉၅ မှတ်အထက်ရလိုသော ဉာဏ်ရည်မြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဆရာ ဦးအောင်မင်းဟိန်း(ကထိက) မှ လာရောက်သင်ကြားပေးမည်။

Ph- 09- 796596891

**ရောင်းမည်**

ဟိုင်းမင်းမုန့်ကြိတ်စက် (၉)လက်မသံပြင် ရောင်းမည်။ အိမ်မီးဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ပါသည်။

Ph- 09- 253939225

**သင်ကြားပေးသည်**

နွေသင်ရိုးကုန်ပုံမှန်လစဉ်၈တန်း၊ ၉တန်း၊ ၁၀ တန်း (သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ၊ ဝိပ္ပံတွဲ) သင်ကြားပေးသည်။

Ph- 09-31082657

**သင်ကြားပေးသည်**

Computer ကို အခြေခံမှစ၍လေ့လာလိုသူများအတွက် Basic Course၊ ရုံးပိုင်းဆိုင်ရာ ကျွမ်းကျင်ချင်သူများအတွက် I-Office Course ၊ Formula များနှင့်ချိတ်ဆက်ပြီး သုံးချင်သူများအတွက် ADV-Excel Course ၊ အခြေခံမှစ၍ အဆောက်အအုံပုံစံ အိမ်ပုံစံများကို အသေးစိတ်ဆွဲလိုသူများအတွက် AutoCAD-2D/3D Course များကို အချိန်တိုအတွင်း ရက်တိုတိုဖြင့် အိမ်အရောက် အမြန်သင်တန်းများလက်ခံနေပါပြီ။

Ph- 09-693520523

**သင်ကြားပေးသည်**

IELTS,4skills,Speaking,Eng,Maths, Physics,Chemistry,Geography,History(all international school students) Starter,Mover,Flyer,KET,PET,FCE, IGCSE(Eng,Physics,Bio).

Ph- 09-775083651

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း မြန်မာ၊ English၊ သင်္ချာဘာသာရပ်များကို စနစ်သစ်မေးခွန်းပုံစံများနှင့် ကျွမ်းကျင်ပိုင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးသည်။

Ph- 09-422205798

**ငှားမည်**

လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ ပထမထပ်၊ (၂၅×၅၀)ပေ၊ တစ်လ-ခုနစ်သိန်းကျပ်။

Ph- 09- 443029470

**သင်ကြားပေးသည်**

၈တန်း၊ ၉ တန်း၊ ၁၀ တန်း English & Biology စနစ်တကျ သင်ကြားပေးသည်။ Old Questions များကို လေ့ကျင့်ပေးသည်။ အမှတ်(၁၅၄)၊ ပထမထပ်၊ (ညာ)၊ အနော်ရထာလမ်းမ၊ ၄၆ မှတ်တိုင်။

Ph- 09-695620083

**သင်ကြားပေးသည်**

၈ တန်း၊ ၉ တန်း၊ ၁၀ တန်း (Teaching/ Guide) ဘာသာစုံ(သို့)တစ်ဘာသာချင်းကို စာသင်သက်(၁၀)နှစ်ရှိသော ဆရာကိုယ်တိုင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ကြားပေးသည်။

Ph- 09-961851060

**သင်ကြားပေးသည်**

IELTS ဖြေဆိုမည့် သူများကို စနစ်တကျ သင်ကြားပေးသည်။ Regular Classes for Learners. Ph- 09-695620083

**သင်ကြားပေးသည်**

International School and IGCSE (Maths, Physics, Chemistry) ၈/၉/၁၀ တန်း(သင်္ချာ၊ ဓာတု၊ ရူပ)ကိုစာသင်သက်နှစ်(၂၀)ကျော်ရှိ ဆရာ ဦးအောင်နိုင်ဦး B.E (Mechanical) မှ သင်/ဂိုက်ပုံစံဖြင့် အိမ်အရောက် သင်ကြားပေးသည်။

Ph- 09- 975543419

**ဝန်ဆောင်မှု**

B.Sc နိုင်ဝင်း TV, LCD TV, PLASMA TV, PROJECTOR, 2'UBC&AUDIO သီးသန့် အိမ်အရောက်ပြုပြင်ပေးပါသည်။

Ph- 09- 73098630

**သင်ကြားပေးသည်**

ဆရာ မိုးဟိန်းကျော် B.E (Mechanical) ဦးစီးသော အောင်သရဖူစာသင်ဝိုင်းနှင့် လချင်းပေးဘော်ဒါ (သင်၊ နေ၊ စား အပြီးအစီး) ၈ တန်း (တစ်သိန်းခွဲ)၊ ၉/၁၀တန်း (နှစ်သိန်း) ဖြင့် သင်ကြားပေးသည်။ ရောမှတ်တိုင်၊ မြောက်ဥက္ကလာပ။

Ph- 09- 252329277

**သင်ကြားပေးသည်**

ဝါရင့် Engineer ကိုယ်တိုင် ၉ တန်း ဘာသာစုံနှင့် ၁၀ တန်း English, Physics, Chemistry ဘာသာရပ်များကို မေးခွန်းပုံစံသစ်နှင့်အညီ အိမ်ဝိုင်းများသင်ကြားပေးသည်။

Ph- 09-964483016

**ဝန်ဆောင်မှု**

လူကြီးမင်းတို့၏ Desktop, Laptop များကို Window တင်ပေးခြင်း၊ Virus များသတ်ပေးခြင်း၊ Software များသွင်းပေးခြင်း၊ Game များသွင်းပေးခြင်း၊ Computer Error များကို အိမ်ရုံးအရောက် ဝန်ဆောင်မှုပေးပါသည်။

Ph- 09- 250513342

**ရောင်းမည်**

PP ကော်စေ့လုပ်ကိုင်နိုင်သော နှစ်ထပ်ကော်စေ့နှစ်လုံး ဟိုင်းမင်(၁၂)လက်မ ခုတ်စက်တစ်လုံး အမြန်လျှော့ဈေးဖြင့် ရောင်းမည်။ PP ကော်စေ့ရှယ်+ထူးရှယ် ထွက်ရန် သင်ကြားပေးမည်။ မော်တာဒါးမိန်းအကုန်ပေးမည်။

Ph- 09- 420568977

**ဝန်ဆောင်မှု**

Window တင်ခြင်း၊ Software Game များ သွင်းပေးခြင်း၊ Laptop များပြုပြင်ပေးခြင်း၊ Network များချိတ်ဆက်ပေးခြင်း၊ Virus များ သတ်ပေးခြင်း၊ အိမ်ရုံးများသို့ လချုပ်စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ Computer Error များကို အိမ်ရုံးအရောက် ဝန်ဆောင်မှုပေးပါသည်။

Ph- 09- 424406936

**ဝန်ဆောင်မှု**

Window 7, 8, 10 များတင်ပေးခြင်း၊ Virus များသတ်ပေးခြင်း၊ Software များ သွင်းပေးခြင်း၊ Laptop များပြုပြင်ပေးခြင်း၊ Game များသွင်းပေးခြင်း၊ Computer ဘာဖြစ်ဖြစ် ဖုန်းဆက်ပါ။ အိမ်အရောက်လာပြင်ပေးပါသည်။

Ph- 09- 260807566

**ဝန်ဆောင်မှု**

ကိုနိုင်ဝင်းနှင့်အဖွဲ့မှ လမ်းလျှောက်စက်၊ စက်ဘီးနင်းစက်၊ သွေးလှည့်စက်၊ Massage ခုံ စသည့် အားကစားပစ္စည်းမျိုးစုံနှင့် CCTV တို့ကိုလည်း အိမ်အရောက်ပြုပြင် တပ်ဆင်ပေးနေပါသည်။ အပိုပစ္စည်းများလည်း ရရှိနိုင်ပါသည်။

Ph- 09- 443098630

**ရောင်းမည်**

အိမ်သုံးလုပ်ငန်းသုံးသံစင်များ၊ သစ်သားစင်များ၊ ဘေစင်ရေကန်များ ရောင်းရန်ရှိပါသည်။ အဝီစိသုံး၊ အိမ်သုံးမော်တာ နှစ်ကောင်နှင့်ကွန်ပရက်ဆာရောင်းမည်။

Ph- 09- 43087861

**ရောင်းမည်**

အရှေ့ဒဂုံ၊ (၁၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်းမ၊ ပေ(၄၀×၆၀) မြေနှင့် ရေမီးပါ နှစ်ထပ်အုတ်ညှပ်၊ ကျပ်သိန်း ၂,၀၀၀ (ညှိနှိုင်း)။ အရှေ့ဒဂုံ၊ (၁၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်းမ၊ ဗိုလ်စောနောင် လမ်းမှတ်တိုင်နှင့် အဆင့်မြင့်ရုပ်ရှင်ရုံ အနီး၊ ပေ(၄၀×၆၀)မြေကွက်၊ ကျပ်သိန်း ၃၉၀ (ညှိနှိုင်း)။

Ph- 09- 250390366

**ရောင်းမည်**

သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်တွင် မြေ(၂၀×၆၀) တစ်ကွက် အမြန်လျှော့ဈေးဖြင့် ရောင်းမည်။ သံထည် အဆောက်အအုံပါသည်။

Ph- 09-420568977

**ရောင်းမည်**

ဒဂုံအရှေ့ပိုင်း၊ (၁၁)ရပ်ကွက်၊ မြဝတီလမ်း၊ ပေ(၄၀×၆၀)၊ ဂရန်မြေ၊ တိုက်အိမ် (ထပ်ခိုးပါ)။ ၁၃ ပေ အိမ်အပိုပါ၊ ရေမီးစုံ ရောင်းမည်။

Ph- 09-780360493

**ရောင်းမည်**

ဒဂုံဆိပ်ကမ်း၊ (91)ရပ်ကွက်၊ ပေ(40× 60)၊ ငါးကွက်တွဲ၊ ဂရန်တစ်ဦးတည်းအမည်ပေါက်၊ ပေပိုပါ၊ ကွန်ကရစ်လမ်းခင်းပြီး၊ အုတ်ခြံစည်းရိုး/ရေမြောင်းလုပ်ပြီး၊ မီး/ရေရ၊ လေးနှစ်ကျော် စိန်တစ်လုံး/အုန်းအပင် 40 ကျော်ပါ၊ ဌာနပိုင်းရပ်ကွက်သန့် ရောင်းမည်။

Ph- 09-799947263

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

စာမျက်နှာ ၂၀ မှ

## မြို့သစ်တွေက တိုးပွားဆဲ၊ အိမ်ရာတွေက ရှားပါးဆဲ

ဖြစ်လာလေမည်လောဟု စိတ်ပူမိသေး၏။ မည်သို့ဆိုစေ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ကျူးကျော်အိမ်ရာနေ ပြည်သူတို့အတွက် အိမ်ရာများ ဆောက်လုပ်ရေးအစီအစဉ်ကို တိုင်းဒေသကြီးအစိုးရ၏ ရင်ထဲ၌ တည်ရှိနေသေးသည်ဆိုသောအချက်ကိုမူ သံသယမဖြစ်မိပေ။ လက်တွေ့ကျကျ ဖြစ်ပေါ်လာနိုင်သမျှ ဖြစ်လာပါစေဟု ဆက်လက်ဆုတောင်းပေးနေရဦးမည်သာတည်း။

ပြည်ထောင်စုအစိုးရ စီမံကိန်းဖြစ်သော လှည်းကူးမြို့နယ် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ဘေးဝဲယာရှိ ဧက ၁,၄၅၀ ခန့်တွင် တည်ဆောက်မည့် Eco-Green City မြို့သစ်၌ တန်ဖိုးနည်းအိမ်ခန်းပေါင်း ၃,၃၄၀ မျှ ပါဝင်ကြောင်း တွေ့ရှိ၍ သာဓုခေါ်မိ၏။ ဆင့်ပါးစပ်နှမ်းပက်သည်ဟုဆိုစေကာမူ တည်နေရာအရ တင်းတိမ်ရမှာ အမှန်ဖြစ်၏။ အကယ်၍ မတင်းတိမ်ပါဟုဆိုလျှင် ထပ်မံတည်ဆောက်လတ္တံ့သော မြို့သစ်တို့၏ အိမ်ရာဖြည့်ဆည်းမှုသဘာဝနှင့် ဝင်ငွေနည်းပြည်သူတို့၏ အိမ်ရာလိုအပ်ချက် ကွာဟနေမှုအား နိုင်ငံရေးအမြင်ဖြင့် အစိုးရက ညှိနှိုင်းဆုံးဖြတ်ပေးရန် လိုအပ်မည်ဟု ရှုမြင်မိပါသည်။

မကြာမီက ပန်းလှိုင်မြစ်နှင့် လှိုင်သာယာ–တွံတေးကားလမ်းအကြားတွင် မလေးရှားကုမ္ပဏီတစ်ခုမှ ဧက ၂,၀၀၀ ခန့် ကျယ်ဝန်းသော မြို့သစ်တစ်မြို့တည်ဆောက်ရန် အဆိုပြုထားကြောင်း၊ တန်ဖိုးနည်းအိမ်ရာ နှစ်သောင်းခန့်ပါဝင်မည်ဖြစ်ကြောင်းသတင်းကောင်းကြားသိရ၍ လှိုင်သာယာမှ ကျူးကျော်များအတွက် အိမ်ရာဖြည့်ဆည်းပေးရန် လမ်းသစ်ပွင့်လာပြီဟု မျှော်လင့်မိ၏။ ဤသို့ဆိုလျှင် ရန်ကုန်အနောက်တောင်ဒေသ၌ မြို့သစ်ကြီးတစ်မြို့၊ မြို့ငယ်တစ်မြို့ ပေါ်ထွန်းလာမည်ဖြစ်ပြီး မြို့ကြီးမည်မျှကြီးပါစေ မြို့ငယ်မှသာ ဝင်ငွေနည်းပြည်သူတို့အား ပြတ်ပြတ်သားသားတံခါးဖွင့်ကြိုဆိုမည့်အနေအထားရှိခြင်းကြောင့် စီမံကိန်းဖြစ်မြောက်ပါစေဟု အလေးထားဆန္ဒပြုမိ၏။ တစ်ဖန် ရန်ကုန်အရှေ့ပိုင်းရှိ ရန်ကုန်မြို့တော်စည်ပင်က နို့စားနွားမွေးမြူရာတွင် နွားထီးသာ ကျန်ရှိသည်ဆိုသော နာမည်ကျော်ခြံနှင့် မလှမ်းမကမ်းဒေသ၌ ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုက မြို့သစ်တည်ဦးမည်ဆိုသည့် သတင်းရနံ့သင်းပျံ့ပျံ့ရရှိလာပြန်၏။ ဧက ၂,၀၀၀ ခန့်မျှရှိပြီး စက်မှုဇုန်ပါဝင်မည့် စမတ်မြို့ (Smart City)ဖြစ်လာမည်ဟု ကြားသိရပြန်၏။ ၎င်းမြို့သစ်တွင် ဝင်ငွေနည်းပြည်သူတို့ဝယ်နိုင်၊ ငှားနိုင်မည့် အိမ်ရာများလည်း ထူးထူးခြားခြားပါဝင်ပါစေဟု ဆုတောင်းမိပြန်၏။ ဒဂုံ (ဆိပ်ကမ်း)မြို့သစ်တွင်လည်း ရွှေတောင်ကုမ္ပဏီမှ 'စမတ်ခရိုင်' (Smart District) တစ်ခု တည်ဆောက်မည်ဟူသောသတင်းကို လွန်ခဲ့သောနှစ်မှပင် ကြားရသိရ၏။ အခြေခံ အဆောက်အအုံလုပ်ငန်းများကို စတင်နေပြီဟု သိရှိရခြင်းကြောင့် 'အဟောဝတကောင်းလေစွ'ဟု ရေရွတ်ရင်းကြိုဆိုမိ၏။ ပြည်တွင်းကုမ္ပဏီကြီးတစ်ခုက ပထမဆုံး တာဝန်ယူ အကောင်အထည်ဖော်မည့် Smart District ကြီးအထူးအောင်မြင်ပါစေဟုလည်း ကြိုဆိုဆုတောင်းရပြန်၏။ ၎င်းဒေသပတ်ဝန်းကျင်၌ တန်ဖိုးနည်းအိမ်ရာများစွာ အဆင်သင့် တည်ရှိနေပြီဖြစ်သည့် အလျောက် နောက်ထပ်တန်ဖိုးနည်းအိမ်ရာသစ်များ Smart District အတွင်း ထပ်မံပါဝင်လာမည်ဟုလည်း ယုံကြည်မိပါသည်။

မြို့သစ်တည်ဆောက်ခြင်းဟူသည် မြေအသုံးချမှုကို စနစ်တကျ အကောင်အထည်ဖော်ပေးခြင်းဖြစ်၏။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် အရေအတွက်များပြားလှစွာသော အိမ်ရာမဲ့ပြည်သူများအတွက် မြေအသုံးချမှု အကောင်အထည်ဖော်ပေးခြင်းဟူသည်မှာ မှန်ကန်သော မြေယာမူဝါဒဟု ဆိုရမည်ဖြစ်ပေသည်။ ဤကဲ့သို့သော မူဝါဒကို အခြေမခံသမျှ 'မြန်မာပြည်မှာ မြို့သစ်တွေကများ၊ ပြည်သူတွေမှာ နေစရာတွေကရှား'ဟူသော ဖြစ်စဉ်က အခွန့်ရှည်ကြာ တည်ရှိနေဦးမည်သာတည်း။ တစ်နည်းပြောရလျှင် ပဒေသရာဇ်ခေတ်နှင့် ကိုလိုနီခေတ် မြို့ပြများပမာ Gated Community ခေါ် ဂိတ်တံခါးအခြေပြုလူ့အဖွဲ့အစည်း ကြီးစိုးသော မြို့များသာလျှင် 'အောင်စေ... ပိုင်စေ... နိုင်စေမြို့တော်' အဖြစ် ဥဒါန်းတွင်ရစ်ကြမည်ကို စိုးရိမ်မိပါကြောင်း ဖော်ပြရင်းနိဂုံးချုပ်လိုက်ပါသတည်း။ ။

**(ဆောင်းပါးရှင် မြင့်မိုရ်ဆွေသည် မြို့ပြရေးရာ၊ ယဉ်ကျေးမှု ခရီးသွား၊ စာပေနှင့် မျက်မှောက်ရေးရာများ ရေးသားနေသူဖြစ်သည်)**

JOKE

### မျှော်လင့်မထား

ဆူဇီသည် ရပ်ကွက်နားရှိ စာကြည့်တိုက်တွင် စာအုပ်သွားအပ်ရာ စာအုပ်ပျက်စီးနေသဖြင့် လျော်ကြေးပေးရမည်ဟု စာကြည့်တိုက်မှူးကပြောသည်။ ဆူဇီက သဘောတူပြီး ယခုပိုက်ဆံမပါသဖြင့် နောက်တစ်ကြိမ်စာကြည့်တိုက်သို့လာရောက်လျှင် စာအုပ်တန်ဖိုးပေးလျော်မည်ဟုပြောရာ စာကြည့်တိုက်မှူးက လက်ခံ သည်။

ဆူဇီက နောက်တစ်နေ့တွင် လျော်ကြေးပေးရန်နှင့် စာအုပ်ငှားရန် စာကြည့်တိုက်သို့ ရောက်သွားချိန်၌ အခြားစာကြည့်တိုက်မှူးတစ်ဦးကို တွေ့ရသည်။ စာကြည့်တိုက်မှူးက သူ့ကတ်ကိုယူ ပြီး ကွန်ပျူတာတွင် ရိုက်လိုက်ချိန်တွင် စာကြည့်တိုက်ကွန်ပျူတာ 'မှတ်ချက်များ' ကဏ္ဍ၌ ယခုလိုရေးထားသည်ကို တွေ့ရသည်။

'စာအုပ်ငှားသူက နောက်တစ်ခါလာလျှင် ဒေါ်လာ ၂၀ လျော်ကြေးပေးမည်ဟုပြော၊ လျော်ကြေးပေးမည်ဟု မထင်' ဟူ၍။

### တန်းစီသူများ

ပန်းအလှပြင်ဆိုင်ဖွင့်ထားသူ တစ်ဦး ဆံပင်သွားညှပ်သည်။ ဆံပင်ညှပ်ခပေးချိန်တွင် ဆံသဆရာက "ကျွန်တော်ဒီတစ်ပတ်လုံး လူမှုအကျိုးပြု လုပ်နေတာပါ" ဟု ပြောပြီး ပိုက်ဆံမယူပေ။ နောက်တစ်နေ့ဆံသဆရာ ဆိုင်ဖွင့်ချိန်တွင် ပန်းစည်းတစ်ခုနှင့် ကျေးဇူးတင်ကြောင်း ကတ်တစ်ခုရရှိခဲ့သည်။

ထိုနေ့မှာပင် ဝပ်ရှော့ဆရာတစ်ဦး ဆံပင်လာညှပ်သည်။ ဆံသဆရာက ပန်းအလှပြင်ဆိုင်ဖွင့်ထားသူကို ပြောသကဲ့သို့ပြောလိုက်သည်။ နောက်တစ်နေ့ဆိုင်ဖွင့်ချိန်တွင် မုန့်တစ်ဘူးနှင့် ကျေးဇူးတင်ကြောင်း ကတ်တစ်ခုကို ဆံသဆရာက ရရှိခဲ့သည်။

ထို့နောက် များမကြာမီ လွှတ်တော်အမတ်တစ်ဦး ဆံပင်လာညှပ်ရာ ဆံသဆရာက အလားတူ လူမှုအကျိုးပြုလုပ်နေကြောင်း ပြောလိုက်သည်။

နောက်တစ်နေ့ ဆံသဆရာဆိုင်ဖွင့်ချိန်တွင် လွှတ်တော်အမတ်တစ်ဒါဇင် ဆံပင်အလကားညှပ်ရန် တန်းစီစောင့်နေသည်ကို တွေ့ရသည်။

စာမျက်နှာ ၃၂ မှ

## သင်္ကြန်မတိုင်ခင် နွေဦး၏ကျက်သရေကို ဖတ်မိခြင်း

ကိုဖေ၏ဆင်ခြင်မှု၊ ကိုဖေ၏အတွေးစေတနာ၊ ကိုဖေ၏အယူအဆကို ဆရာဇော်ဂျီသည် သိရှိခံစားလိုက်ရပြီးသည့်နောက် ဤသို့ သူက ထပ်မံ ဆင်ခြင်ပါသည်။

"မြန်မာပြည်မလွတ်လပ်ခင်တုန်းက နွားလွှတ်ပွဲတစ်ပွဲကို မြင်သဖြင့်အနှောင်အဖွဲ့နှင့်နေရတုန်းဖြစ်သော ကိုယ့်တိုင်းပြည်ကို နွားကြီးကဲ့သို့ လွတ်မြောက်စေချင်သော စိတ်ကူး ကျွန်တော့်မှာ ပေါက်ဖူးသည်။ လွတ်မြောက်ပါစေဟုလည်း ဆုတောင်းဖူးသည်။ ယခုအခါ မြန်မာပြည်လွတ်လပ်ပေပြီ။ သို့ရာတွင် နွားလွှတ်ပွဲကို နှစ်စဉ်နှစ်တိုင်း နွေပေါက်တိုင်း မြင်ချင်ပါသေးသည်။ မတော်လောဘအနှောင်အဖွဲ့မှ၊ မတော်ဒေါသအနှောင်အဖွဲ့မှ၊ မတော်မာနအနှောင်အဖွဲ့မှ၊ ခပ်သိမ်းကုန်သော အဓမ္မအနှောင်အဖွဲ့တို့မှ မြန်မာပြည်သည် ဘေးမဲ့နွားကြီးကဲ့သို့ လွတ်မြောက်ပါစေဟု ဆုတောင်းဖြစ်အောင် သတိလစ်၍ မနေချင်သောကြောင့် ဖြစ်ပါသည်"

ဆရာဇော်ဂျီသည် ဉာဏ်ကွန့်မြူးမှုအရာ၌ ဆရာတစ်ဆူဖြစ်ပါသည်။ ကျွန်တော်တို့ နှောင်းလူတို့သည်ဆရာဇော်ဂျီ၏ရိုးဂုဏ်နှင့် ဉာဏ်ကွန့်မြူးမှုအရာကို ယခုထက်ထိ အတုယူနေရစမြဲ ဖြစ်သည်။ ဆရာဇော်ဂျီတွေးလိုက်ပုံကို ကြည့်ပါ။ မြန်မာပြည်မလွတ်လပ်ခင်တုန်းကမြန်မာပြည်ကိုနွားကြီးကဲ့သို့ လွတ်မြောက်စေချင်သော စိတ်ကူးဆရာ့မှာ ရှိခဲ့သည်။ တစ်ဖန် မြန်မာပြည်လွတ်လပ်သွားပြန်တော့လည်း နွားလွှတ်ပွဲကို နှစ်စဉ်နှစ်တိုင်းနွေပေါက်တိုင်းမှာ မြင်ချင်ပါသေးသည်တဲ့။ ဆရာဇော်ဂျီမြင်ချင်သည်မှာ မတော်လောဘအနှောင်အဖွဲ့၊ မတော်ဒေါသ၊ မတော်မာနအနှောင်အဖွဲ့တို့မှ၊ ဒါ့အပြင် အခြားအခြားသော ခပ်သိမ်းသော အဓမ္မတရားတို့မှ မြန်မာပြည်ကို လွတ်လပ်စေလိုခြင်းဖြစ်သည်။

ကျွန်တော်တို့သည် တွေးကြဖို့ ကောင်းပါသည်။ မြန်မာပြည်ကြီးသည် တကယ်ပဲ လွတ်လပ်ပါပြီလား။ မပျက်သုဉ်း မပျောက်



ကွယ်သေးသော မြန်မာ့ယဉ်ကျေးမှု ဓလေ့ရိုးရာတို့သည် ယခုအခါ အချို့နေရာများတွင် တွေ့နေရစမြဲဖြစ်ပါသည်။ ကျွန်တော်သည် ဆရာဇော်ဂျီကိုလည်း အားနာပါသည်။ ဆရာဇော်ဂျီ၏ဇာတိမှ ကိုဖေဆိုသော သူကိုလည်း အားနာလှပါသည်။ ဆရာဇော်ဂျီမျှော်မှန်းသွားသည်မှာ တရားမျှတသော လွတ်လပ်မှုနှင့် အဓမ္မကင်းသော လူ့အဖွဲ့အစည်းဖြစ်နိုင်ပါသည်။ မတော်လောဘ၊ မတော်အတ္တတွေနှင့် ချုပ်နှောင်ထားသောအရာများ မရှိသင့်တော့ဟု ထင်ပါသည်။ ကိုဖေပြောသောစကားကို ကျွန်တော်တို့ ဆင်ခြင်သင့်ပါသည်။ ဆင်ခြင်နိုင်ပါသည်။ ကျွန်တော်တို့သည် ငြိမ်းချမ်းရေးပွဲများကို ကျင်းပနေကြပါ၏။ လူတန်းစားအလွှာစုံက နည်းလမ်းအသွယ်သွယ်ဖြင့် ကျင်းပနေပါသည်။ မိမိတတ်နိုင်သောထောင့်မှ နေ၍ ငြိမ်းချမ်းသော နိုင်ငံ၊ အေးချမ်းသော တိုင်းပြည်ကို မြင်လိုကြသောကြောင့် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့်ဆိုင်သော ပွဲများသည်ကျွန်တော်တို့နိုင်ငံတွင်က မနည်းတော့။ တကယ်ကောပွဲ၏သဘောကို ကျွန်တော်တို့ဆင်ခြင်မိပါသလားဟု မေးခွန်းထုတ်ကြရတော့မည်ဖြစ်သည်။

ယခုအခါတွင် ကျွန်တော်တို့သည် နွားဘေးမဲ့လွှတ်ပွဲများကို သိပ်မကြားမိရတော့ပါ။ အခြားသော မြန်မာ့ဓလေ့များကိုတော့ ကျွန်တော်တို့ တွေ့နေရစမြဲ ဖြစ်သည်။ ကျွန်တော်တို့သည် နွားဘေးမဲ့လွှတ်ပွဲတစ်ပွဲလောက် နိုင်ငံတော်အဆင့်အနေဖြင့် ပြုလုပ်သင့်သည်ဟု ထင်ပါသည်။ သို့မှသာထိုနွားဘေးမဲ့လွှတ်ပွဲကိုကြည့်ရှုသူ အကြီးအကဲများသည် ဆင်ခြင်မိမည်ဟု ထင်ပါသည်။ ထိုသို့ဆင်ခြင်မိစေရန်လည်း ကျွန်တော်တို့သည် ဆရာဇော်ဂျီ၏နွေဦးကျက်သရေရသစာတမ်းလေးကို ထိုရွှေပွဲလာများကို ဝေငှချင်ပါသည်။ ဖတ်ရှုစေချင်ပါ၏။

မိမိနိုင်ငံ၌ ဒဏ်ရာဒဏ်ချက်တို့ရှိနေလျှင် ထိုဒဏ်ရာဒဏ်ချက်တို့ကို ကုသနိုင်မည့် သူများမှာလည်း ထိုနိုင်ငံသူ၊ နိုင်ငံသားများနှင့် ထိုနိုင်ငံကို အုပ်ချုပ်သူများသာဖြစ်ပါသည်။ မိမိနိုင်ငံသည် သားသတ်ရုံထဲမှ အခုချိန်ထိ မလွတ်မြောက်သေးသောနွားတစ်ကောင်အသွင်ဆောင်နေပြီလားဟု ကျွန်တော်တို့ တွေးဖို့ကောင်းပါ၏။ ကျွန်တော်တို့သည် လွတ်မြောက်ပေးသင့်ပါသည်။ လွတ်မြောက်ပေးစေလိုပါသည်။

ရုတ်တရက် တီဗီမှ လွင့်ပျံ့လာသော သင်္ကြန်သီချင်းသည် ကျွန်တော့်ကို လှုပ်နိုးစေပါသည်။ ပိတောက်ခက်များကို မြန်မာပြည်၏ဦးခေါင်းထက်တွင် ပန်ဆင်ပေးကြစေလိုပါသည်။ မကြာမီ သင်္ကြန်ရက် ရောက်သည့်အခါ အေးမြကြည်လင်သော ရေစင်များကို မြန်မာပြည်၏ခန္ဓာအနှံ့အပြားဆီ သွန်းလောင်းပက်ဖျန်းစေလိုပါ၏။ သီချင်းများလည်း ဆိုကြဦးမည်။ ကျွန်တော်တို့သီဆိုလိုသည်မှာ ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့အစဉ်ဖြစ်ပါ၏။ ဒုက္ခိတဘဝသို့ ရောက်နေသောငြိမ်းချမ်းရေးငှက်ကလေး၏ တောင်ပံအားထပ်မံ၍ လိမ်ချိုးခြင်းမပြုကြတော့ဘဲ အတောင်ပံတပ်ဆင်ပေးကာ လွတ်လပ်စွာ ပျံသန်းခွင့်ပေးကြစေလိုခြင်းဖြစ်ပါ၏။ ကျွန်တော်တို့သည် နွေဦးကျက်သရေကိုဖတ်ဖို့ လိုသည်ဟု ထင်ပါသည်။ မိမိ၏စိတ်၌ ရေချမ်းစင်လေးများ အသီးသီး တည်ဆောက်စေလိုကြောင်းပါ။ ။

**(ဆောင်းပါးရှင် သစ်ဝေခသည် မျက်မှောက်ရေးရာဆောင်းပါးများရေးသားနေသူဖြစ်သည်)**

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

# Cartoon

























www.free4readers.com



# Commodity Watch

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

## ၁-၄-၂၀၁၉ တွင် ကောက်ယူထားသည့် လယ်ယာထွက်ကုန်နှင့် သီးနှံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆,၀၀၀ မှ ၃၈,၀၀၀ |
| ၂ | ဧည့်မထ(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉,၀၀၀ မှ ၁၉,၂၀၀ |
| ၃ | ငစိန်(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉,၀၀၀ မှ ၁၉,၇၀၀ |
| ၄ | မီးဒုံး(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅,၀၀၀ မှ ၂၆,၅၀၀ |
| ၅ | မိုးသုခ (ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄,၅၀၀ မှ ၂၆,၀၀၀ |
| ၆ | ရွှေဦးသီးထပ် (ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀,၂၀၀ မှ ၂၀,၅၀၀ |
| ၇ | ပေါ်ဆန်း (သစ်ရှယ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၆၁,၀၀၀ မှ ၆၃,၀၀၀ |
| ၈ | ဆန်ကြမ်း (သစ်ရှယ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅,၂၀၀ မှ ၂၆,၀၀၀ |
| ၉ | မတ်ပဲ (FAQ/RC) | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၈,၀၀၀ |
| ၁၀ | ပဲတီစိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၈၆၅ မှ ၂,၀၀၀ |
| ၁၁ | ကုလားပဲခြမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၈၀၀ မှ ၁,၈၂၅ |
| ၁၂ | ထောပတ် (ပဲ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၉၄၅ မှ ၂,၀၉၀ |
| ၁၃ | စွန်တာနီ/ပြာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၁၈၀ မှ ၁,၂၂၀ |
| ၁၄ | ပြောင်းဆံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၈၀ မှ ၅၀၀ |
| ၁၅ | ကြက်သွန်နီ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁,၁၀၀ |
| ၁၆ | ကြက်သွန်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၁,၆၀၀ |
| ၁၇ | ငရုတ်ပွစိမ်းစား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉,၀၀၀ မှ ၉,၅၀၀ |
| ၁၈ | မိုးထောင်ငရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄,၂၅၀ မှ ၄,၃၀၀ |
| ၁၉ | အာလူး(A1, S1) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၂၀ မှ ၈၅၀ |
| ၂၀ | နှမ်းနက် | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၅၅,၀၀၀ မှ ၂၇၀,၀၀၀ |
| ၂၁ | နှမ်းဖြူ | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၆၈,၀၀၀ မှ ၁၇၀,၀၀၀ |
| ၂၂ | ပဲပုတ်(ဗမာ) | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၅,၀၀၀ မှ ၅၈,၀၀၀ |
| ၂၃ | ပဲပုတ်(ရှမ်း) | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၈,၀၀၀ မှ ၆၀,၀၀၀ |
| ၂၄ | ဖရဲသီး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁,၅၀၀ မှ ၂,၀၀၀ |
| ၂၅ | သခွားမွှေး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁,၁၀၀ |
| ၂၆ | သင်္ဘောသီး | တစ်ဖီး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၁,၅၀၀ |

## NOTE BOOK PRICE

| | |
|---|---|
| **Acer** | |
| Acer Aspire ESI-432 (Celeron) | 457,000 |
| Acer Swift 3 (i3) 8th Gen | 825,500 |
| Acer Swift 7 (Intel Core i5-7Y54) | 1,746,500 |
| Acer ESI-432 (Pentium) Notebook | 475,000 |
| **Dell** | |
| Dell Vostro 3578-Intel i7 (8th Gen) | 1,095,825 |
| Dell Vostro 3578-Intel i5 (8th Gen) | 1,008,000 |
| Dell Insprion 14 3467-intel i3 (7th Gen) | 640,000 |
| Dell In 3576 (i3) | 686,970 |
| **Lenovo** | |
| Lenovo Ideapad 310[i7] | 1,050,000 |
| Lenovo Ideapad 330-I5IKB-13 (7th Gen) | 607,000 |
| Lenovo Ideapad 330-i3-7020U Processor (2.30GHz,3MB)s | 778,400 |
| Lenovo ThinkPad Notebook E480-4GB-1TB-Black | 879,000 |

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane (92) 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Mar (26) | 885 | 975 | 800 | 985 |
| Mar (27) | 885 | 975 | 800 | 985 |
| Mar (28) | 885 | 975 | 800 | 985 |
| Mar (29) | 885 | 975 | 800 | 985 |
| Mar (30) | 885 | 975 | 800 | 985 |
| Mar (31) | 885 | 975 | 800 | 985 |
| Apr (1) | 885 | 975 | 800 | 985 |

ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိနိုင်ပါသည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung | 55" Smart LED UHD Curved TV | 2,290,000 |
| Samsung | 55" 4K Smart TV | 1,429,000 |
| SONY | 55" Smart LED UHD Curved TV | 1,350,000 |
| LG | 55" LED UHD 4K Smart TV | 1,189,000 |
| **DVD** | | |
| Samsung | U29-f15(BluRay) | 190,000 |
| AEK | momo EVD | 30,000 |
| Nibban | EVD | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | 2 Door,Digital Inverter | 890,000 |
| Panasonic | 2 Door, 222L Refrigerator | 409,000 |
| Hisense | 1Door, 175L Refrigerator | 233,000 |
| Haier | 1Door,177L Refrigerator | 236,000 |
| **Washing** | | |
| SAMSUNG | Fully Auto, 12kg | 509,000 |
| Panasonic | Fully Auto, 7.5kg | 309,000 |
| **Aircon** | | |
| Samsung | Split 1.5HP, Inverter Air Conditioner 1200W | 455,000 |
| Panasonic | Split 1.5HP, Inverter Air Conditioner | 495,000 |
| MISUBISHI | Split 1.5HP, Inverter Air Conditioner 980W | 804,000 |

အထက်ပါဈေးနှုန်းများမှာ ဧပြီ (၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(Alpha) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (Crown) | တစ်အိတ် | ၄,၄၀၀ |
| ဘိလပ်မြေ (ကြံ့နစ်ကောင်) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (ဆင်ဗင်) | တစ်အိတ် | ၄,၃၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀-၁၁၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(၈ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| နေပြည်တော်စက်အုတ်(၁၀)ပေါက် | တစ်လုံး | ၇၅-၈၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၅,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၆၅၀-၅၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၀၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀-၃၆၀ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၄၀၀-၁,၆၀၀ |
| အိမ်ရိုက်သံ (2"-4") | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| အိမ်ရိုက်သံ (1") | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီ (၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| | | |
|---|---|---|
| ဆန် (ပေါ်ဆန်းမွှေး) | တစ်ပြည် | ၂,၂၀၀-၂,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၈၀၀-၂,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၁,၄၀၀-၁,၅၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀-၄,၅၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ဆီ (ပဲဆီစပ်) | တစ်ပိဿာ | ၆,၀၀၀-၇,၀၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၃၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀ |
| မန်ကျည်းမှည့် (အစေ့လွတ်) | ၃၀ သား | ၁,၀၀၀ |
| အာလူး | တစ်ပိဿာ | ၁,၂၀၀ |
| နို့ဆီ | တစ်ဘူး | ၈၅၀ |
| နို့စိမ်း | တစ်ဘူး | ၈၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၃၀-၂၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၂,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား (ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၁၀,၀၀၀-၁၂,၀၀၀ |
| အမဲသား(အသားကောင်း) | တစ်ပိဿာ | ၁၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | တစ်ပိဿာ | ၁,၀၀၀ |
| ဂေါ်ဖီထုပ် | တစ်ထုပ် | ၅၀၀-၇၀၀ |
| ငရုတ်သီး (အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၄,၀၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၆,၀၀၀ |
| ငါးဖယ်(အစစ်) | တစ်ပိဿာ | ၁၈,၀၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၁၀,၀၀၀-၁၉,၀၀၀ |
| ပုစွန်ဆိတ် | တစ်ပိဿာ | ၅,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၂၀,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၄,၅၀၀-၆,၀၀၀ |

ဧပြီ (၁)ရက်က ကြည့်မြင်တိုင်ဇဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## တန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| A9(Black,Pink) | 870,000 |
| A7 (Black,Pink) | 500,000 |
| Note9 (128GB) | 1,299,000 |
| J2 Core | 156,000 |
| On 7 | 184,000 |
| J7 Duo | 347,000 |
| J7 Core | 209,000 |
| Note 8 (Black) | 1,275,000 |
| Tab J | 295,000 |

**iPhone**

| Model | Price |
|---|---|
| iPhoneXSmax(256GB) | 2,015,000 |
| iPhoneXSmax(64GB) | 1,780,000 |
| iPone XS (512GB) | 2,090,000 |
| iPhone XS (256GB) | 1,845,000 |
| iPone XS (64GB) | 1,605,000 |

**Oppo**

| Model | Price |
|---|---|
| F9 (Starry Purple) | 419,900 |
| F9 (Red, Black) | 399,900 |
| A3s (Red, Black) | 189,900 |
| A71K | 179,000 |
| A57 (Black,Gold) | 279,000 |
| F5 Lite Rose Gold | 199,000 |

**Xiaomi**

| Model | Price |
|---|---|
| Mi8 Lite (6,128) | 409,000 |
| Mi8 Lite (4,64) | 349,000 |
| RedmiNote 6 pro(4,64) | 330,000 |
| RedmiNote 6 pro(3,32) | 299,000 |
| Mi A1 (32) | 279,000 |
| MiMax 2 (64) Gold | 299,000 |
| MiMax 3 (64) Gold | 399,000 |

www.free4readers.com

Business
7DAY NEWS JOURNAL

ကျောက်စိမ်း၊ ကျောက်မျက်တွေနဲ့ပတ်သက်ပြီး ရှိရင်းစွဲထက် တန်ဖိုးလျှော့ဖြတ်တာမျိုးတွေကြောင့်လည်း မြန်မာနိုင်ငံဟာ ရသင့်ရထိုက်တဲ့အခွန်ထက် နှစ်စဉ်ဘီလီယံပေါင်း မြောက်မြားစွာ လျော့နည်းပြီး ရရှိနေတယ်လို့ ယုံကြည်နေကြပါတယ်။

Vol.18, No.5 · APRIL 3 , 2019

# ကျောက်စိမ်း၊ ကျောက်မျက်ကုန်သွယ်မှုမှ စာရင်းပျောက်ကွယ်သွားသော အခွန်ငွေများ

ဖွဲ့ရဲဝင့်

စီမံစည်းကြပ်မှု အားနည်းချက်တွေက မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းနဲ့ ကျောက်မျက်တွင်းထွက်တွေ ထုတ်လုပ်မှုက ရရှိမယ့် အခွန်ငွေပမာဏ ဒေါ်လာ ဘီလီယံနဲ့ချီ ဆုံးရှုံးနေတယ်လို့ ဆိုပါတယ်။ Natural Resource Governance Institute (NRGI)က မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းနဲ့ ကျောက်မျက်တွင်းထွက်တွေ စုစုပေါင်းပမာဏရဲ့ သုံးပုံနှစ်ပုံစာလောက်က အခွန်ဆောင်ခြင်းမရှိဘူးလို့အစီရင်ခံစာတစ်စောင်မှာ ဖော်ပြထားပါတယ်။ ပညာရှင်တွေကတော့ အခုပြဿနာမျိုးအပြင် ကျောက်စိမ်း၊ ကျောက်မျက်တွေနဲ့ ပတ်သက်ပြီး ရှိရင်းစွဲထက် တန်ဖိုးလျှော့ဖြတ်တာမျိုးတွေကြောင့်လည်း မြန်မာနိုင်ငံဟာ ရသင့်ရထိုက်တဲ့ အခွန်ထက် နှစ်စဉ် ဘီလီယံပေါင်း မြောက်မြားစွာ လျော့နည်းပြီး ရရှိနေတယ်လို့ ယုံကြည်နေကြပါတယ်။

မြန်မာဟာ တစ်ကမ္ဘာလုံးက အရည်အသွေးမြင့် ကျောက်စိမ်းပမာဏ ၉၀ ရာခိုင်နှုန်းလောက် ထုတ်လုပ်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ပတ္တမြား၊ နီလာနဲ့ တခြားအရောင်အသွေးစုံ ကျောက်မျက်တွေ တူးဖော်ရရှိမှုမှာလည်း ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်ခုပါ။ ဒီလုပ်ငန်းကနေ အကျိုးအမြတ်အများဆုံး ရရှိနေတာကတော့ တရုတ်နိုင်ငံပါပဲ။ တရုတ်ရဲ့ ဓနရှင် လူတန်းစား တိုးပွားကျယ်ပြန့်လာတဲ့နောက် အဖိုးတန်ကျောက်မျက်တွေအပေါ် တောင်းဆိုမှုလည်း မြင့်တက်လာပါတယ်။ အကျိုးဆက်အနေနဲ့ မြန်မာနိုင်ငံဘက်က အရေအတွက် အတိအကျမပြောနိုင်လောက်တဲ့ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေဟာ တရားဝင်တင်ပို့ရာ လမ်းကြောင်းကဖြစ်စေ၊ တရားမဝင် မှောင်ခိုလမ်းကြောင်းကနေဖြစ်စေ တရုတ်ဘက်ကို စီးဝင်ရောက်ရှိနေပါတယ်။

ဗြိတိသျှကိုလိုနီဘဝကို ဖြတ်သန်းခဲ့ဖူးတဲ့ မြန်မာနိုင်ငံဟာ တပ်မတော်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ ၁၉၆၂ ကနေ ၂၀၁၁ ထိ ကျရောက်ခဲ့ပါတယ်။ အဲဒီ နှစ်အပိုင်းအခြားတွေအတွင်း မြန်မာဟာ နိုင်ငံတကာနဲ့ သီးခြားအဆန်ဆုံး နိုင်ငံတစ်ခု၊ ဖွံ့ဖြိုးမှု နောက်အကျဆုံး နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။ ၂၀၁၁ မှာ တပ်မတော်အုပ်ချုပ်မှု အဆုံးသတ်ခဲ့ပေမယ့် လစ်ဘရယ် နိုင်ငံရေး အသွင်ကူးပြောင်းမှုကတော့ လှုပ်ခတ်မှုတွေ ရှိနေဆဲပါ။ နိုင်ငံရဲ့ GDP ပမာဏက ၂၀၁၇ မှာ အမြင့်ဆုံးစံချိန်အဖြစ် ဒေါ်လာ ၆၉ ဒသမ ၃၂ ဘီလီယံထိ ရှိလာခဲ့ပါတယ်။

စီးပွားရေးအရ ထင်ရှားတဲ့ တိုးတက်မှုတွေ မြင်လာရပေမယ့် မြန်မာနိုင်ငံ လူဦးရေရဲ့ ၃၂ ရာခိုင်နှုန်းဟာ ဆင်းရဲနုံချာလွန်းတဲ့ လူနေမှု အဆင့်အတန်းမျိုးမှာ ရပ်တည်နေရဆဲဖြစ်ပါတယ်။ ကမ္ဘာ့ ၁၄၈ နိုင်ငံခုအတွက် ကောက်ယူထားတဲ့ အခြေခံအဆောက်အအုံ အရည်အသွေးသတ်မှတ်ချက်စာရင်းမှာလည်း မြန်မာရဲ့ အဆင့်က (၁၄၆)ကနေ ရပ်တည်နေပါတယ်။ ဒီပြဿနာရဲ့ ကြီးမားတဲ့ အစိတ်အပိုင်းတစ်ခုက မြန်မာအစိုးရအနေနဲ့ ဖူလုံပြည့်မီတဲ့ အခွန်ကောက်ခံနိုင်မှုမျိုး မရှိတာကြောင့်ပါ။

Asia Foundation က မကြာသေးခင်က ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်စောင်မှာတော့ ၂၀၁၆–၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံ လက်ခံရရှိတဲ့ အခွန်ပမာဏဟာ စုစုပေါင်း GDP ရဲ့ ၆ ရာခိုင်နှုန်းနဲ့ ၇ ရာခိုင်နှုန်း ကြားလောက်သာ ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာ အာဆီယံအသိုက်အဝန်းထဲက နိုင်ငံတွေအားလုံးမှာ အခွန်ရရှိမှု အချိုးအစားအနိမ့်ဆုံး ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပျမ်းမျှဝင်ငွေ တူညီတဲ့ ကမ္ဘာ့နိုင်ငံတွေမှာတောင် အစိုးရတွေ အခွန်ရရှိမှုအတိုင်းအတာက GDP ရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းကြား ရှိတတ်ပါတယ်။ NRGI ကတော့ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေ ကုန်သွယ်ရောင်းဝယ်မှုကို ပိုပြီးပွင့်လင်းမြင်သာမှုရှိရှိကိုင်တွယ်ကြပ်မတ်ပြီး အခွန်ကောက်ခံနိုင်ရင် အမှန်တကယ် လိုအပ်နေတဲ့ ပြည်သူ့ ကောင်းကျိုးပြုနဲ့ လူမှုဝန်ဆောင်ရေး ကဏ္ဍတွေအတွက် ပိုမိုတည်ငြိမ် ကောင်းမွန်တဲ့ ဝင်ငွေရင်းမြစ်မျိုး ပိုင်ဆိုင်လာနိုင်ကြောင်း ထောက်ခံတင်ပြထားပါတယ်။

ဒီလမ်းကြောင်း အတွက် မြန်မာနိုင်ငံဟာ အရင်ကထက်တော့ ပိုပြီးအပေါင်းလက္ခဏာဆန်တဲ့ ဦးတည်မှုမျိုး ရှိလာပါတယ်။ တွင်းထွက်ပစ္စည်းတွေ တူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်းမှာ အကျင့်ပျက်မှုတွေ လျှော့ချဖို့၊ နိုင်ငံတကာ အသိုက်အဝန်းနဲ့ ပိုမိုပူးပေါင်းဖို့ အစိုးရရဲ့ အားထည့်ဆောင်ရွက်လာမှုတွေနဲ့အတူ မြန်မာဟာ Extractive Industries Transparency Initiative (EITI) ရဲ့ လျာထားအဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာပါတယ်။ EITI အဖွဲ့ဝင်ဖြစ်ဖို့အတွက် သက်ဆိုင်ရာ စီးပွားရေး နယ်ပယ်က ကုမ္ပဏီတွေရော နိုင်ငံ အစိုးရတွေကပါ ရင်းမြစ်အလိုက် ဝင်ငွေရရှိမှုတွေကို တရားဝင် ကြေညာထုတ်ပြန်ပြဖို့ လိုပါတယ်။ အဲဒီစာရင်းတွေမှာပါရှိတဲ့ ကိန်းဂဏန်းတွေကို တိုက်ဆိုင်စစ်ဆေးပြီး ငွေကြေး စာရင်းကွာတာတွေ၊ ပျောက်ကွယ်နေတာတွေကို ပြည်သူလူထုကအလွယ်တကူစစ်ဆေးကြည့်နိုင်မှာ ဖြစ်ပါတယ်။




*မြန်မာသည် အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းများထွက်သော်လည်း အကျိုးအမြတ် အပြည့်အဝမခံစားရသေးပေ*

၂၀၁၈ မတ်လမှာတော့ မြန်မာနိုင်ငံက ၂၀၁၄–၁၅ နဲ့ ၂၀၁၅–၁၆ ဘဏ္ဍာရေးနှစ် အစီရင်ခံစာတွေကို EITI ဆီ ပေးအပ်ခဲ့ပါတယ်။ အဲဒီစာရင်းတွေကို လေ့လာကြည့်ရင် တိုးတက်မှုတွေ အထင်အရှားရှိလာပေမယ့် တိကျမှုအပိုင်းမှာ ကြီးမားကျယ်ပြန့်တဲ့ ကန့်သတ်ချက်တွေ မြင်နေရဆဲလို့ NRGI က သုံးသပ်ပါတယ်။ အစီရင်ခံစာတွေမှာ ကျောက်စိမ်းနဲ့ ကျောက်မျက် ကုမ္ပဏီတွေက ထောက်ပံ့တဲ့ အချက်အလက် ထက်ဝက် နီးပါးလောက်က ပျောက်ဆုံးတာ၊ မပြည့်စုံတာ၊ ဒါမှမဟုတ် အစိုးရရဲ့ စာရင်းတွေနဲ့ ကိုက်ညီမှု မရှိတာတွေကို တွေ့ရပါတယ်။ အဲဒီ စီးပွားရေး လုပ်ငန်းမှာ ပါဝင်လုပ်ကိုင်နေသူတွေကို မေးမြန်းစုံစမ်းကြည့်ပြီးတဲ့နောက် မြန်မာအစိုးရဟာ ထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံး တန်ဖိုးစုစုပေါင်းရဲ့ ၂ ရာခိုင်နှုန်းနဲ့ ၅ ရာခိုင်နှုန်းကြားအတွက်သာ အခွန်ရရှိနေတယ်လို့ ယုံကြည်ရကြောင်း NRGI က ဖော်ပြခဲ့ပါတယ်။

ပြဿနာရဲ့ အဓိက အစိတ်အပိုင်းကတော့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ အခွန်ကောက်ယူမှုစနစ်ဖြစ်တယ်လို့ NRGI အစီရင်ခံစာက ဆိုပါတယ်။ အစီရင်ခံစာကို အဓိက ပြုစုသူတစ်ဦးဖြစ်တဲ့ ပေါလ်ရှော့တဲလ်က "တရားဝင် အခွန်ကောက်ခံမှုနှုန်းထားတွေအတိုင်း တိတိကျကျ၊ ထိထိရောက်ရောက် ပြည့်မီအောင် ကောက်ခံနိုင်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ကျောက်မျက် တူးဖော်တဲ့သူတောင်ရှိတော့မယ် မထင်ဘူး"လို့ သုံးသပ်ခဲ့ပါတယ်။ တရားဝင် ပြဋ္ဌာန်းချက်တွေမှာ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေအတွက် အခွန်နှုန်းထားကို နှစ်ဆ၊ သုံးဆလောက် မြှင့်တင်ထားတဲ့အတွက် ကုမ္ပဏီတွေဘက်က စာရင်းဖျောက်တာတွေ၊ တန်ဖိုးလျှော့ချသတ်မှတ်တာတွေ ရှိလာတယ်လို့ ရှော့တဲလ်က ဆိုတယ်။

လက်သိပ်ထိုးပေးချေမှုတွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေနဲ့ ချိတ်ဆက်ပေးတဲ့ ပွဲစားတွေကလည်း အခွန်ရှောင်နည်း အမျိုးမျိုးအတွက် ကြားဝင်ဆောင်ရွက်ပေးတဲ့ ကွန်ရက်အသွင် ဆောင်လာပါတယ်။ ပိုဆိုးတဲ့အချက်က ကုမ္ပဏီအများစုဟာ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေအတွက် အမြတ်အစွန်း ပိုရနိုင်မယ်ဆိုတဲ့ အတွေးမျိုးနဲ့ အိမ်နီးချင်း တရုတ်နိုင်ငံဆီ မှောင်ခိုတင်ပို့နေကြတာပဲ ဖြစ်ပါတယ်။

ကျောက်စိမ်းနဲ့ ကျောက်မျက်တွေအတွက် အစိုးရကို အခွန်ငွေ မပေးသွင်းကြဘူးဆိုတာဟာ ကုမ္ပဏီတွေအနေနဲ့ တင်ပို့မှုနဲ့ သယ်ယူရေး လမ်းကြောင်းတွေအတွက် ငွေမပေးကြဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးချိန် ကတည်းက ပြည်တွင်းစစ်တွေ နေရာအနှံ့ဖြစ်ပွားခဲ့ပါတယ်။ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေ ကုန်သွယ်မှုဟာ တိုင်းရင်းသားအရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် လှုပ်ရှားတောင်းဆိုရေးဆိုတဲ့ မူဝါဒရေးရာကိစ္စတွေနဲ့ပါ ဆက်နွယ်လာခဲ့ပါတယ်။

Global Witness ရဲ့ ပေါလ်ဒိုနိုဝစ်ဇ်က The Diplomat နဲ့ အင်တာဗျူးတစ်ခုမှာ ကချင်လွတ်မြောက်ရေးတပ် (KIA)ရော အစိုးရနဲ့ အဆင်ပြေတဲ့ လက်နက်ကိုင် အင်အားစုတွေကပါ မှောင်ခိုလမ်းကြောင်းတွေကို ထိန်းချုပ်ပြီး ဆက်ကြေးကောက်ခံမှုတွေ ရှိနေကြောင်း ပြောကြားခဲ့ပါတယ်။ ဒီလိုကျယ်ပြောလှတဲ့ အဂတိအဝန်းအဝိုင်းကြီးထဲမှာ နယ်ခြားစောင့်တပ်တွေနဲ့ စစ်တပ်တွေပါ ဆက်စပ် ပါဝင်နေတယ်လို့ ဆိုတယ်။ ဆက်ကြေး ကောက်ခံပြီး ရလာတဲ့ ငွေတွေကပဲ တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခအခွန့်ရှည်ဖို့ အထောက်အပံ့ ဖြစ်လာစေပါတယ်။ ဒီပဋိပက္ခတွေမှာ သေဆုံးခြင်းတွေ၊ ကလေးစစ်သားအဖြစ် ခိုင်းစေခြင်းတွေ၊ ၂၀၁၁ ကစပြီး လူတစ်သိန်းလောက် နေရပ်စွန့်ခွာပြောင်းရွှေ့ရခြင်းတွေကြုံလာရပါတယ်။ ဒီကိန်းဂဏန်းကို ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားတာပါ။

Global Wonks ရဲ့ မြန်မာ့ရေးရာ ကျွမ်းကျင်သူ ဟန်တာမာစတန်ကလည်း "ကျောက်စိမ်းရောင်းဝယ် ဖောက်ကားမှုဟာ မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်လှုပ်ရှားမှုတွေအပြင် ပြည့်တန်ဆာကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စလို တခြားတရားမဝင် စီးပွားရေးလုပ်ငန်းတွေ၊ လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ မတရားခိုင်းစေမှုလို ပြဿနာတွေကိုပါ အားဖြည့်ပေးနေပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကျောက်စိမ်းအများစုကို တရုတ်က ဝယ်ယူနေဆဲပါ။ NRGI ရဲ့ အစီရင်ခံစာအရ ၂၀၁၂ ကနေ ၂၀၁၆ အတွင်း မြန်မာ အစိုးရဟာ ကျောက်မျက်ရတနာ တင်ပို့ရောင်းချမှုကနေ နှစ်စဉ် ပျမ်းမျှ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံလောက် ရရှိခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ တရုတ်ဘက်ကသတင်းတွေမှာတော့အဲဒီကာလအတွင်း ပျမ်းမျှဝယ်ယူမှုအတိုင်းအတာဟာ ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံဖိုးလောက် ရှိခဲ့တယ်လို့ ဖော်ပြထားတာကြောင့် နှစ်ဆကျော် ကွာဟနေပါတယ်။ အဲဒီ ကိန်းဂဏန်းတွေမှာတောင် လစ်ဟာမှုတွေ ရှိနေနိုင်ဆဲပါ။ NRGI ကတော့ မြန်မာ့ ကျောက်စိမ်း ထုတ်လုပ်မှုဟာ ၂၀၁၅–၁၆ ဘဏ္ဍာရေးနှစ် တစ်ခုတည်းမှာတင် ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကနေ ၄၃ ဒသမ ၁ ဘီလီယံကြားထိ များပြားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီပမာဏဟာ မြန်မာနဲ့ တရုတ် နှစ်နိုင်ငံစလုံးက ထုတ်ပြန်တဲ့ စာရင်းတွေထက် အများကြီးပိုနေပါတယ်။

တရုတ်မှာ လူချမ်းသာဦးရေ တိုးလာတာနဲ့အမျှ ကျောက်စိမ်းနဲ့ ကျောက်မျက်တွေအပေါ် လိုလားတောင်းဆိုမှုကလည်း ပိုပိုပြီး မြင့်တက်လာပါတယ်။ တကယ့်အ

စာမျက်နှာ ၃၈ သို့

7 DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019

စာမျက်နှာ ၃၇ မှ

# ကျောက်စိမ်း၊ ကျောက်မျက်ကုန်သွယ်မှုမှ စာရင်းပျောက်ကွယ်သွားသော အခွန်ငွေများ

ရည်အသွေးမြင့် ကျောက်စိမ်းတွေဆိုရင် ရွှေထက်တောင် တန်ဖိုးမြင့်မြင့် သတ်မှတ်ခံရတတ်ပါတယ်။ ဒါပေမဲ့ မြန်မာ့ထွက်ကုန် ကျောက်စိမ်းတွေကို တရုတ်ရဲ့ သုံးစွဲယူငင်မှုဟာ နှေးကွေးလာတာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ၂၀၁၂ မှာ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာချိန်ကတည်းက တရုတ်သမ္မတ စီကျင်းပင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကို ပြင်းပြင်းထန်ထန် ကြပ်ကြပ်မတ်မတ် အကောင်အထည်ဖော်စေခဲ့ပါတယ်။ နယ်စပ်တစ်လျှောက် လာဘ်ငွေအလုံးအရင်း အပေးအယူလုပ်ပြီး ကျောက်စိမ်းနဲ့ ကျောက်မျက်တွေ တရုတ်ဘက် တင်သွင်းခွင့်ပေးနေတဲ့ အရာရှိတွေကို တရုတ်အာဏာပိုင်တွေက မျက်စိဒေါက်ထောက် စောင့်ကြည့်လာကြပါပြီ။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းကုန်သွယ်ရေးလုပ်ငန်းမှာ အကြီးအကျယ် ရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်အနေနဲ့ နှစ်နိုင်ငံနယ်စပ်မှာ တည်ငြိမ်အေးချမ်းမှုကို မြှင့်တင်လိုတဲ့ အကြောင်းရင်းတွေ အများကြီးလည်း ရှိနေပြန်ပါတယ်။ Seattle Pacific တက္ကသိုလ်က အရှေ့တောင်အာရှ မူဝါဒရေးရာ အထူးပြုလေ့လာသူ နိုင်ငံရေးသိပ္ပံ ပါမောက္ခတစ်ဦးဖြစ်တဲ့ ဒေါက်တာ ဘရက်ဒ်လေဂျန်ဆန်မာ့ဂ်က မြန်မာနိုင်ငံဟာ တရုတ်ရဲ့ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (Belt and Road) ကုန်သွယ်စီးပွား မဟာစီမံကိန်းကြီးအတွက် ယူနန်နဲ့ ဘင်္ဂလားပင်လယ်အော်ကို ဆက်စပ်ပေးမယ့် အရေးအကြီးဆုံး လမ်းပိုင်းတစ်ခုဖြစ်တယ်လို့ ထောက်ပြခဲ့ပါတယ်။

"မြန်မာနိုင်ငံရဲ့ စကြံအနေအထား အရေးပါမှုကို တွက်ဆရတာ ခက်ခဲပါလိမ့်မယ်။ ပြည်တွင်းရေး မတည်ငြိမ်မှုတွေ ဖြစ်နေတယ် ဆိုကြပါစို့။ ဒါမှမဟုတ် အဲဒီဒေသတွေမှာ အခြေအနေတွေ ဆက်ပြီး ဆိုးရွားနေမယ်ဆိုရင် စကြံဆက်သွယ်မှုရဲ့ အနာဂတ်က မရေမရာ ဖြစ်လာနိုင်ပါတယ်။ ဒါဆိုရင် တရုတ်ရဲ့ ပင်မ Belt and Road စီမံကိန်းကြီး ပျက်စီးသွားတာ၊ ဒါမှမဟုတ် အကြီးအကျယ် နှောင့်နှေးသွားတာမျိုးတွေ ကြုံလာရနိုင်ပါတယ်"လို့ သူကဆိုတယ်။ တရုတ်ကတော့ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွေမှာ ငြိမ်းချမ်းရေး တည်ဆောက်ဖို့အားတက်သရော ညှိနှိုင်းကူညီနေတယ်လို့ ကြေညာထားပါတယ်။

ပြီးခဲ့တဲ့ နွေရာသီကတော့ တရုတ်ဟာ KIA အပါအဝင် မြောက်ပိုင်း မဟာမိတ်အဖွဲ့ဝင်တွေကို ငြိမ်းချမ်းရေးဆွေးနွေးမှု စကားဝိုင်းထဲ ပါဝင်လာအောင် နောက်ကွယ်ကနေပံ့ပိုးညှိနှိုင်းပေးခဲ့ပါတယ်။ တရုတ်ရဲ့ ကူညီလှုပ်ရှားမှုတွေ ရှိနေတဲ့တိုင် ငြိမ်းချမ်းရေး ဆွေးနွေးမှုတွေကတော့ တိုးတက်မှု နည်းပါးနေဆဲပါ။ အထူးသဖြင့် သဘာဝရင်းမြစ်တွေ ပိုင်ဆိုင်ခွင့်ကိစ္စနဲ့ပတ်သက်ပြီး ညှိနှိုင်းရ ခက်နေဆဲဖြစ်ပါတယ်။

> **NRGI ကတော့ မြန်မာ့ကျောက်စိမ်းထုတ်လုပ်မှုဟာ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တစ်ခုတည်းမှာတင် ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကနေ ၄၃ ဒသမ ၁ ဘီလီယံကြားထိ များပြားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီပမာဏဟာ မြန်မာနဲ့ တရုတ်နှစ်နိုင်ငံစလုံးက ထုတ်ပြန်တဲ့ စာရင်းတွေထက် အများကြီးပိုနေပါတယ်။**

ကျောက်စိမ်းနဲ့ ကျောက်မျက်ဆိုင်ရာ ဥပဒေမူကြမ်းတစ်ခုကိုလည်း မြန်မာနိုင်ငံမှာ တရားဝင်သတ်မှတ်ပြဋ္ဌာန်းဖို့ စီစဉ်နေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားတောင်းဆိုသူတွေကတော့ ဒီဥပဒေမူကြမ်းအပေါ် အများကြီး အကောင်းမြင်မျှော်လင့်နေတာမျိုး မရှိပါဘူး။ ဥပဒေရဲ့ ဖွဲ့စည်းပုံက ပွင့်လင်းမြင်သာမှု အားနည်းပြီး အရေးကြီးတဲ့ ကဏ္ဍတွေကင်းမဲ့နေတယ်လို့ထောက်ပြကြပါတယ်။ NRGI ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အရာရှိ ဦးမော်ထွန်းအောင်က ဒီဥပဒေမူကြမ်းဟာ လက်ရှိ လည်ပတ်နေတဲ့ ပုံစံထဲကနေ ထင်ထင်ရှားရှား ခွဲထွက်လာတာမျိုးသိပ်မရှိဘူးလို့သုံးသပ်ပါတယ်။ ကံအကြောင်းမလှစွာနဲ့ပဲ NRGI ရဲ့ အစီရင်ခံစာမှာဖော်ပြထားသလို အခွန်ငွေတွေ တိုးမြှင့်ရရှိဖို့ဆိုရင် ပိုမိုကောင်းမွန်မှန်ကန်တဲ့ အခွန်စနစ်မျိုး၊ စနစ်တကျစောင့်ကြည့်စိစစ်တဲ့ လေ့လာကြပ်မတ်မှုမျိုး လိုအပ်မှာပါ။

မြန်မာနိုင်ငံ အခြေစိုက် အင်န်ဂျီအိုအဖွဲ့ Spectrum Sustainable Development Knowledge Network က ဦးသက်ဇော်ထွေးက The Diplomat နဲ့ ဆွေးနွေးရာမှာ ပိုမိုကောင်းမွန်တဲ့ အခွန်စည်းကြပ်မှု စနစ်တွေက ကျောက်စိမ်းနဲ့ ကျောက်မျက် ထုတ်လုပ်မှုနယ်ပယ်ကို ကျော်လွန်ပြီး မြန်မာ့အနာဂတ်အတွက် အရေးပါတဲ့ ပုံတင်ရိုက်ခတ်မှုမျိုးပါ ဖြစ်လာလိမ့်မယ်လို့ ရှင်းပြခဲ့ပါတယ်။ "အဲဒီ စီးပွားရေး နယ်ပယ်တွေက ကုမ္ပဏီတွေအနေနဲ့ အခွန်ရှောင်ပြီး မမှန်ကန်တဲ့ အမူအကျင့်တွေ မွေးမြူဖို့အတွက် အကျင့်ဆိုးတွေ ရှေ့ဆောင်လမ်းပြသလို ဖြစ်လာပါလိမ့်မယ်။ သဘာဝရင်းမြစ်တွေ လုံးဝခန်းခြောက်သွားပြီဆိုရင်၊ ဒါမှမဟုတ် စီးပွားရေးအတွက် မှီခိုလို့ မရတော့ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု အသိုက်အဝန်းမှာ အခွန်ရှောင်တတ်တဲ့ အကျင့်ကြီးက အမြစ်တွယ်ပြီး ကျန်နေတော့မှာပေါ့။ သဘာဝရင်းမြစ်တွေ ထုတ်လုပ်မှုတင်မကဘဲ ကဏ္ဍအားလုံးက အခွန်ရှောင်မှုအားလုံးကို မှန်ကန်ဖြောင့်မတ်အောင် ကိုင်တွယ်ဖို့လိုပါတယ်။ မဟုတ်ရင်တော့ ဒါဟာ အနာဂတ်အတွက် ဆိုးရွားတဲ့ လွှမ်းမိုးမှုအဖြစ် ရှိနေတော့မှာပါ"လို့ သူက သတိပေးသွားခဲ့ပါတယ်။

(The Diplomat မှ Aubrey Menarndt **ရေးသားသည့်** Jade and Gem Smuggling Costs Myanmar Billions **ဆောင်းပါးကို ဖွဲ့ရဲဝင့် ဘာသာပြန်ဆိုသည်။**)

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၁,၄၉၂ | ၁,၅၀၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၁,၁၀၀ | ၁,၁၂၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁,၆၈၅ | ၁,၇၂၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၄၇ | ၄၈.၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၂၂၅ | ၂၂၆ | ကျပ် |

မတ်လ ၃၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၇၆၃၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၈၉၀၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၁၀.၇၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၇၁၂၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၉.၁၈၆၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၃၅၄၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၆.၁၁၃၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၄.၀၈၀၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁.၇၂၀၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၄,၂၄၂.၆၈၉၃ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၅၂.၆၂၃၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၂၃,၂၀၂.၈၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၇.၈၅၀၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၄၀၉၅ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၄၇၀၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၃၄၁၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၆၄.၈၁၈၁ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၀.၇၀ |
| ရေနံ | စည် | ၆၈.၆၄ |
| ငွေ | အောင်စ | ၁၄.၉၃ |
| ကြေးနီ | ပေါင် | ၂.၉၂ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂.၇၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

မတ်လ ၃၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ကျောက်မျက်မူဝါဒတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိမည့် ဖက်ဒရယ်စနစ်အခြေခံအချက်များ ပါဝင်လာမည်ဟုဆို

**ပိုင်စိုးသူ**

**နေပြည်တော်၊ မတ်လ-၃၁**

ယခုနှစ်မကုန်မီထွက်ရှိရန် ပြင်ဆင်နေသည့် ကျောက်မျက်မူဝါဒတွင် တိုင်းဒေသကြီး၊ ပြည်နယ်များက ကိုယ်တိုင်စီမံဆုံးဖြတ်ပိုင်ခွင့်ရှိမည့်အချက်များအပါအဝင်ဖက်ဒရယ်စနစ်ကိုအခြေခံမည့်အချက်များလည်းပါဝင်မည်ဟု ကျောက်စိမ်းကော်မတီဥက္ကဋ္ဌဦးမင်းသူက 7Day Daily သတင်းစာအားပြောသည်။

ကျောက်မျက်မူဝါဒသည် မူကြမ်းအဆင့်ပြီးစီးနေပြီဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြထားကာ ပါဝင်မည့်အချက်များကို အချောသပ်စီစဉ်နေသည်ဟု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးလည်း ဖြစ်သူ ဦးမင်းသူက ဆိုသည်။

"အဲဒါကို အချောသပ်ပြီးရင်တော့၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သမ္မတရုံးတို့အတည်ပြုချက်ယူပြီးရင်တော့ မကြာတော့ဘူး။ ခန့်မှန်းခြေ ဒီနှစ်ထဲတော့ပြီးမယ်။ မူဝါဒပြီးရင်လည်း အများသူငါကို ပွဲတွေလုပ်ပြီး ချပြဖို့လည်းပါနိုင်တယ်" ဟု ၎င်းကဆိုသည်။

ဆက်လက်၍ "သူ့ထဲမှာတော့ ဖက်ဒရယ်လိုမျိုး သယံဇာတတွေ၊ အဓိကကျောက်မျက်ရတနာနဲ့ပတ်သက်ပြီးတော့ စီမံပိုင်ခွင့်တို့၊ ဝင်ငွေကိစ္စတွေမှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ကို သတ်သတ်မှတ်မှတ်ခွဲခွဲခြားခြားလေးလုပ်ဖို့တွေ ပါမယ်။ နောက်တစ်ခုက တူးဖော်ခွင့် ခွင့်ပြုမိန့်တွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ တစ်ဆင့်ချင်းသွားဖို့ကိစ္စတွေလည်းပါမယ်။ နောက် CSR လိုဟာမျိုးတွေပါမယ်။ မိုင်းပိတ်သိမ်းမှုကိစ္စတွေ အသေးစိတ်ပါမယ်" ဟု ဦးမင်းသူကပြောသည်။

ထို့အပြင် ကျောက်မျက်နှင့် ကျောက်စိမ်းအပါအဝင် တွင်းထွက်သယံဇာတများကို ရေရှည်သုံးစွဲစေနိုင်မည့်အချက်များအပါအဝင် အချောထည်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများအကျိုးအမြတ်ရရှိစေရေးစသည့်အချက်များလည်း ပါဝင်မည်ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

၂၀၁၈ ဒီဇင်ဘာကထွက်ရှိထားသည့် ကျောက်မျက်ဥပဒေအရ ဆက်လုပ်ရမည့်နည်းဥပဒေများလည်း ဝန်ကြီးဌာနတာဝန်ရှိသူများအပါအဝင် အခြားကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးနေပြီး အကောင်းဆုံးဖြစ်ရေး စီမံဆောင်ရွက်နေသည်ဟု ၎င်းကဆိုသည်။ သို့သော် အသစ်ထွက်ရှိလာသော ဥပဒေသည် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်သည့်ကဏ္ဍကို ထဲထဲဝင်ဝင် ကျွမ်းကျင်မှုမရှိဘဲရေးဆွဲထားသလိုဖြစ်နေပြီး ဥပဒေပါအချက်များအရ မြေပြင်တွင်တကယ်လုပ်ကိုင်နေသူများအတွက် အခက်အခဲများစွာဖြစ်စေသည်ဟု ကျောက်စိမ်းလုပ်ကွက်များ ကိုယ်တိုင်တူးဖော်လုပ်ကိုင်နေသူ လုပ်ငန်းရှင် ကိုတူးတူးက ဆိုသည်။

လုပ်ကွက်များချထားပေးရာတွင် အသေးစား၊ အလတ်စားနှင့် တစ်နိုင်တစ်ပိုင်အဖြစ်ပိုင်းခြားထားပြီး အနည်းဆုံးငါးဧကနှင့် တူးဖော်ခွင့်သက်တမ်း သုံးနှစ်ဖြစ်သဖြင့် လုပ်ငန်းရှင်များအတွက် လုပ်ကိုင်ချိန်အလွန်နည်းပါးသည်ဟု ကိုတူးတူးက ပြောသည်။

"လုပ်ငန်းရှင်တွေအနေနဲ့ ကြည့်မယ်ဆိုရင် အဲဒီသုံးနှစ်မှာ တကယ်အလုပ်လုပ်ရတာက တစ်ဝက်လောက်ပဲရှိတယ်။ မိုးတွင်းနဲ့ မိုးမကျခင်ရှေ့တစ်လ၊ မိုးကျပြီးနောက်တစ်လတွေက အလုပ်လုပ်လို့မရဘူး။ အဲဒီတော့ ငါးလလောက်ဖယ်လိုက်ရင် တစ်နှစ်မှာ အလုပ်လုပ်လို့ရတာ ခုနစ်လလောက်ပဲရှိတယ်။ အဲဒီတော့ လုပ်ကိုင်ခွင့်ရတာက သုံးနှစ်ဆိုတော့ အသားကုန်တူးရတော့မှာပေါ့။ အဲဒီအတွက် သဘာဝပတ်ဝန်းကျင်ပိုလည်းပျက်စီးနိုင်တယ်" ဟု၎င်းကမှတ်ချက်ပြုသည်။

www.free4readers.com

www.free4readers.com

Environment

7DAY NEWS

Vol.18, No.5 • APRIL 3 , 2019

# မျိုးသုဉ်းပြီ ယူဆထားသော သော်ကကြီးပင်များ ကေလာသဘေးမဲ့တောအတွင်း ပြန်လည်တွေ့ရှိ

နိုင်နိုင်စိုး

ရန်ကုန်၊ မတ်လ-၃၀

မြန်မာ့သဘာဝသစ်တောများအတွင်းမျိုးသုဉ်းပျောက်ကွယ်ပြီဟု ယူဆထားသည့် သော်ကကြီးပင်များကို မွန်ပြည်နယ်ကေလာသတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ပြန်လည်တွေ့ရှိခဲ့သည်ဟု ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ Field Coordinator ကိုသော်ဖြိုးရွှေက ပြောသည်။

BANCA အသင်းသည် ၂၀၁၆ တွင် ကေလာသတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဇီဝမျိုးစုံမျိုးကွဲ လေ့လာရေးပြုလုပ်စဉ် သော်ကကြီးပင် နှစ်ပင်တွေ့ရှိထားပြီး ယခုနှစ်ထပ်မံလေ့လာရာ အပင် ၂၀ ခန့်တွေ့ရှိထားသည်ဟု ဆိုသည်။



ကေလာသတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ပြန်လည် တွေ့ရှိခဲ့သည့် သော်ကကြီးပင် — ဓာတ်ပုံ – BANCA

သော်ကကြီးပင်များသည် မြန်မာပြည်တောင်ဘက်ပိုင်းရှိ တနင်္သာရီနှင့် ကရင်ပြည်နယ်တို့တွင် ပေါက်ရောက်ပြီး သဘာဝအတိုင်းပေါက်ရောက်သည့်အပင်များသည် သစ်တောများအတွင်း ပျောက်ကွယ်သွားပြီဟု သစ်တောဦးစီးဌာနက သတ်မှတ်ထားသည်။

သော်ကကြီးပင်များကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီး၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် လှော်ကားစသည့်နေရာတို့တွင် တွေ့ရှိနိုင်သော်လည်း ယင်းတို့မှာ ပြန်လည်စိုက်ပျိုးထားသည့်အပင်များဖြစ်သည်ဟု ၎င်းကဆိုသည်။

ကေလာသ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးသော်ကကြီးပင်များအပြင် နို့တိုက် သတ္တဝါ ၁၇ မျိုး၊ ငှက်မျိုးစိတ် ၆၉ မျိုး၊ အပင်မျိုးစိတ် ၉၈ မျိုး၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၁၄ မျိုး၊ အင်းဆက်နှင့် လိပ်ပြာမျိုးစိတ် ၉၀ မျိုးခန့် ရှာဖွေတွေ့ရှိထားသဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု ၎င်းကဆက်လက် ပြောသည်။

"သဘာဝတောထဲမှာ ပြန်တွေ့တဲ့အတွက်ကေလာသတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုထိန်းသိမ်းသွားမယ်"ဟု ကိုသော်ဖြိုးရွှေက ပြောသည်။ ကေလာသတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောထိန်းသိမ်းရေး လုပ်ဆောင်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) နှင့် ဒေသခံ အဖွဲ့အစည်းဖြစ်သည့် ကေလာသထာဝရအသင်းတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

# ရခိုင်ပြည်နယ် ဝမ်ပိုက်ကြိုးဝိုင်းအတွင်း တရားမဝင် ပုစွန်ကန်ပြုလုပ်သူကို သစ်တော ဥပဒေသစ်ဖြင့် တရားစွဲဆို

နိုင်နိုင်စိုး

ရန်ကုန်၊ မတ်လ-၃၀

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ဝမ်ပိုက်ကြိုးဝိုင်းအတွင်း ဝင်ရောက်ကာ တရားမဝင်ပုစွန်ကန် ပြုလုပ်နေမှုကို အသစ်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေဖြင့် တရားစွဲဆို၍ ဒဏ်ငွေချမှတ်အရေးယူခဲ့သည်ဟု ရခိုင်ပြည်နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

ရခိုင်ပြည်နယ် သစ်တောဦးစီးဌာနသည် ၂၀၁၈ အောက်တိုဘာက ဝမ်ပိုက်ကြိုးဝိုင်းအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်နိုင်ရန် ကင်းလှည့်စဉ် ကြိုးဝိုင်းအတွင်း တရားမဝင်ပုစွန်ကန်ပြုလုပ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါပုစွန်ကန်ပြုလုပ်သူကို ၂၀၁၈ အောက်တိုဘာတွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေသစ်ဖြင့် တရားစွဲဆိုခဲ့ပြီး ယခုနှစ် မတ်လတွင် သစ်တောဥပဒေပုဒ်မ ၄၀၊ ၄၁ အရ ဒဏ်ငွေ ကျပ် ၈၀၀,၀၀၀ နှင့် သစ်တောသစ်ပင်ပျက်စီးမှုအတွက် လျော်ကြေးကျပ် ၈၇၀,၀၀၀ စုစုပေါင်း ကျပ် ၁,၆၇၀,၀၀၀ ပေးဆောင်ရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ငွေဒဏ်အပြင် ကျူးကျော်ထားသည့် သစ်တောမြေကို တစ်လအတွင်း သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံမည်ဖြစ်သည်။

ဒီရေတောများကို ခုတ်ထွင်ရှင်းလင်း၍ ပုစွန်မွေးမြူရေးကန်များ ပြုလုပ်ခြင်းကြောင့် ဒေသခံများ၏လူမှုရေးနှင့်စားဝတ်နေရေး ထိခိုက်ဆုံးရှုံးသည့်အပြင် ဂေဟစနစ်အကြီးအကျယ် ထိခိုက်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်သူများက ကန့်ကွက်နေသည်။

ရခိုင်ပြည်နယ်တွင်လည်း ဒီရေတောများကို ခုတ်ထွင်၍ ပုစွန်ကန်ပြုလုပ်နေမှု အများအပြားရှိပြီး ကြိုးဝိုင်းအတွင်း ကျူးကျော်လုပ်ဆောင်နေမှုကို တရားစွဲဆိုထားမှုများ ရှိနေသည်။

ရခိုင်ပြည်နယ်တွင် ပုစွန်ကန်အဖြစ်လုပ်ဆောင်ပြီးနောက် မြေပြောင်းလဲလာသဖြင့် စွန့်ပစ်ထားသည့် ကန်အများအပြားရှိနေပြီး ယင်းနေရာများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဒီရေတောပြန်လည်စိုက်ပျိုးနေရသည်ဟု ဒီရေတောထိန်းသိမ်းရေး လုပ်ဆောင်နေသည့် World View International Foundation မှ ဒီရေတောပညာရှင် ဦးဝင်းမောင်က ပြောသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ၂၀၁၅ တွင် ထုတ်ပြန်သော ကမ္ဘာ့သစ်တောများ အပြောင်းအလဲအစီရင်ခံစာ၌ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်က ဒီရေတောဧက ၁ ဒသမ ၃ သန်းခန့်ရှိရာမှ ၂၀၁၅ ၌ ဧကခုနစ်သိန်းငါးသောင်းခန့်သာကျန်ရှိပြီး ၂၅ နှစ်အတွင်း ဧကငါးသိန်းလေးသောင်းခွဲပြုန်းတီးခဲ့ကြောင်း ဖော်ပြထားသည်။

# ဂွမြို့ ပင်လယ်လိပ်ထိန်းသိမ်းရေးဇရိယာတွင် ပင်လယ်လိပ်သားပေါက် ၉၀ ကျော် အောင်မြင်စွာပေါက်ဖွားခဲ့

နိုင်နိုင်စိုး

ရန်ကုန်၊ မတ်လ-၃၀

ကျိန္တလီဒေသကမ်းနီးငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲရေးအဖွဲ့ (KIFCA) ကဂွမြို့နယ်တွင် လုပ်ဆောင်နေသည့် ပင်လယ်လိပ်ထိန်းသိမ်းရေးဇရိယာရှိပင်လယ်လိပ်လေးများ ပထမဆုံး သားပေါက်ခဲ့သည်ဟု ယင်းအဖွဲ့မှ ကိုသန့်ဇင်ဦးကပြောသည်။

KIFCA အဖွဲ့သည် ဂွမြို့နယ်တွင် ပင်လယ်လိပ်ထိန်းသိမ်းရေးဇရိယာများကို ဇုန်အလိုက်ခွဲခြား၍ ထိန်းသိမ်းရေးလုပ်ဆောင်နေရာ မျိုးသုဉ်းရန်နီးနေသည့် လိပ်လျောင်းမျိုးစိတ်မှာ မတ်လ ၁၉ ရက်ကစတင် သားပေါက်ခဲ့သည်။

ပင်လယ်လိပ်ထိန်းသိမ်းရေး လုပ်ဆောင်ရာတွင် လိပ်မများဥသည့်နေရာသည် လူရှိသည့်နေရာနှင့်နီးပါက လိပ်များကို ပြောင်းရွှေ့စနစ်ဖြင့်သားဖောက်၍ လူသူကင်းဝေးသည့်နေရာဖြစ်ပါက သဘာဝအတိုင်းအပူချိန်ပေးကာ ထိန်းသိမ်းစောင့်ရှောက်သည့် နည်းစနစ်ကိုကျင့်သုံး၍ လိပ်ထိန်းသိမ်းရေး လုပ်ဆောင်နေခြင်းဖြစ်သည်။

ယင်းအနက် ကျိန္တလီမြို့နယ် ပုန်းညှက်ကမ်းခြေပင်လယ်လိပ်ထိန်းသိမ်းရေးဇရိယာဇုန် (၁) ရှိ သဘာဝအတိုင်းထိန်းသိမ်းသည့် လိပ်ဥများမှ လိပ်သားပေါက် ၉၇ ကောင်ပေါက်ဖွား၍ ပြောင်းရွှေ့စနစ်ဖြင့်သားဖောက်သည့် လိပ်ဥများမှလိပ်သားပေါက်တစ်ကောင်တို့ အောင်မြင်စွာ ပေါက်ဖွားခဲ့သည်ဟုဆိုသည်။

"ပြောင်းရွှေ့စနစ်နဲ့ သားဖောက်တဲ့ ဥကျင်းတချို့ကခြင်သွားတော့ တချို့ဥတွေပျက်စီးခဲ့တယ်။ ကျန်တဲ့ဥတွေကိုတော့ နေရာပြောင်းပြီး ပြန်သားဖောက်ထားတယ်" ဟု ကိုသန့်ဇင်ဦးက ပြောသည်။

ရခိုင်ပြည်နယ် ကမ်းခြေများတွင် ပြင်သာလိပ်၊ လိပ်ကြက်တူရွေး၊ လိပ်လျောင်းတို့ ကျက်စားသော်လည်း တရွတ်ဆွဲပိုက်များတွင် လိပ်များပါဖမ်းမိခြင်း၊ လိပ်များကိုစားသုံးခြင်းတို့ကြောင့် တဖြည်းဖြည်း ရှားပါးလာကာ ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်နေရသည်။



လိပ်လျောင်းပုံ — ဓာတ်ပုံ – Thar Gyi

မြန်မာနိုင်ငံတွင် လိပ်ဖောင်းလျား၊ လိပ်ကြက်တူရွေး၊ ပြင်သာလိပ်၊ လိပ်လျောင်း၊ လိပ်ခွေးဟူ၍ ပင်လယ်လိပ်ငါးမျိုးနေထိုင်ကျက်စားသည်။

www.free4readers.com

Tourism

7DAY NEWS

Vol.18, No.5 • APRIL 3 , 2019

# ကယားပြည်နယ်၌ ဟိုတယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ စံချိန်တင်

မြင့်ကျော်လှိုင်

ရန်ကုန်၊ မတ်လ-၃၀

ကယားပြည်နယ်၌ ဟိုတယ်တည်ဆောက်ရန်လာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီ ၁၂ ခုရှိလာပြီး ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏလည်း ပြည်နယ်သမိုင်းတစ်လျှောက်အမြင့်ဆုံးပမာဏဖြစ်လာသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ကယားပြည်နယ်)ဒုတိယညွှန်ကြားရေးမှူးဦးထွန်းတောက်က ပြောသည်။

ယင်းကုမ္ပဏီ ၁၂ ခုတွင် ပြည်ပကုမ္ပဏီတစ်ခုပါဝင်ပြီး ပြည်ပကုမ္ပဏီတစ်ခုတည်း၏ ရင်းနှီးမြှုပ်နှံမှုသည် ကန်ဒေါ်လာ ၃ ဒသမ ၁၈၂ သန်းရှိသည်ဟု ၎င်းကပြောသည်။

ထို့အတူ ပြည်တွင်းကုမ္ပဏီ ၁၁ ခု၏ ရင်းနှီးမ,တည်ငွေသည် ကျပ်သန်း ၁၂,၇၅၀ ရှိသည်ဟု ဦးထွန်းတောက်က ပြောသည်။ “၂ နှစ်အတွင်း ခွင့်ပြုမိန့်မဟုတ်ဘူးပေါ့နော်။ အတည်ပြုမိန့်အနေနဲ့ အမြင့်ဆုံးအခြေအနေပါ” ဟု ဦးထွန်းတောက်က ပြောသည်။

ကယားပြည်နယ် အစိုးရသည် ၂၀၁၈ နှစ်လယ်တွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပပြီး အဆိုပါဖိုရမ်၌ ပြည်နယ်အတွင်း အလားအလာကောင်းများရှိသည့် ခရီးသွားလုပ်ငန်းများအကြောင်း အသိပေးကြေညာခဲ့သည်။

ကယားပြည်နယ် အစိုးရသည် လက်ရှိ၌ ဒေသတွင်းခရီးစဉ်အသစ်များ တိုးချဲ့ဖွင့်လှစ်ရန် ပြင်ဆင်နေသည့်အပြင်ထိုင်းနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းကိုခွင့်ပြုရန် စီစဉ်နေသည်။

ထို့အပြင် ရှမ်းပြည်နယ် အင်းလေးဒေသနှင့်ချိတ်ဆက်၍ ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်လည်း စီစဉ်ထားသည်။

မြန်မာနိုင်ငံ၌ ရခိုင်ပြည်နယ်အရေးပေါ် ပေါက်လာသည့်နောက်ပိုင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အများစု ပြည်ပခရီးသွားဝင်ရောက်မှုနှုန်းကျဆင်းသော်လည်း ကယားပြည်နယ်အတွင်း ပြည်ပခရီးသွားဝင်ရောက်မှုအရေအတွက် ကျဆင်းခြင်းမရှိပေ။

ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ၂၀၁၈ အောက်တိုဘာတွင် ပြည်နယ်အတွင်းသို့ ပြည်ပခရီးသွား ၈၁၄ ဦးဝင်ရောက်ခဲ့သည်။ အများဆုံးဝင်ရောက်သည့် ပြည်ပနိုင်ငံသားမှာ တရုတ်ဖြစ်ပြီး ဒုတိယအနေဖြင့် အီတလီနိုင်ငံသားများဖြစ်သည်။

# အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ပထမဆုံးအကြိမ်ကျင်းပမည်

နိုင်လင်းအောင်

မန္တလေး၊ မတ်လ-၃၀

အင်းလေးဒေသရှိရိုးရာယဉ်ကျေးမှုများထိန်းသိမ်းရန်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ညောင်ရွှေမြို့နယ် နန်းပန်ရွာ၌ ပထမဆုံးအကြိမ်အဖြစ် ရေပေါ်သင်္ကြန်ပွဲတော်ကျင်းပမည်ဖြစ်ကြောင်း Miss Innlay Organization အဖွဲ့မှ စီမံခန့်ခွဲမှု ဒါရိုက်တာကိုကျော်ဇင်သန့်က ပြောသည်။

“အင်းလေးဒေသမှာရှိတဲ့ အင်းသားရိုးရာသင်္ကြန်ဓလေ့စရိုက်တွေရယ်၊ ရိုးရာယဉ်ကျေးမှုတွေရယ်ကို ထိန်းသိမ်းဖို့ရာ တစ်ချက်၊ နောက်တစ်ခုက အင်းလေးဒေသ အခြေပြုခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ဖို့ရယ်၊ ဒေသခံပြည်သူတွေနဲ့ ခရီးသွားတွေမဟာသင်္ကြန်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ဆင်နွှဲကြဖို့ အဓိကရည်ရွယ်ပြီး ဒီပွဲကို ပြုလုပ်တာဖြစ်ပါတယ်” ဟု ကိုကျော်ဇင်သန့်က ပြောသည်။

ယင်းပွဲတော်ကျင်းပနိုင်ရေး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး သင်္ကြန်အကြိုမှ နှစ်ဆန်းတစ်ရက်အထိ ငါးရက်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ငါးသိန်းခန့်အထိ လာရောက်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြောသည်။

“အရင်နှစ်တွေက သင်္ကြန်တွင်းမှာ အင်းလေးကိုလာတဲ့အတွက် သင်္ကြန်ပွဲတော်ကို ဆင်နွှဲဖို့ဆိုတဲ့အခွင့်အရေးကို လက်လွှတ်ကြရတယ်။ အခုတော့ အင်းလေးကို လာရင်ရေပေါ်သင်္ကြန်ကိုပါဝင်ရောက်ဆင်နွှဲနိုင်အောင်ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပပေးတာပါ” ဟု ကိုကျော်ဇင်သန့်က ပြောသည်။

အင်းလေးရေပေါ်သင်္ကြန်ပွဲတော်တွင် ရိုးရာအကပြိုင်ပွဲများနှင့် ဖျော်ဖြေရေးများပြုလုပ်မည့် ရေပေါ်ဇာတ်မဏ္ဍပ်အပြင် ရေပေါ်ဖောင်မဏ္ဍပ် ၂၁ ခုပါ ထားရှိမည်ဖြစ်သည်။ ထို့အပြင် နန်းပန်ရွာအနီးတစ်ဝိုက်မှ ရွာသားများစုပေါင်း၍ ရေပေါ်လှေများဖြင့် ရေပက်ဆော့ကစားမည့် အစီအစဉ်များလည်းထည့်သွင်းပေးထားကြောင်း ၎င်းကပြောသည်။



*အင်းလေး ရေပေါ်သင်္ကြန်ကျင်းပရန် အကြိုပြင်ဆင်မှုများ ပြုလုပ်နေစဉ်*  ဓာတ်ပုံ – Miss Innlay

သင်္ကြန်အတက်နေ့တွင် အင်းလေးကိုယ်စားပြု Mister နှင့် Miss ရွေးချယ်မည့်အစီအစဉ်များလည်း ထည့်သွင်းထားပြီး နှစ်ဆန်းတစ်ရက်တွင် အင်းသားရိုးရာနှစ်ကျိုပ်ရှစ်ဆူဆွမ်းလောင်းပွဲနှင့် အင်းလေးရေပေါ်သံဃာအပါးတစ်ထောင် ဆွမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ကာ ညပိုင်းတွင် နှစ်ဦးရေပေါ်ဓမ္မသဘင်ပွဲကျင်းပမည်ဖြစ်သည်။

# ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို ကိုရီးယားဘာသာစကားသင်တန်းပေး

နိုင်လင်း

မန္တလေး၊ မတ်လ-၃၀

ဗီဇာဖြေလျှော့ထားသည့်နိုင်ငံများမှခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနိုင်ရန် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို ကိုရီးယားဘာသာစကားသင်တန်း ပို့ချနေကြောင်း သတင်းရရှိသည်။

“ဟိုတယ်ခရီးနဲ့ပူးပေါင်းပြီးတော့ တခြားခရီးသွားသင်တန်းတွေပို့ချပေးခဲ့တာရှိပေမယ့် ဘာသာစကားသင်တန်းအနေနဲ့ကတော့ ဒါပထမဆုံးစပြီးဖွင့်တဲ့သင်တန်းဖြစ်ပါတယ်” ဟု ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့နေပြည်တော်ရုံးချုပ်မှ ဒုရဲအုပ်တင်ထူးအောင်ကပြောသည်။

ယင်းသင်တန်းကို ကိုရီးယားနိုင်ငံသား သင်တန်းဆရာ Mr.John Lim ကနေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရုံးတွင် မတ်လ ၂၅ ရက်ကစ၍ တစ်ပတ်လျှင် လေးရက်နှုန်းဖြင့် ရက် ၉၀ ကြာ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းပို့ချခြင်း၏ ရည်ရွယ်ချက်မှာကမ္ဘာလှည့်ခရီးသည်များကို ထိရောက်သော စောင့်ရှောက်မှု၊ ပံ့ပိုးကူညီမှုပေးနိုင်ရေး လိုအပ်သောဘာသာစကားကျွမ်းကျင်မှုရရှိနိုင်ရန်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး လက်ရှိတွင် ကနဦးအဆင့်အနေဖြင့် အရာရှိအဆင့်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်ကိုးဦးကို စတင်သင်ကြားခြင်းဖြစ်သည်။

“ကျန်တဲ့ဘာသာစကားတွေဖြစ်တဲ့တရုတ်တို့၊ ဂျပန်တို့နဲ့ပတ်သက်တဲ့ဘာသာစကားတွေကိုလည်း တပ်ဖွဲ့မှူးရယ်၊ ဟိုတယ်ခရီးတို့နဲ့ပူးပေါင်းပြီးဖွင့်လှစ်ဖို့စီစဉ်ဆောင်ရွက်နေတာတွေတော့ရှိပါတယ်။ အဲဒီထဲကမှ ကိုရီးယားဘာသာစကားကို ပထမဆုံးစပြီးလုပ်တာပါ” ဟု ဒုရဲအုပ်တင်ထူးအောင်ကပြောသည်။

ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်းရှိနိုင်ငံခြားသားခရီးသွားဧည့်သည်များသွားရောက်လည်ပတ်မှုများသော ခရီးစဉ်ဒေသများတွင် ရုံးခွဲ ၂၄ ခုဖြင့်တာဝန်ယူဝန်ဆောင်မှုပေးနေကြောင်း ၎င်းကပြောသည်။

www.free4readers.com



Leader's Profile

# ပါကစ္စတန်သမ္မတ အာရစ်အယ်လ်ဗီ

ရဲမင်း



အာရစ်အာရေမန်အယ်လ်ဗီသည် ပါကစ္စတန်နိုင်ငံရေးသမားဖြစ်ပြီး ပါကစ္စတန်၏ လက်ရှိနှင့်(၁၃)ဦးမြောက် သမ္မတအဖြစ် ၂၀၁၈ စက်တင်ဘာကစ၍ တာဝန်ထမ်းဆောင်နေသည်။

အယ်လ်ဗီကို ၁၉၄၉ ဩဂုတ် ၂၉ ရက်က ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မွေးဖွားခဲ့သည်။ ၎င်း၏ဖခင် ဟာဘစ်အယ်လ်ဗီသည်လည်း အိန္ဒိယနိုင်ငံတွင်သွားဆရာဝန်တစ်ဦးဖြစ်ပြီး ပါကစ္စတန်နိုင်ငံ ထူထောင်ချိန်၌ ပါကစ္စတန်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ဟာဘစ်အယ်လ်ဗီသည် အိန္ဒိယခေါင်းဆောင် ဂျာဝါဟာလာ နေရူး၏ သွားဆရာဝန်တစ်ဦးဖြစ်သည်ဟု ဆိုသည်။

အာရစ်အယ်လ်ဗီသည် ကရာချိမြို့မှာပင် အခြေခံပညာပြီးဆုံးခဲ့ပြီး ၁၉၆၇ တွင် သွားပညာသင်ကြားရန် လာဟိုးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ De'Montmorency သွားကောလိပ်မှ သွားဘက်ဆိုင်ရာ ဘွဲ့ရရှိပြီး ၁၉၇၅ တွင် မီချီကန်တက္ကသိုလ်မှ မဟာဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ တွင် ကယ်လီဖိုးနီးယားပြည်နယ် ပစိဖိတ်တက္ကသိုလ်မှ သွားဘက်ဆိုင်ရာ မဟာဘွဲ့ရရှိခဲ့သည်။

အာရစ်အယ်လ်ဗီသည် ၁၉၈၁ တွင် ကျင်းပသော ပထမဆုံးပါကစ္စတန် သွားဘက်ဆိုင်ရာ ကွန်ဖရင့်၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၈၇ တတိယအကြိမ် ကွန်ဖရင့်တွင်လည်းဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ပဉ္စမအကြိမ် ကွန်ဖရင့်တွင် နာယကတာဝန်ယူခဲ့သည်။ ပါကစ္စတန် သွားဘက်ဆိုင်ရာ အစည်းအရုံး၏ အခြေခံဥပဒေကို ရေးဆွဲခဲ့ပြီး ယင်းအဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌလည်း ဖြစ်သည်။ အယ်လ်ဗီသည် အယ်လ်ဗီသွားဆေးရုံကိုလည်း ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ အာရှ-ပစိဖိတ် သွားဘက်ဆိုင်ရာ ဖက်ဒရေးရှင်း၏ ဥက္ကဋ္ဌအဖြစ်လည်း ရွေးကောက်တင်မြှောက်ခံရသည်။

အယ်လ်ဗီသည် သွားကောလိပ်တက်နေသော ကျောင်းသားနေ့ရက်များကပင် နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားခဲ့ပြီး ၁၉၆၉ က လာဟိုးမြို့ ဆန္ဒပြပွဲတစ်ခု၌ သေနတ်ဖြင့် နှစ်ကြိမ်ပစ်ခတ်ခံရပြီး ကျည်ဆန်တစ်တောင့် ၎င်း၏ ခန္ဓာကိုယ်၌ ရှိနေဆဲဖြစ်သည်။

အယ်လ်ဗီသည် ၁၉၇၉ က ဆင်းဒ်ပြည်နယ် လွှတ်တော်အမတ်နေရာအတွက် JI ပါတီကို ကိုယ်စားပြု ယှဉ်ပြိုင်သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၈၈ တွင်မူ အယ်လ်ဗီက နိုင်ငံရေးမှ နုတ်ထွက်ခဲ့သည်။

၁၉၉၆ တွင် အီမရန်ခန်၏ ဦးဆောင်မှုကို ကြိုက်နှစ်သက်ပြီး PTI ပါလီသို့ ဝင်ရောက်ခဲ့ပြီး ယင်းပါတီ စတင်တည်ထောင်သော အဖွဲ့ဝင်ဖြစ်ခဲ့ကာ ပါတီ၏ စည်းမျဉ်းစည်းကမ်းများရေးဆွဲရေးတွင် ပါဝင်ခဲ့သည်။ PTI ၏ ဗဟိုအမှုဆောင်ကော်မတီတွင် ပါဝင်ခဲ့ပြီး ၁၉၉၇ ၌ PTI ၏ ဆင်းဒ်ပြည်နယ်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ယင်းနှစ်မှာပင် ဆင်းဒ်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဝင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

အာရစ်အယ်လ်ဗီသည် ၂၀၀၁ တွင် PTI ပါတီ၏ ဒုတိယ ဥက္ကဋ္ဌဖြစ်လာသည်။ ၂၀၀၂ ဆင်းဒ်ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဝင်ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ၂၀၀၆ တွင် အယ်လ်ဗီသည် PTI ၏ အတွင်းရေးမှူးချုပ် ဖြစ်လာပြီး ၂၀၁၃ အထိ တာဝန်ယူခဲ့သည်။

၂၀၁၃ ရွေးကောက်ပွဲတွင် အယ်လ်ဗီသည် ပါကစ္စတန်လွှတ်တော်အမတ်နေရာအတွက် ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။ ၂၀၁၈ ပါကစ္စတန် ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခဲ့သည်။

၂၀၁၈ ဩဂုတ် ၁၈ ရက်တွင်မူ အယ်လ်ဗီသည် ပါကစ္စတန် သမ္မတရွေးကောက်ပွဲအတွက် PTI ပါတီ ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းခဲ့သည်။ ၂၀၁၈ စက်တင်ဘာ ၄ ရက်တွင် အာရစ်အယ်လ်ဗီသည် ပါကစ္စတန်နိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ စက်တင်ဘာ ၉ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အာရစ်အယ်လ်ဗီသည် ဇနီးသည် ဆာဗီနာအယ်လ်ဗီနှင့် သားသမီးလေးဦး ထွန်းကားခဲ့သည်။

—Ref: Wikipedia

စာမျက်နှာ ၄၂ မှ

## အားလုံးအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း

ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အလို့ငှာ စီးပွားရေးလုပ်သော နိုင်ငံတစ်နိုင်ငံသည် ပွင့်လင်းသော စီးပွားရေးမူဝါဒများကို ကျင့်သုံးပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ကာ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ရေးကို အားပေးရပါမည်။ တစ်ချိန်တည်းမှာပင် ယှဉ်ပြိုင်နိုင်သော ကျွမ်းကျင်မှုများနှင့် လုပ်သားအင်အားကို ထူထောင်ရပါမည်။ ယင်းမှာ အရှေ့အာရှစီးပွားရေးများကို အရည်အချင်းပြည့် အလုပ်အကိုင်များ ဖန်တီးစေနိုင်ပြီး ဝင်ငွေတိုးတက်စေကာ ညီတူညီမျှရှိသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေသော မဟာဗျူဟာဖြစ်သည်။

ပထမဆုံးအဆင့်သည် ဒေသမရွေး၊ လူမှုအုပ်စုအဆင့်အတန်းမရွေး အရည်အသွေးမြင့် ပညာရေးနှင့် သက်မွေးဝမ်းကျောင်းပညာလေ့ကျင့်သင်ကြားမှုကို လက်လှမ်းမီအောင်လုပ်ရေးဖြစ်သည်။ အစိုးရက ငွေကြေးထောက်ပံ့မှုလုပ်ဆောင်ရပါမည်။ ယင်းတွင် ဝင်ငွေနည်း မိသားစုများမှ ကလေးများအတွက် ပညာတော်သင်ဆုများနှင့် ထောက်ပံ့ကြေးပေးခြင်းလည်း ပါဝင်သည်။ သက်မွေးဝမ်းကျောင်းပညာသင်ကြားလေ့ကျင့်မှုအပေါ် အစိုးရအထောက်အပံ့များသည် ကျွမ်းကျင်မှုနည်းပါးသော အလုပ်သမားများနှင့် အခြားစွမ်းရည်ချို့တဲ့သော အလုပ်သမားများကို ပစ်မှတ်ထားရပါမည်။ အထူးသဖြင့် လုပ်ငန်းငယ်များနှင့် ပုံမှန်မဟုတ်သော လုပ်ငန်းကဏ္ဍများတွင် ဖြစ်သည်။

ထိုကဲ့သို့ မူဝါဒများကို ရေရှည်ထိန်းသိမ်းရေးသည် ဘဏ္ဍာရေးအရင်းအမြစ် တော်တော်များများ လိုအပ်သည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ၎င်းတို့၏ ဘတ်ဂျက်တွင် ပညာရေးအပေါ် ဦးစားပေးထားရှိနေမည်သာမက ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအသိုင်းအဝိုင်းထံမှလည်း နောက်ထပ် အရင်းအမြစ်များကို ဆွဲဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်ပေးမှု အစီအစဉ်များနှင့် စာသင်ကျောင်းစနစ်၏ ထိရောက်မှု၊ တာဝန်ခံမှုတို့ကိုလည်း တိုးတက်ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ တိုင်းပြည်ဦးဆောင်အဖွဲ့အစည်းများကြား ယှဉ်ပြိုင်မှုကို အားပေးထောက်ခံမှု၊ စောင့်ကြည့်လေ့လာခြင်းကို ခိုင်မာအောင် လုပ်ဆောင်ခြင်းနှင့် အကဲဖြတ်သုံးသပ်မှု ယန္တရားများကို ခိုင်မာအောင် လုပ်ခြင်းများသည် အရင်းအမြစ်များ ထိရောက်စွာ အသုံးချမှုကို အထောက်အကူဖြစ်မည်ဖြစ်သည်။

နည်းပညာအပြောင်းအလဲ အလွန်လျင်မြန်စွာ ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်တွင် လူငယ်များက လက်ရှိနှင့် အနာဂတ်၌ ရှင်သန်ကြီးထွားရန် လိုအပ်သော ပညာရေးနှင့် သက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်သင်ကြားပေးမှုများ ပြင်ဆင်ပေးထားရမည်ဖြစ်သည်။ အထူးသဖြင့် ဘဝတစ်သက်တာ သင်ယူလေ့လာရေး အခွင့်အလမ်းများ တိုးတက်အောင် လုပ်ဆောင်ပြီးချဲ့ထွင်ပေးရမည်ဖြစ်သည်။ သို့မှသာ အလုပ်သမားများသည် ၎င်းတို့၏ ဘဝတစ်လျှောက် အရည်အသွေးမြင့် အလုပ်အကိုင်များ ရရှိနိုင်မည်ဖြစ်သည်။

ပြည်သူလူထု၏ စွမ်းရည်အမြင့်ဆုံးသို့ ရောက်ရှိရေး ၎င်းတို့၏ တာဝန်ဝတ္တရားကို အစိုးရက ဖြည့်ဆည်းပေးလိုသည်ဆိုလျှင် ၎င်းတို့အနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ (သို့မဟုတ်) လွန်ကဲသော လူမှုဖူလုံရေးသုံးစွဲမှု အချက်ပေးသံများကို နားယောင်ရမည်မဟုတ်ပေ။ အားလုံးအကျုံးဝင်လုပ်သားဈေးကွက်ထူထောင်ခြင်းသည် အားလုံးအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ အဆိုပါ ရည်မှန်းချက်ကို အောင်မြင်ရန် မူဝါဒရေးဆွဲသူများအနေဖြင့် အလုပ်သမားအားလုံး၏ ပညာရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးအဖြစ် သတ်မှတ်ထားရမည်ဖြစ်ကာ စီးပွားရေးလုပ်ရန် အခွင့်အလမ်းများ တိုးချဲ့ရေး ဖွံ့ဖြိုးတိုးတက်မှု အားပေးရေးမူဝါဒများကိုလည်း ဦးစားပေးချမှတ်ရမည်ဖြစ်သည်။

—*Ref: Investing in Inclusive Growth*

## ကြိုးမဲ့အားသွင်းပစ္စည်းထုတ်လုပ်မှုကို အက်ပ်ပဲလ်ကုမ္ပဏီစွန့်လွှတ်

**ဆန်ဖရန်စစ္စကို၊ မတ်လ- ၃၀** အက်ပ်ပဲလ်ကုမ္ပဏီအတွက် များစွာပုံမှန်မဟုတ်သော ခြေလှမ်းတစ်ရပ်အဖြစ် ထုတ်ကုန်တစ်ခုသည် လုံလောက်စွာ အလုပ်လုပ်နိုင်ခြင်းမရှိ၍ ယင်းထုတ်ကုန်နှင့် ပတ်သက်၍ လက်လျှော့ခဲ့သည်။

၂၀၁၇ က ကြေညာခဲ့သော Air Power သည် ပလတ်ထိုးစရာမလိုဘဲ ပစ္စည်းများ အားသွင်းနိုင်ရန် ရည်ရွယ်သည့် အလွှာပြားတစ်ခုဖြစ်သည်။

သို့သော်အက်ပ်ပဲလ်ကုမ္ပဏီ၏ အင်ဂျင်နီယာများက ယင်းအလွှာပြား အပူလွန်ကဲလာမှု တားဆီးရန် မလုပ်ဆောင်နိုင်ဟု ယုံကြည်ရသည်။

များစွာ ကြိုးပမ်းအားထုတ်ပြီးနောက် Air Power သည် မိမိတို့၏ မြင့်မားသော စံနှုန်းများအတိုင်း ရှိမည်မဟုတ်ဟု သုံးသပ်ပြီး ယင်းစီမံကိန်းကို ဖျက်သိမ်းခဲ့ကြောင်း အက်ပ်ပဲလ်ကုမ္ပဏီက ပြောသည်။

ထိုပစ္စည်းကို ၂၀၁၇ စက်တင်ဘာက ကြေညာပြီးနောက် ယင်းထုတ်ကုန်၏ ပြဿနာများနှင့် ပတ်သက်သော ကောလာဟလများ ထွက်ပေါ်ခဲ့သည်။

ထိုအချိန်တွင် အက်ပ်ပဲလ်က ကမ္ဘာ့အဆင့် ကြိုးမဲ့အားသွင်းမှုအဖြေတစ်ခုပေးမည်ဟု ကတိပြုကာ ၂၀၁၈ အတွင်း တစ်ချိန်ချိန်၌ လူသိရှင်ကြားဖော်ပြမည်ဟု ပြောကြားခဲ့သည်။

သို့သော် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းအထိ iPhone မိတ်ဆက်ပွဲများတွင် ယင်းထုတ်ကုန်ပါဝင်မလာပေ။

ယင်းထုတ်ကုန် ထွက်ရှိမည့်အချိန်ကို စောင့်မျှော်နေသော ဖောက်သည်များအား မိမိတို့ တောင်းပန်ကြောင်း အနာဂတ်တွင် ကြိုးမဲ့အားသွင်းစနစ်တစ်ခု ထုတ်လုပ်နိုင်မည်ဟု ယုံကြည်ကြောင်း အက်ပ်ပဲလ်ကုမ္ပဏီ ဟာ့ဒ်ဝဲအင်ဂျင်ယာဌာနက ပြောသည်။

—*Ref: BBC*

www.free4readers.com



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



BRITTA PEDERSEN/GETTY IMAGES

# အားလုံးအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံခြင်း

ကြည်နေဝင်းမင်း

မကြာသေးမီ ဆယ်စုနှစ်များအတွင်း မညီမျှမှုများ အလွန်ကြီးမားစွာ ကွာဟခဲ့ပြီး ယင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားခွင့်မရရှိသူများ၏ စိတ်ပျက်မှုများလည်း ပို၍ကြီးထွားလာသည်။ အချို့သော နိုင်ငံရေးသမားများက ကြီးမားသော လူမှုဖူလုံရေးအစီအစဉ်များ (သို့မဟုတ်) အိမ်နီးချင်းကို ဆင်းရဲသားဖြစ်စေသော ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများဖြင့် ပြည်သူလူထု၏ မကျေမနပ်ဖြစ်မှုကို တုံ့ပြန်သည်။ မှားယွင်းသော ကုစားမှုများဖြစ်သည်။

ထိုသို့ တန်ပြန်အကျိုးသက်ရောက်မှုဖြစ်စေသော မူဝါဒများ အကောင်အထည်ဖော်ခြင်းကို လက်ဝဲနှင့် လက်ယာမှ လူထုအကြိုက်လိုက်သူများက ဦးဆောင်နေကြသည်။ လက်ယာသမားများက ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို ထွေးပွေ့ပြီး လက်ဝဲသမားများက လူမှုဖူလုံရေးသုံးစွဲမှုများကို ထောက်ခံသည်။ ယင်းမှာ အချို့အုပ်စုများအတွက် ရေတိုအကျိုးကျေးဇူးရရှိစေလျှင်ပင် ထိုမူဝါဒများသည် လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုကို မပေးစွမ်းနိုင်ဘဲ ရေရှည်တွင် နိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ် ထိခိုက်နစ်နာစေနိုင်သည်။

ယနေ့ခေတ်ကိုယ်ကျိုးစီးပွားကာကွယ်ရေးအပေါ် အထင်ရှားဆုံး ကျင့်သုံးသူသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဖြစ်ပြီး ၂၀၁၇ တွင် သမ္မတဖြစ်လာကတည်းက အမေရိက ပထမဟူသော ၎င်း၏ မူဝါဒကို တစိုက်မတ်မတ် လိုက်စားခဲ့သည်။ အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် အမေရိကန်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် လုပ်ခလစာများ ကျဆင်းခြင်းအတွက် ဒေါ်နယ်ထရန့်က လွတ်လပ်စွာ ကုန်သွယ်မှုကို အပြစ်တင်ပြီး သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းဖြင့် ကုန်ထုတ်လုပ်ငန်း (စက်ရုံလုပ်ငန်း) အလုပ်အကိုင်များ ပြန်လည်ရရှိပြီး အမေရိကန်အလုပ်သမားအများအပြား၏ လုပ်ခများကို မြင့်တက်စေပြီး ၎င်းတို့၏ လူမှုဖူလုံရေး တိုးတက်စေနိုင်သည်ဟု ၎င်းက ပြောကြားသည်။

သို့သော် ထုတ်လုပ်မှုနိမ့်ကျသော လုပ်ငန်းများနှင့် ကျွမ်းကျင်မှုမရှိသော အလုပ်သမားများကို ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုမှ အကာအကွယ်ပေးခြင်းသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်မည်မဟုတ်ဟု စီးပွားရေးပညာရှင်အများစုက သဘောတူသည်။ ရေတိုကာလမှာပင် ဒေါ်နယ်ထရန့်၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများသည် ရည်ရွယ်ထားသော အကျိုးသက်ရောက်မှုရရှိသည်ဟူသော အထောက်အထားမရှိပေ။

မညီမျှမှုများ လျှော့ချရေး အခြားလူကြိုက်များသော အစီအစဉ်တစ်ခုသည် ချမ်းသာကြွယ်ဝမှုကို အလွန်အကျွံထပ်ဆင့်မျှဝေခြင်း မူဝါဒများဖြစ်ပြီး အလားတူပြဿနာရှိသည်။ တောင်ကိုရီးယားနိုင်ငံတွင် သမ္မတမွန်ဂျေအင် အစိုးရက ၂ နှစ်အတွင်း အနည်းဆုံး လုပ်ခလစာကို ၂၉ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။ တစ်ဖက်တွင်လည်း လူမှုဖူလုံရေးအသုံးစရိတ်ကို တိုးမြှင့်ခဲ့သည်။ ယင်းမှာ ဝင်ငွေနည်းမိသားစုများနှင့် ဝင်ငွေနည်း အလုပ်သမားများ၏ သာယာဝပြောမှုနှင့် စားသုံးမှုကို တိုးမြှင့်ပြီး လူတိုင်း အကျုံးဝင်မှုကို ခိုင်မာစေကာ ရေရှည်ထိန်းသိမ်းနိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးခြင်းဖြစ်သည်။ သို့သော် ထိုအပြောင်းအလဲက စီးပွားရေးလုပ်ငန်းငယ်များကို အကြီးအကျယ် ထိခိုက်စေပြီး အလုပ်အကိုင်ဖန်တီးမှုကို အားနည်းစေခဲ့သည်။ နိုင်ငံ၏ ဝင်ငွေမျှဝေမှုလည်း သိသာစွာ ပိုမိုဆိုးရွားခဲ့သည်။

ဗင်နီဇွဲလားလည်း ရှိသေးသည်။ နှစ်ပေါင်း ၂၀ ခန့် ယခင်က ကွယ်လွန်သူ ဟူဂိုချာဗက်ဇ်နှင့် ယခုအခါ ၎င်း၏ လက်ရင်းတပည့် သမ္မတ မာဒူရို ဦးဆောင်သော လက်ဝဲယိမ်း လူထုအကြိုက်လိုက် အစိုးရနှစ်ရပ်သည် ကြီးမားသော ရေနံဝင်ငွေများနှင့်အတူ လွန်ကဲသော လူမှုဖူလုံရေးမူဝါဒများကို အကောင်အထည်ဖော်ခဲ့သည်။ သို့သော် အစိုးရက စီးပွားရေးကို အကိုင်းအခက်စုံလင်အောင် ဖြန့်ကြက်ရန် ပျက်ကွက်ခဲ့သောကြောင့် ရေနံဈေးနှုန်းများ ထိုးကျချိန်တွင် ဗင်နီဇွဲလားသည် အလျင်အမြန်ပင် စီးပွားရေးအကျပ်အတည်း၏ ဝါးမျိုမှုခံခဲ့ရသည်။ ယခုနောက်ဆုံးသုံးနှစ်တွင် ဗင်နီဇွဲလားနိုင်ငံ၏ အစစ်အမှန် ဂျီဒီပီ (နိုင်ငံထုတ်ကုန်တန်ဖိုး) သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းကျော် ကျုံ့သွားခဲ့သည်။ ပြီးခဲ့သည့်နှစ်က ဗင်နီဇွဲလား၏ နှစ်စဉ်ငွေကြေး ဖောင်းပွနှုန်းသည် ၁၃,၀၀၀,၀၀၀ ရာခိုင်နှုန်းကျော်ပြီး ၁၉ ရက်ကြာတိုင်း ကုန်ဈေးနှုန်း နှစ်ဆဖြစ်ခဲ့သည်။ အစားအစာနှင့် အခြားအခြေခံလိုအပ်သော ပစ္စည်းများ ဝယ်ယူရန် မတတ်နိုင်တော့သဖြင့် သာမန် ဗင်နီဇွဲလားနိုင်ငံသားများသည် ကိုယ်အလေးချိန် ၂၄ ပေါင် လျော့ကျသွားသည်ဟု ဆိုသည်။ နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းဖြစ်သော လူသုံးသန်းကျော် နိုင်ငံမှ ထွက်ပြေးခဲ့သည်။

အလုပ်လုပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မက်လုံးများကို အားနည်းစေခြင်းဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒနှင့် လွန်ကဲသော လူမှုဖူလုံရေး မူဝါဒများသည် အလုပ်အကိုင်ဖန်တီးမှုကို ကျဆင်းစေပြီး နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှုကို ဖင့်နွှဲကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အောက်သို့ တွန်းချပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ထိုမဟာဗျူဟာများသည် အားလုံး အကျုံးဝင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန် ဝေးစွ၊ ယင်းသို့ဖွံ့ဖြိုးတိုးတက်မှုကို အားလျော့စေသည်။

ယင်းတို့ထက် များစွာပိုမို ထိရောက်သော နည်းလမ်းသည် ပညာရေးနှင့် အတတ်ပညာလေ့ကျင့်သင်ကြားပေးမှု (Skills Training)များမှတစ်ဆင့် ရရှိလာသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးမည် ဖြစ်သည်။ အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ကမ္ဘာ့ဘဏ်က ယင်းကို အသိအမှတ်ပြုသည်။

လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးမှု၊ ယှဉ်ပြိုင်မှုအားပေးသော လုပ်ထုံးလုပ်နည်းပြုပြင်ပြောင်းလဲမှု၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအစီအစဉ်များနှင့် လုံလောက်သော လူမှုဖူလုံရေးအစီအစဉ်များသည် အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေး မည်သည့်မဟာဗျူဟာတွင်မဆို အရေးပါသော အစိတ်အပိုင်းများဖြစ်သည်။

စာမျက်နှာ ၄၁ ››

www.free4readers.com

7DAY NEWS JOURNAL

# Entertainment

Vol.18, No.5 • APRIL 3 , 2019

# "မကြည့်ရသေးဘဲနဲ့ ငပေါကားကြီးပါကွာဆိုပြီး ဝေဖန်တာက လူတစ်ယောက်ရဲ့ ကြိုးစားအားထုတ်မှုတွေကို သက်သက်မဲ့ စော်ကားတယ်လို့ ခံစားရပါတယ်"




ထုတ်လုပ်သူ၊ သရုပ်ဆောင်ခွန်းဆင့်နေခြည်နှင့်တွေ့ဆုံခြင်း

**ခင်ဆွေသက်**

'မှော်ဝင် သမန်းကျား' ဇာတ်ကားသည် ၂၀၁၈ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အမျိုးသားဇာတ်ဆောင်ဆု ကြေညာပြီးနောက်ပိုင်း ပရိသတ်များ၏ ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရသလို အကယ်ဒမီဆုပေးခဲ့သည့် ပြကွက်များနှင့် ပတ်သက်၍လည်း အကယ်ဒမီဘုတ်အဖွဲ့သည် ပရိသတ်များ၏ မကျေနပ်မှု၊ ဝေဖန်ထောက်ပြမှုများ ခံခဲ့ရသည်။ သို့သော် ယင်းဇာတ်ကားထုတ်လုပ်သူ ကျောက်ဆူး ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် သရုပ်ဆောင် ခွန်းဆင့်နေခြည်က ယင်းဇာတ်ကားကို အစွမ်းကုန်ကြိုးစားရိုက်ကူးခဲ့သဖြင့် အကယ်ဒမီဆုနှင့် ထိုက်တန်သည်ဟု ပြောကြားသည်။ အဆိုပါ ဇာတ်ကားရိုက်ကူးစဉ်က အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသလို ရိုက်ကူးအပြီး လေးနှစ်နှင့် ၁၁ လအကြာမှ ရုံတင်ခွင့်ရရှိကာ ယင်းဇာတ်ကားကိုယ်တိုင် တည်းဖြတ်ခဲ့ကြောင်းနှင့် လူမှုကွန်ရက်ပေါ်မှ ဝေဖန်မှုများနှင့် ပတ်သက်ပြီး ဖြေကြားထားသည်များကို ဖော်ပြလိုက်ပါသည်။

**'မှော်ဝင် သမန်းကျား'ရုပ်ရှင်ကားမှာ အတူသရုပ်ဆောင်ခဲ့တဲ့ ကိုသူထူးစံ အမျိုးသားဇာတ်ဆောင်ဆုရတဲ့အပေါ် စိတ်ခံစားချက်လေး ပြောပြပါဦး။**

မခွန်းဆင့်တို့ ကျောက်ဆူး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထားတဲ့ 'မှော်ဝင် သမန်းကျား' ရုပ်ရှင်ဇာတ်ကားမှာ ကိုသူထူးစံက အမျိုးသားဇာတ်ဆောင်ဆု ဝင်ခဲ့တယ်။ အဲဒီအတွက်ကို အတိုင်းမသိဝမ်းသာတယ်။ ကိုယ်ကြိုးစားရကျိုးလည်း နပ်တယ်။ ဒီအကယ်ဒမီမှာ ကိုယ်ထုတ်လုပ်ထားတဲ့ ဇာတ်ကား ဘာဆုရရ၊ သေးသေးလေးပဲရရ မခွန်းဆင့် ကျေနပ်တယ်လို့ ပြောထားပြီးသားပါ။ အခုက အဓိကဆုရတယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာကျေနပ်တယ်။ ထုတ်လုပ်သူတစ်ယောက်အနေနဲ့ ဘဝမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့တယ်။ 'မှော်ဝင် သမန်းကျား'ဇာတ်ကားမှာ ကိုသူထူးစံ တာရိုက်တာက ကွက်တိဖြစ်တယ်။ ထိထိမိမိကို ကွက်တိဖြစ်နေတဲ့အတွက် ပီပြင်တယ်။ သူပဲ လုပ်နိုင်လိမ့်မယ်ဆိုတာကို မြင်တဲ့အတွက် Casting ချတဲ့အချိန်မှာ ဒါကာရိုက်တာနေရာကို သူ့ကိုပေးခဲ့တာပေါ့။

**သူကိုယ်တိုင်လည်း အစ်မရဲ့ ထုတ်လုပ်ရေးကို ချီးကျူးသွားတယ်။ သူ့ကို ခေါ်ရိုက်တဲ့အတွက် သူ အကယ်ဒမီဆုရတယ်လို့ ဖြေတဲ့အပေါ် ဘယ်လိုမှတ်ချက်ပေးချင်ပါလဲ။**

အဲဒီလို ပြောပေးတဲ့အတွက် ကျေနပ်တယ်။ ကိုယ်ကိုယ်တိုင် ဘယ်လောက်တော်နေတော်နေ ခေါ်ရိုက်မယ့်သူမရှိရင် သူတို့ရဲ့ သရုပ်ဆောင်မှုတွေကို ထုတ်ပြခွင့်မရှိဘူး။ ကိုယ့်ကိုငှားမယ့်၊ နေရာပေးမယ့် ပရိုဂျူဆာရှိလို့သာ လုပ်ပြခွင့်ရှိတာပေါ့။ အဲဒီတော့ ပရိုဂျူဆာဆိုတာ အစ်မတို့ သရုပ်ဆောင်တွေအတွက် အရေးပါတဲ့ ကဏ္ဍမှာ ရှိပါတယ်။

**ကိုသူထူးစံ အကယ်ဒမီရတဲ့အပေါ် ဝေဖန်မှုတွေနဲ့ ပတ်သက်ပြီး ထုတ်လုပ်သူအနေနဲ့ ဘာပြောချင်လဲ။**

ဝေဖန်ပိုင်ခွင့်ရှိပါတယ်။ ကိုသူထူးစံက ဘာအက်တင်မှ



ဓာတ်ပုံ-ကျော်ဇင်သန်း

မဟုတ်ဘဲနဲ့ ရသွားတယ်လို့ ပြောတဲ့သူတွေလည်း ရှိပါတယ်။ အကယ်ဒမီပွဲနေ့မှာ ပြတဲ့ပြကွက်တွေက အကယ်ဒမီရနိုင်လောက်တဲ့ အက်တင်မျိုးပါတာနည်းတယ်။ အဲဒါကြောင့် ပရိသတ်တွေက အဲဒီလို မြင်သွားတာပါ။ အစကနေ အဆုံးကြည့်ဖူးတဲ့ ပရိသတ်တွေအားလုံး ဒီဇာတ်ကားမှာ ဘယ်သူက ကောင်းသလဲ၊ ဘယ်သူ့ကို ပေးသင့်သလဲ၊ ဘယ်သူက ပိုပြီး ဘာဆုတွေရနိုင်သေးလဲဆိုတာက အကုန်လုံးရဲ့ ရင်ထဲမှာရှိတယ်။ သူသည်လည်း သူ့နေရာနဲ့ သူ ကွက်တိအံဝင်ခွင်ကျ သရုပ်ဆောင်နိုင်တဲ့ သူတစ်ယောက်ဖြစ်တယ်။ အဓိက ရာခိုင်နှုန်းအရ ကြည့်မယ်ဆိုရင် မကြည့်ရသေးဘဲနဲ့ ဝေဖန်တဲ့သူက ပိုများနေတယ်။ ဝေဖန်တဲ့နေရာမှာ မကောင်းတဲ့ဘက်က ဝေဖန်နေတဲ့သူတွေက ပိုများနေတာပေါ့နော်။ မကြည့်ရသေးတဲ့သူတွေ ဝေဖန်နေတဲ့အပေါ်မှာ ကြည့်ပြီးသားသူတွေက ပြန်ပြီးကွန်မန့်လေးတွေ ရေးပေးကြပါလို့ ပြောချင်ပါတယ်။

**ဒီဇာတ်ကားကို ကိုယ်တိုင်တည်းဖြတ်ခဲ့တာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။**

တည်းဖြတ်တဲ့အပိုင်း ခြောက်ယောက်ပြောင်းသွားပြီး နောက်ဆုံးတစ်ယောက်က ကျွန်မပါ။ အမေရိကမှာနေတဲ့ နာမည်ကို ထည့်လိုက်တာပါ။ ဇာတ်ကားကို ထိမိပိုင်နိုင်တဲ့ အရုပ်တွေ၊ သူ အကယ်ဒမီရစေနိုင်တဲ့ အရုပ်တွေအားလုံးကို ကျွန်မကိုယ်တိုင် ဆက်ပေးထားတာပါ။ 'မှော်ဝင် သမန်းကျား'ဇာတ်ကားမှာ နောက်ဆုံး အယ်ဒီတာ ခြောက်ယောက်မြောက်က ခွန်းဆင့်နေခြည် ဖြစ်သွားတယ်။ နာမည်ကို ဂျက်ဆီကာမင်းနဲ့ ထည့်ခဲ့တယ်။ အရှေ့အရှေ့မှာ တည်းဖြတ်တဲ့သူတွေက အချိန်မပေးနိုင်တာရယ်၊ နောက်ပြီး မခွန်းဆင့်တို့ ကားကြီးက ကြာနေတာကြောင့်ရယ်၊ အန်နီမေးရှင်းပိုင်း လိုအပ်နေတာတွေကို အချိန်မပေးနိုင်တာကြောင့် တစ်ယောက်ပြီးတစ်ယောက် ပြောင်းပြီး ငါးယောက်ထိ ဖြစ်သွားတယ်။ အဲဒီထိလည်း မပြည့်စုံသေးဘူး။ လိုအပ်နေသေးတယ်ဆိုတော့ ဒီကြားထဲမှာ မခွန်းဆင့် လေ့လာထားတာတွေ၊ ဆည်းပူးထားတာတွေရှိတယ်။ အဲဒါတွေကို ပြန်အသုံးချလိုက်တဲ့သဘောပေါ့။ အရင်ကတည်းက တည်းဖြတ်တဲ့အပိုင်းကို ပရော်ဖက်ရှင်နယ်လောက် မလုပ်တတ်ပေမယ့် နားလည်တယ်။ တခြားအယ်ဒီတာ ပြောင်းရင်လည်း အချိန်တွေ ထပ် ကုန်ဦးမယ်ဆိုတော့ မခွန်းဆင့်ကိုယ်တိုင်ပဲ ဝင်လုပ်လိုက်တာပါ။

**'မှော်ဝင် သမန်းကျား' ဇာတ်ကားကို ပရိသတ်တွေက မသိဘူးပြောကြတဲ့အပေါ် ထုတ်လုပ်သူတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရလဲ။**

တချို့ဆို ဒီကားကို နာမည်တောင်မကြားဖူးဘူးဆိုပြီး ပြောတဲ့သူတွေရှိပါတယ်။ ဒါပေမဲ့ လူတိုင်းသိဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ဇာတ်ကားတစ်ကားကို မြန်မာနိုင်ငံမှာရှိတဲ့ လူသန်းပေါင်း ၆၀ လောက်က ဘယ်လိုမှ မသိနိုင်ဘူးလေ။ တချို့သရုပ်ဆောင်တွေဆိုရင်လည်း ကြားတောင်မကြားဖူးတဲ့ကား ဘာလို့ပေးလဲဆိုပြီး ပြောကြတယ်။ ဒီကားကို အကယ်ဒမီပေးတာ အကဲဖြတ်လူကြီးတွေနဲ့ပဲ သက်ဆိုင်တယ်။ အကဲဖြတ်လူကြီးတွေကလည်း အဆင့်ဆင့် ဆန်ခါတင်ရွေးချယ်ခဲ့ပြီးမှ ကွာလတီမမီတဲ့ ဇာတ်ကားဆိုရင် သူတို့ဘယ်ပေးမလဲ။ စည်းမျဉ်းစည်းကမ်းတွေ သူတို့မှာ ရှိပြီးသား။ အဲဒီ စည်းမျဉ်းစည်းကမ်းတွေနဲ့ အံဝင်ခွင်ကျဖြစ်လို့လည်း သူတို့ပေးခဲ့တာပါ။ တချို့ကားတွေဆို အရမ်းကောင်းတယ်။ ဒါပေမဲ့ သူတို့ ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေနဲ့ပေးလဲတော့မသိဘူး။ အဲဒါကတော့ ဘုတ်အဖွဲ့ လူကြီးတွေပဲ သိမှာပါ။ သူတို့တွေက ဒီဆုကို ပေးသင့်ပေးထိုက်တယ်လို့ ယူဆလို့ ပေးတာပါ။ ဒီဇာတ်ကားကို ရုံပြန်တင်ခွင့်ရအောင် ခွန်းဆင့်တို့ ကြိုးစားနေတယ်။

စာမျက်နှာ ၄၅ »

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019



# အမျိုးသမီးများ၏ ပကတိအခြေအနေ စဉ်းစားပေးရန် ကုလသမဂ္ဂကို ဂျိုလီတောင်းဆို

**နယူးယောက်** - ကုလသမဂ္ဂကာကွယ်ရေး၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးဝန်ကြီးများရှေ့မှောက်တွင် ပထမဆုံးပြောကြားသော မိန့်ခွန်းအတွင်းဟောလိဝုဒ်ကြယ်ပွင့်အန်ဂျလီနာဂျိုလီက နယူးယောက်မြို့ရှိကုလသမဂ္ဂတွင်ကျား၊မမညီမျှမှုအကြောင်းပြောကြားသည်။

ယင်းမိန့်ခွန်းအတွင်း ဂျိုလီကအမျိုးသမီးများ၏ ပကတိအခြေအနေကိုလူအများစဉ်းစားပေးရန်တိုက်တွန်းသည်။

"ကမ္ဘာတစ်ဝန်းမှာ အမျိုးသမီးတွေထွန်းလင်းလာတဲ့ခေါင်းဆောင်မှုအပိုင်းကို ရယူနေကြတဲ့၊ သူတို့ကံကြမ္မာကို သူတို့လက်ထဲ တည့်နေကြတဲ့ ကျွန်မတို့အားလုံးကို အားကျစေတဲ့ဥပမာတွေမရေမတွက်နိုင်အောင်ရှိပါတယ်။ ဒါပေမဲ့အမျိုးသမီးတွေ၊ မိန်းကလေးတွေဟာ စစ်ပွဲရဲ့လူများစုဓားစာခံတွေ ဖြစ်နေတုန်းပါပဲ။ အဆိုးရွားဆုံးဖြစ်နိုင်တဲ့အနေအထားမှာ အမျိုးသမီးတွေဟာ ခေတ်သစ်ပဋိပက္ခရဲ့လုံးဝဗဟိုချက်တစ်ခုဖြစ်နေပါတယ်" ဟု အန်ဂျလီနာဂျိုလီက ပြောကြားသည်။

အသက် (၄၃) နှစ်အရွယ် မင်းသမီး၊ လူသားချင်းစာနာထောက်ထားရေးပုဂ္ဂိုလ် အန်ဂျလီနာဂျိုလီသည် ၂၀၁၂ ကကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ခန့်အပ်ခံရသည်။

၎င်း၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေးခရီးစဉ်များ၏ အတွေ့အကြုံများကိုဂျိုလီက ပြောသည်။ ဂျိုလီသည် ဒုက္ခသည်စခန်းပေါင်းများစွာသို့ သွားရောက်ပြီး ယမန်နှစ်က ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် အလုပ်၏တစ်စိတ်တစ်ပိုင်းအဖြစ် အီရတ်သို့သွားရောက်ခဲ့သည်။ ယင်းမတိုင်မီကကင်ညာနိုင်ငံရှိ အပျိုဖော်ဝင်စဒုက္ခသည် မိန်းကလေးများနှင့် တွေ့ဆုံခဲ့သည်။

CNA



# Her's တေးဂီတအဖွဲ့ဝင်များနှင့် မန်နေဂျာ ယာဉ်မတော်တဆမှုအတွင်းသေဆုံး

**ဖီးနစ်** - ဗြိတိန်တေးဂီတအဖွဲ့ Her's ၏အဖွဲ့ဝင်နှစ်ဦးစလုံးနှင့် ဖျော်ဖြေရေးခရီး မန်နေဂျာတို့ သေဆုံးခဲ့သည့် ကားတိုက်မှုသည် လမ်းပြောင်းပြန်မောင်းလာသော ယာဉ်မောင်းတစ်စုကြောင့် ဖြစ်ပွားခဲ့ကြောင်းအမေရိကန်အရာရှိများက ပြောကြားသည်။

စတီဖန်ဖစ်ဇ်ပက်ထရစ် (၂၄) နှစ်နှင့် အူဒွန်လာအာဒင်း (၂၅) နှစ်တို့သည် ကယ်လီဖိုးနီးယားရှိပွဲတော်တစ်ခုသို့သွားနေစဉ်အရီဇိုးနားတွင် ကားတိုက်မိကာ သေဆုံးခြင်းဖြစ်သည်။ အရီဇိုးနားပြည်နယ်ရှိ အရာရှိများက နှစ်ဆန်ပစ်ကပ်ကားတစ်စီးသည် ၎င်းတို့နှစ်ဦး၏ ဖို့ဒ်အမျိုးအစားဗင်ကားနှင့် မတိုက်မီမီ ပြည်နယ်ချင်းဆက် အဝေးပြေးလမ်းအမှတ် (၁၀) ၏အနောက်ဘက်သို့ လမ်းကြောပေါ်တွင် အရှေ့ဘက်သို့ မောင်းနှင်ခဲ့သည်ဟုပြောကြားသည်။ယင်းကားတိုက်မှုအတွင်း အသက်ရှင်သူမရှိပေ။

လီဗာပူးအနုပညာဖျော်ဖြေရေးအင်စတီကျုဒ်တွင် ကျောင်းသားများဘဝကဆုံတွေ့ခဲ့သော ၎င်းတေးဂီတအဖွဲ့ဝင်များသည် အရီဇိုးနားပြည်နယ် ဖီးနစ်မြို့ရှိ လမ်းကြောတစ်ခုမှ ကယ်လီဖိုးနီးယားရှိဆန်တာအန်နာမြို့သို့ မိုင် ၃၅၀ ခန့်မောင်းနှင်ခဲ့သည်။

၎င်းတေးဂီတအဖွဲ့၏ ဖျော်ဖြေရေးခရီးမန်နေဂျာထရီဗာအန်ကျဲယ်ဘရက်စတွန်က ၎င်းတို့၏ဗင်ကားကို မောင်းနှင်လာခဲ့သည်။

လမ်းပြောင်းပြန်မောင်းလာသော ယာဉ်မောင်းသည်ကယ်လီဖိုးနီးယားပြည်နယ်မာရီတာမြို့မှ ဖရန်ဆစ္စကို အဒ်ဝပ်ရီဘိုလာ (၆၄) နှစ်ဖြစ်ကြောင်းသိရသည်။

ကားနှစ်စီးစလုံး မီးလောင်ကျွမ်းပြီး အပျက်အစီးများကြားမှ အရက်ထည့်စရာတစ်ခု တွေ့ရကြောင်း အရီဇိုးနားပြည်သူ့ဘေးအန္တရာယ်ကင်းရှင်းရေးဌာနကပြောသည်။ ၎င်းတို့နှစ်ဦး၏ Heist or Hit အခွေကြောင့် ဗြိတိန်၏ပရိသတ် အချစ်ဆုံးဖြစ်လာသည့် တေးဂီတအဖွဲ့များအနက်တစ်ခုဟု ဖော်ညွှန်းခံခဲ့ရသည်။

BBC



7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019






## မီးဖွားတဲ့ဇာတ်ဝင်ခန်းပီပြင်ဖို့ မိခင်က အသေးစိတ်သင်ကြားပေးတယ်ဆိုတဲ့ ရွှေမှုံရတီ

ဖွဲ့ညဏ်

**ရန်ကုန်၊ မတ်လ- ၃၀**

'နို့ဘီလူး'ရုပ်ရှင်တွင် မီးဖွားသည့် ဇာတ်ဝင်ခန်းပီပြင်စေရန် မိခင်က သင်ကြားပေးခဲ့ကြောင်း ရွှေမှုံရတီက ပြောသည်။

"အဲဒီဇာတ်ဝင်ခန်းက ညီမဘဝမှာ အပင်ပန်းဆုံးလို့ ခံစားရတုန်းပဲ။ အဲဒီဆင်းန် ရိုက်ပြီးတော့ ဖလက်တော်တော်ပြသွားတယ်။ သတိတောင်လစ်ချင်လောက်တဲ့ အထိ"ဟု ရွှေမှုံရတီက မီးဖွားသည့် ဇာတ်ဝင်ခန်း ရိုက်ကူးရသည့် အတွေ့အကြုံကို ပြောသည်။ယင်းဇာတ်ဝင်ခန်း ရိုက်ကူးရန် ဒါရိုက်တာ လူမင်းကလည်း မိခင်ကို မေးမြန်းရန် ပြောသောကြောင့် မိခင်က အသေးစိတ်ပြောပြခဲ့သည်ဟု ၎င်းက ဆိုသည်။

'နို့ဘီလူး' ဇာတ်ကားတွင် လူမင်း၊ ဇေရဲထက်၊ ရွှေမှုံရတီနှင့် ဒေါ်မြတ်မွန်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ရွှေမှုံရတီက ရွာသူမိန်းကလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

"ရွှေမှုံရတီ အက်တင် တော်တော်များများက အမေပြောပေးတာ များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က အမေက မင်းသမီးဖြစ်ချင်ခဲ့တာဆိုတော့ သူလုပ်ချင်တာတွေ ကိုယ့်ကိုအကုန်လုပ်ခိုင်းတာ"ဟု ရွှေမှုံရတီက ပြောသည်။

ထို့အပြင် အဆိုတော် ရွှေထူးနှင့် နှစ်ဦးသဘောတူလက်ထပ်ခဲ့သောကြောင့် စိတ်ဆိုးနေသည့် မိခင်နှင့် ပြေလည်မှုရရှိပြီဖြစ်ကြောင်း ရွှေမှုံရတီက ပြောသည်။

စာ(၄၃)မှအဆက်

## ထုတ်လုပ်သူ၊ သရုပ်ဆောင်ခွန်းဆင့်နေခြည်နှင့်တွေ့ဆုံခြင်း

ရသည်၊ မရသည်တော့ မသိသေးဘူး။ ပြန်တင်တဲ့အခါမှာလည်း ပရိသတ်တွေက စိတ်ဝင်တစားနဲ့ အရမ်းအားပေးကြမယ်လို့ ယုံကြည်တယ်။ ဒီကားကို ဘာလို့ပေးလဲဆိုတာကို ခွန်းဆင့်က ပြချင်တာပါ။ မကောင်းဘဲနဲ့တော့ ဘယ်သူမှ မပေးပါဘူး။ အဆင့်ဆင့် ထပ်ကာထပ်ကာ မကြိုက်မချင်းကို ပုံဖော်တယ်။ ရိုက်ကူးတယ်။ အဲဒီအတွက် နောက်ဆုံးမှာ အကောင်းဆုံးအဖြေတစ်ခုကို ရရှိခဲ့တယ်။

**'မှော်ဝင်သမန်းကျား'ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရင်း ကြုံတွေ့ရတဲ့ အခက်အခဲတွေကကော ဘာတွေများဖြစ်မလဲ။**

ဦးမျိုးအဲဒီကားရိုက်နေရင်းနဲ့ ကျန်းမာရေး အခြေအနေကြောင့် ဆေးရုံခြောက်ခါ တက်ရတယ်။ အဲဒီအတွက် ခွန်းဆင့်ကို သူကူညီဖို့ အခက်အခဲဖြစ်သွားတယ်။ အဲဒီအတွက် အစအဆုံးပြီးအောင် ခွန်းဆင့်တစ်ယောက်တည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရတယ်။ နည်းပညာပိုင်းဆိုင်ရာကို ဦးကြည်မင်းသိန်းက အစအဆုံးကူညီတယ်။

**'မှော်ဝင်သမန်းကျား'ရုပ်ရှင်ဇာတ်ကားကို အကယ်ဒမီရပြီးတဲ့အထိ ကိုသူထူးစံက မကြည့်ရသေးဘူး ပြောပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘာများ မှတ်ချက်ပေးချင်ပါလဲ။**

အသံသွင်းတဲ့အချိန်မှာ အကြိမ်ပေါင်းများစွာ ကိုသူထူးစံကို ချိန်းပါတယ်။ သူက လာမယ်ပြောပါတယ်။ ပြီးတော့ မလာပါဘူး။ အဲဒီလိုမျိုး အကြိမ်ပေါင်းများစွာ လုပ်ပါတယ်။ ဂျူတီခက ပိုက်ဆံပေးပြီး ယူရတာပါ။ ဒါပေမဲ့ သူမလာတဲ့အတွက် သွင်းလို့မရပါဘူး။ အဲဒီအတွက် ကုန်ကျစရိတ်တွေ အရမ်းတက်ပါတယ်။ ဒါပေမဲ့ သူ့ကိုလည်း သည်းခံပြီးစောင့်ပါတယ်။ သူမပါလို့လည်း မရဘူး။ သူမသွင်းပေးလို့လည်း မရဘူး။ အဲဒီအတွက် သည်းခံပြီး စောင့်တယ်။ သူ့ကို ဖုန်းဆက်တယ်။ဖုန်းပိတ်ထားပါတယ်။ဖုန်းကိုချပစ်တယ်။ သူလည်း အကြောင်းအမျိုးမျိုးရှိမှာပေါ့နော်။ သူက မအားတာလည်းဖြစ်နိုင်တယ်။အဲဒါတွေအားလုံးကိုကျွန်မတို့ပရိုဂျူဆာဘက်ကနေ သည်းခံပြီး အကြိမ်ပေါင်းများစွာ ချိန်းတယ်။လာမယ်အမြဲပြောပေမယ့် မလာခဲ့ဘူး။ အဲဒီလို အချိန်တွေ အများကြီးကို သည်းခံစောင့်ဆိုင်းခဲ့တယ်။အဓိက သူ့ကိုဆက်လို့မရတဲ့အတွက်ကို ပရက်ရှီးနေ့မှာ လုံးဝ ဖိတ်လို့မရဘူး။ သူနဲ့ အဆက်အသွယ် လုံးဝမရဘူး။ ဒါပေမဲ့သူ နောက်တစ်နေ့မှာ သွားကြည့်တယ်လို့ သတင်းကြားပါတယ်။ဒီကားကို သူကြည့်ပြီးပါပြီ။ ဒီကားက သူအရမ်းကြည့်ချင်တဲ့ကားပါ။ သူမကြည့်ရဘူးဆိုတာ သူပြောတာဆိုတော့ သူ့စကားပေါ့။ ဒါပေမဲ့ သူကြည့်ရပါတယ်။

**စင်ပေါ်မှာ ကျေးဇူးတင်စကားပြောတဲ့အချိန်မှာ ထုတ်လုပ်ရေးနာမည်ကိုပဲ ကျေးဇူးတင်သွားတယ်။ ထုတ်လုပ်သူနာမည်နဲ့ ဒါရိုက်တာနာမည် မပြောသွားတဲ့ အပေါ် ဘယ်လိုခံစားရလဲ။**

အကယ်ဒမီစင်မြင့်ပေါ်မှာ ကျေးဇူးတင်စကားပြောတဲ့အချိန်မှာ သူ့ရဲ့ စိတ်လှုပ်ရှားမှုကြောင့် မေ့လျော့ပြီးကျန်ခဲ့တာရှိပါတယ်။ ထုတ်လုပ်သူထက် ဒါရိုက်တာကိုလည်း သူကျေးဇူးတင်စကား မပြောသွားပါဘူး။ ဒါပေမဲ့ ကျွန်မတို့က နားလည်ပေးပါတယ်။ ဒီလိုအချိန်မှာ စိတ်လှုပ်ရှားပြီး မပြောမိတာဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်တော်တိုင်း သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်နိုင်ဘူး။ အခွင့်အရေးတွေ လိုအပ်တယ်၊ ထုတ်လုပ်ပေးမယ့် ပရိုဂျူဆာလိုအပ်တယ်။ ပြီးတော့ ဇာတ်လမ်းဇာတ်ရုပ်လိုက်ဖက်တဲ့ ကာရိုက်တာမျိုးလည်းလိုအပ်တယ်။ကိုယ်ဘယ်လောက်ပဲ တော်နေတော်နေ ကိုယ့်ကို ထုတ်ရိုက်ပေးမယ့် ပရိုဂျူဆာက မငှားဘူးဆိုရင် ဇာတ်ကားတစ်ကားမှာ ပါဝင်သရုပ်ဆောင်ခွင့်မရဘူး။

**ပရိသတ်တော်တော်များများက ဒီဇာတ်ကားကို ကိုသူထူးစံနဲ့ ရိုက်တာက ချစ်သူတောင်းမို့ ခေါ်ရိုက်တာလားဆိုပြီး သိချင်နေကြတဲ့ အပေါ် ဘာများ ပြောချင်ပါလဲ။**

ကျွန်မရဲ့ ရည်းစားဖြစ်ခဲ့ဖူးလို့ ဒီဇာတ်လမ်းမှာ ခေါ်သုံးတာ မဟုတ်ပါဘူး။ သူနဲ့ကျွန်မက ပြီးခဲ့တာ ကြာပါပြီ။ ဒီကားကို စပြီး Casting ချတဲ့အချိန်မှာ ဒါရိုက်တာနဲ့ ကျွန်မတို့ အကြိမ်ကြိမ်ဆွေးနွေးပါတယ်။ ဒီဇာတ်ရုပ်မှာ တခြားသော မင်းသားပေါင်းမြောက်မြားစွာကို ကျွန်မတို့ Casting ချခဲ့တယ်။ ဒါပေမဲ့ ဒီဇာတ်ရုပ်မှာသူထူးစံပဲလိုက်ဖက်နေတယ်၊ ပြီးတော့ အကြမ်းပတမ်း၊ အပေအတေစရိုက်ပေါင်းမြောက်မြားစွာ လုပ်နိုင်တဲ့ မင်းသားက သူပဲရှိတယ်။ ဒါကို ပရိသတ်အားလုံးလည်း သိတယ်။ အဲဒီအတွက်ကြောင့် ကျွန်မက သူ့ကိုပဲ ရိုက်မှဖြစ်မယ်ဆိုပြီး ဒါရိုက်တာရဲ့ အကြံပြုချက်နဲ့သူ့ကို ရွေးချယ်တာပါ။ ကျွန်မတို့က လူကြီးတွေဖြစ်နေပါပြီ။ စီးပွားရေးပဲ ခေါင်းထဲမှာရှိတယ်။ လူမှုရေးခေါင်းထဲမှာရှိတယ်။ စိတ်ခံစားချက်တွေ ထည့်မတွက်ဘူး။ ကာရိုက်တာမိတဲ့Castingကိုချမှပီပြင်မှာလေ။ အခု ခွန်းဆင့်သရုပ်ဆောင်တဲ့ ကျားကနေ လူပြောင်းတဲ့ ကာရိုက်တာမျိုးကို တခြားမင်းသမီးတစ်ယောက်လုပ်နိုင်ရင်လုပ်နိုင်လိမ့်မယ်။ ဒါပေမဲ့ ပီပြင်ဖို့ အခက်အခဲ အနည်းငယ်ကွာခြားမှုရှိတယ်။ ခွန်းဆင့်လည်း ချစ်ခန်း၊ ကြိုက်ခန်းမရဘူး။ အကြမ်းပတမ်းပဲလုပ် တတ်တယ်။ အဲဒီလို ကာရိုက်တာမျိုးကိုလည်း ဒါရိုက်တာက ချပေးတဲ့အတွက် ခွန်းဆင့်ရိုက်ခဲ့တာပဲ ရှိတယ်။ ပါဝင်သူသရုပ်ဆောင် ပေါင်းမြောက်မြားစွာကိုလည်းတကယ့်ကိုလိုက်ဖက်မှုရှိတဲ့သူတွေကိုပဲ ရွေးခဲ့တာပါ။ ခွန်းဆင့်ရဲ့ အမေနေရာမှာ အစက မမို့ကို ရွေးထားတာပါ။ဒါပေမဲ့ လူကောင်သေးတယ်ဆိုပြီး မကြီးစိုးကို ပြန်ရွေးလိုက်တာပါ။ ဟိုနေ့က အင်တာဗျူးတစ်ခုမှာ အန်တီမို့က 'မှော်ဝင် သမန်းကျား'ကို မကြာဖူးဘူးလို့ပြောလို့ အံ့ဩရပါတယ်။

**'မှော်ဝင်သမန်းကျား'ရုပ်ရှင်ဇာတ်ကားက ဝင်ငွေစံချိန်အရ ဘယ်လိုဇာတ်ကားမျိုးဖြစ်မလဲ။**

လေးနှစ်နဲ့ ၁၁ လကြာပြီးမှ ရုံတင်ခွင့်ရတယ်။ အကြိမ်ကြိမ်အခါခါ ပြင်ခဲ့ရတယ်။ ရုံတင်တဲ့အချိန်မှာလည်း ကလေးတွေ စာမေးပွဲနဲ့ တိုက်တဲ့အတွက် ဝင်ငွေစံချိန်မချိုးခဲ့ရဘူး။ အထိုက်အလျောက် ဆုံးရှုံးနစ်နာမှုရှိခဲ့ပေမယ့် နောက်ဆုံးမှာ အနုပညာသမားတစ်ယောက်အနေနဲ့ မကောင်းမချင်းလုပ်မယ်ဆိုပြီး အစွမ်းကုန်ကြိုးစားခဲ့တယ်။အကြောင်းအမျိုးမျိုးကြောင့်သာ ဝင်ငွေစံချိန် မချိုးခဲ့ပေမယ့် ကြည့်တဲ့ပရိသတ်တွေရဲ့ ရင်ထဲကို ရောက်တယ်ဆိုတာ မခွန်းဆင့် ယုံကြည်တယ်။ မခွန်းဆင့် ပြောချင်တာက မကြည့်ဖူးသေးတဲ့ ဇာတ်ကားတစ်ကားကို မဝေဖန်ပါနဲ့။ ကြည့်ပြီးရင် ကြိုက် သလောက်ဝေဖန်ပါ။ မကြည့်ရသေးဘဲနဲ့ ငပေါကားကြီးပါကွာဆို ပြီး ဝေဖန်တာက လူတစ်ယောက် ရဲ့ ကြိုးစားအားထုတ်မှုတွေကို သက်သက်မဲ့ စော်ကားတယ်လို့ ခံစားရပါတယ်။ ဝင်ငွေစံချိန်မချိုးတဲ့အတွက် အစ်မတို့ အမြတ်အစွန်းလည်း မရှိပါဘူး။ ကုန်ကျစရိတ်က သိန်းသုံးထောင်ကျော်ပါတယ်။ တကယ် သာမန်ကားတစ်ကားရိုက်နေတာ အဲဒီခေတ်က ၂၀၁၃ ဒီဇင်ဘာမှာ စရိုက်တော့ တခြားကားတွေ သိန်း ၁,၂၀၀ လောက်ပဲ ကုန်ပါတယ်။ အဲဒီဝင်ငွေနဲ့တွက်ရင် မြတ်တယ်လို့ ပြောလို့ရပေမယ့် အရင်းကများနေတဲ့ အတွက်ကို မမြတ်ပါဘူး။ မမြတ်လည်း ခွန်းဆင့်က အနုပညာတစ်ခုကျန်ရင် ကျေနပ်တယ်။ အမျိုးသားဇာတ်ဆောင်ဆုဆိုတာ အမြင့်ဆုံးဆုတစ်ခု။ အဲဒီအတွက်ကို အမြတ်ကျန်တယ်။ မခွန်းဆင့် မရပေမယ့်လည်း ကျေနပ်တယ်။

**ကျောက်ဆူးထုတ်လုပ်ရေးက နောက်ပိုင်းရိုက်ကူးမယ့် ဇာတ်ကားတွေမှာ ကိုသူထူးစံနဲ့ ဆက်လက်ပြီး လက်တွဲဖို့ ရှိ၊ မရှိလည်း သိချင်ပါတယ်။**

'မှော်ဝင် သမန်းကျား'ဇာတ်ကားမှာ အတွေ့အကြုံတွေလည်း အများကြီးရသွားပြီ။ အသိပညာ၊ အတတ်ပညာတွေလည်း အများကြီး အရင်ကထက် တိုးတက်လာတယ်။ ခွန်းဆင့်က နောက်ပိုင်းမှာ ဇာတ်ကားတွေ ပုံဖော်တော့မယ်ဆိုရင် တကယ်ကြိုးစားပြီး တကယ်အလေးထားသူတွေနဲ့ လက်တွဲမယ်။ ကာရိုက်တာဝင်တဲ့ သူတွေကို ရွေးချယ်ရိုက်ကူးမယ်။ အဓိက ဇာတ်ပေါ်မှာပဲ အခြေခံသွားမှာပါ။ နောက်ကားတွေမှာ သူထူးစံနဲ့မှလိုက်တဲ့ ကာရိုက်တာတွေပါနေခဲ့ရင် သူ့ကိုပဲ ငှားရမ်းပြီး ရိုက်ကူးမှာပါ။ အဲဒီအတွက်ကို အစ်မတို့ ကျောက်ဆူးရုပ်ရှင်ထုတ်လုပ်ရေးက ဘာကာလာမှ မရှိဘူး။ အစ်မက ထုတ်လုပ်သူဖြစ်တဲ့အတွက် ဘယ်သရုပ်ဆောင်မဆို ငှားပိုင်ခွင့်ရှိတယ်။ သူတို့အနေနဲ့လည်း ဇာတ်ကို ကြိုက်ရင် ရိုက်ခွင့်ရှိတယ်။ မကြိုက်ဘူးဆိုရင် မရိုက်လို့ရပါတယ်။

**ကျေးဇူးတင်ပါတယ်။**

www.free4readers.com

Sports
7DAY NEWS JOURNAL

ဖလားလေးလုံးဆွတ်ခူးရေး မိုးပြာရောင်အိပ်မက်များ



စာမျက်နှာ ၄၈ »

Vol.18, No.5 • APRIL 3 , 2019

# "သူ(ဘရန်ဒန်ဗီရာ)က စင်ပေါ်မှာ ကိုယ်တိုင်လာစိန်ခေါ်တဲ့အတွက် အရမ်းပျော်ပါတယ်"

## အောင်လအန်ဆန်နှင့် တွေ့ဆုံခြင်း

ရွှေဘုတ်

ဂျပန်နိုင်ငံတိုကျိုမြို့၌ မတ်လ ၃၁ ရက်က ကျင်းပသည့် MMA (One Championship) မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ အောင်လအန်ဆန်က ဂျပန်ဖိုက်တာ ကန်ဟက်ဆီဂါဝါကို နှစ်ချီအတွင်းအလဲထိုးကာ ချန်ပီယံခါးပတ် ကာကွယ်နိုင်ခဲ့သည်။ ယခုပွဲသည် အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ် သုံးကြိမ်မြောက် ကာကွယ်ပွဲဖြစ်ပြီး အမိမြေမဟုတ်ဘဲ အခြားနိုင်ငံ၌ ပထမဆုံး ချန်ပီယံခါးပတ်ကာကွယ်သည့်ပွဲဖြစ်သည်။ ကန်ဟက်ဆီဂါဝါကို အနိုင်ရပြီးနောက် အောင်လအန်ဆန်အား ဟဲဗီးဝိတ်ချန်ပီယံ ဘရန်ဒန်ဗီရာက စင်ပေါ်တက်ချီးကျူးကာ စိန်ခေါ်ပွဲထိုးသတ်ရန် ကမ်းလှမ်းခဲ့သည်။ ယင်းကမ်းလှမ်းချက်ကို အောင်လအန်ဆန်က လက်ခံပြီး လိုက်ဟဲဗီးဝိတ်ချန်ပီယံကာကွယ်ပွဲအဖြစ် ဘရန်ဒန်ဗီရာနှင့် အောက်တိုဘာတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်မည်ဖြစ်သည်။ မြန်မာ့စပါးအုံးဟု ကျော်ကြားသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် MMA (One Championship) ၏ လိုက်ဟဲဗီးဝိတ်နှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်သည်။ ဂျပန်ဖိုက်တာ ကန်နှင့်ပွဲအခြေအနေ၊ ပထမဆုံးလိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲနှင့် ပတ်သက်၍ အောင်လအန်ဆန်နှင့် မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ပြိုင်ဘက်မြေမှာ ချန်ပီယံခါးပတ်ကာကွယ်နိုင်တဲ့အပေါ် ခံစားချက်ပြောပါဦး။**

ကျွန်တော်အရမ်းဝမ်းသာပါတယ်။ အခုလိုမျိုးကောင်းကောင်းမွန်မွန် ပြင်ဆင်ပြီး အနိုင်ရလို့ အရမ်းပျော်တယ်။ နောက်ပြီး မြန်မာပရိသတ်တွေ ကျွန်တော့်ကို အခုလိုအားပေးတဲ့အတွက်လည်း အရမ်းကျေးဇူးတင်ပါတယ်။ အားလုံးကိုလည်း အရမ်းချစ်ပါတယ်။

**ပွဲမတိုင်မီပြောတဲ့အတိုင်း ကန်ကို နှစ်ချီအတွင်း အနိုင်ယူနိုင်တာ ဘာကြောင့်လဲ။**

ကန်က ကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းပါ။ ကျွန်တော် ကန်ဟက်ဆီဂါဝါကို ကန်သလိုမျိုး ကန်ချက်တွေကို သူများတွေ မခံနိုင်ပါဘူး။ ကျွန်တော့် Training မှာတောင် ကျွန်တော်အဲဒီလို ကန်ရင် တော်တော်များများက မခံနိုင်ကြဘူး။ ကန်ကဒီပွဲမှာ ကျွန်တော့်ကန်ချက်တွေကို ခံနိုင်တာတွေ့ရတယ်။ ဒီအချက်က သူက ကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းဆိုတာကို ပြနေတာပါပဲ။ နှစ်ချီအတွင်း နိုင်ဖို့ကိုတော့ ကျွန်တော် သေချာပြင်ဆင်ပြီး Game Plan ဆွဲထားလို့ပါ။

**အခုပွဲအပြီး ဘရန်ဒန်ဗီရာက အောင်လကို စိန်ခေါ်ခဲ့တာကို လက်ခံဖြစ်တဲ့အကြောင်း ပြောပါဦး။**

ဒါက ကျွန်တော့်အတွက်တော့ တကယ့်ကို ပျော်ရွှင်စရာပါ။ ဒီလိုမျိုး ကျွန်တော့်ကို စင်ပေါ်မှာ တရားဝင်စိန်ခေါ်တဲ့အတွက်ကြောင့်ပါ။ ကျွန်တော်ကတော့ ဘယ်လိုဖိုက်တာမျိုးပဲဖြစ်ဖြစ် ကစားရဲတယ်။ သူ(ဘရန်ဒန်ဗီရာ)က စင်ပေါ်မှာ ကိုယ်တိုင်လာစိန်ခေါ်တဲ့အတွက် အရမ်းပျော်ပါတယ်။

**ဒီပွဲအတွက် ဘယ်လိုပြင်ဆင်သွားမလဲ။**

ဗီရာနဲ့ပွဲကလာမယ့်အောက်တိုဘာမှာ ဖြစ်မှာပါ။ ဂျပန်မှာပဲ ထပ်ပြီးထိုးသတ်ရမယ်။ ဒီပွဲအတွက် ကျွန်တော် ကောင်းကောင်းမွန်မွန်ပြင်ဆင်မယ်။ အနိုင်ယူနိုင်အောင် အကောင်းဆုံးကြိုးစားမယ်။

**ဗီရာက ဟဲဗီးဝိတ်ချန်ပီယံဖြစ်တော့ သူ့လိုဝိတ်တန်းကြီးတဲ့ ပြိုင်ဘက်ကို လိုက်ဟဲဗီးဝိတ်ထိုးဖို့ လက်ခံတဲ့အခါမှာ အခက်အခဲ ရှိနိုင်လား။**

လက်ခံပေမယ့်ပွဲကအောက်တိုဘာမှ ထိုးရမှာပါ။ ကျွန်တော့်မှာ ကောင်းကောင်းပြင်ဆင်ဖို့ အချိန်ရှိတယ်။ သူ (ဗီရာ) ကျွန်တော့်ကို စိန်ခေါ်မယ်လို့ ကျွန်တော်အရင်ကတည်းကသိတယ်။ ဘာလို့လဲဆိုတော့ မနှစ်ကပဲ ကျွန်တော့်ကို သူ စိန်ခေါ်ဖူးတယ်။ ဒါပေမဲ့ သူရုပ်ရှင်တစ်ခု ရိုက်နေတဲ့အတွက် အခုလိုမျိုး စောင့်နေရတာပါ။ ကျွန်တော့်အတွက် ဘာအခက်အခဲမှမရှိပါဘူး။ အားလုံးမစိုးရိမ်ဖို့ ပြောချင်ပါတယ်။

**လိုက်ဟဲဗီးဝိတ်ထိုးမှာဖြစ်လို့ ဗီရာက ဝိတ်ချရမယ်၊ အောင်လက ဝိတ်တင်ရမယ်၊ ဒီနှစ်ခုကြားအားသာချက်၊ အားနည်းချက်တွေ ပြောပြပါလား။**

ဝိတ်တင်တယ်၊ ချတယ်ဆိုတာက ကျွန်တော်တို့အတွက် ပြဿနာမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် သူက ကစားသမားကောင်းဖြစ်လို့ အထင်သေးလို့မရဘူး။ သူက ကျွန်တော့်အတွက် လူကောင်လည်းပိုကြီးတယ်၊ အရပ်လည်း ပိုရှည်တယ်၊ အားလည်းအများကြီးရှိတယ်။ အဲဒီအတွက် ကျွန်တော်အကောင်းဆုံးပြင်ဆင်မယ်၊ အကောင်းဆုံးကြိုးစားပါမယ်။

**ဗီရာနဲ့ပွဲမတိုင်မီ တခြားပွဲရှိသေးလား။**

ဒီကြားထဲမှာ ကျွန်တော် မစ်ဒယ်ဝိတ်တစ်ပွဲလောက် ကစားချင်သေးတယ်။ မြန်မာပြည်မှာ ဖြစ်ဖို့များတယ်။ ဘယ်တော့လဲအတိအကျ မသိရသေးဘူး။ ဗီရာနဲ့ပွဲ မတိုင်ခင်မှာ မစ်ဒယ်ဝိတ်ကာကွယ်ပွဲတစ်ပွဲလောက် ကစားဖို့ မျှော်မှန်းထားပါတယ်။

**ဂျပန်မှာရော၊ မြန်မာမှာရော အောင်လကို အားပေးတဲ့ ပရိသတ်တွေကို ဘာပြောချင်လဲ။**

ဒီနေ့လာအားပေးတာကချင်အလံတွေရော၊ မြန်မာအလံတွေရော ကျွန်တော်တွေ့ရတယ်။ အလံတွေအားလုံး စည်းလုံးညီညွတ်ပြီးတော့ ချစ်ခြင်းမေတ္တာကိုပြစေချင်တယ်။ ဘယ်သူမဆိုကျွန်တော်တို့ မြန်မာပြည်ကလူတွေဖြစ်တဲ့ ချင်းတွေ၊ ကချင်တွေ၊ ရခိုင်တွေ၊ မွန်တွေ၊ မြန်မာတွေ၊ တိုင်းရင်းသားတွေ အားလုံးစည်းလုံးပြီးတော့ ညီညီညွတ်ညွတ်နဲ့ ချစ်ခင်ရအောင်လို့ တိုက်တွန်းချင်ပါတယ်။ အားလုံးကို အရမ်းကျေးဇူးတင်ပါတယ်။

**အောင်လရဲ့ အနာဂတ်အစီအစဉ်ကို ပြောပေးပါဦး။**

ကျွန်တော်ဆက်ပြီးတော့ ကြိုးစားမယ်။ အကောင်းဆုံးအားကစားသမားဖြစ်အောင် ကြိုးစားမယ်။ အခုထက်ပိုပြီးသိုင်းပေါင်းစုံအောင်ဖြစ်အောင် ပညာရှာဦးမယ်။ နောက်ပြီး ကျွန်တော်ကိုယ်တိုင် ပညာပြည့်ဝပြီဆို မြန်မာပြည်မှာလည်း MMA သင်တန်းဖွင့်ပြီး သင်ပေးသွားဖို့ အစီအစဉ်လည်းရှိတယ်။ လက်ရှိကမ္ဘာ့ချန်ပီယံ ခါးပတ်တွေကိုလည်း ထိန်းသိမ်းနိုင်အောင်လို့ ကြိုးစားသွားပါမယ်။

**ကျေးဇူးတင်ပါတယ်။**



ဓာတ်ပုံ – ONE Championship

**အောင်လအန်ဆန်လိုက်ဟဲဗီးဝိတ်ကာကွယ်ပွဲထိုးသတ်မည့် MMA (One Championship) ဟဲဗီးဝိတ်ချန်ပီယံဘရန်ဒန်ဗီရာ**

| | |
|---|---|
| အမည်ရင်း | – ဘရန်ဒန်ဗီရာ |
| အခြားအမည် | – The Truth |
| အသက် | – (၄၁) နှစ် |
| နေရပ် | – မနီလာ၊ ဖိလစ်ပိုင် |
| နိုင်ငံသား | – အမေရိကန်–ဖိလစ်ပိုင် |
| ဝိတ်တန်း | – ဟဲဗီးဝိတ် |
| ကိုယ်အလေးချိန် | – ၂၅၀ ပေါင် (၁၁၃ ကီလို) |
| အရပ် | – ၆ ပေ ၃ လက်မ |
| MMA ပွဲမှတ်တမ်း | – ၁၆ ပွဲနိုင် (အလဲထိုး ၁၁ ပွဲ)၊ ခုနစ်ပွဲရှုံး |

**အောင်မြင်မှု**

၂၀၀၅ WEC ဟဲဗီးဝိတ် Grand Prix ချန်ပီယံ
လက်ရှိ One Championship ဟဲဗီးဝိတ်ချန်ပီယံ။



ဓာတ်ပုံ – ONE Championship

SEDONA YANGON
Myint Tun Oo Gems & Jewellery
THINGYAN WATER FESTIVAL & POOL Party
14 - 16 APRIL 2019
16 APRIL 2019
ROOM PACKAGES
Stay dates: 14 - 16 April 2019
Thingyan Let's Make a Splash Half Board Room Package 1
USD 127 nett ဖြင့် Superior Room မှာ တစ်ညတာတည်းခိုခွင့်၊သကြြန်ရေကစားခွင့်၊
မနက်စာ နေ့လည်စာဘူဖေးနှင့် အဆာပြေမုန့်များ၊ အခြားသောဆုလက်ဆောင်များအပါအဝင်
( ဧပြီလ ၁၆ ရက်နေ့ Pool Party တွင် ပါဝင်လိုပါက တစ်ယောက်လျှင် USD 19 nett ထပ်မံပေးဆောင်ရပါမည် )
1-night stay from USD 127 nett in a Superior Room with breakfast, snack & lunch buffets, door gifts, & free water play for 2 adults & 2 children 4 years & below
Top-up USD 19 nett/person for pool party on 16 April 2019
Stay date: 16 April 2019
Thingyan Let's Make a Splash All Inclusive Room Package 2
USD 147 nett ဖြင့် Superior Room မှာ တစ်ညတာတည်းခိုခွင့်၊မနက်စာ နေ့လည်စာဘူဖေး၊အဆာပြေမုန့်များ၊
သကြြန်ရေကစားခွင့်နှင့် ၁၆ရက်နေ့ Pool Party လက်မှတ် ၂စောင်၊အခြားလက်ဆောင်များအပါအဝင်
1-night stay from USD 147 nett in a Superior Room with breakfast, snack & lunch buffets, door gifts, free water play & pool party for 2 adults & 2 children 4 years & below
POOL PARTY
16 April 2019 | 7:00pm till late
MMK 50,000 nett/person with buffet dinner & drinks
Terms and conditions apply
No 1. Kaba Aye Pagoda Road, Yankin Township, Yangon, Myanmar | +95 1 860 5377
reservation@sedonamyanmar.com | facebook.com/sedonayangon
instagram.com/sedonahotelyangon
Present to get 10% off on Thingyan day packages until 31 March 2019.

www.free4readers.com



# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေး YOMA BANK က ကူညီပေးနေ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ကြွားစွာ ထယ်ထယ်ဝါဝါ ရပ်တည်နိုင်ရန် စီးပွားရေး အဆောက်အအုံ အုတ်မြစ်ခိုင်မာ တည့်တံ့ရေးသည် လွန်စွာ အရေးကြီးသည်ဟု ဘောဂဗေဒပညာရှင်များက ရှင်းလင်း ပြောကြားထားပါသည်။

## တိုင်းပြည်ဖွံ့ဖြိုးရေး အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်း ကဏ္ဍ အရေးပါမှု

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက်အဓိကမောင်းနှင်အားတစ်ခုဖြစ်သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်စေရန် နှင့် လုပ်ငန်းချဲ့ထွင်နိုင်ရန် ငွေကြေးအရင်းအနှီး နှင့် ချေးငွေလွယ်ကူစွာ ရယူနိုင်မှုသည် အရေးကြီးသော အချက်များဖြစ်သည်။ နိုင်ငံတွင်းရှိ စီးပွားရေး လုပ်ငန်းကြီးများသည် တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းငယ်များ မှ စတင်ခဲ့ကြပြီး



လုပ်ငန်းချဲ့ထွင်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးရယူနိုင်မှုသည် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဆိုလျှင်နည်းပါးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်း အားလုံး၏ သုံးပုံနှစ်ပုံကျော်သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ပြီး အများစုမှာ ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်သွယ်ရောင်းဝယ်မှု လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော အိမ်တွင်းစက်မှု လက်မှုလုပ်ငန်များ၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဖြစ်သည်။ ယင်းအသေးစားနှင့်အလတ်စားလုပ်ငန်းများ အဆင်ပြေလွယ်ကူစွာ ရယူနိုင်သည့်ချေးငွေကြောင့် လုပ်ငန်းတိုးချဲ့နိုင်ပါက နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှု အတွက်ပါ အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။

## အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် လက်ရှိအခြေအနေ

အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များသည် သတ္တိမွေးကာ စွန့်စားမှုဖြင့် လုပ်ငန်းစတင်တည်ထောင်ချိန်တွင် ငွေကြေးအရင်းအနှီးလိုအပ်မှုသည် မသိသာသော်လည်းလုပ်ငန်းကို ရေရှည်ရပ်တည်နိုင်ရန် ၊ လုပ်ငန်းတည်တံ့ရန်နှင့် စျေးကွက် တိုးချဲ့ရန် အတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက်သည် အကြီးဆုံး စိန်ခေါ်မှု တစ်ရပ်ဖြစ်လာသည်။ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆိုင်ရာ အသိပညာအားနည်းမှု (သို့မဟုတ်) အဆင့်ဆင့် လုပ်ဆောင်ရသည့် ချေးငွေလျှောက်ထားမှု များကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များသည် အရင်းအနှီး လိုအပ်ချက်ကို ဖြည့်ဆည်းရန် ဘဏ်မဟုတ်သည့် ငွေရှင်ကြေးရှင်များကို အားကိုးခဲ့ကြသည်။ သို့သော် ယင်းမှာ မှန်ကန်သော လုပ်ငန်းချဲ့ထွင်မှုမဟုတ်သည့်အပြင် မြင့်မားသော အတိုးငွေများ ပြန်လည်ပေးဆပ်ရသည့်အတွက် လုပ်ငန်း၏ အကျိုးအမြတ်ရရှိနိုင်မှုကို နည်းပါးစေနိုင်ပြီး လုပ်ငန်းလည်ပတ်မှုကိုပါ ထိခိုက်စေနိုင်သည်။

## SME လုပ်ငန်းရှင်များအတွက် မျှော်လင့်ချက် ရောင်ခြည်

ထို့ကြောင့် ရိုးမဘဏ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်လုပ်ငန်းဆိုင်ရာများ နှင့် ချေးငွေ ရယူမှုဆိုင်ရာများ ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းတိုးချဲ့ရာတွင် ရေရှည် အကျိုးကျေးဇူးရှိသည့် ဘဏ်ချေးငွေရယူနိုင်စေရန် အတွက် လုပ်ငန်းအသင်းအဖွဲ့ အစည်းအရုံးများ ပူးပေါင်း၍ အထူး ကြိုးပမ်းလျက်ရှိသည်။ ရိုးမဘဏ်သည် မြန်မာနိုင်ငံတွင်ဘဏ်လုပ်ငန်း ဝန်ဆောင်မှု သက်တမ်းအရင့်ဆုံးဘဏ်တစ်ဘဏ် ဖြစ်ပြီး ဘဏ်ဝန်ဆောင်မှု သက်တမ်း ၂၅ နှစ်ဖြင့် ဂုဏ်သတင်း ကြီးသော ဘဏ်လည်း ဖြစ်သည်။ ရိုးမဘဏ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို စနစ်တစ်ကျ မြန်ဆန်စွာ ချေးငွေဝန်ဆောင်မှုပေးနိုင်ရန် ဂျာမဏီနိုင်ငံဖွံ့ဖြိုးရေး အေဂျင်စီ GIZ ၏ နည်းပညာအထောက်အကူများကို ရယူပြီး လက်ရှိတွင် အမြန်ဆန်ဆုံး ချေးငွေဝန်ဆောင်မှုများကို ပေးအပ်လျက်သည်။ ထို့အပြင် ဘဏ်ခွဲတိုင်းတွင် လုပ်ငန်းရှင်များ လိုအပ်နေသည့် ငွေကြေးကို အဆင်ပြေလွယ်ကူစွာ အလွယ်တကူစွာလျှောက်ထား ရယူနိုင်ရန်အတွက် ကျွမ်းကျင်သောSMEအတွက် သီးသန့် ဝန်ဆောင်မှုပေးသည့် တာဝန်ခံတစ်ဦးချင်းစီထားရှိပြီး အမြန်ဆုံး ဝန်ဆောင်ပေးလျက်ရှိသည်။ ရိုးမဘဏ်သည် SME လုပ်ငန်း အမျိုးအစားနှင့် လုပ်ငန်းလည်ပတ်မှု သဘောသဘာဝ တို့ကို သုံးသပ်ကာ ချေးယူမည့် ချေးငွေပမာဏ အနည်းအများ အပေါ် မူတည်ပြီး တင်သွင်းရသည့် စာရွက်စာတမ်းအပိုင်းကို အတတ်နိုင်ဆုံး ဖြေလျှော့ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ "လုပ်ငန်းလည်ပတ်မှုမှ ရရှိမယ့် ဝင်ငွေအပေါ် မူတည်ကာ ပြန်လည်ပေးဆပ်နိုင်မယ့် ပမာဏကိုသာ အကြံပေးပြီး ချေးငွေချထားပေးပါတယ်။ လုပ်ငန်းလည်ပတ်မှုအပေါ် အခြေခံတဲ့ချေးငွေ ဖြစ်တဲ့အတွက် လုပ်ငန်းလည်ပတ် နေသ၍ ဘဏ်ကိုပြန်လည်ပေးဆပ်နိုင်မှာ ဖြစ်တယ်ဆိုတာ ကျွန်မတို့ ယုံကြည်ပါတယ်"လို့ ရိုးမဘဏ်ရဲ့ Head of SME ဖြစ်သူ Samantha @ ဆုသက်ထွဏ်းက ပြောသည်။

အားသာချက်အနေဖြင့် ချေးငွေရယူလိုသော SME လုပ်ငန်းရှင်သည် လုပ်ငန်း၏ အရောင်းအဝယ် ဘောင်ချာများ၊ ကုန်အမှာစာ၊ ရောင်းအားဝယ်အား စာရင်းဇယား၊ အရှုံးအမြတ်စာရင်းများကို ဘဏ်သို့တင်ပြနိုင်ပါက ယင်းအချက်အလက်ပေါ်တွင်မူတည်၍ သတ်မှတ်ထားသော ချေးငွေပမာဏကို ရယူနိုင်ပြီး ဘဏ်က သတ်မှတ်ထားသော စာရွက်စာတမ်းများ စုံလင်သည့်နေ့မှ ၁၄ ရက် အတွင်း ချေးငွေ ရရှိနိုင်သည်။ ထို့အပြင် အနည်းဆုံး တစ်နှစ်သက်တမ်းရှိသည့် အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းလိုင်စင်၊ ငွေကြေး လည်ပတ်မှုစာရင်း၊ အခွန်ထမ်းဆောင်ပြီး အမည်ပေါက် ဂရန်မြေနှင့် အဆောက်အဦ သို့မဟုတ် စာချုပ်စာတမ်းဖြင့် လွှဲပြောင်းထားသော ဘိုးဘွားပိုင်မြေများကို အာမခံအဖြစ် ထားနိုင်ပြီး ပိုင်ဆိုင်မှုခိုင်မာသည့် ကွန်ဒို၊ တိုက်ခန်းများနှင့် အခြားသော လက်ရောက်အပေါင်များကို အာမခံအဖြစ်ထားရှိ၍ ရိုးမဘဏ်ခွဲများ၌ ချေးငွေလွယ်ကူစွာ လျှောက်ထားနိုင်ပြီ ဖြစ်သည်။

## ချေးငွေကို ဘယ်လို ပြန်ဆပ်ရမလဲ

ချေးငွေများ ရယူပြီးသောအခါ လုပ်ငန်းရှင်များ ငွေကြေး ပြန်ဆပ်ချိန်တွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်လည်း ရိုးမဘဏ်က ပြန်လည်ပေးဆပ်နိုင်မည့် နည်းလမ်းများကို အကြံပေး ကူညီ လျက်ရှိသည်။ ဘဏ်တိုးနှုန်းသည် တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်း ဖြစ်သောကြောင့် တစ်လလျှင် ၁ ဒသမ ဝ၈ ရာခိုင်နှုန်း အတိုးသာ ကျသင့်မည်ဖြစ်ပြီးလစဉ်အတိုးငွေနှင့်အရင်းကို ပုံမှန်ပေးဆပ်ခြင်းဖြင့် သုံးနှစ်အတွင်း အတိုးအရင်း ပြေလည်စွာ ပေးဆပ်နိုင်မည်ဖြစ်သည်။

## ပုံမှန်ချေးငွေပြန်လည်ပေးဆပ်နိုင်လေလေ ချေးငွေပမာဏ များများရယူနိုင်လေလေ

ချေးငွေ အတိုးနှင့်အရင်း ပြန်လည်ပေးဆပ်မှုကို နောက်ကျမှု မရှိပဲ ပုံမှန်ပေးဆပ်ခြင်းဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များသည် ဘဏ်နှင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဖြစ်ပြီး ငွေထပ်မံ လိုအပ်သောအခါ အာမခံ ထပ်ပေးရန် မလိုအပ်ဘဲ ထပ်တိုးချေးငွေကို ရရှိနိုင်သည်။ ရိုးမဘဏ်ကို အသုံးပြု၍ ငွေသားလုပ်ဆောင်ချက် Banking Transaction များကို အမြဲတမ်းလုပ်ဆောင်နေသော လုပ်ငန်းရှင်များသည်လည်း မိမိတို့၏ ငွေသားလုပ်ဆောင်ချက် ပမာဏအပေါ် မူတည်၍ ချေးငွေအသစ်နှင့် ထပ်တိုးချေးငွေများကို ချေးယူနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ယုံကြည်စိတ်ချ လွယ်ကူလျင်မြန်စွာ စနစ်တကျလျှောက်ထားနိုင်သော ရိုးမဘဏ်၏ SME Express Loan ကို ရယူအသုံးပြုနိုင်စေရန် သတင်းကောင်း ပေးလိုက်ရခြင်း ဖြစ်သည်။ ရိုးမဘဏ်သည် "ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်" "The Responsible Bank" ဆိုသည်နှင့်အညီ ဘဏ်လုပ်ငန်းအရ ကျင့်ဝတ်မှန်ကန်စွာ ဆောင်ရွက်လျက်ရှိသည့်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရိုးမဘဏ်၏ SME Express Loan ကို အမြန်ဆုံး ဘဏ်ခွဲများ၌ လျှောက်ထားပြီး မိမိတို့၏ လုပ်ငန်းများကို အရှိန်အဟုန်နဲ့ အကျိုးအမြတ်ရှိစွာ တိုးချဲ့ လုပ်ဆောင်နိုင်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

SME Express Loan နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အနီးဆုံးရိုးမဘဏ် ဘဏ်ခွဲတွင် သွားရောက်စုံစမ်းနိုင်ပါသည်။ Call Center ၉၆၆၂ (သို့မဟုတ်) ဝ၉၇-၉၆၆၂-၉၆၆၂ သို့လည်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။



YOMA BANK
The Responsible Bank

www.free4readers.com



7 DAY NEWS JOURNAL
Vol.18, No.5 • APRIL 3 , 2019




# ဖလားလေးလုံးဆွတ်ခူးရေး မိုးပြာရောင်အိပ်မက်များ

ဖွဲ့ရဲဝင့်

၁၉၉၉ မှာ မန်ယူအသင်းက တစ်ရာသီတည်း အမိကဆုဖလားသုံးလုံးကို လက်တွေ့ရယူမပြခင်အထိ အများစုက မဖြစ်နိုင်ဘူးလို့ပဲ တွေးခဲ့ကြတာပါ။ နောက်ထပ်ဆယ်စုနှစ် နှစ်ခုအကြာမှာတော့ မန်ချက်စတာအခြေစိုက် တခြားအသင်းတစ်သင်းက မန်ယူရဲ့ လမ်းကြောင်းအတိုင်း လိုက်လျှောက်ဖို့ စိုင်းပြင်းနေပါပြီ။ မန်စီးတီးရဲ့ ရည်မှန်းချက်က ပိုကြီးတယ်လို့တောင် ပြောရမှာပါ။ မန်နေဂျာပက်ပ်ဂွာဒီယိုလာ ကိုင်တွယ်နေတဲ့ အသင်းဟာ တစ်ရာသီတည်းမှာ အမိကဆုဖလားကြီးလေးလုံးစလုံး အရယူဖို့ရည်မှန်းထားလို့ပါပဲ။

၂၀၀၈ မှာ အဘူဒါဘီ ကုဋေကြွယ်သူဌေးတွေရဲ့ ပိုင်ဆိုင်မှုအောက်ရောက်သွားပြီးကတည်းက မန်စီးတီးဟာလမ်းကြောင်းမှန်မှန်တိုးတက်လာခဲ့ပါတယ်။ အစောပိုင်းကာလတွေမှာ ဓနအင်အားနဲ့ ထင်ရာစိုင်းတဲ့အသင်းတစ်သင်းအဖြစ် အတော်လေးဝေဖန်ခံခဲ့ရပေမယ့် လက်ရှိအချိန်မှာတော့ မန်စီးတီးရဲ့ စနစ်တကျတည်ဆောက်မှုဟာ ဘောလုံးလောကမှာ အတုယူသင့်တဲ့စံတစ်ခုဆီဦးတည်လာခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ အကောင်းဆုံး စာရင်းဝင်နည်းပြတစ်ယောက်ကို မန်နေဂျာအဖြစ် ခန့်အပ်ထားသလို ဟန်ချက်အညီဆုံးအသင်းလူစာရင်းတစ်ခုကိုလည်း စုစည်းထားနိုင်ခဲ့ပါပြီ။ ဒါကြောင့် နောက်ပိုင်းနှစ်တွေမှာ အင်္ဂလန်ဘောလုံးလောကကို မင်းမူနိုင်တဲ့အသင်းတစ်သင်းအဖြစ်မန်စီးတီးအင်အားကြီးထွားလာခဲ့တာ သိပ်တော့မဆန်းပါဘူး။

ကွန်မြူနတီဒိုင်းဆွတ်ခူးတာကို ဖယ်ထုတ်လိုက်ရင် မန်စီးတီးဟာ ပြိုင်ပွဲလေးရပ်မှာ ပါဝင် ယှဉ်ပြိုင်ရင်း ၂၀၁၈-၁၉ ဘောလုံးရာသီကိုအစပြုခဲ့ပါတယ်။ အဲဒီပြိုင်ပွဲတွေထဲမှာ ကာရာဘောင်းဖလားလို့ ခေါ်ဝေါ်တဲ့လိဂ်ဖလားကို စောစောစီးစီး ဗိုလ်စွဲထားနိုင်ခဲ့ပါပြီ။ အက်ဖ်အေရှုံးထွက်ဖလားမှာ အကြိုဗိုလ်လုပွဲအဆင့်ကို ရောက်နေပြီး အသင်းစုဖွဲ့မှုအရ ကျန်တဲ့ပြိုင်ဘက်သုံးသင်းစလုံးထက် မန်စီးတီးက အပြတ်အသတ်သာလွန်နေ တာ အသိအမှတ်ပြုရပါမယ်။ ဒါကြောင့် ဖလားလေးလုံးတစ်နှစ်တည်းဆွတ်ခူးဖို့ မန်စီးတီးရဲ့မျှော်မှန်းချက်မှာ အဓိကအကျဆုံးစိန်ခေါ်မှုတွေက ပရီးမီးယားလိဂ်နဲ့ ချန်ပီယံလိဂ် ပြိုင်ပွဲနှစ်ရပ်ဖြစ်လာပါလိမ့်မယ်။

နောက်ဆုံးကစားတဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ ဖူလ်ဟမ်ကို နှစ်ဂိုးပြတ် အနိုင်ယူခဲ့တဲ့နောက် မန်စီးတီးဟာ အမှတ်ပေးဇယားဒုတိယနေရာမှာရှိနေပါတယ်။ ဒါပေမဲ့ ဇယားထိပ်ဆုံးက လီဗာပူးထက် တစ်ပွဲ လျော့ကစားထားပြီး အဲဒီလက်ကျန်ပွဲစဉ်ကိုသာ အနိုင်ရခဲ့မယ်ဆိုရင် အမှတ်ပေးဇယားကို တစ်မှတ်အသာနဲ့ ပြန်လည်ဦးဆောင်ခွင့် ရလာပါလိမ့်မယ်။ မန်စီးတီးဟာ နောက်ဆုံး ပရီးမီးယားလိဂ် ခုနစ်ပွဲဆက်တိုက် အနိုင်ရပြီး သူတို့ရဲ့ ခြေစွမ်းတည်ငြိမ်မှုကို ပြသနေပါတယ်။ ဒါပေမဲ့ ရှေ့လာမယ့် လက်ကျန်ခုနစ်ပွဲမှာ မန်ယူ၊ စပါးတို့လို ခက်ခဲတဲ့ ပြိုင်ဘက်တွေကို ကျော်လွှားဖို့တော့ ကျန်နေပါသေးတယ်။

မန်စီးတီးရဲ့ ခြေစွမ်းဟာ ပြည်တွင်းမှာတော့ ဘယ်ပြိုင်ဘက်ကိုမဆို အနိုင်ယူနိုင်လောက်တဲ့ထိအစွမ်းထက်ပါတယ်။ ဒါပေမဲ့ ဘောလုံးမှာ ဘာကိုမှတစ်သမတ်တည်း တွေးထားလို့မရပါဘူး။ အထူးသဖြင့် အမှားသေးသေးလေးတစ်ခုချင်းစီကနေ ကြီးမားတဲ့ အလှည့်အပြောင်းတွေဖြစ်သွားနိုင်တဲ့အတွက် ဂွာဒီယိုလာရဲ့ အဖွဲ့ဟာ ရှေ့ပွဲစဉ်တွေကို သတိကြီးကြီး ဖြတ်သန်းဖို့လိုပါတယ်။ လီဗာပူးကတော့ မန်စီးတီးထက် စာရင်ပွဲပိုချောင်နေတယ်လို့ယူဆနိုင်ပြီး အသင်းကြီးတွေနဲ့တွေ့ဖို့က ချယ်လ်ဆီးတစ်သင်းတည်းကိုပဲ အိမ်ကွင်းမှာရင်ဆိုင်ရတော့မှာပါ။

ချန်ပီယံလိဂ်မှာတော့ ကွာတားဖိုင်နယ်အဆင့်မှာ တော့တင်ဟမ်ဟော့စပါးနဲ့ အင်္ဂလန်ကလပ်အချင်းချင်း တွေ့ဆုံနေပါတယ်။ ကွာတားဖိုင်နယ်မှာ ရှော်လ်ကေးကို နှစ်ကျော့ပေါင်း ၁၀ ဂိုး သွင်းပြခဲ့တဲ့ မန်စီးတီးရဲ့ တိုက်စစ်ဟာ ကြောက်ခမန်းလိလိပါ။ စပါးက အဆိပ်ရှိတဲ့ အသင်းကောင်းဖြစ်ပေမယ့် နည်းလမ်းမှန်မှန်ချဉ်းကပ်ကြည့်ရင် မန်စီးတီးက အကြိုဗိုလ်လုပွဲတက်ဖို့ ၇၅ ရာခိုင်နှုန်းနဲ့အထက် အလားအလာရှိနေပါတယ်။ အဲဒီအဆင့်မှာတော့ လက်ကျန်အသင်းတိုင်းက မန်စီးတီးရဲ့ ဖလားလေးလုံးမျှော်လင့်ချက်ကို ဖျက်ဆီးဖို့ အကောင်းဆုံးစိန်ခေါ်မယ့် ပြိုင်ဘက်တွေချည်း ဖြစ်လာကြတော့မှာပါ။

ဂွာဒီယိုလာကတော့ သူ့ရဲ့ အသင်းဟာ ဖလားလေးလုံးစလုံး ဆွတ်ခူးနိုင်စွမ်းရှိတယ်လို့ ယုံကြည်ပေမယ့် အဲဒီအကြောင်းကို အလွန်အကျွံ စဉ်းစားမနေသင့်ဘူးလို့ သတိပေးခဲ့ပါတယ်။ “အခုဧပြီလထဲရောက်လာပြီ။ ကျွန်တော်တို့ လက်ထဲမှာ (ကွန်မြူနတီဒိုင်း အပါအဝင်) ဖလားနှစ်လုံးရောက်နေပြီ။ ကျန်တဲ့ပြိုင်ပွဲ သုံးခုအတွက် တိုက်ပွဲဝင်နေတုန်းပဲ။ ကစားသမားတွေက သူတို့ဟာ ပြိုင်ပွဲအားလုံးမှာ ချန်ပီယံဖြစ်ဖို့ ထိုက်တန်ကြောင်း ကျွန်တော့်ကို သက်သေပြချင်နေကြတယ်။ ဒါက အရမ်းခက်ခဲပါတယ်။ ဒါပေမဲ့ သူတို့ ကြိုးစားကြည့်ချင်ကြတယ်လေ”လို့ စပိန်သားမန်နေဂျာကြီးက ဆိုတယ်။

သူက “လောလောဆယ်တော့ လာမယ့်ကာဒစ်စီးတီးနဲ့ ပွဲအတွက်ပဲ အာရုံစိုက်သင့်ပါတယ်။ ကျွန်တော့် ကစားသမားတွေလည်း ဒီအတွက် အဆင်သင့်ဖြစ်နေပြီလို့ ထင်တယ်။ ဘယ်အသင်းမဆို ဆုဖလားတွေအများကြီးရဖို့ တိုက်ပွဲဝင်နေနိုင်တယ်ဆိုတာက သိပ်ကို ကောင်းမွန်တဲ့ကိစ္စတစ်ခုပါ။ ဒါပေမဲ့ အများကြီးကြိုမတွေးပါနဲ့။ ကျွန်တော်တို့ဟာ ဖြစ်နိုင်သမျှ အမြင့်ဆုံးစွမ်းဆောင်ရည်မျိုးနဲ့ ပေးဆပ်ပြီး ကစားနေဖို့လိုပါတယ်။ ဒီအတောအတွင်းမှာ ဒဏ်ရာရတာတွေ၊ ပွဲပန်းတာတွေ၊ ခြေစွမ်းကျသွားတာတွေ ဖြစ်ကောင်းဖြစ်လာနိုင်ပါသေးတယ်။ ဒါတွေက အရှိတရားတစ်ခုပါ။ ဖုံးကွယ်ထားလို့လည်း မရပါဘူး” လို့ ထောက်ပြခဲ့တယ်။

ဘာပဲဖြစ်ဖြစ် မန်စီးတီးပရိသတ်တွေကတော့ ၁၉၉၉ မှာ သူတို့ရဲ့ ခါးသီးပြိုင်ဘက် အိမ်နီးချင်းတွေ စွမ်းဆောင်ပြခဲ့တဲ့မှတ်တမ်းကို ကျော်လွန် ချိုးဖျက်ပြနိုင်ဖို့ မျှော်လင့်နေကြဆဲပါ။ ဂွာဒီယိုလာပြောခဲ့သလိုပဲ ဒါဟာလက်တွေ့ဖြစ်လာဖို့တော့ သိပ်ကိုခက်ခဲပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်တဲ့အရာလည်း မဟုတ်ပြန်ပါဘူး။ မန်ချက်စတာမြို့က မိုးပြာရောင်သိမ်းငှက်တွေ ပြိုင်ပွဲလေးရပ်မှာ ဘယ်လောက်ထိ မြင့်မြင့်ပျံပြမလဲဆိုတာဟာလာမယ့်နှစ်လအတွင်း ရုပ်လုံးပေါ်လာတော့မှာ ဖြစ်ပါတယ်။









www.free4readers.com



## ထိုင်းရွေးကောက်ပွဲသတင်းတုများကို ဖေ့စ်ဘွတ်ခ်တွင် ပို့စ်တင်သူကိုးဦး ဖမ်းဆီးခံရ

**ဘန်ကောက်၊ မတ်လ- ၃၀**
ထိုင်းနိုင်ငံတွင် အငြင်းပွားဖွယ် ရွေးကောက်ပွဲအပြီး ရာထူးမှ ဖယ်ရှားခံရသော ရွေးကောက်ပွဲ တာဝန်ရှိသူများနှင့် မဲဆန္ဒပြား အတုများနှင့်ပတ်သက်၍ ဖေ့စ်ဘွတ်ခ်ပေါ်၌ ဖြန့်ဝေမှုကြောင့် လူကိုးဦး ဖမ်းဆီးခံရသည်။

၂၀၁၄ က စစ်တပ်အာဏာသိမ်းပြီးနောက် ထိုင်းစစ်အစိုးရသည် ပထမဆုံးအကြိမ်အဖြစ် အထွေထွေရွေးကောက်ပွဲကို မတ်လ ၂၄ ရက်တွင် ကျင်းပရာ စစ်တပ်ကျောထောက်နောက်ခံပြု ပါတီနှင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့် ချိတ်ဆက်မှုရှိသည့် အမိက အတိုက်အခံပါတီတို့ အကြိတ်အနယ်ရှိခဲ့သည်။

တရားဝင်ရလဒ်အပြည့်အစုံကို ရွေးကောက်ပွဲကော်မရှင်က ကြေညာခြင်းမရှိသေးသော်လည်း ကနဦး ကိန်းဂဏန်းအချက်အလက်များကို တိမ်းစောင်းစေနိုင်သည့် ရွေးကောက်ပွဲ မှုမမှန်မှုများနှင့် စပ်လျဉ်း၍ မေးခွန်းများ မြင့်တက်နေသည်။

ရွေးကောက်ပွဲကော်မရှင်နှာနှစ်ဦး ထုတ်ပယ်ခံရကြောင်းနှင့် တရားမဝင် မဲဆန္ဒပြားခြောက်သိန်းကို မဲရေတွက်ရာတွင် ထည့်သွင်းခဲ့သည်ဆိုသော သတင်းတုများ ဖေ့စ်ဘွတ်ခ်၌ မျှဝေ (Share) ခြင်းကြောင့် လူကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း ထိုင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

သတင်းအချက်အလက်များကို လက်ကမ်းဖြန့်ဝေမှု (သို့မဟုတ်) မျှဝေမှုကြောင့် ၎င်းတို့ကို ကွန်ပျူတာ ရာဇဝတ်မှုအက်ဥပဒေဖြင့် စွဲချက်တင်ခဲ့ကြောင်း ကွန်ပျူတာရာဇဝတ်မှု နှိမ်နင်းတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဆီရီဝတ်ဒီဖောက ပြောသည်။

"သူတို့က ဝန်ခံတယ်။ ပြီးတော့ ဒါက သတင်းအတုတွေ မှန်း မသိဘူးလို့ သူတို့က ပြောပါတယ်"ဟု ဒီဖောက ထပ်လောင်းပြောသည်။

၎င်းတို့အနေဖြင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခံရနိုင်ပြီး ကန်ဒေါ်လာ ၃,၁၀၀ ဒဏ်ရိုက်ခံရနိုင်သည်။ တရားဝင်ရလဒ်များကို လာမည့် သီတင်းပတ်များအတွင်း ကြေညာမည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောကြားပြီး အချို့ဧရိယာများတွင် မဲရေတွက်ရာ၌ လူ့အမှားများရှိကြောင်း အခိုင်အမာပြောကြားခဲ့သည်။

—*Ref: AFP*

## ရွှံ့နွံအိုင်ထဲ ကျနေသော ဆင်ပေါက်ခြောက်ကောင်ကို ထိုင်းသစ်တောတာဝန်ရှိသူများ ကယ်ဆယ်



*နွံအိုင်ထဲနစ်နေသော ဆင်ပေါက်လေးများကို တွေ့ရစဉ်* AP

**ဘန်ကောက်၊ မတ်လ- ၃၀**
မိခင်ဆင်များနှင့် ကွဲကွာသွားပြီး ရွှံ့နွံအိုင်တစ်ခုတွင် ရက်ပေါင်းအနည်းငယ်အကြာ ပိတ်မိနေသော ဆင်ပေါက်လေးခြောက်ကောင်ကို ထိုင်းကျေးလက်သစ်တောတာဝန်ရှိသူများက ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

မတ်လ ၂၇ ရက် မွန်းလွဲက မြို့တော် ဘန်ကောက်အရှေ့ဘက်ရှိအမျိုးသားဥယျာဉ်အတွင်း ရွှံ့နွံအိုင်တွင် အပေါ်တက်ရန် ရုန်းကန်နေရသည့် ယင်းဆင်ကလေးများကို ကင်းလှည့်သစ်တောတာဝန်ရှိသူများက မထင်မှတ်ဘဲ တွေ့ရှိခဲ့သည်ဟု အဆိုပါ ဥယျာဉ်ထိန်းသိမ်းရေး အကြီးအမှူး ပရာဝတ်ဆာအာ့တ်က ပြောသည်။

အသက် (၁)နှစ်မှ (၄)နှစ်ကြားရှိဆင်များ ရွှံ့နွံအိုင်ထဲမှ မတက်နိုင်ဘဲဖြစ်နေကြောင်း တာဝန်ရှိသူများက သဘောပေါက်ခဲ့ပြီး အချို့က တူးဆွရန် ကိရိယာပစ္စည်းများယူရန် ပြန်သွားစဉ် အချို့က ဆင်ပေါက်ကလေးများကို ကြည့်ရှုစောင့်ရှောက်ရန် ညလုံးပေါက် နေခဲ့ကြသည်။

"မတ်လ ၂၈ ရက် နံနက်မှာတော့ ကျွန်တော်တို့အဖွဲ့တွေရောက်လာပြီး ရွှံ့နွံအိုင်ပတ်ပတ်လည်ကနေ တူးခဲ့ပါတယ်"ဟု ပရာဝတ်က ပြောသည်။

သုံးနာရီကြာ တူးပြီးနောက် ဆင်ပေါက်ကလေးများသည် ယင်းရွှံ့နွံအိုင်ထဲမှ တစ်ကောင်ချင်းစီ အပေါ်သို့တက်နိုင်ခဲ့သည်။

အနီးတွင် အရွယ်ရောက်ဆင်အကောင်ရေ ၃၀ ဝန်းကျင်ကို သစ်တောဝန်ထမ်းများက တွေ့ရှိခဲ့ကြောင်းနှင့် ယင်းဆင်ပေါက်ကလေးများသည် အဆိုပါဆင်အုပ်မှ ကွဲထွက်လာပုံရကြောင်းပရာဝတ်က ထပ်လောင်းပြောကြားသည်။

"သူတို့ ဒီထဲကျနေတာ အနည်းဆုံး နှစ်ရက်လောက်ရှိပြီ။ ဘာလို့လဲဆိုတော့ သူတို့ ကုန်းပေါ်တက်လာတော့ ခြေထောက်တွေက အားနည်းနေလို့ပါ"ဟု ပရာဝတ်က ပြောသည်။

ထိုင်းနိုင်ငံ၏ အမျိုးသားရတနာအဖြစ် သတ်မှတ်ထားသော်လည်း ထိုင်းတွင် ဆင်အကောင်ရေသည် ၁၈၅၀ က တစ်သိန်းကျော်ရှိခဲ့ရာမှ ယခုအခါ ၂,၇၀၀ ခန့်သာ ကျန်ရှိတော့သည်။

—*Ref: AFP*

## ဖြတ်တောက်ထားသော ရုရှားစွက်ဖက်မှုကိစ္စ အစီရင်ခံစာကို မကြာမီ အပြည့်အစုံထုတ်ပြန်မည်

**ဝါရှင်တန်၊ မတ်လ- ၃၀**
၂၀၁၆ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရုရှားပါဝင်စွက်ဖက်မှုနှင့်ပတ်သက်၍အထူးစုံစမ်းစစ်ဆေးရေးမှူး ရောဘတ်မူလာ၏ အစီရင်ခံစာကို ဧပြီလလယ်တွင် ထုတ်ပြန်မည်ဖြစ်သည်။

စာမျက်နှာ ၄၀၀ ရှိသော မူလာ၏ အစီရင်ခံစာကို ဖြတ်တောက်နေသည်ဟု ကန်ရှေ့နေချုပ် ဝီလီယမ်ဘားက ပြောသည်။

မူလာ၏အစီရင်ခံစာကို ဧပြီလလယ်ခန့်တွင်ထုတ်ပြန်ရန် မျှော်လင့်သည်ဟု အထက်လွှတ်တော်နှင့် အောက်လွှတ်တော် တရားရေးကော်မတီအဖွဲ့ အကြီးအကဲများထံ ပေးပို့သောစာတွင် ဝီလီယမ်ဘားက ပြောသည်။

ဘားသည် အစီရင်ခံစာအပေါ် အကျဉ်းချုံးထားသော ကောက်နုတ်ချက် စာမျက်နှာလေးမျက်နှာကိုပြီးခဲ့သည့်သီတင်းပတ်က ထုတ်ပြန်ခဲ့သော်လည်း အပြည့်အစုံ ထုတ်ဖော်ပြောကြားရေး တောင်းဆိုခံရသည်။

မူလာ၏ အစီရင်ခံစာကို ဖြတ်တောက်ခြင်းမရှိဘဲ ဧပြီ ၂ ရက်တွင် အပြည့်အစုံထုတ်ပြန်ရန် အောက်လွှတ်တော်ကော်မတီခြောက်ရပ်မှ ဒီမိုကရက်တစ်အကြီးအကဲများက ရှေ့နေချုပ်ထံ စာရေးသားတောင်းဆိုခဲ့သည်။

"အဲဒီအစီရင်ခံစာကို မကြာမီ လူတိုင်းဖတ်ရှုနိုင်ပါမယ်"ဟု ဝီလီယမ်ဘားက ကော်မတီအကြီးအကဲများထံ ပြန်ကြားခဲ့သည်။

သို့သော် ဥပဒေရေးရာအရ အကဲဆတ်သော အကြောင်းအရာများကို ဖြတ်တောက်မည်ဖြစ်သည်။

၂၀၁၆ က သမ္မတဒေါ်နယ်ထရန့် မဲဆွယ်အဖွဲ့က ရုရှားနိုင်ငံနှင့် ပူးပေါင်းကြံစည်ခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးခဲ့ပြီး ၂၂ လကြာပြီးနောက် ထုတ်ပြန်သော အစီရင်ခံစာတွင် ရောဘတ်မူလာက သမ္မတ ဒေါ်နယ်ထရန့် ပူးပေါင်းကြံစည်မှုမရှိဟု ဖော်ပြခဲ့သည်။

ရှေ့နေချုပ်ဝီလီယမ်ဘားကလည်း အစီရင်ခံစာတွင် တင်ပြသော အထောက်အထားများသည် ဥပဒေကြောင်းကို တားဆီးပိတ်ပင်မှုဖြင့် သမ္မတအပေါ် စွဲချက်တင်ရန် မလုံလောက်ဟု ပြောကြားသည်။ —*Ref: BBC*

## အီရတ်က အီရန်ထံမှ လျှပ်စစ်မီး သုံးနှစ် ဝယ်ယူရမည်ဟု လွှတ်တော်ဥက္ကဋ္ဌ ပြောကြား

**ဝါရှင်တန်၊ မတ်လ- ၃၀**
အီရန်ထံမှ လျှပ်စစ်မီးဝယ်ယူမှု ခွင့်ပြုသည့် အလျှော့ပေးမှုအစီအစဉ်ကို အနည်းဆုံး သုံးနှစ်သက်တမ်းတိုးပေးရန် အီရတ်လွှတ်တော်ဥက္ကဋ္ဌက အလိုရှိနေပြီး မိမိတို့အနေဖြင့် ထိုအချိန်ကျမှသာ လျှပ်စစ်မီး လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဟု ၎င်းကပြောသည်။

"အီရတ်နိုင်ငံက စီးပွားရေးအရ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့အချိန်အထိ အဲဒီအလျှော့ပေး အစီအစဉ်ကို သက်တမ်းတိုးမယ်လို့ မျှော်လင့်ပါတယ်"ဟု ဝါရှင်တန်မြို့ ငြိမ်းချမ်းရေးအင်စတီကျူဒ်တွင် အီရတ်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် အယ်လ်ဟယ်ဘူဆီက ပြောသည်။

အမေရိကန်အလည်အပတ်ခရီးစဉ်အတွင်း ဒုတိယသမ္မတ မိုက်ပင့်စ်နှင့်တွေ့ဆုံခဲ့သောဟယ်ဘူဆီသည် ရှီးဟိုက်ဦးဆောင်သော အီရန်နှင့် ဆက်ဆံရေးကောင်းရှိသည့် လူနည်းစု ဆွန်နီနိုင်ငံရေးအုပ်စုတွင် ပါဝင်သူဖြစ်သည်။

အီရတ်နိုင်ငံသည် လိုအပ်သော လျှပ်စစ်ဓာတ်အား ၃၀ ရာခိုင်နှုန်းခန့်ကို နိုင်ငံခြားမှ တင်သွင်းရသည်ဟု ဟယ်ဘူဆီက ပြောသည်။

"သုံးနှစ်ကြာပြီးတဲ့နောက်မှာ အီရတ်က စီးပွားရေးအရ အမှီအခိုကင်းလာပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုကနေ လျှပ်စစ်မီးတင်သွင်းရတာမျိုး လိုအပ်မယ်မထင်ပါဘူး။ ဒီကိစ္စကို သုံးနှစ်ကြာပြီးနောက်မှာ ဖြေရှင်းနိုင်ပါတယ်"ဟု အီရတ်လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။

ဝါရှင်တန်သည် အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ထားသော်လည်း အီရတ်က အီရန်ထံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူရေး ဒုတိယသုံးလလျှော့ပေါ့ပေးမှုကို မတ်လ ၁၉ ရက်က အတည်ပြုခဲ့သည်။

အီရတ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားမလုံလောက်မှုများကြုံတွေ့ပြီးနောက် ဒေသအချို့၌ ကန့်ကွက်ဆန္ဒပြမှုများနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့သည်။

—*Ref: RFERL*

www.free4readers.com




# MyJobs .com.mm

Myanmar's #1 Recruitment Platform




+ 95 9 313 49834

client@MyJobs.com.mm

www.MyJobs.com.mm

www.free4readers.com

7DAY NEWS JOURNAL
Vol.18, No.5 • APRIL 3, 20



လက်ရှိယူကရိန်းသမ္မတနှင့် သမ္မတလောင်းဝင်ပြိုင်သူ ပိုရိုရှန်ကိုနှင့် သမ္မတနေရာ ရေပန်းစားနေသော ဟာသသရုပ်ဆောင် ဇီလန်စကီး

REUTERS

# ဟာသသရုပ်ဆောင်နှင့် ဘီလျံနာသူဌေးကြီးတို့၏ သမ္မတနေရာလုပွဲ

ဇွဲရဲဝင့်

ပြီးခဲ့သည့် သီတင်းပတ်ကုန်က ကျင်းပခဲ့သည့် ယူကရိန်းရွေးကောက်ပွဲ ပထမအဆင့် ရလဒ်များအရ ဟာသသရုပ်ဆောင်တစ်ဦးက သမ္မတနေရာအတွက် ရေပန်းအစားဆုံးအဖြစ် ရပ်တည်နေသည်။ ဗိုလိုဒီမာဇီလန်စကီးသည် အရှေ့ဥရောပနိုင်ငံ၏ ရွေးကောက်ခံခေါင်းဆောင်ရာထူးကို ရယူရန် ဘီလျံနာသူဌေးကြီး တစ်ဦးဖြစ်သော လက်ရှိသမ္မတ ပီထရိုပိုရိုရှန်ကိုကို စိန်ခေါ်အနိုင်ယူရမည်ဖြစ်သည်။

မတ်လ ၃၁ ရက်က ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲမှ မဲအရေအတွက် ထက်ဝက်ကျော်ရေတွက်ပြီးဖြစ်ကြောင်း နောက်တစ်နေ့တွင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည်။ ထိုအချိန်တွင် ဇီလန်စကီးက မဲအရေအတွက် စုစုပေါင်း၏ ၃၀ ဒသမ ၃၈ ရာခိုင်နှုန်း ရရှိထားသည်။ လက်ရှိ သမ္မတ ပိုရိုရှန်ကိုက ၁၆ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာလိုက်နေပြီး အမျိုးသမီးဝန်ကြီးချုပ်ဟောင်း ယူလီယာတိုင်မိုရှန်ကိုကမူ မဲ ၁၃ ဒသမ ၀၈ ရာခိုင်နှုန်းဖြင့် တတိယချိတ်နေသည်။ ယခုနှစ် ရွေးကောက်ပွဲကို ရုရှားက သိမ်းယူထားသည့် ခရိုင်းမီးယားကျွန်းဆွယ်၊ သူပုန်များလက်အောက်ကျရောက်နေသည့်ဒေသနှစ်ခုတို့မှလွဲ၍ ယူကရိန်းရှိ မဲဆန္ဒနယ်အားလုံးတွင် ကျင်းပခဲ့ပြီး မဲပေးခွင့်ရှိသူ အားလုံး၏ ၆၃ ဒသမ ၄၅ ရာခိုင်နှုန်း ပါဝင်မဲပေးခဲ့ကြသည်။

ရွေးကောက်ပွဲမတိုင်မီလူထုအမြင် စစ်တမ်းများ ကောက်ယူခဲ့စဉ်ကတည်းက ဇီလန်စကီးသည် ရေပန်းအစားဆုံး၊ လူကြိုက်အများဆုံးသမ္မတလောင်းအဖြစ် ရပ်တည်နေသည်။ ၎င်းသည် နိုင်ငံရေး နောက်ခံအတွေ့အကြုံ လုံးဝမရှိသည့် အခြေအနေမှ ရွေးကောက်ပွဲကြို ကာလများအတွင်း လူထု ထောက်ခံမှုကို မြန်မြန်ဆန်ဆန် ရရှိလာခဲ့သည်။ ဇီလန်စကီးအနေဖြင့် နိုင်ငံရေးအပေါ် စိတ်ဝင်စားလာပုံမှာလည်း ထူးခြားသည်။ ၎င်းပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်မြင်သံကြားစီးရီးတစ်ခုက ဇီလန်စကီး၏ တိမ်မြုပ်နေသော နိုင်ငံရေးဗီဇကို နှိုးဆွပေးခဲ့သည်။

နိုင်ငံရေးကို သရော်ထားသည့် Servant of the People (ပြည်သူ့ဝန်ထမ်း)ဆိုသော စီးရီးတွင် ဇီလန်စကီးသည် သာမန်အရပ်သားတစ်ဦး ဘဝမှနေ၍ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရင်း သမ္မတဖြစ်လာသူအနေဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။ “ကျွန်တော့်ရဲ့ ဇာတ်ရုပ်ကို ပြင်ပလောကမှာ အမှန်တကယ်ဖြစ်လာအောင် လုပ်ပြချင်တယ်”ဟု ဇီလန်စကီးက ဆိုသည်။ လက်ရှိ အခြေအနေအရ ၎င်း၏ ဆန္ဒပြည့်ဝလာရန် အလားအလာကောင်းနေပြီဟု ယူဆနိုင်သည်။

ဇီလန်စကီးသည် ရွေးကောက်ပွဲအတွက် မဲဆွယ်သည့် လုပ်ငန်းစဉ်များ၌ သမားရိုးကျလုပ်ထုံးလုပ်နည်းအားလုံးကို မျက်ကွယ်ပြုခဲ့သူဖြစ်သည်။ ထိုအချက်ကလည်း ပြည်သူအများ၏ အာရုံကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ အခြားပြိုင်ဘက်များက နေရာတကာတွင် လူထုထောက်ခံပွဲများ၊ အင်အားပြပွဲများ လုပ်နေခြင်းမျိုးကို ဇီလန်စကီးက လုံးဝစိတ်မဝင်စားခဲ့ချေ။ မဲဆွယ်ရာတွင်လည်း ငွေများများ သုံးလေ့မရှိ။ အင်တာဗျူးများတွင်လည်း လေလုံးထွားထွား၊ စကားကြီးစကားကျယ် မပြောခဲ့သလို အင်တာဗျူးဖြေဆိုမှုကပင် အလွန်နည်းခဲ့သည်။

ယင်းအစား ဇီလန်စကီးသည် လူမှုကွန်ရက်မီဒီယာများကို ထိရောက်စွာ အသုံးချသည်။ ၎င်း၏ အစွန်းမထွက်လှသော ကတိအချို့၊

စာမျက်နှာ ၅၀ »



မိုက်ဆာတယ်
ဒီမှာ